www.linhtet.com



www.linhtet.com

အလင်္ကာဝတ်ရည်
အလင်္ကာဝတ်ရည်စာပေ
အမှတ် (၆၆)၊ ဧယျာသီရိလမ်း
အကွက် (၃၀)၊ သုဝဏ္ဏ
ရန်ကုန်မြို့။
ဖုန်း ၀၁-၅၆၂၃၈၇၊ ၇၀၆၃၁၉

www.linhtet.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ✷ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✷ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- ✷ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✷ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✷ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✷ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ✷ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✷ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✷ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✷ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✷ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✷ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✷ တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✷ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✷ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✷ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.linhtet.com

စာအုပ်

-၇-

မိချမ်းဝေ

အောင်ဝေး

# လှဆိုးဗျင်းရယ်   ဆလုံနှင်းဆီ

**အလင်္ကာဝတ်ရည်စာပေ**
အမှတ် (၆၆)၊ ဓေယျာသီရိလမ်း
အကွက် (၃၀)၊ သုဝဏ္ဏ
ရန်ကုန်မြို့။
ဖုန်း ၀၁-၅၆၂၃၈၇၊ ၇၀၆၃၁၉

www.linhtet.com

**စာမူခွင့်ပြုချက်အမှတ်**
၄၀၀၆၃၇၀၅၀၆

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၄၀၀၇၁၇၀၅၀၈
■
**စီစဉ်ထုတ်လုပ်သူ**
ဥက္ကအေး
■
**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ
၁၀၀၀
■

**မျက်နှာဖုံး**
ယဉ်မင်းပိုက်နှင့် ကိုဇင် (Star)

**ကွန်ပျူတာစာစီ**
Dream City

■

ဦးဝင်းမျိုးသူရ
ပင်နီစာအုပ်တိုက်၊ (မြဲ-၀၄၀၅၃) မှ ထုတ်ဝေ၍
ဦးဝင်းသူရ၊ မဟာမီဒီယာ (မြဲ-၀၅၈၁၄) အမှတ် (၅၅-က)
ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့မှ အဖုံးနှင့်
အတွင်းစာသားများ ပုံနှိပ်ပါသည်။
■
**တန်ဖိုး (၉၀၀) ကျပ်**

www.linhtet.com

## မာတိကာ

၁။ မိချမ်းဝေ

*လှဆိုးဗျင်းရယ် တနသ်ာရီ* ၇

၂။ အောင်ဝေး

*အသော့နှင်တဲ့ပင်လယ်*

*(သို့မဟုတ် ဆလုံနှင်းဆီသို့တေး)* ၁၀၃

www.linhtet.com

မိချမ်းဝေ

# လှဆိုးဗျင်းရယ် တနင်္ဂနွေ

www.linhtet.com

အမှာ
(ခရီးသွားခြင်းအနုပညာ)

အနုပညာဟူသည် သိမ်မွေ့နက်နဲသော ပညာဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြသည်။

ခရီးသွားခြင်းကိစ္စမှာလည်း အလွန်ကျယ်ဝန်းသိမ်မွေ့သော ပညာရပ်တစ်ခုဟုဆိုပါသည်။

လူတိုင်း ခရီးသွားဖူးကြပေမည်။ သို့သော် ပင်လယ်ခရီးကတော့ လူတိုင်းနှင့် နီးစပ်မည် မထင်ပါ။ ကျွန်မ တနင်္သာရီတိုင်းကို စတင်ရောက်ရှိသွားသောအချိန်မှာ ၁၉၇၆ ခုနှစ် မိုးဦးစအချိန်ဖြစ်သည်။ တနင်္သာရီတိုင်း မြိတ်မြို့သို့ ဆွဲခန့်ဆရာမအဖြစ် တာဝန်ထမ်းဆောင်ရန် သွားရောက်ခြင်းဖြစ်သည်။ သွားစဉ်ကတော့ လေယာဉ်ခရီးစဉ်ဖြစ်၍ အခက်အခဲမရှိလှ။ ထိုဒေသမှာ တာဝန်ထမ်းဆောင်နေသည့် တစ်ဆယ့်ခြောက်နှစ်တာ ကာလပတ်လုံး တစ်နှစ်တစ်ခါက် ဇာတိမြေသို့ ပြန်ဖြစ်ရာ လေယာဉ်လက်မှတ် အခက်အခဲရှိသဖြင့် ကမ်းရိုးတန်းသွားစက်လှေကြီးများကို အားကိုး၍သွားကြရသည်။ အပြန်တွင် မော်လမြိုင်မှလည်းကောင်း၊ ရန်ကုန်မှလည်းကောင်း ပင်လယ်ပြင်မှာ အသက်ကိုအပေါင်ထား၍ မိုးထဲလေထဲစွန့်စားလိုက်ပါရပြန်ပါသည်။

www.linhtet.com

ကျွန်မရဲ့ ပင်ကိုစိတ်ဓာတ်က ကြံ့ခိုင်မာကျောလှသည် မဟုတ်ပါ။ ထိရှခံစားလွယ်၊ ဝမ်းနည်းကြေကွဲလွယ်၊ ညှိုးနွမ်းအားငယ်လွယ်သည့်စိတ်ဓာတ်မျိုးဖြစ်သည်။ ပင်လယ်ပြင်တွင် လှိုင်းကြီးလေကြီး ကြုံပါက အခြားသူတွေထက် အဖြစ်ကဲ အသည်းပိုလှ၏။ မူးဝေအော့အန်စရာရှိလျှင်လည်း သူများထက် နှစ်ပြန်နှစ်ဆ အဖြစ်ဆိုး၏။

တစ်ခါက မော်လမြိုင်မှ မြိတ်သို့ အောင်ဇေယျသင်္ဘောကြီးဖြင့် စီးနင်းလိုက်ပါလာခဲ့ရာ မိတ်ဆွေတစ်ယောက်က သင်္ဘောကပ္ပတိန်ကြီးနှင့် မိတ်ဆက်စာ ရေးပေးလိုက်၏။ ထိုစာကို သင်္ဘောသားများမှ တစ်ဆင့်ပေးခိုင်းလိုက်ရာ မကြာမီ သင်္ဘောကပ္ပတိန်ကြီးမှ လူလွှတ်ခေါ်ခိုင်းလိုက်ရာ ကျွန်မနှင့် အဖော်ဆရာမလေးတစ်ယောက်မှာ အောင်ဇေယျသင်္ဘောကြီး၏ အပေါ်ဆုံးထပ်သို့ ရောက်သွားလေ၏။ ကပ္ပတိန်ကြီးက ကျွန်မတို့ကို အကျွေးအမွေးဖြင့် ဧည့်ခံစကားပြော၏။ ဤအခွင့်အရေးသည် နည်းသည့်အခွင့်အရေးမဟုတ်၊ ကျွန်မတို့လို ပါမွှားဆရာမလေးတွေကို သူ့ကိုယ်ပိုင်အချိန် အပွန်းခံကာ ဧည့်ခံနေသည်မှာ အတော်ထူးသည့်ကုသိုလ်ဖြစ်သည်။

ကပ္ပတိန်ကြီးအခန်းမှာ သပ်ရပ်သန့်ရှင်းလှ၏။ ဘုရားခန်းမှာလည်း ပန်း၊ ဆီမီးတို့ဖြင့် ဝေဆာသပ္ပာယ်လှ၏။ ကောင်းကင်ပြာပြာအောက် ပင်လယ်ပြာပြာပေါ်တွင် သင်္ဘောကြီး ခုတ်မောင်းနေသည်မှာ သဘာဝတရား၏ လှပမှုကိုအရင်းအတိုင်း ဖော်ပြနေသည်နှင့်တူလှ၏။ သင်္ဘောဦး ထိုးခွဲလိုက်သဖြင့် ရေမှုန်ရေမွှားလွင့်စဉ်ပုံ၊ လှိုင်းလိမ့်မြွာဝဲလှည့်ပုံတို့ နေခြည်ဝင့်ဝါအောက်တွင် မြူးထူးခုန်ပေါက် ကကြိုးမြောက်၏။

ကျွန်မ ထိုအလှအပတွေကို မခံစားနိုင်။ ကပ္ပတိန်ကြီးပြောနေသည့် စကားကိုလည်း စိတ်မဝင်စား၊ အစားအစာများကိုလည်း လက်ဖျားနှင့်မတို့မိ။ လှိုင်းကြီးလာသည်နှင့်အမျှ သင်္ဘောလှုပ်ရှားမှုက

www.linhtet.com



အပေါ်ဆုံးထပ်မှာ ယမ်းခါမှု ပိုလာသည့်အနေအထားတွင် ကျွန်မ ငိုချင်၊ ရယ်ချင်ဖြစ်လာ၏။ မူးဝေအော့အန်ချင် ဖြစ်လာ၏။ ကပွတိန် ကြီးက ရေကိုမကြည့်နှင့်၊ တိမ်တွေတောင်တန်းတွေ အဝေးကြီးကို ကြည့်ခိုင်းသည်။ မရ မရ။ နောက်ဆုံး ကျွန်မဘေဆင် (လက် ဆေးခွက်)ထဲ ခေါင်းထိုးရတော့၏။ အားနာဖွယ် ကောင်းလေစွ။

ကျွန်မကား ပင်လယ်ခရီးနှင့် ထိုသို့ အံမဝင်၊ ခွင်မကျ အသားမကျလှသူဖြစ်သည်။ ကျွန်မ ကုသိုလ်ကလည်း ထူးဆန်းစွာပင် ရေလမ်းခရီးနှင့် မကြာခဏမိတ်ဆွေဖွဲ့ရ၏။ မြိတ်မြို့မှ ရွာနီးချုပ်စပ် ကျွန်းစုမြို့နယ် တစ်ခွင်တစ်ပြင်သို့သွားလျှင် ရေလမ်း။ ခပ်ဝေးဝေး၊ ထားဝယ်၊ ကော့သောင်းသွားလျှင် ရေလမ်း။ "လှေအဆင်း မြင်း အတက်၊ လှိုင်းကြီးလှေအောက်၊ တက်ကျိုးတော့ လက်ထိုးလှော်၊ ရွာလွန်ရွက်တိုက်၊ လှေစီးလျှင် ရောက်ချိန်မမေးရ" စကားစုများ အဆိုအမိန့်များ ကျွန်မနှင့် ယဉ်ပါးလာ၏။

တစ်ခါက ရန်ကုန်မှမြိတ်မြို့သို့ မိုးဦးလေဦးကြီး ထွက်ခွာလာ သော တိုင်းသီရိစက်လှေနစ်မြုပ်တော့ ကျွန်မတို့မြို့မှာ အတော်ဂယက် ရိုက်သွားသည်။ ကုန်သည်ပွဲစားများ၊ စာရေးစာချီများ၊ ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများ၊ အချို့ မိသားစုအလိုက် ပင်လယ်ကြမ်း ပြင်အောက် ရောက်သွားကြသည်။ ပျောက်နေသည့် ဖောင်ပေါ်မှာ ပါသွားသည်ဆိုသော သူ့သားသမီး ကိုယ့်သားသမီးတွေကို တစ်နေဝင် မြင်ရနိုးငယ်နှင့် မျှော်ကြသည်။ အတော်များများ မျှော်လင့်သလို ဖြစ်မလာခဲ့ကြ။

တော်ပြီ။ ကျွန်မ နောင်ကို ရေလမ်းခရီး ဝေးဝေးက ရှောင် တော့မည်။ ဒါက ကျွန်မရဲ့ မပီပြင်သောဆုံးဖြတ်ချက်၊ နောက်ပိုင်း စက်လှေတွေ ပါစင်ဂျာမတင်ရသောခေတ်ရောက်တော့ စက်လှေမှာ လှေသားအနေဖြင့် စာရင်းပေး၍ မော်လမြိုင်သို့ ဖက်တင်သည့်လှေနှင့်

www.linhtet.com



လိုက်ခဲ့ရပြန်သည်။ ခရီးသည်မပါ၊ ဖက်ပုံပေါ်မှာအိပ်၍ကောင်းကင်ကို မော်ကြည့်တော့ ကြယ်တွေကတဲ့ရေအီညနှင့် ပက်ပင်းဆုံးခဲ့ရသည်။

ကျွန်မ ကုသိုလ်ဖန်လာပုံက ရန်ကုန်ကိုအပြီးပြောင်း၊ စာရေးတော့မည်ဆိုတော့ ပင်လယ်ကို အခေါက်ခေါက်ဆင်းရပြန်သည်။ ကမာရင်ကွဲကို ထုဆစ်ဖို့၊ မီးစုန်းဝတ်ရုံနှင့် အလင်းညို့ချက်ကို မှူးယူဖို့၊ ပလီဇာချဲ့လှိုင်းရဲ့ သံစဉ်ကို နားဆင်ဖို့ ကျွန်မ ပင်လယ်နှင့် ပြန်လည်ကျွမ်းဝင်ရပြန်သည်။ စာဖတ်သူကို ဆန်းသစ်သော အာရုံတို့ မျှဝေဖို့အတွက် ကျွန်မ စွန့်စားရကျိုးနပ်သည်ဆိုရမည်။

၁၅-၂-၂၀၀၄ ရက်နေ့တွင် ကော့သောင်းခရိုင် ဗိုလ်ချိုကျွန်း မကြုံဂလက်ရွာ၌ ဆလုံပွဲတော် ကျင်းပတော့မည်ဆိုတော့ အနုပညာ ဝိညာဉ်လိပ်ပြာ နိုးထစွာ ခရီးသွားချင်လာပြန်သည်။ ဆလုံတိုင်းရင်းသားများနှင့် ပတ်သက်ပြီး ဝတ္ထုဆောင်းပါးများ ရေးသားနေသူ တစယောက်အနေဖြင့် ဆလုံပွဲတော်သို့တက်ရောက်ရန် လိုအပ်သည်ဟု မိမိကိုယ်မိမိ တာဝန်ပေးမိ၏။ ရန်ကုန်-ကော့သောင်း ခရီးကိုတော့ ကျွန်မ နည်းနည်းရွံ့၏။ ခရီးတာဝေး၊ အချိန်ကာလ၊ ငွေကုန်ကြေးကျမှုတွေပါ ထည့်သွင်းတွက်ချက်လိုက်တော့ သွားဖို့လာဖို့ တွန့်ဆုတ်တွေဝေသွားပြန်သည်။

ထိုအချိန်တွင် မန္တလေးမှ လူထုဒေါ်ဒေါ်မာက ကျွန်မခရီးထွက်မည်ကြားသဖြင့် သွားဖြစ်အောင်သွားရန် ဖုန်းဖြင့် တိုက်တွန်းပြီး ငွေပို့လိုက်လေသည်။ ဆရာလူထု(ဦး)စိန်ဝင်းက ကင်မရာနှင့် ဖလင်ထုတ်ပေးသည်။ တစ်ပြိုင်နက်တည်းမှာပင် အစ်ကို ကဗျာဆရာ မောင်ဟေမာ (မောင်မောင်အေး-အလင်္ကာဝတ်ရည်)ကလည်း ခရီးသွားဖို့ ငွေကြေးကူညီပြန်သည်။ အားပေးကူညီကြသူတွေတော့ ပေါ်လာပြီ။ ကျွန်မကိုယ်တိုင် ဤခရီးသွားရန် စိတ်ဓာတ်ခိုင်မာမှုနှင့် စေ့ဆော်မှု သဒ္ဓါတရားထက်သန်ရန်သာ လိုတော့သည်။

www.linhtet.com



တကယ်သွားမည် ခရီးစဉ်ဆွဲတော့ ရန်ကုန်မှ ထားဝယ်သို့ ကားဖြင့်၊ ထားဝယ်မှ ကော့သောင်းသို့ အမြန်ယာဉ်ဖြင့်၊ ကော့သောင်းမှ ဗိုလ်ချိုကျွန်းသို့ စက်လှေဖြင့်၊ ဆလုံပွဲတော်ပြီးလျှင် ကော့သောင်းမှ မြိတ်သို့ တစ်ပတ်ပြန်ဝင်မည် စိတ်ကူးသည်။

ကျွန်မ ဖြတ်သန်းရမည့် ထားဝယ်-မြိတ်-ကော့သောင်းမြို့များသည် နေစရိတ် စားစရိတ် မြင့်မားလှ၏။ ညှော်စိမ်းတစ်ယောက် အနေဖြင့် အစအဆုံး အကုန်အကျခံရမည်ဆိုပါက ငွေဘယ်လောက် ပါပါ လောက်ဖွယ်ရာမမြင်။ ယခုမူ ချစ်ခင်အားထားရသော ဒေသခံ မိတ်ဆွေများ၏ နွေးထွေးပျူငှာသော ကြိုဆိုမှုအောက်တွင် ကျွန်မမှာ နှင်းဆွတ်သဇင်နှယ် လန်းခွင့် ဝင့်ဝါခဲ့ရ၏။ ပင်လယ်မှ အတွေ့အကြုံ အသစ်၊ အကြောင်းအရာအသစ်၊ ရင်ခုန်မှုအသစ်၊ အသစ် အသစ်သော အလှတရားတွေ လောဘတကြီး ကောက်ယူပွေ့ငင်မိ၏။ ဤခရီးသည် ရည်မှန်းချက်တွေအောင်မြင် အလိုဆန္ဒတွေပြည့်ဝ ကျေနပ်အားရမှုတွေနှင့် မြိန်ရှက်ခဲ့သည်ဟု ဆိုရမည်။

ကျွန်မရဲ့ စိတ်ကူးစိတ်သန်းများ အကောင်အထည်ဖော်ရာတွင် ပါဝင်အားဖြည့်ကူညီပေးသော မန္တလေးမြို့မှ လူထုဒေါ်ဒေါ်မာ၊ ရန်ကုန်မြို့မှ ဦးစိုးမြင့်-ဒေါ်ဂင်လှိုင် မိသားစု၊ ကော့သောင်းမြို့မှ ကဗျာဆရာ နိုင်တာရာ-မသီတာမိသားစု၊ စာရေးဆရာ ခင်လတ်ထွန်း၊ မြိတ်မြို့မှ ဦးလှသန်း-ဒေါ်ဝင်းစီ၊ ဦးသားအို-ဒေါ်မေညွှန့်နှင့် မိတ်ဟောင်းဆွေဟောင်း အပေါင်းအသင်းဟောင်းများကို အထူး ပင် ကျေးဇူးတင်လှပါကြောင်း အမှတ်တရ ကမ္ပည်းတင်အပ်ပါ သည်။ ။

**မိချမ်းဝေ**

www.linhtet.com

■၂၀၀၃-၂၀၀၄ ခုနှစ်သည် ကျွန်မအတွက် ခရီးသွားနှစ်ဟုပြောလျှင် ရမည်ထင်သည်။ ထွက်ဖြစ်သမျှ ခရီးတွေက ကိုယ်ပိုင်ခရီးစဉ် ရှိသလို စာပေဟောပြောပွဲ ခရီးစဉ်တွေလည်း ပါသည်။ ကျွန်မခရီး ထွက်ပြီးတိုင်း ထိုခရီးလမ်းအတွေ့အကြုံကို စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားရန် ဆန္ဒရှိလှ၏။ သို့သော် ရေးဖြစ်သည့်ခရီးစဉ်ရှိသလို အကြောင်းကြောင်းကြောင့် မရေးဖြစ်ခဲ့သည့် ခရီးစဉ်တွေလည်း ရှိခဲ့သည်။

မရေးဖြစ်ခဲ့သည့် ခရီးစဉ်တွေအတွက် ကျွန်မစိတ်ထဲ အကြွေး ကျန်နေသလို ခံစားရ၏။ ကျွန်မ၊ ဆရာချစ်နိုင် (စိတ်ပညာ)၊ ဆရာ လယ်တွင်းသားစောချစ်၊ ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဆရာမ သန်းမြင့်အောင်တို့ အတူသွားခဲ့ကြသော တောင်ငူစာပေ ဟောပြောပွဲ ခရီးစဉ်က ရေးချင်စရာကောင်းလွန်းလှ၏။ ထိုစဉ်က ဒေသခံတွေရဲ့ ပံ့ပိုးမှုဖြင့် ကျွန်မတို့ တောင်သူသာမက သံတောင်ကလေး၊ သံတောင်း ကြီးအထိ ရောက်ခဲ့ကြသည်။

ပင်လယ်မှာပျော်သော ကျွန်မ သည်ဘက်နှစ်အပိုင်းအခြားတွေ မှာ တောင်ပေါ်မြို့တွေနှင့်ရေစက်ဆုံလှ၏။ တစ်နှစ်အတွင်း ပြင်ဦးလွင် သို့ နှစ်ကြိမ်တက်ဖြစ်သည်။ သံတောင်ကြီးသည် ပြင်ဦးလွင်နှင့်

www.linhtet.com




ဆင်ဆင်တူသော တောင်ပေါ်မြို့ တစ်မြို့ဖြစ်၍ ထူးခြားဆန်းသစ်သော အာရုံခံစားမှုတွေနှင့် တွေ့ထိခဲ့ရသည်။ မိုးနှင်းတို့ဖွဲဖွဲဝေနေသည့် တောင်တက်လမ်း၊ နှစ်ခြင်းဟင်ဂလီကန်ဘွဲကရင်တို့ရဲ့ အထွတ်အမြတ် ပေ (၄၂၀၀) အမြင့်မှ နော်ဘူဘောတောင်။ ထိုတောင်မှ ကျောက်တုံး တစ်တုံးကိုယူ၍ ဆန်အိုးထဲထည့်ပါက ဆန်မပြတ်ရှိသည်ဆိုသော အယူအဆ၊ မလှမ်းမကမ်းမှ ဘုရင့်နောင်တပ်မြို့၊ ရိုးသား၍ ချစ်ခင် လေးစားဖွယ်ကောင်းသော နော်လောမူ၊ နော်ဝုတ်စတီး၊ စောဒင်နရယ် မျိုးလှတို့ရဲ့ အပြုံးများ၊ သံတောင်ကလေးမှ ပသိချောင်းရေလျှဉ်သည် နွေးထွေးစေးပိုင်မှုတွေကို သယ်ဆောင်လျက် အိပ်မက်ထဲအထိ လည်း ထိုအတွေ့အကြုံတို့ကို အခြေခံလျက် စာတစ်ပုဒ်မျှပင် မရေး နိုင်ခဲ့။ ထိုအတွက်လည်း ကျွန်မကိုယ်ကျွန်မ ဘဝင်မကျနိုင်။ အားမလို အားမရ ဖြစ်မှုများစွာဖြင့် အချိန်တွေ ကုန်လွန်သွားခဲ့သည်။

ယခု ပင်လယ်ကမ်းရိုးတန်းမြို့များသို့ ခရီးထွက်ရန် ဖန်လာ ချေပြီ။ ကျွန်မရဲ့တစ်ကျော့ပြန် ပင်လယ်ခရီးသည် ဆန်းသစ်အာရုံ များဖြင့် ဖမ်းစားထားမှာ သေချာသည်။ကျွန်မသွားမည်မှာကော့သောင်း မြို့သို့ဖြစ်သော်လည်း ခရီးစဉ်က တိုက်ရိုက်ခရီးစဉ်မဟုတ်။ ထားဝယ်မှ ကင်းကွာခဲ့သည်မှာ နှစ်တွေအတော်ကြာညောင်းခဲ့ပေပြီ။ မြိတ်မှာ တာဝန်ကျသည့်နှစ်တွေအတွင်း မြိတ်လေယာဉ်ကွင်းသစ်ကြီး မဆောက်လုပ်မီ ထားဝယ်မှ တွင်အော်တာ လေယာဉ်ငယ်ကလေးတွေ ပြေးဆွဲစဉ် မြိတ်မှ မော်လမြိုင် အသွားအပြန် ထားဝယ်ကို အကြိမ် ကြိမ်ဖြတ်ကျော်သွားခဲ့ဖူးသည်။

**ဗိုလ်ချီကျွန်းနှင့် သံကျွန်းပြမြေပုံ** ➡

www.linhtet.com



www.linhtet.com



မြိတ်လေယာဉ်ကွင်းသစ်ကြီး ပြီးတော့ ထားဝယ်မှ ပတ်စရာ မလိုတော့။ မြိတ်–ရန်ကုန် တိုက်ရိုက်ပျံသန်းနိုင်ပြီဖြစ်ရာ ထားဝယ်သည် နီးလျက်နှင့် ခရီးမသုန်ဖြစ်သွားတော့သည်။ ယခု ကျွန်မထားဝယ်နှင့် ပြန်လည်ပတ်သက်ရတော့မည်။ တနင်္သာရီတိုင်းသို့ သွားတော့မည်ဆို ယခင်ကလို လေယာဉ်လက်မှတ်၊ သင်္ဘောလက်မှတ်အတွက် ခေါင်းခဲ စရာမလိုတော့။ ထားဝယ်ကားလက်မှတ်ကို စလင်းကွင်းမှာ သွာဝယ် လိုက်ရုံပင်။

(၂–၂–၂၀၀၄) ထားဝယ်သို့ "ကောင်းသစ်စံ" ကားဖြင့် စတင် ထွက်ခွာတော့ နေ့လယ် ၁၂ နာရီ။ ကားသည် ရန်ကုန်–မုတ္တမ ကားလမ်းအတိုင်းသွား၍ သထုံအလွန် မြိုင်ကလေးတံတား၊ ဂျိုင်း၊ ဇာသပြင်တံတား၊ အတ္တရံတံတားတို့ကို ဖြတ်ကျော်ခဲ့ရသည်။

(၃–၂–၂၀၀၄) ရက် နံနက် (၇)နာရီခန့် မော်လမြိုင်ရောက်တော့ မကြာသေးမီကမှ မော်လမြိုင်မှာ စာပေဟောပြောပွဲ ဟောခဲ့သည့် အတွက် စာပေမိတ်ဆွေ ရွှေမြိုင်မောင်ပွင့်ဆန်း၊ ဦးခင်ထွန်း၊ SS ကျော်ဝင်းတို့ကို သတိရမိသည်။ မော်လမြိုင် အဝေးပြေးဂိတ် လက် ဖက်ရည်သောက် ခရီးဆက်ကြတော့ ကားက စက်လည်းကောင်း၊ သစ်လည်း သစ်လွင်နေတာမို့ ခရီးတွင်လှသည်။ သံဖြူဇရပ် ပုပ္ပဝတီ ထမင်းဆိုင်မှာ ထမင်းစားကြမှသာ ရပ်နားတော့သည်။ မွန်ပြည်နယ် ရေမြေတောတောင် ရှုခင်းကား ကျွန်မစိတ်ကို မဖမ်းစားနိုင်တော့။ မြင်မြင်သမျှ ရော်ဘာတောတွေက ဆွဲဆောင်မှုနည်းစွာ ကျန်ရစ်ခဲ့သည်။ ရေးမြို့ကို ဖြတ်တော့ ကောင်းသစ်စံ နားပင်မနား။ ကျွန်မကလည်း ဆန္ဒတွေစောနေပြီ။ နာမည်ကြီး မလွဲတောင်ကို ဖြတ်တော့မည်လေ။

ဟိုယခင်က ကားလမ်းတွေ မပြုပြင်မီ မလွဲတောင်ခရီးက နာမည်ကြီးလှ၏။ တောနက်ခြင်း၊ လမ်းကြမ်းခြင်း၊ တောင်မတ်ခြင်း တို့ဖြင့် အမည်ဆိုးတွင်ခဲ့ဖူးသော မလွဲတောင်ကို ကျွန်မတို့ မကြာခင်

www.linhtet.com



ဖြတ်သန်းကြတော့သည်။ နေမြင့်လာသည်နှင့်အမျှ အပူရှိန်လွန်ကဲလာသည်။ တောရိပ်တောင်ရိပ်ထဲ ဝင်လာလျှင် အေးမြရမည့်အစား ဖေဖော်ဝါရီလ နေအပူက ခရီးသည်တွေကို ကောင်းကောင်းနှိပ်စက်တော့၏။ ကောင်းသစ်စံသည် ဂီယာကြီးထိုးလျက် အဆစ်အချိုးအကွေ့အကောက်ပေါင်းများစွာဖြင့် တောင်တက်ခရီးကို ရုန်းတက်နေသည်။

ကားတစ်စီးစာ လမ်းကျဉ်းကလေးသည် မတ်စောက်သော ချောက်ကမ်းပါးတွေကို ထိန်မ်းနေသည်။ တောင်စွယ်တွေကို ကွေ့ပြီးတိုင်း အသည်းအေးခနဲ အေးခနဲဖြစ်သွားကာ တောင်ပတ်လမ်းအတက်အဆင်းကြမ်းလာသဖြင့် ခရီးသည်တချို့ထံမှ အော့အန်သံကြားရ၏။

မှိုင်းညို့ညို့တောင်စဉ်တောင်တန်းတွေကြား အမြင့်ရဆုံးအပင်မှာ ဝါးရုံတွေပင်ဖြစ်သည်။ မြွေလိမ်မြွေကောက် လမ်းပေါ်မှာ ကောင်းသစ်စံတစ်စီးတည်းသွားနေသည်မှာ အားငယ်စရာကောင်းလှ၏။ မလွဲတောင်ထိပ်သို့ရောက်သော် အခြေချစခန်းတစ်ခုမှာ မှတ်ပုံတင် စစ်ဆေးသည်။ နောက်ကားတွေစောင့်သည်လား မသိ။ တောင်ထိပ်မှဆင်းတော့ မွန်းလွဲ (၂း၁၅) နာရီရှိပြီ။

မကြာခင် ကလိန်အောင်ရွာရောက်တော့ လက်ဖက်ရည်သောက်ကြ၊ အညောင်းအညာဖြေကြ၊ ညနေ (၄း၁၅) နာရီရှိသွားပြီ။ စကားသံ၊ လေယူလေသိမ်း၊ အစားအသောက်၊ အနံ့အသက်တွေ ပြောင်းသွားပြီ။ ထားဝယ်လေယူလေသိမ်း စကားသံကို စကြားရပြီ။ သြော်···အနှစ်နှစ်ဆယ်ကျော်က ထားဝယ်ကို ပြန်ရောက်တော့မည်ပါလား။

ထားဝယ်က တောင်ငူလို၊ မုံရွာလို မြေပြန့်မြို့။ စက်ဘီး၊ ဆိုက်ကယ်အားထား၍ စီးရသောမြို့။ မြို့ကွင်းမြို့ကွက်ကျယ်ပြန့်၍ အိမ်ကြီးအိမ်ကောင်း ဝင်းကြီးခြံကျယ်နှင့် သန့်ရှင်းလှပသည့်မြို့။

www.linhtet.com



ထားဝယ် အဝေးပြေးဂိတ်ကို ကားဝင်တော့ ည (၇) နာရီထိုးပြီ။ ဆိုင်ကယ်၊ တက္ကစီနဲ့ပဲ ခုံဝင်းဒရယ်ရပ်ကွက်က မိတ်ဆွေ ဦးစိုးမြင့် ဒေါ်ဂင်လှိုင်တို့ရဲ့အိမ်ကို ရောက်ခဲ့တော့သည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မတည်းခိုမည့် မိတ်ဆွေတို့၏ တူမောင်တစ်ယောက် မင်္ဂလာပွဲနှင့် သွားဆုံသည်။ အိမ်ရှိလူကုန် မင်္ဂလာပွဲရောက်နေသဖြင့် အိမ်စောင့်မှ လွဲ၍ မည်သူမှမရှိကြ။ သတို့သားက မောင်ဝင်းစိုးဦး၊ သတို့သမီးက မသက်မာစိုးတဲ့။ ထားဝယ် မင်္ဂလာဆောင်သည် မြိတ်မင်္ဂလာဆောင် နှင့်မတူ ကွဲပြားခြားနားသဖြင့် ထိုမင်္ဂလာပွဲသို့ နွှဲလိုပါသော်လည်း တစ်နေ့လုံး ခရီးပန်းထားသည်နှင့် မင်္ဂလာပွဲတော့ လိုက်မသွားဖြစ်ခဲ့။

တည်းအိမ်ရောက် ရေမိုးချိုး လန်းဆန်းသွားပြီး မကြာခင် အိမ်ရှင်တွေ ပြန်လာတော့ မနက်ဖြန် ရှင်မော်တောင် ဘုရားဖူးခရီးစဉ် ရှိသတဲ့။ ဦးစိုးမြင့်၊ ဒေါ်ဂင်လှိုင်တို့မှာ မီနီဘတ်စ်တစ်စီးရှိရာ ထိုကားဖြင့် လူစုပြီး သွားကြမည်ဖြစ်သည်။ ထိုညက ညစာစားပြီး စောစောအိပ်ရာဝင် ဖြစ်သည်။

*

ရှင်မော်တောင် ဘုရားကိုသွားဖို့ နံနက်သုံးနာရီထရပေမယ့် နွမ်းနယ်မှုမရှိ။ ပကတိလန်းဆန်းနေသည်က အံ့ဖွယ်ကောင်းလှ၏။ တကယ်ဆို မလွဲတောင် ခရီးဖြတ်သန်းမှုသည် တော်ရုံနွမ်းနယ်မှု မဟုတ်။ ခြေပစ်လက်ပစ် တမေ့တမြော အိပ်ပျော်သွားရမည်။ ကျွန်မမှာ ရှင်မော်တောင်ခရီးအတွက် အထူးပင် လန်းဆန်းတက်ကြွ နေသည်။

ရှင်မော်ဆိုသည်မှာ ကျွန်မဘဝအတွက် တစ္ဆေတစ်ကောင်ပင် ဖြစ်သည်။ ကျွန်မတို့ ဟိုယခင်က မြိတ်မှ မော်လမြိုင်သို့ စက်လှေဖြင့် ပြန်လျှင် ရှင်မော်ပင်လယ်ပြင်ကို မလွဲမသွေဖြတ်ကြရသည်။ ထိုနေရာ

www.linhtet.com



သည် ရေရောလေပါဆုံနေသဖြင့် အစဉ်အမြဲပေါင်းဆုံပွက်ထ လှိုင်းလေတို့ ဒေါမာန်ကြွနေသည့်နေရာ။ ထိုနေရာမှာ လှေ၊ သင်္ဘောတို့ အကြိမ်ကြိမ် နစ်မြုပ်လေ့ရှိပြီး ခရီးသည်တို့ကို ကြိမ်းမောင်းခြောက်လှန့်ရာနေရာအဖြစ် ကျွန်မနှလုံးအိမ်မှာ အရိပ်ထင် စိုးမိုးခဲ့သည်မှာ နှစ်၊ လ ကြာရှည်ခဲ့ပြီ။

ထိုနေရာမှာ ရေကြောင်းသည် ရှုပ်ထွေးပွေလီလှ၏။ ကျွမ်းကျင်သော ပဲ့နင်းနှင့် ရာသီဥတုကြည်လင်နေလျှင် ရှင်မော်မှ ကောင်းမွန်စွာ လွတ်မြောက်ခွင့်ရကြ၏။ မြိတ်ဘက်မှ စီးဝင်လာသော ရေကြောင်းက ကြည်လင်လင်။ ထားဝယ်မြစ်မှ ထွက်လာသောရေကြောင်းက ညစ်ထေးထေး။ ထိုရေနှစ်တန်ကို စည်းခြားထားသည်က မျောပါလာသမျှ အမှိုက်တန်းကြီးတစ်ခု ထူးဆန်းစွာ ပေါ်နေလေ့ရှိသည်ဆိုသော ထိုရှင်မော်ကိုဖြတ်လျှင် လှိုင်းကြီးလေကြီးကြားထဲ ကျွန်မတို့ ဆရာမလေးတွေ သံပြိုင်အော်ငိုခဲ့ကြဖူးသည်။

“ရှင်မော်ကိုဖြတ်မယ်၊ ထမင်းစားထားကြ” ထိုသတိပေးသံက ကျွန်မတို့ကို အကြီးအကျယ် ထိတ်လန့်စေသည်။ လှိုင်းလေကြီးတော့မည်ဆိုလျှင် ဘာဖြစ်လို့များ အစာစားခိုင်းသည်မသိ။ အစာမရှိဘဲ အန်လျှင် လေချည်းအန်သဖြင့် အနေဆိုးလှပြီး အစာရှိပါက အစာပြန်အန်က ခံသာသည်ဆိုလား။ ဘာကြောင့်အန်အန် အန်ပြီဆိုမှတော့ ဘယ်ဟာမှ မသက်သာလှပါ။ လှိုင်းမူးလာလျှင် အဝေးမြင်ကွင်းကို လှမ်းကြည့်ရသည်။ အနီးမြင်ကွင်း ရေပြင်ကို ကြည့်လေ ပိုမူးလေ။ ထိုစဉ်က ကျွန်မတို့ အချင်းချင်း အားပေးလိုက်ပုံက

“လှိုင်းကလည်းပုတ် လှေကလှုပ်
လေကအော်မြည်
တရှီရှီတဝေါဝေါ
မူးတာအပြင်မောပါမောတော့

www.linhtet.com



ဟော့…ရေကိုမကြည့်
နေကိုကြည့်ကြ
ရေကိုမကြည့် တောင်ကိုကြည့်ကြ
ရေကိုမကြည့်
ကောင်းကင်ကိုကြည့်ကြ
တစ်ခါတစ်ရံ ကြည့်စရာနေပင်မရှိ။
ကြည့်စရာ တောင်ပင်မရှိ။
ကြည့်စရာ ကောင်းကင်ပြာမရှိ
ဟိုး…မိုးကုပ်စက်ဝိုင်းအထိ
ရေပြင် အတိပြီးတယ်"

အနှစ် နှစ်ဆယ်ကျော် ဖြတ်သန်းမှုသည် ခြောက်သွေ့နွမ်းရော် မသွား။ စိမ်းစိုလန်းဆန်းလျက်ပင် ရှိနေ၏။ မနေ့တစ်နေ့ကလို ပါပဲလား။

ထိုအနှစ်ဖတ်ဆို့ ရှင်မော်ရေပြင်ကျယ်ကြီးကို ယခင်ကလို မဖြတ်သန်းဘဲ ကားလမ်းဖြင့် ရှင်မော်တောင်ထိပ်အထိ ပေါက်နေပြီတဲ့။

မီနီဘတ်စ်ကလေးထဲမှာတော့…အယ်လ်ခွန်းရီရဲ့ တေးသံတွေ မြိုင်ဆိုင်လွှန်းလှသည်။ မှောင်ကြီးမည်းကြီးမို့အပြင်ကို မမြင်ရ။ အလင်းပျပျကလေး ရောက်လာတော့ ကားရပ်ကာ ကောက်ညှင်းပေါင်း နှင့် လက်ဖက်ရည်သောက်ကြသည်။ ရွာနာမည်က အောက်ကြက်ဝပ် တဲ့။ ကားလမ်းက ဥယျာဉ်ရွာကလေးများကိုဖြတ်၍ ဖောက်ထားခြင်း ဖြစ်သည်။ ကားလမ်းနံဘေး ဥယျာဉ်တွေထဲမှာတော့ ဒူးရင်း၊ မင်းကွတ်၊ စုံပတတ်၊ ရင်ကမ်း၊ ကွမ်းနှင့် ကွမ်းသီးပင်များကို မြင်တွေ့ရသည်။ ဥယျာဉ်စောင့်တဲကလေးများဆီမှ ထွက်လာကာ ကားလမ်းဆီ ငေးရီ ကြည့်နေသော ကလေးများကို မြင်ရသည်မှာ သန့်သန့်ပြန့်ပြန့် ကြည်ကြည်လင်လင် ရှိလှ၏။ မည်သူမှ ရေသန့်ဘူးကလေးများ

www.linhtet.com



ပစ်ချခဲ့ရန် မတောင်းဆိုသည်က ကျေနပ်ဖွယ် ကောင်းလှ၏။

မကြာခင် ကားသည် မြေပြန့်တစ်နေရာမှာ ထိုးရပ်လိုက်တော့ ထင်ရှားမြင်သာသော အလင်းအောက်တွင် သောင်ပြင်ဖွေးဖွေးနှင့် ကမ်းခြေတစ်ခုကို ဘွားခနဲတွေ့လိုက်ရ၏။ ကျွန်မတို့အားလုံး ပင်လယ်မြင်လျှင် ပျော်ချင်သောဆန္ဒဖြင့် ပြေးသွားကြသည်။ သောင်ပြင် ပြန့်ပြန့်ပေါ် ခြေချမိတော့ နုအိနေသော အတွေ့အထိက ပင်လယ်ချစ်သူများကို ကြိုဆိုလိုက်လေသည်။ ပကတိသန့်ရှင်း ရိုးစင်းလှသော ကမ်းခြေသည် ငြိမ်သက်စွာ လဲလျောင်းနေသည်။ မိန်းကလေးအချို့ သောင်ပြင်တစ်လျှောက် ပြေးသွားကြသည်။ ကျွန်မကတော့ သာသာ နော့နော့ဖျော့ဖျော့ပြေပြေ ထိမ်းနေသော လှိုင်းလိမ္မာတို့ ထိစပ်ရာ နေရာမှာ ရပ်မိသည်။ ရေက ကြည်စိမ်းလှပါဘိ။ မောင်းမကန်လိုပင် လှပသန့်ရှင်းသည့် ကမ်းခြေတစ်ခု။ စီးပွားရေးသမားတွေ မျက်စိကျ လာလျှင်တော့ နေ့ချင်းညချင်း စည်ကားသွားနိုင်သည်။

ကြက်လှွတ်ပင်လယ်ထဲမှာရှိသော မြင်းခွာပုံသဏ္ဌာန်ရှိသည့် အော်ကွေ့ဖြစ်လို့ သည်နေရာကို "မြင်းခွာအော်" ဟုခေါ်ကြောင်း ဒေသခံတွေက ပြောပြသည်။ အော်ထဲမှာမို့ ပင်လယ်ရေဆွဲငင်မှု နည်းပါးပြီး အပန်းဖြေကမ်းခြေဖြစ်နိုင်လောက်သည့် အနေအထားဟု သုံးသပ်ကြသည်။ အမှတ်တရ ဓာတ်ပုံရိုက်ကာ ကောင်းကင်ပြာပြာ၊ ရေပြင်စိမ်းစိမ်း၊ သဲပြင်နုနု၊ မြင်းခွာအော်ကို နှုတ်ဆက်ကြလေသည်။

မြင်းခွာအော်ကို ထားခဲ့ပြီးသည့်အခါမှာတော့ တောင်ပတ် လမ်းသည် အတက်ချည်းသာ များလာသည်။ တောင်ကိုပတ်ပြီး တက်နေသဖြင့် ပင်လယ်က ဘယ်ဘက်ကပေါ်လာလိုက်၊ညာဘက်က ပေါ်လာလိုက်နှင့် ပလီဇာချဲ့ပြန်သည်။ လမ်းက ဖောက်ထားသည်မှာ သိပ်ကြာသေးဟန်မတူ။ မြေနီကျောက်ခင်းလမ်းကြမ်းဖြစ်ပြီး အတက် မတ်မတ်၊ အဆင်းကြမ်းကြမ်းဖြစ်လာသည်။ ဤလမ်းကို ရွာနီးချုပ်စပ်၊

ကျောက်နီမော်၊ အထက်ကြက်ဝပ်၊ အောက်ကြက်ဝပ်၊ ညောပြင်၊ ကျောက်မတ်တတ်၊ ကြက်လွှတ်စသော ရွာများမှ စုပေါင်းလုပ်အားဖြင့် ဖောက်လုပ်ကြသည်ဆို၏။

ဟိုယခင် ရှင်မော်တောင်ဘုရားသို့ သွားချင်လျှင် ပင်လယ်ပြင်ခြား၍ ကြက်လွှတ်ရွာအထိ လှေဖြင့် လာပြီးမှ ကုန်းကြောင်းခြေကျင်တက်ကြရသည်ဟု သိရ၏။ ယခုတော့ ရေလမ်းနှင့်စာလျှင် ကုန်းလမ်းက ပိုမိုအန္တရာယ်ကင်းသည်ဟု ဆိုရမည်။ မိနီဘတ်စ် တုံ့ခနဲရပ်သွားသဖြင့် ကြည့်လိုက်တော့ ဘုရားရင်ပြင်ရောက်ပြီတဲ့။ ပါသမျှ စားသောက်ဖွယ်ရာတွေ ဇရပ်အတွင်း နေရာချပြီး ရှင်မော်ဦး စေတီတော် ဘုရားဖူးထွက်ခဲ့ကြသည်။

တောင်ကမူထိပ်တွင် မြတ်စွာဘုရား၏ လက်ယာအံတော်ကို ဌာပနာသည့် စေတီသည် ရွှေရောင်ဝင်းပြောင်သပ္ပာယ်စွာ တည်ရှိနေသည်။ ရှင်မော်တောင်တော် မဟာသာသနာသက္ကရာဇ် (၂၃၈)ခု တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓ၏ လက်ယာအောက်စွယ်တော်မြတ်ကို ဌာပနာသည်အထိ သာသနာပြုခဲ့သော မဟာဗန္ဓဝနှင့် စူဠဗန္ဓဝ ရဟန္တာညီနောင်နှစ်ပါး ရုပ်တုကိုလည်း ဖူးမြော်ရသည်။ တစ်ဆင့်နိမ့်သော တောင်ကမ်းပါးစွန်းမှာတော့ မော်ဦးစေတီငယ်တစ်ဆူ၊ မြင့်မားမတ်စောက်သော ချောက်ကမ်းပါးသည် နိမ့်ဆင်းပြေလျော သွားပြီး ဒေါသကြီးနေသော ပင်လယ်ကို ပွေ့ငင်ချော့မြူနေလေသည်။

လူတို့ ပြုပြင်ထားသော်လည်း အဆင်းခက်လှသော ကျောက်ကြမ်းလမ်းမှ ကုပ်တွယ်ဆင်းကာ မိန်းကလေးအချို့ ဓာတ်ပုံရိုက်ကြသည်။ သတ္တိကောင်းသော ယောကျာ်းလေးအချို့ အောက်ခြေကျောက်တုံးမည်းကြီးများဆီသို့ဆင်းကာ ပင်လယ်လေရှူကြသည်။ ကျွန်မ အဆင်းနိုင်ဆုံးအဆင့်အထိ ဆင်းပြီး ရှင်မော်ပင်လယ်ကို နာကြည်းနာကျင်စိတ်ဖြင့် အပေါ်စီးက ကြည့်နေမိသည်။ ယခုတော့ သင်းရဲ့

www.linhtet.com



ရက်စက်ခွဲချေမှုတွေဟာ ကျွန်မနဲ့ ဘာမှ မဆိုင်တော့ပါလား။ ကျွန်မပင်လယ်ကို မဖြတ်သန်းဘဲ တောင်ပေါ်ဆီ ရောက်ခဲ့ပြီလေ။ မလှမ်းမကမ်း သင်းကွဲကျောက်တုံးကြီး တစ်တုံးပေါ်မှာလည်း သီးခြားစေတီတစ်ဆူ။ ဗုဒ္ဓဘာသာဝင်တို့သည် ကျောက်တုံး၊ ကမူ၊ ကုန်းမြင့်တို့တွင် ဘုရားစေတီတည်လေ့ရှိသည်။ ထိုတစ်ဆက်တစ်စပ်တည်း ရှိမနေသော နေရာ၌ ခဲရာခဲဆစ် စေတီတည်ထားသူရဲ့ သဒ္ဓါတရားကိုတော့ သာဓုမခေါ်ဘဲ မနေနိုင်။

တောင်ပေါ်တောကျောင်းကလေးမှာ ကျောင်းထိုင်ဆရာတော်ကို နေ့ဆွမ်းကပ်၊ ကျွန်မတို့လည်း နံနက်စာစားပြီး တောင်ပေါ်က မွန်းမတိမ်းမီ ဆင်းခဲ့ကြသည်။ အပြန်တော့ ကျွန်မကို အကြောင်းပြုပြီး အိမ်ရှင်တွေက ကျောက်နီမော် ပုစွန်အအေးခန်းသို့ လေ့လာရေးဝင်ကြသည်။ သည်နေ့ ပုစွန်မဝင်တဲ့အတွက် အလုပ်မရှိ။ နားနေသော အအေးခန်းကို သဘောလောက်သာ ကြည့်ခဲ့ရသည်။ ဝန်ထမ်းအမျိုးသမီး ကလေးတွေက ကျွန်မကို ဆရာမ ဒီမှာ စာလာရေးပါလားဟု ခေါ်ကြသည်။ မြိတ်ဝန်းကျင်တွင် အအေးခန်းများစွာရှိရာ လုပ်နည်းလုပ်ဟန်နှင့် သဘောတရားချင်း အားလုံးဆင်ဆင်တူသည် ချည်းပင်။ အရှေ့ဘက်ကမ်းမှာတော့ ငါးမှုန့်စက်ရုံတစ်ခု။ ကျောက်နီမော်ကို သည်မျှနှင့် နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

*

(၅-၂-၂၀၀၄) မှာတော့ ခရီးပန်းနေကြလို့ တစ်နေ့လုံး နားနေပြီး ညနေ (၃)နာရီလောက်မှ ရှင်မုတ္ထီးဘုရားဘက် ထွက်လာကြသည်။ ရှင်မုတ္ထီးဘုရားရဲ့ အုံ့မခန်း စောင်းတန်းကြီးမှာ ဆရာကြီးဦးငွေကိုင်ရဲ့ ပန်းချီကားကြီး တွေ့ရသည်။ အရောင်တွေ လွင့်ပြယ်စပြုနေပြီ။ ဒါတွေကို ဆက်လက် ထိန်းသိမ်းဖို့ စနစ်တစ်ခုတော့

www.linhtet.com



လိုနေပြီဟု တွေးနေမိသည်။ မနီးမဝေးမှာ နောက်ဘုရားတစ်ဆူက ပသျှူးကြောက်ဘုရားတဲ့။ အိမ်ရှင်ဦးစိုးမြင့်က အရူးပျောက်ဘုရားကနေ ပသျှူးကြောက်ဘုရားရယ်လို့ ဖြစ်လာကြောင်း ပြောပြနေသည်။ ဘုရားကြီးက ထိုင်တော်မူဘုရားကြီးပါ။ ပသျှူးတွေ လာတိုက်တော့ ဘုရားကိုမြင်သည့်အခါ ဘုရားတောင် ဒီလောက်ကြီးရင် လူတွေ အတော်ကြီးမှာပဲဆိုပြီး ပြန်ပြေးတယ်လို့ ပါးစပ်ရာဇဝင်အချို့ကို ပြောပြနေသည်။

အပြန်မှာ ကားရပ်ပြီး လမ်းဘေးမှ ရေတွင်းကြီးကို ဆင်းကြည့်ကြသေး၏။ ဇရာမရေတွင်းကြီးမှာ အံ့ဖွယ်ရာပင်။ ရေတွင်းကြီးအုတ်နံရံတောင်ဘက်လှည့်၍ သဘော်ဦးသဏ္ဍာန် အချွန်အောက်မှာ ကမ္ပည်းစာတန်း ရေးထိုးထားတာ တွေ့ရသည်။

*'သက္ကရာဇ် (၈၀၀)ပြည့်နှစ်တွင် ရှင်မုဋ္ဌီးဘုရားကြွလာစဉ် အလိုအလျောက် သုံးမြှောင့်ကျောက်ဆောင်ဖြစ်ပေါ်လာသော ရေတွင်းကြီးကို မြန်မာဘုရင်တို့ သစ်သားနှုတ်သီးဖြင့် ပြုပြင်ခဲ့သည်။ အင်္ဂလိပ်အစိုးရတို့ ကျောက်ဆောင်ပေါ် အုတ်တစ်ပိုင်းစီ၍ နှုတ်သီးကို အုတ်ဖြင့် ပြုပြင်ခဲ့သည်။ အထက်အောက် အနံလေးတောင်ရှိ ရှေးအခါ တူရိယာ ငါးပါးအသံထွက်နေသော ပင်လယ်ပေါက်ထိပ်ဝ၊ ဂျပန်၊ အင်္ဂလိပ်တို့ စစ်တိုက်စဉ် ပျက်ကျ၍ ၁၃၁၄ ခု တတိယမြောက် တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယမဟာထေရ် ကွန်ဂရစ်ပြားတို့ဖြင့် ပြုလုပ်ထားသည်။ ၁၃၂၉ တွင် လုံးဝပြိုပျက်သဖြင့် ထိုအရှင် မြတ်ပင် မြေဒိုင်မှ ကွန်ဂရစ်ဘိမ်းသား၊ သံဇယာဖြင့် (၁၅)လက်မအထူ၊ ကိုးတောင်အမြင့်သွန်း၍ အုတ်တစ်သောင်း၊ ဘိလပ်မြေဖြင့် စီထားသည်'*

ဆလုံရိုးရာပွဲတော် ပို့စကတ် ➡

www.linhtet.com



www.linhtet.com



ဟု ရေးထားသည်။

အပြန်မှာ လောကသရဖူလျောင်းတော်မူဘုရားကြီးဆီ ဝင်ဖူးကြပါသေးသည်။ ဘုရားကြီးကို သင်းကျစ်တော်ပြုပြင်ဖို့ ပြင်ဆင်ဆဲပါ။ လျောင်းတော်မူဘုရားကြီးရဲ့ နောက်ခံတောင်က စပါးတောင်တဲ့။ သူတော်စင်တို့ ခိုအောင်းတရားကျင့်ကြံရာ ဂမ္ဘီရနယ်မြေဖြစ်လို့ အောက်ပုပ္ပားလို့လည်း ခေါ်ပါသတဲ့။

အပြန်လမ်း တစ်လျှောက်လုံး ကျွန်မနားထဲတွင် ထားဝယ်ရိုးရာ သီချင်းအပိုင်းအစတစ်ချို့ တိုးဝင်လာသည်။

**ထားဝယ်**

ကျား - ရှင်မောက်ထီး ရေတွမ်းဂီးမာ ရေဆင်းချိုးမယ် လိုက်မလောမီး

မ - လိုက်လိုဟရှင် ×× ရဟယ်ရှင် ×× ရဟယ်ရှင် ××

**မြန်မာ**

ကျား - ရှင်မုတ္တီး ရေတွင်းကြီးမှာ ရေချိုးသွားမယ် လိုက်မလားသမီး

မ - လိုက်လိုဘူးရှင် ×× ရတယ်ရှင် ×× ရတယ်ရှင် ××

ကျွန်မတည်းအိမ်က ဆရာမဒေါ်ဂင်လှိုင်က ထားဝယ်ခရိုင်မှာ ရှင်ကိုးရှင်ဘုရားတွေရှိကြောင်း ပြောပြပါတယ်။ ရှင်ကိုးရှင်ကတော့ ရှင်ပင်ခရ၊ ရှင်ဥညြ၊ ရှင်ဓာတ်ခဲ၊ ရှင်မုတ္တီး၊ ဆံတော်ရှင်၊ ရှင်တောက်ထိန်၊ ရှင်မော်၊ ရှင်ဇလွန်၊ ရှင်တောင်ပုံတို့ဖြစ်ကြောင်း သိရသည်။

(၆-၂-၀၄) ရက်နေ့ နံနက် ၇း၃၀ နာရီခန့် တည်းအိမ်မှ ကားဖြင့် မြို့ပြင်ထွက်ခဲ့ကြသည်။ မြို့ရဲ့အနောက်ဘက် "ကမြောင်း"

www.linhtet.com



တံတားလွန်သည်နှင့် လောင်းလုံမြို့နယ်အတွင်း ရောက်လာတော့သည်။ ကမြောင်ကင်းရွာအဝင် ဗိုလ်ဗထူးရုပ်တုက ဝင့်ဝင့်ကြွားကြွားကြီး ကြိုလို့၊ ညာလက်ဖြင့် ဓားကိုင်သည့်ဟန် ရုပ်တုသည် အသက်ဝင် လှ၏။ ဗိုလ်ဗထူးက ဤရွာသားဟု ဆိုကြသည်။ သတ္တုစက်ရုံရှေ့မှ ဖြတ်ကာ ထားဝယ်တက္ကသိုလ်ကို တစ်ပတ်ပတ်ကြည့်ကြသည်။

သောကြာပြင်ရွာမှာ နံနက်စာ လက်ဖက်ရည်သောက်၍ ခရီး ဆက်တော့ ကားက ကမြောကင်း အ-ထ-ကနှင့်ခလရ (၁၀၄)တပ်ရင်း တို့ကိုဖြတ်သည်။ ကားသည် မောင်းမကန်တောင်ပတ်လမ်းအတိုင်း နိမ့်မြင့်ပြေလျော ပြေးနေသည်။ သစ်ပင်တွေ စိမ်းစိမ်းအုပ်အုပ်နှင့် ပြင်ဦးလွင် တောင်တက်လမ်းကို အမှတ်ရစေသည်၊ မောင်းမကန်ရွာ အဝင်ရောက်တော့ ဆရာမဒေါ်ဂင်လှိုင်အပြောကြောင့် ကျွန်မ ဆတ်ခနဲ တုန်သွားသည်။

"ဒီနေရာပေါ့ တောင်ပြိုကျတာ။ (၁၉၉၇) ခုနှစ်လောက် ကပေါ့"

သည်ဒေသက မိုးများရာဒေသ၊ မိုးရေအရှိန်နှင့် တောင်မြေတွေ ပွယောင်းအက်ကွဲ ပြိုကျခဲ့သည့်မြင်ကွင်း။ အတွေးမဆုံးသေး။

"ဒီမှာတော့ တောင်ပြိုတာ မကြာမကြာ ကြားရတယ်။ လောင်းလုံမြို့နယ် စမ်းလှမ်းရွာမှာလည်း တောင်ပြိုတာ"

ခါးသီးသည့် ကံကြမ္မာကို ကျွန်မ တွေးနေဆဲ ကျောက်ဆစ်ရွာ ကိုဖြတ်ကာ သဘော့ဆိပ်ရွာရောက်တော့သည်။ ဤရွာမှာ ဒေါ်ဂင်လှိုင့် မိတ်ဆွေ ဆရာမ ဒေါ်နီငယ်(ခေါ်) ခေါ်ခင်ခင်ဌေး၏ တပည့် ကိုနိုင်အေးရှိသည်။ စုံစမ်းလိုက်တော့ ကိုနိုင်အေးက သဘော့ဆိပ်ကမ်း နားမှာတဲ့။ နောက်ထပ် တစ်ဖာလုံခန့် မောင်းလိုက်တော့ ခြေတံရှည် အိမ်များနှင့် သဘော့ဆိပ်ကမ်းခြေကို ရောက်သွားတော့သည်။ ဆိုက်ဆိုက်မြိုက်မြိုက်ပဲ ကိုနိုင်အေးနှင့် တန်းတိုးတော့သည်။

www.linhtet.com



အသက် နှစ်ဆယ့်ရှစ်နှစ်ခန့် အသားလတ်လတ် မွန်မွန် ရည်ရည် သချ်ာဘွဲ့ရ ဆားကုန်သည် ကိုနိုင်အေး၊ ဦးစိုးမြင့်၊ ဒေါ်ဂင်လှိုင်က မိတ်ဆက်ပေးတော့ ကျွန်မတို့ကို ဝမ်းသာအားရ လက်ဖက်ရည်ဆိုင်ခေါ်၍ ဧည့်ခံသည်။ လက်ဖက်ရည်ဆိုက် ကမ်းခြေ မှာ မေးတင်ဆောက်ထားသဖြင့် ပင်လယ်လေ တဟူးဟူး တိုက်နေ သည်။

"ငါးလှေတွေ ဒီရက်မဝင်လာသေးဘူး ဆရာမရဲ့။ အလုပ် သမားတွေနဲ့ တွေ့ချင်ရင်တော့ ငါးလှေဝင်ရက်မှ အဆင်ပြေမယ် မဟုတ်လား"

"ဒါဆို ကျွန်မ ကော့သောင်းက ပြန်တက်လာမှ ဝင်ခဲ့မယ်လေ။ အဆင်ပြေမယ် မဟုတ်လား"

"လာသာ လာခဲ့ပါ ဆရာမ။ ကျွန်တော် တစ်ယောက်လုံး ရှိပါတယ်"

ကိုနိုင်အေးရဲ့ ဖိတ်ခေါ်မှုက အားရစရာပါ။ ကျွန်မအလုပ်က ဒေသခံတွေကို အားကိုရသည့်အလုပ်။ ဒေသခံတွေ နွေးထွေးသော ကြိုဆိုမှုတွေ လိုအပ်သည့် အလုပ်ဆိုတော့ ကိုနိုင်အေးရဲ့ အသံနှင့် ဟန်က ကျွန်မကို တက်ကြွစေလေသည်။

လက်ဖက်ရည်ဆိုင်မှအထွက် ညာဘက်သဘော့ဆိပ်ကမ်းခြေ ဘက် ထွက်လာတော့ သဘာဝတရားကြီး၏ အံ့ဘနန်း ဖမ်းစားခြင်းကို ခံလိုက်ရသည်။ သာမန်သဲသောင်ကမ်းခြေတစ်ခုမျှ ထင်ထားခဲ့ရာ မြင်ရသည့်မြင်ကွင်းက ကျွန်မကို အံ့အားသင့်စေလေသည်။ အသွင် သဏ္ဌာန်အမျိုးမျိုးသော ကျောက်တုံးကြီးတွေလဲတချို့ လျောင်း တစ်လီ နေဆာလှုံနေကြပုံများ။ တချို့က ပင်လယ်ပြင်ဘက် ထောင် မတ်မတ်ငေးရီ။ တချို့က လှိုင်းခေါင်းဖြူတွေဆီ ဝပ်စင်း။ ကျွန်မ ပင်လယ်မြင်လျှင် ရယ်ချင်၊ ငိုချင်၊ လွမ်းချင်စိတ်တွေ ယိုဖိတ်လာပြန်

www.linhtet.com



သည်။

ဒီရေ အတက်ကြမ်းနေသော ကျောက်ဆောင်တွေအပေါ် ခုန်ကူးရင်း ကျောက်ကြိုကျောက်ကြားမှ ခရုဖင်လိမ်တွေကို လောဘတကြီး ကောက်ယူနေမိပြန်သည်။ ဟိုတစ်ခု၊ သည်တစ်ခု၊ နောက်တစ်ခုတွေ့တော့ ရှေ့တစ်ခုကို ပစ်ချ။ ပိုလှသည့်တစ်ခုကို ပြေးကောက်။ ခရုအလှတွေကလည်း တစ်ခုနှင့်တစ်ခု မတူ ဆန်းပြားလှချေသည်။

"စာရေးဆရာမရေ…မြန်မြန်လာပါ။ မကြာခင် ဒီရေရောက်လာတော့မယ်။ ပြန်ရခက်သွားလိမ့်မယ်။ သွားကြပါစို့"

ဆရာမဒေါ်ဂင်လှိုင်ရဲ့ အသံကြောင့် ကျွန်မပြန်ဖို့ သတိရသွားသည်။ အို…ဟုတ်ပါရဲ့။ ကျောက်ဆွယ်တန်းအောက်ခြေတချို့ဆီ ရေရောက်နေပြီပါလား။

အပြန်မှာ မောင်းမကန်ဝင်ကြသေးသည်။ မြင်းခွာအော်ကို ရောက်ပြီးသည့် ကျွန်မ၊ သဘောဆိပ် ကမ်းခြေကို ရောက်ပြီးသည့် ကျွန်မ မောင်းမကန်အလှက မဖမ်းစားနိုင်တော့။ နေကလည်း မြင့်နေပြီ။ ခရုပုတီးဝယ်၍ ပြန်ခဲ့ကြသည်။

*

တနင်္သာရီတိုင်းရဲ့ မိုးကတော့ တဖြောက်ဖြောက်နှင့် ခရီးဖင့်အောင်နှောင့်ယှက်စပြုနေပါပြီ။ ဖေဖော်ဝါရီလ ၇ ရက်နေ့အကူး ထားဝယ်ကနေ ထွက်ခွာဖို့ ကားဂိတ်ကို သွားရာမှာ မိုးတဖြောက်ဖြောက်နှင့်မို့ ခရီးမတွင်လှ။ ထားဝယ်ကို နှုတ်ဆက်ရတော့မည်။ လက်ထဲမှာက ထားဝယ်-ကော့သောင်း ဟိုင်ဖိုင်အမြန်ယာဉ် (၈) ခရီးစဉ်လက်မှတ်။ လက်မှတ် ခက(၁၂၀၀၀/)တဲ့။ (၁၇)မိုင်ခန့်ဝေးသော ဆင်ဖြူပြင်ဆိပ်ကမ်းမှာ အမြန်ယာဉ်ကို သွားစီးရမှာဖြစ်ပြီး ထိုဆိပ်သို့သွားဖို့ ကားကြိုပေါ်ရောက်တော့ နံနက် ၁၂ နာရီ။ ကားတွေက ခရီးသည်

www.linhtet.com



နှင့်မမျှ တိုးတိုးကျပ်ကျပ်။ ကားစပယ်ယာတွေကလည်း ရန်ကုန်ကနှင့် ဘာမျှမထူး။ ခရီးသည်တွေကို အအော်အဟစ် အငေါက်အငမ်း ကလေးတွေနှင့်။

"ထကြ … ထကြ။ ဒီနေရာထိုင်လို့ မရဘူး။ ဒီနေရာမှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ။ ခင်ဗျားတို့လက်မှတ်တွေ မှတ်ပုံတင်တွေ စစ်မယ့်သူတွေ စီးရမယ့်နေရာ ဖယ်ကြ"

သည်လိုစကားကိုပဲ ယဉ်ကျေးပျူငှာပြောလို့ မရဘူးတဲ့လား။ ခရီးသည်ထက် အရေးကြီးသူတွေ ရှိသလား။ ခရီးသည်တို့ရဲ့ လုံခြုံချောမွေ့စေရေး၊ စိတ်အေးချမ်းသာရေး၊ ဝန်ဆောင်မှုနှင့်ထိုက်တန်သော ပြေပြစ်ချောမောမှုတွေကို ခရီးသည်များဘက်မှ မျှော်လင့်ခွင့်ရှိပါမည်လား။ ထားဝယ်-ကော့သောင်း၊ မြိတ်-ကော့သောင်း အမြန်ယာဉ် ခရီးစဉ်ကို ကျွန်မ ပထမအကြိမ် လိုက်ပါခြင်းဖြစ်သည်။ အဆင်ပြေချောမွေ့မှုများဖြင့် တစ်ဆင့်စကား ဖောက်သည်ချချင်လှ၏။ ယခုတော့ ခရီးက ထွက်ကတည်းက ယဉ်သကို ဖြစ်နေပြီ။

နံနက် ၄ နာရီလောက် ဆင်ဖြူပြင် ဆိပ်ကမ်းရောက်တော့ ကိုယ့်နာမည်ခေါ်ရန် စောင့်ရပြန်သည်။ များပြားလှသော ခရီးသည်တွေ ဇောတံတားထိပ်မှာ စုပုံတိုးနေကြသည်မှာ မိမိနာမည်ခေါ်လျှင်ပင် ကြားရဖို့မလွယ်။ ခရီးဆောင်အိတ်တွေနှင့် အဖော်က မပါ။ ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး သွားရသည့်ခရီးမှာရှေ့ဆက်ဘာတွေ ရင်ဆိုင်ရဦးမည်မသိ။ နိုးနိုးကြားကြား ရှိဖို့တော့ လိုအပ်လှ၏။

မကြာခင် နာမည်ခေါ် မှတ်ပုံတင်ပြ၊ ပစ္စည်းစစ် အမြန်ယာဉ်ထဲ ဆင်းခွင့်ရတော့ မိုးပင် မလင်းသေး။ အပ်ပစ္စည်းတစ်ထုပ်၊ လက်ဆွဲတစ်ထုပ်၊ သင်္ဘောဝမ်းထဲ(အောက်ထပ်)မှာ နေရာရတော့ စိတ်ထဲ သိပ်မရှင်လှဘူး။ အပေါ်ထပ်မှာဆို ပိုပြီး မြင်ကွင်းရှုကွက် မပေါ်ဘူးလား။ သည်ခရီးမျိုး နှစ်ခါကြုံကြိုက်ဖို့ မလွယ်။

www.linhtet.com



ဟိုင်ဖိုင်အမြန်ယာဉ်ရဲ့ ခံ့ညားသပ်ရပ်မှုကိုတော့ ကျေနပ်သွားသည်။ တနင်္သာရီကမ်းရိုးတန်းဒေသ ထားဝယ်၊ မြိတ်၊ ကော့သောင်း ခရိုင်သုံးခုရဲ့ ဆိပ်ကမ်းများကို အမြန်ယာဉ်အမှတ် ၂၊ ၇၊ ၉၊ ၂၇ နဲ့ နောက်ဆုံး (၈)တို့ကို ပြေးဆွဲနေကြောင်း သိရသည်။ ကော့သောင်း မြိတ်ခရီးစဉ်အတွက် တစ်ဦးလျှင် (၈၀၀၀)၊ မြိတ်-ထားဝယ်အတွက် (၄၀၀၀)ဖြစ်ပြီး ထားဝယ်-ကော့သောင်းအတွက် ကျပ် (၁၂၀၀၀) ဖြစ်ကြောင်း သိရသည်။ ခေတ်မီအင်ဂျင်စက်သုံးလုံးတပ် ကွန်ပျူတာ၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်နဲ့ ထိန်းချုပ်မောင်းနှင်ရသော အမြန်ယာဉ် များဖြစ်ကြောင်း သိရသည်။

သင်္ဘောထွက်တော့ နံနက် (၅)နာရီ ဝေလီဝေလင်းအချိန်။ ထားဝယ်ချောင်းဝမှထွက် ပြင်ကြီး၊ ကသည်းမကျွန်းကိုချိုး၊ ကသည်းမ အနောက်ကမ်းမှ ထားဝယ်မီးပြဘက်ဆီ သွားနေသည့် အမြန်ယာဉ်ပေါ်မှာတော့ စိုးရိမ်ကြောင့်ကြကင်းစွာ လိုက်ပါလာခဲ့ သည်။ မကြာခင် ရှင်မော်ထိပ်ကိုရောက်၍ မလိကိုကူးတော့မှာ ဖြစ်ပေမယ့် ယခင်ကလို ကြောက်စိတ်တွေ ဝေမနေခဲ့။ ရိုးရိုးစက်လှေ တွေကို ရိုက်ချိုး ချေဖျက်ခဲ့သော ရှင်မော်ကို အမြန်ယာဉ်ပေါ်မှ ကျွန်မ မထီမဲ့မြင် ပြုနိုင်ပေပြီ။ လုံခြုံစိတ်ချ ပေါ့ပါးလျင်မြန်သော အဟုန်ဖြင့် ရေပြင်ကို ထိုးခွဲပြေးလွှားနေသည်မှာ တငြိမ့်ငြိမ့်ဖြင့် ငိုက်မျဉ်းလာတော့သည်။

မလိရေပြင်ကျယ် ပြီးတော့ ကျွန်းလှကျွန်း။ပုလောအပြင်ဘက် နားလေက်ဆီ ရောက်ပြီထင်ပါရဲ့။ ပြီးတော့ ကော့ဒွေးကျွန်း၊ စပါးလှိုင်ကျွန်း၊ မော်တုန်းကြီး။ ကျွန်မ မော်တုန်းကြီးကိုမြင်တော့ မလှမ်းမကမ်းမှ ကျောက်ငါးမွေးကန်များကို မျှော်ကြည့်မိသေးသည်။ ဦးလှသန်းရဲ့ ကျောက်ငါးမွေးဖောင်တွေဆီ ရောက်ခဲ့သည့်နှစ်ဆီ စိတ်အာရုံက ပြေးလွှားသွားသည်။ ကျောက်ငါးဖောင်လုပ်သား

www.linhtet.com



''သီဟ''။ ''ဒေါ်လာငှက်များ ဘယ်မှာနားပါ့မယ်''၊ပင်လယ်ပျော်တို့ မျှော်လင့်ချက်များ၊ မော်တုန်ကြီးရေပြင်မှာ လက်နှင့်မျှားယူနေသော ငါးမျှားလှေများ၊ စာရေးဆရာထံ သူဖန်တီးသည့် ဇာတ်ကောင်များ အပြေးလာနေကြသည်။ ကျွန်မ ထိုဇာတ်ကောင်တွေအပေါ် တာဝန်ကျေခဲ့ပါရဲ့လား။ သူတို့ရဲ့ အိပ်မက်တွေကို မခွဲချေ မရက်စက်ခဲ့တာကတော့ သေချာလွန်းလှပါသည်။

အလို…မြိတ်ရောက်နေပြီပါလား။ ပထော်တောင်ကြီးမြင်မှ ကျွန်မ အလန့်ကြီး လန့်သွားသည်။ ပထော်ပထက်တောင်ညီနောင်သည် မထင်မှတ်ဘဲ ဘွားခနဲပေါ်လာလေ့ရှိသည်ကို ရင့်ကျက်သော ဣန္ဒြေဖြင့် ကြည့်နေသည်။ မြို့အဝင် သိပ်လှသည့် မြိတ်သည် ဘယ်တော့ကြည့်ကြည့် ဆွဲဆောင်အားကောင်းလှစွာ ညို့ငင်ဘိ၏။

သိမ်တော်ကြီးစေတီ၊ ဗုံးဘုရားစေတီ၊ ရွှေရောင်ဝင်းပနေသော စေတီပုထိုးတို့၏ကျက်သရေတောင်ကုန်းမို့မို့ ကျွန်းရိပ်စိမ်းစိုအဟောင်းနှင့် အသစ်တို့ လွှမ်းထိုးယှက်တင်နေသည့် မြင်ကွင်း၊ အိုင်းရစ်အရေးပိုင်ကြီးမောရစ်ကောလစ်ကို စာရေးဆရာဖြစ်စေသည့်မြို့၊ ကမာရင်ကွဲ သန္ဓေတည်ရာမြို့၊ အနုပညာနှလုံးသွေးတို့နွေးထွေးစွာ လည်ပတ်လျက် မိမိလေးစားရသည့် မောင်ပြေချမ်း (မြိတ်)၊ နရီ (မြိတ်)၊ မောင်ယုပိုင်၊ ပိုင်၊ ဝေးအိမ်၊ သွင်-ခင်မင်းရည်၊ ရေစကြိုမိုးလွင် စသည့် ရေးဖော်များ။ အမြန်ယာဉ်စက်သတ်ကာ လူနှင့်ကုန်ချတော့ ဆင်းခွင့်မကြုံသောမြို့ကို ငေးရုံနှင့် ကျေနပ်ခဲ့ရသည်။

နေ့ဝက်ကျိုးနေပြီမို့ ရေကလည်း ငတ်လာသည်။ သဘော်အလုပ်သမားကလေးတွေကို ရေသန့်တစ်ဘူးမှာသောက်သည်။ တစ်ဘူး ၁၅ဝ ကျပ်တဲ့။ နှစ်ရာတန်ပေးသော်လည်း ပြန်မအမ်းပါ။ ဘယ်လိုပါလိမ့်။ ထမင်းတစ်ဘူး ကြက်ဥကြော်နှင့် လေးရာတဲ့။ ငါးရာတန်ပေးလိုက်လည်း ပြန်မအမ်းပါ။ ဘယ်လိုပါလိမ့်။ နောက်ဆုံး ဘယ်လိုမှ

www.linhtet.com



မလိမ့်ဘဲ တမင်မပေးကြောင်းသိရတော့ ရန်ကုန်-မန္တလေးရထားလမ်း ဘူတာအချို့မှ အကျင့်ပျက်ဈေးသည်တွေကို သတိရမိသည်။ အဆင့်မြင့် အမြန်ယာဉ်များပေါ်မှာတော့ သည်လိုမဖြစ်သင့်ပါ။

တစ်နာရီပင်မကြာ။ ခရီးဆက်တော့ ကလွင်မီးပြဘက် ပြန်ထွက်မော်တုန်းကြီး၊ အလို…ကျွန်းစုဘက်၊ ပရည်ကျွန်းဘက်က မသွား။ ရေပြည့်အော်စခန်းသစ်ဘက်က ခုတ်နေသည်ပါလား။ ဝဲကျွန်းလွန်တော့ ကျောက်လိပ် လိပ်ပုံသဏ္ဍာန်ကျောက်ကျွန်းပေါ်မှာ စေတီတည်ထားရာ ကြည်ညိုဖွယ်ကောင်းလှ၏။ သည်မှာ ရေတိမ်နေ သည်ထင့် စက်ရှိန်လျှော့နေသည်။ ပြီးတော့ ရေအေး၊ ကျပ်ချောင်း၊ သဲချောင်းရွာတွေ အတော်ဝေးဝေးမှာ ရေတက်လျှင် ပင်လယ်ရေပြင် ထက်မှာရှိ၍ ရေကျလျှင် သမန်းပြင်တွင် ကျပ်စင်ပေါ်နေသည့် တံငါရွာကလေးတွေ။ မကြာခင် ရေအေးငှက်သိုက်တောင်ကြီးတွေက ငိုက်မျဉ်းနေသော ကျွန်မကို မျက်လုံးကျယ်စေလေသည်။

ရေအေးငှက်သိုက်ကို မြင်တော့ မြိတ်မြို့မှ ကျွန်မမိတ်ဆွေ ကိုအေးချမ်းကို သတိရသွားသည်။ ကိုအေးချမ်းတို့ရဲ့ ပုစွန်အအေးခန်း (ပန်လုံးအော်)က ရေအေးငှက်သိုက်တောင်တွေရဲ့ အတွင်းဘက်မှာ ရှိသည်။ ရေပြင်ထက်မှာ ထီးထီးပေါ်ထွက်နေသော ကျောက်တောင်ကြီး တွေက မြင့်မားမတ်စောက်လှ၏။ တောင်သုံးလုံးတစ်စုနှင့် တောင် တစ်လုံးတည်း သင်းကွဲပေါ်ထွက်နေ၍ ကြားမှ ဂလက်ကြောင်း ပေါ်နေသည်။ 'ဂလက်'ဟူသည် ဟိုဘက်သည်ဘက်ပေါက်သော လမ်းကြောင်းကိုဆိုသည်။ မြန်မာလို ရေလက်ကြားဖြစ်၏။ ပန်လုံး အော် ပုစွန်အအေးခန်းမှ ဂလက်လမ်းကြောင်းအတိုင်း ချောင်းကြည့် လိုက်လျှင် မြိတ်သွားသည့် လေ့သင်္ဘောတွေကိုမြင်ရ၏။ အလွမ်းမြုံ ငှက်တို့၏ အိမ်ပြန်ချင်စိတ်များ၊ ကျွန်မ ထိုအကြောင်းကို ဝတ္ထု တစ်ပုဒ်ရေးဖူးသည်။

www.linhtet.com



ပန်လုံးအော် ပုစွန်အအေးခန်းသို့ သွားမည့်သူများ အမြန်ယာဉ်မှ စက်တပ်သမ္ဗန်ကလေးတွေပေါ် ဆင်းကြသည်။ သမ္ဗန်ကလေးတွေ ဂလက်လမ်းကြောင်းအတွင်း ဝင်သွားတော့ ကိုအေးချမ်းတို့အလွမ်းတွေ ကျွန်မဆီ ကူးစက်လာသည်။ အမြန်ယာဉ်သည် အရှိန်ကောင်းကောင်းဖြင့် ပြန်ထွက်နေပြီ။ ထမင်းစားပြီးသဖြင့် ငိုက်မျဉ်းမှုတွေ ရောက်ချလာပြန်သည်။ ယာဉ်အတွင်းပိုင်းတွင် အိမ်သာပါရှိပြီး အပြင်ဘက်ကုန်းပတ်ပေါ်တော့ မည်သူမျှ ထွက်ခွင့်မရ။ သဘော်စပိကများသဖြင့် ကျလိုက်လျှင်ဖြင့် ကယ်တင်ဖို့မလွယ်။အပြင်ဘက်မြင်ကွင်းကို မိန်းမောခွင့်မရ။ မှန်ပေါက်ထဲမှ ချောင်းကြည့်ကာ ရောက်သည့်နေရာကို ခန့်မှန်းနေရသည်။ ယခင်က ကျွန်မတို့ ကော့သောင်းသွားတော့မည်ဆိုလျှင် သင်္ဘောပတ်မကြုံပါက စက်လှေပင် အားထားရ၏။ မိုးတွင်းဆို အန္တရာယ်များလှ၏။ နှစ်စဉ် အသေအပျောက် အဖိတ်အစဉ်ရှိ၏။ ယခုတော့ အမြန်ယာဉ်တို့ ကျေးဇူးဖြင့် ခရီးလမ်း လုံခြုံချောမွေ့နေတော့သည်။

သည်ကြားထဲမှ ပုလဲကျွန်း၊ ဆင်ကျွန်း၊ လန်ပိကျွန်းတွေ ရှိသည်။ ကျွန်းရိပ်တွေ တရိပ်ရိပ်နှင့် ကျန်ခဲ့ပြီ။ ရေသည် ပိုမိုကြည်လင်လာ၏။ အောင်ဘာငှက်သိုက်ကျွန်းသည် ရေပေါ်မှာ ထိုးထိုးထောင်ထောင်နှင့် ငှက်သိုက်ခိုးသူနှင့် လိုင်စင်စီအတုများ ကျွန်မရဲ့ "ဇီဝဗိုးကိုနိစာ"၊ ပင်လယ်ကျွန်းတောင်ပေါ်မှ ဆို့နင့်ကြေကွဲဖွယ် အပြစ်အပျက်ကလေးက ကျွန်မကို အချိန်ကြာမြင့်စွာ ဖမ်းစားထားဆဲ။ ယခုအောင်ဘာငှက်သိုက်ကျွန်းမှာ လူတွေ နေနေပြီ။ ရှေ့က ခိုကျွန်းမှာတော့ လူမနေ။ မပုတေးကျွန်း၊ ပလုံးတုံးတုံးကျွန်း၊ မကြာခင် ကော့သောင်းရောက်တော့မှာပါလား။

ဗိုလ်ချိုကျွန်း၊ ဆလုံရိုးရာပွဲတော်မှခ်ဦး
(ဝဲမှယာ) ဒါရိုက်တာဘုန်းဝေ၊ မိချမ်းဝေ၊ အောင်ဝေး ➡

အလင်္ကာဝတ်ရည်

www.linhtet.com



www.linhtet.com



ကဗျာဆရာနိုင်တာရာက သူတို့ကော့သောင်းမြို့ကလေးကို မြေပုံခြေဖျားမြို့ကလေးဟု တင်စားဖူးသည်။ တကယ်လည်း မိမိရဲ့ ရိုးရာဓလေ့အစဉ်အလာတွေနှင့် သူတစ်ပါးရဲ့ ယဉ်ကျေးမှုတွေ မကူး စက်လာအောင် ကျားကန်ထားနိုင်သည့်မြို့။ ကျွန်မ ကော့သောင်း မရောက်တာ (၁၅)နှစ်အတွင်း ဘာတွေများ ထူးခြားပြောင်းလဲနေ ပါလိမ့်။

အမြန်ယာဉ်သည် သွားနေကျလမ်းကြောင်းမှ မြို့အဝင် ဆိပ်ကမ်းဘက် ဦးလှည့်လိုက်သည်။ ကျွန်းတောင်ပေါ်မှ အမြင့်မြို့သည် ခရီးသည်တို့ကို ငုံ့ကိုင်းကြိုဆိုနေသည်။ စက်တပ်မော်တော်သံ တဖုံးဖုံး နှင့် မြွေကျွန်းအလှက ဖမ်းစားနိုင်လွန်းသည်။ မြို့အဝင်သည် မြိတ်က တစ်မျိုးလှ၍ ကော့သောင်းက တစ်မျိုးယဉ်နေသည်။ ဟိုးတုန်းက ယိုးဒယားနယ်စပ်ဘက်ကူးသည့် ရောင်စုံစက်တပ်ယာဉ်တွေ မမြင် ရတော့။ ဟိုယခင်က ထိုယာဉ်ကလေးတွေနှင့် တာမောလက်မှတ် ခံကာ တစ်ဖက်နိုင်ငံသို့ တစ်နေ့တာအလည်အပတ် သွားဖူးသည်ကို သတိရမိသည်။

သင်္ဘောပေါ်မှအဆင်း စိတ်အနှောင့်အယှက် ဖြစ်ရသေး၏။ အပ်ပစ္စည်းအတွက် ကျသင့်ငွေပေးထားလျက်နှင့် ပစ္စည်းထုတ်တော့ ဝမ်းနှိုက်ခ အလုပ်သမားကြေး ထပ်တောင်းနေသည်။ ဒါဖြစ်သင့် သလား။ ဧည့်သည်တွေ အကြောင်းမသိတွေမို့ တောင်းသလား။ အငြင်းပွားနေစဉ်ပင် ကျွန်မမိတ်ဆွေ ကဗျာဆရာနိုင်တာရာနှင့် ညီမလေးသီတာတို့ ပြေးဆင်းလာသည်။

"မပေးနဲ့အစ်မ။ ဒီလိုသာ တောင်းသလောက်ပေးနေရရင် ဆုံးမှာမဟုတ်တော့ဘူး"

နိုင်တာရာက ကျွန်မပစ္စည်းတွေ အတင်းသယ်တင်သွားတော့ သည်။ ရေဘောင်ပေါ်မှ တံတားမှတစ်ဆင့် ကမ်းပေါ်သို့ အရောက်

www.linhtet.com



ဆိုင်ကယ်တက္ကစီတွေ ကြားထဲမှအဖြတ်···

"ဆရာမ ဆရာမိချမ်းဝေ မဟုတ်လားဟင်"

အလို···နယ်စပ်မြို့ကလေးမှာ ကျွန်မကို သိကျွမ်းနှုတ်ဆက်နေသူမှာ ဘယ်သူပါလိမ့်။ မျက်နှာပါးပါး၊ အသားလတ်လတ်၊ မျက်မှန်နှင့်လူ၊ ကျွန်မ စဉ်းစားလို့မရ။

"ကျွန်တော် ခင်လတ်ထွန်းပါ။ ဆရာမနဲ့ ရန်ကုန် စာပေဗိမာန်မှာ ဆုံဖူးပါတယ်။ ကျွန်တော်က ဆိုင်ကယ်တက္ကစီဆွဲနေတာပါ။ ဘယ်သွားမလို့လဲ။ ပို့ပေးမယ်လေ"

ကော့သောင်းကတော့ ကျွန်မကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလိုက်ပေပြီ။ မြို့က တောင်ကုန်းပေါ် တည်ထားသဖြင့် အသည်းအေးဖွယ်။ ကုန်းတက်ကုန်းဆင်း အတွေ့အကြုံက အမြန်ဆုံး ရောက်ချလာလေသည်။

"မြေပုံခြေဖျား မြို့ကလေး
ပါချန်မြစ်ရဲ့ နံဘေး
အက်ဒမန်ပင်လယ်ဘေးမှာ
ခပ်ကွေးကွေး အိပ်နေရာက
ဖီးနစ်ငှက် သဏ္ဍာန်မျိုးနဲ့
ရှင်သန်နိုးထခဲ့ပြီလေ"

ကဗျာဆရာ နိုင်တာရာရဲ့ မြေပုံခြေဖျား မြို့ကလေးဆီ ကျွန်မရောက်ခဲ့ပြီ။ နံနက်ခင်း နေခြည်နုလွှသည် ဘုရင့်နောင် ကုန်းမြေပေါ် နွေးနွေးထွေးထွေး သွန်ကျနေသည်။ တောင်ပတ်လမ်းပေါ်မှာတော့ လမ်းလျှောက်သူတွေ စည်ကားနေသည်။ ပန်းပုဆရာ ဦးဟန်တင်၏ လက်ရာ ဓားဆွဲဟန် ဘုရင့်နောင်မင်းတရားကြီး ရုပ်တုက ခံ့ခံ့

www.linhtet.com



ထည်ထည်။ ရှင်းသန့်သန့် ပင်လယ်လေကို အဆုတ်အတွင်းရှူသွင်းရင်း ကော့သောင်းမြို့ (Victoria Cape) ဝိတိုရိယအငူတစ်ဖြစ်လဲ ဘုရင့်နောင်အငူကို ငေးကြည့်နေမိ။ မလှမ်းမကမ်းမှာတော့ ကြယ်ငါးပွင့်အဆင့်မီဟိုတယ်ရှိသည်ဆိုသော သူဌေးကျွန်း။

ဘုရင့်နောင်ကုန်းမှ အဆင်းစာချစ်သူ ဆရာခင်လတ်ထွန်းနှင့် ဆုံတော့ "ချစ်သူ"ဆိုသည့် လက်ဖက်ရည်ဆိုင်ထိုင် ဖြစ်ကြသည်။ ဆရာခင်လတ်ထွန်းက စာပေလောကနှင့် အဝေးကြီးမဟုတ်။ ဘာသာရေးဆိုင်ရာ စာပေတွေ ရေးသားနေသူဖြစ်သည်။ သူ့ထံမှ ကော့သောင်းနှင့် ပတ်သက်သော သမိုင်းတစ်စကို သိခဲ့ရသည်။ "ကော့သောင်း"မှာ ယိုးဒယားစကားဖြစ်၍ "ကော့"မှာ "ကျွန်း"၊ "သောင်း"မှာ "နှစ်"ဟု အဓိပ္ပာယ်ရသည်။ ကျွန်းနှစ်ကျွန်းပေါ်တွင် တည်သောမြို့ဟု ဆိုလိုဟန်တူသည်။ ယိုးဒယားအမည်ဖြစ်သော်လည်း ယိုးဒယားတို့ တည်ခဲ့သော ရွာမဟုတ်ပါ။

၁၈၆၃ ခုနှစ် ဝန်းကျင်ခန့်က ပင်လယ်ဓားပြခေါင်းဆောင် "တာတန်း"ဦးဆောင်သော အဖွဲ့ဝင် ၃၀ ခန့်သည် ယခု ရွှေဟသာ်ာ ရပ်ကွက် အော်ပိုက်တွင် ခဏဝင်ရောက်ခိုနားရာ စခန်းများ ကောင်းမွန်လှပမှုကြောင့် ယာယီတဲများဆောက်ကာ နေထိုင်ကြသည်။ ထိုအထဲတွင် ဆလုံများလည်း ပါဝင်ခဲ့သည်။ ၁၈၆၅ ခန့်တွင် မလေးကျွန်းဆွယ် မာလာယုကျွန်းသားများ ဖြစ်ကြသည့် ပသျှူးလူမျိုးများဖြစ်သူ "နာ ဟူဒါအာမက်"ဆိုသူ ဦးဆောင်သော မိသားစု ၁၃ ဦးပါဆွေမျိုးတစ်စု ရေထွက်ပစ္စည်း (စတီခွံ၊ ကနကမာ၊ မုတ်ခွံ၊ ပုလဲ) တို့ ရှာဖွေ၍ မြိတ်ကျွန်းစုသို့ ထွက်လာခဲ့ရာ ပါချန်မြစ်ဝသို့ ရောက်ရှိလာသည်။ ယခုကော့သောင်းမြို့ရှိရာ ပါချန်မြစ်ဝအရောက်တွင် မလိဝမ်းရွာရှိကြောင်း သိရသဖြင့် မလိဝမ်းချောင်းအတိုင်း ဆက်တက်ခဲ့သည်။ ဝမ်းရောဂါဖြစ်ကြသဖြင့် ပါချန်မြစ်ဝသို့ ပြန်စုန်လာပြီး ယခုကော့

www.linhtet.com



သောင်းနေရာတွင် တဲစခန်းချကြ၏။

ထိုနေရာတွင် ဘရိုင်ရိုနီနိုကျွန်းနှင့် ဘောင်းဝါးကျွန်းရှိရာ ပသျှူးတို့က ''ပုလိုဒူးဝါ'' ဟုခေါ်ကြသည်။ ''ပုလို''မှာ ''ကျွန်း'' ''ဒူးဝါ''မှာ ''နှစ်''ပင် ဖြစ်သည်။

ကော့သောင်းမြို့နယ်၏ မြောက်ပိုင်းဒေသဖြစ်သော ဘုတ်ပြင်းမြို့နယ်အထိတိုင် တောင်ကုန်း၊ တောင်စွယ်၊ ရေဝေကုန်းတန်း၊ လျှိုမြောင်များ၊ ပေါများစွာတည်ရှိပြီး မလိဝမ်းကျေးရွာမှ ကော့သောင်းမြို့နယ် ချန်းဖန်းအထိ လျှိုမြောင်ချောက်ကမ်းပါးများ လှိုင်းထသည့် အနေအထားရှိသည်။ ယိုးဒယား-မြန်မာ နယ်နိမိတ်ကို ပါချန်မြစ်က ပိုင်းခြားထားသည်။ ဆရာခင်လတ်ထွန်းက-

''ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလတွေမှာ (Gusty Wind) လို့ ခေါ်တဲ့ လေရူးလေထန်တွေ တိုက်ခတ်တတ်ပြီး မတ်လ၊ ဧပြီလ၊ မေလတွေမှာတော့ (Veering Wind) လို့ခေါ်တဲ့ အရပ်မျက်နှာ အသီးသီးက လေတွေ လည်ပတ်တိုက်ခတ်လေ့ရှိတယ်''

''ဟင်…ဒါဆို ကျွန်မ မကြုံဂုလက်ဆင်းမယ့် ခရီးစဉ် အဆင်ပြေပါ့မလား''

''ပြေပါတယ် အေးဆေးပေါ့။ ဒီနေရာမှာ ကြီးကျယ်တဲ့ မုန်တိုင်းတွေတော့ ဝင်ရောက်မွှေနှောက်ခြင်း မရှိပါဘူး''

ထိုနေ့က ဆရာခင်လတ်ထွန်း ခေါ်ဆောင်သွားသဖြင့် ဒေသခံ ပန်းချီဆရာ ပြည်စိုးထွန်းဆီ ရောက်ခဲ့ကြသည်။ ကော့သောင်းမြို့ ဗိုလ်ချုပ်လမ်း အဏ္ဏဝါရပ်ကွက်ကလေးထဲမှာတော့ အနုလက်ရာ မြောက်လှသော ဆရာပြည်စိုးထွန်း၏ ပန်းချီကားများစွာကို တွေ့ရသည်။ ကမ်းရိုးတန်းပန်းချီတွေနှင့် ကျွန်မ အမြင်မစိမ်းလှပါ။ မြိတ်မြို့ပန်းချီဆရာတွေ ကမ်းရိုးတန်းကိုယ်စားပြု ပန်းချီကားတွေ ပြဖူးလှပြီ။ တစ်နေရာတည်းတွင် ဤရွှေ့ဤမျှ များပြားလှသော

www.linhtet.com



ဆလုံတိုင်းရင်းသားတို့၏ နေထိုင်စားသောက်မှု ဓလေ့ရိုးရာကို ဖော်ကျူးသည့် ပန်းချီကားများ တစ်စုတစ်ဝေးတည်း မတွေ့ဘူးသေး။ ကျွန်မခေတ္တမျှ မိန်းမောသွားမိသည်။

Happy Time အမည်ပေးထားသော ကာဗွန် (ခဲမှုန့်) သုံး ပန်းချီကားသည် ဆလုံလူငယ်နှစ်ဦး၏ ပင်ကိုသဘာဝကို အထူးပေါ် လွင်စေသည်။ She ဟု အမည်ပေးထားသော ဆလုံ လုံမပျို၏ အရိုးခံအပျိုမာနဝင်ဟန် ရေးဆွဲထားသည်မှာလည်း လက်ရာမြောက် လှသည်။ ပင်လယ်ရေကျချိန် ကမ်းစပ်၌ ခရုကောက်ခြင်း Earnings အမည်ရ ပန်းချီကားကိုတော့ ကျွန်မ အနှစ်သက်ဆုံး Acryic ဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။

ဆရာပြည်စိုးထွန်းက ဆလုံပွဲတော်မှာ One Man Show ပြမှာတဲ့။ သူ့ပန်းချီပြပွဲကို Myanmar Southern Sea Beauty "မြန်မာပြည် တောင်ပိုင်းပင်လယ်အလှ"ဟုအမည်ပေးထားပြန်သည်။ ရဲရင့်သူ၏ နှလုံးသားကား နီစွေးလှချေသည်။ ငယ်ပင် ငယ်သော်လည်း နိုးကြားသော ကြိုးစားမှုကိုတော့ အသိအမှတ်ပြု ကြိုဆိုရမည်ဖြစ်သည်။ ထိုပန်းချီကားများအားလုံး ဆလုံပွဲတော်မှာ ပြသရောင်းချမည်။

"ကျွန်တော်က အဘဦးရွှေထွန်း၊ အမိ ဒေါ်သန်းစိန်တို့မှ (၂၆-၂-၇၀) ခုနှစ်မှာ မွေးဖွားလာခဲ့ပါတယ်။ ထားဝယ်ဇာတိဖြစ်ပြီး မွေးချင်းသုံးယောက်အနက် အငယ်ဆုံးပါ။ ကျွန်တော့်ရဲ့ လက်ဦးဆရာ ကတော့ ထားဝယ်မြို့မှ ပန်းချီအကျော် ဦးထွန်းကြည်ပဲဖြစ်ပါတယ်။ နောက်တော့ ဦးအောင်ထွေး၊ ဦးတင်ယု၊ ဦးသိန်းမြင့်သိန်း (ရန်ကုန်) တို့ထံမှာ ဆက်လက်နည်းခံပါတယ်"

ဆရာပြည်စိုးထွန်းရဲ့ ဘဝတစ်စိတ်တစ်ဒေသသည် ကော့ သောင်းမြို့မှ ဗိုလ်ချုပ်လမ်းပေါ် ဖိတ်လျှံကျလာသည်။ ကျွန်မတို့ ဆိုင်ကယ်နှင့် ကော့သောင်း(၂) မိုင်စခန်းသို့ ထွက်ခဲ့ကြသည်။

www.linhtet.com



ဆရာခင်လတ်ထွန်းရဲ့ ဆိုင်ကယ်က စာရေးဆရာရဲဘုန်းခေါင်ရှိရာ ဦးတည်နေသည်။ ဆရာသည် ပြည့်ဝရွှန်းစိုနေသော အပြုံးတို့ဖြင့် ကျွန်မတို့ကို ကြိုဆိုသည်။ ဆရာရဲဘုန်းခေါင်နှင့် တစ်ခါမှ တွေ့ဆုံဖူးခြင်း မရှိသော်လည်း စာမျက်နှာများပေါ်မှာ ရင်းနှီးပြီးသားမို့ တွေ့ဆုံပွဲသည် နွေးထွေးလှ၏။

"ဆရာအောင်ဝေးနဲ့ ဒါရိုက်တာဘုန်းဝေတို့လည်း လာကြမယ် ဆရာမ။ အခု အချိန်အထိတော့ မရောက်ကြသေးဘူး"

"ဟုတ်တယ်။ ရန်ကုန်မှာတုန်းက ကြားလိုက်ပါတယ်။ ကျွန်မက ထားဝယ်ပတ်ချင်လို့ ကားနဲ့ ထွက်လာတာပါ"

"အေးဗျာ။ ဆရာမတို့ ခရီးထွက်နိုင်တာ ချီးကျူးပါတယ်။ ကျွန်တော်ဆို ဘယ်မှ မသွားဖြစ်ဘူး"

"ဒီလိုပဲ စွန့်စားရတာပါပဲ ဆရာ။ ကျွန်မက ခရီးသွားမှ ရေးစရာရသူဆိုတော့"

"ဆရာမ မကြုံဂုလက်ကိုတော့ မဆင်းသေးဘူး မဟုတ်လား"

"၁၃ ရက်နေ့လောက် ဆင်းဖြစ်မယ် ထင်ပါတယ်"

ဆရာရဲဘုန်းခေါင်က ဆရာဝန်တစ်ယောက်ဖြစ်ပြီး ပင်ကိုရေးရော၊ ဘာသာပြန်ပါ အတော်ရေးနိုင်သူဖြစ်သည်။ အသားလတ်လတ်၊ ထောင်ထောင်မောင်းမောင်း၊ ကြည်လင်သော မျက်နှာထားရှိသည့် လူရွယ်လူလတ်တစ်ဦးပါ။ ထိုညနေက ရောက်တတ်ရာရာ ရန်ကုန် စာပေအသိုင်းအဝိုင်းအကြောင်းတွေပြောပြီး လမ်းခွဲကြတော့ မှောင်ရီ သန်းနေပြီ။ အောင်သပြေစားတော်ဆက်မှာ ဆရာပြည်စိုးထွန်းက ကတ်ကြေးကိုက်ဖြင့် ဧည့်ခံသည်။ မီးစကြာတွေ ပြိုးပြက်လင်းလက် နေသည့် အောက်မှာတော့ သီချင်းဆိုနေကြသည့် လုပျိုဖြူကလေးများ၊ ဂီတသံသည် ဆူညံမနေ။ တငြိမ့်ငြိမ့် ညင်သာပေါ်ထွက်နေသည်။ ကဗျာဆရာအမ်ဖွန်အောင်ရဲ့ ကဗျာအပိုင်းအစအချို့ ပင်လယ်လေနှင့်

www.linhtet.com



အတူ စားသောက်ဆိုင်ကလေးထဲ လွင့်ဝဲပြေးဝင်လာသည်။

"အဲသည်
ဆည်းဆာရောင်ရောယှက်
ပြိုးပြက်ပြက် မီးရောင်စုံအောက်က
ညတစ်ညအတွက်
ညို့ချက်မိနေတဲ့
မြို့ရဲ့
အတွင်းသားထဲမှာတော့
ပင်လယ်၊ မြို့၊ ဆိပ်ကမ်းတို့ရဲ့
ဖြစ်စဉ်တွေကို
မသိကျိုးကျွန်ပြုနေကျ
ပုရွက်အုပ်တွေဟာ
သက်တံလေညင်းနဲ့
ခပ်ပြင်းပြင်း ရှူရှိုက်ပြီးရင်း
အချိုပန်းကန်ပြားအပေါ်
စကြီးလျှောက်နေကြပေါ့"တဲ့။

မြေပုံခြေဖျားမြို့ကလေး ကျန်းမာရေးကောင်းစေရန် ဆုတောင်းပေးနေမိပါသည်။

*

ကျွန်မ စာရေးသက်အတန်အသင့် ရလာသောအခါ စာပေဟောပြောပွဲတွေနှင့် မလွဲမသွေ ရင်ဆိုင်လာရပါသည်။ ကျွန်မကို ဟောပြောဖြစ်အောင် တိုက်တွန်းသူများထဲတွင် ဆရာမကြီးကလျာ (ဝိဇ္ဇာ-သိပ္ပံ)နှင့် ဆရာမသန်းမြင့်အောင်တို့မှာ ရှေ့တန်းမှ ပါဝင်သည်။ ကျွန်မရဲ့ ပထမဦးဆုံးပွဲဦးထွက် ဟောပြောပွဲမှာ ကျောက်ဆည်ပွဲ

www.linhtet.com



ဖြစ်သည်။ ဆရာလယ်တွင်းသားစောချစ် ဦးဆောင်စီစဉ်သော ပွဲဖြစ်သည်။ ကျွန်မက ဆရာ့စာပေရော ဟောပြောမှုပါ နှစ်ခြိုက်သူဖြစ်ရာ ဆရာဖိတ်ခေါ်တိုက်တွန်းရာသို့ ပါလာခြင်းဖြစ်သည်။ ပွဲဦးထွက်ဖြစ်သော်လည်း ကျောက်ဆည်က စာပေအသိုင်းအဝိုင်းကလည်း ကောင်း ပရိသတ်ကလည်း မြိုင်သည်နှင့် ဟောပြောရသည်မှာ အဆင်ပြေချောမွေ့လှ၏။

နောက်ပိုင်းဟောပြောပွဲအတွေ့အကြုံတွေ များလာတော့ ဟောပြော၍ အဆင်ပြေသောပွဲတွေ ရှိသလို မိမိနှင့် လမိုင်းမကပ် အားမလိုအားမရဖြစ်သော ပွဲများလည်းရှိပါသည်။ အထူးသဖြင့် ကလေးပရိသတ်ပေါသော ကျေးလက်တောရွာပွဲများတွင် ထင်တိုင်းမပေါက်ဖြစ်ခဲ့ဖူးပါသည်။ (၁၀-၂-၂၀၀၄) ရက်နေ့ ကော့သောင်း အ-ထ-က(၁)တွင် ပြုလုပ်သော ဟောပြောပွဲမှာ အပြန်အလှန် အပေးအယူမျှသည့်ပွဲဖြစ်သည်။ အခမ်းအနားမှူး ဦးခင်လတ်ထွန်း အပို့ကောင်းတာလည်းပါမည်။ အ-ထ-က(၁) ဆရာကြီးလေ့ကျင့်သင်ကြားမှုအောက်တွင် ကလေးများ အသားသေ နေသားကျနေတာလည်းပါမည်။ ကလေးတွေရော ဆရာ ဆရာမများပါ အာရုံဝင်စားရှိလှသော ထိုနေ့အတွေ့အကြုံကိုတော့ ကျွန်မနလုံးသားမှာ ကမ္ပည်းတင်ထားရမည်ဖြစ်ပါသည်။

ထိုနေ့က ခရီးသွားအတွေ့အကြုံနှင့် ဖြတ်သန်းမှုကို အခြေခံ၍ ဟောပြောသောအကြောင်းအရာများသည် ကျွန်မ၏ ဆွဲခန့်ကျောင်းဆရာမ ကနဦးဖြစ်ရပ်များအပေါ် ဦးတည်၍ ဟောပြောဖြစ်သည်။ ကျွန်မရဲ့ အနှစ်နှစ်ဆယ်စာအလွမ်းများဟုပြောလျှင် ရမည်ထင်သည်။

ဟောပြောပွဲအရှိန်က ထိုမျှနှင့် မတန့်။ နောက်တစ်နေ့ အ-ထ-က အေးရိပ်ငြိမ်သို့ပင် ဆက်သွားချေသည်။ အ-ထ-က အေးရိပ်ငြိမ်ဆရာကြီး ဦးကြည်စွမ်မှာ ကျွန်မနှင့် မိတ်ဟောင်းဆွေဟောင်း

www.linhtet.com



ဖြစ်နေတော့ သူ့ကျောင်းမှာ တစ်ပွဲဟောရန် တောင်းဆိုသည်။


(၁၁-၂-၀၄) အ-ထ-က အေးရိပ်ငြိမ်သို့သွားနေသော ဆိုင်ကယ်ပေါ်မှာ အသည်းတအေးအေးနှင့် လိုက်ပါလာသည်။ တောင်ပေါ်မြို့ကလေး၏ မြွေလိမ်မြွေကောက် လမ်းတွေမှာ ကျွန်မအတွက် ရိုးအီမသွား၊ နေ့စဉ်ပင် ခြောက်လှန့်လျက်ရှိ၏။ ကုန်းမြင့်တောင်စောင်း လမ်းသွယ်ကလေးတွေအထဲမှ ဆိုင်ကယ်တွေ ဘွားခနဲ ဘွားခနဲပေါ်လာပုံက ဆရာမြသန်းတင့်ကို အမှတ်ရစေသည်။ ဟွန်ဒါ ယဉ်ကျေးမှု ထွန်းကာရာမြို့ကလေးကတော့ ဆရာရောက်စဉ်ကထက် ပိုမို သိပ်သည်းထူထဲလှ၏။

ဆရာကြီး ဦးကြည်စွမ်ရဲ့ အ-ထ-က အေးရိပ်ငြိမ်က ကော့သောင်း အ-ထ-က လောက် ခမ်းနားကြီးကျယ်ခြင်း မရှိသော်လည်း ရိုးရှင်းစွာ ရှင်သန်နေတော့သည်။ ထိုနေ့က နံနက်စာစားအပြီး ဆရာခင်လတ်ထွန်းဆိုင်ကယ်နှင့်ပင် ၂၅ မိုင်ဝေးသော မလိဝမ်းရွာသို့ ထွက်ခဲ့ကြသည်။ ကျွန်မ မလိဝမ်းသို့ တစ်ခေါက်တစ်ကျင်းမျှပင် မရောက်ဖူးသေး။ ဝတ္ထုတစ်ပုဒ်ထဲမှာတော့ မလိဝမ်း ရေတံခွန်ကို စိတ်မှန်းနှင့် ဖွဲ့ဆိုခဲ့ဖူးသည်။ နိုင်လွန်ကတ္တရာလမ်းက ဖြောင့်ဖြူးပါဘိ။ အကုန်းအမော့ အပြေအလျှော့။ ဆိုင်ကယ်သည် အရှိန်နှင့် ပြေးနေ၏။ ကျွန်မတို့ တောင်လက်မောင်းတံကြီးတွေကြား တိုးဝင်ခဲ့ကြသည်။ ဘန်းကချွန်ကျေးရွာကိုဖြတ်တော့ စီမံကိန်းဝင် ဆီအုန်းပင်များ၏ လှပသာယာမှုကိုကြည့်၍ ကျွန်မတို့၏ မိတ်ဆွေကြီး ဦးရွှေစိန်ကို သတိရသွားသည်။ ဦးရွှေစိန်က နိုင်ငံပိုင်ရော်ဘာနှင့် ဆီအုန်းခြံများကို တာဝန်ယူဆောင်ရွက်ခဲ့သည့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခြံမန်နေဂျာ တစ်ဦးဖြစ်သည်။ ယခု အစိုးအလုပ်မှ အနားယူ၍ ယုဇနဆီအုန်းခြံတွင်



အလင်္ကာဝတ်ရည်

www.linhtet.com



www.linhtet.com



မန်နေဂျာအဖြစ် တာဝန်ယူနေသူဖြစ်သည်။ ယခင် ကော့သောင်းသို့ အလည်ရောက်စဉ် ဦးရွှေစိန်ဆီမှာ တည်းခိုရတာ သတိရမိသည်။ ကျွန်မတို့ မြိတ်မှ ရန်ကုန်ပြောင်းသောအခါ သူ၏တိုက်ခန်းအသစ်တွင် အခကြေးငွေမယူဘဲ လများစွာနေထိုင်ခွင့်ပြုသည့် ကျေးဇူးကား ကြီးမားလှ၏။

မလိဝမ်းဘုန်းကြီးကျောင်းသို့ဝင်ကာ ဆရာတော်ကို ဝတ်ဖြည့်ကြသည်။ ဆရာတော်က ဥပဓိရုပ်ကောင်းကောင်း ကရင်ပြည်နယ် အိန္ဒူရွာဇာတိဖြစ်ပါသတဲ့။ အောက်ပြည်အောက်ရွာက နတ်ပန်းဟုခေါ်သော ဖွန်ပန်းတို့ ရွာရိုးတစ်လျှောက် ပွင့်သည်ကို အစွဲပြု၍ မလိဝမ်းဟု ခေါ်တွင်ကြောင်း သိရသည်။ ယိုဒယားလို (မလိမှာ ပန်း၊ ဝမ်းမှာ တစ်နေ့) ထိုပန်းပွင့်သောနေ့ဟု အဓိပ္ပာယ်ရသော မလိဝမ်းရွာသည် အစဉ်အလာမသေးလှ။ (၁၈၅၉)ခုနှစ် အင်္ဂလိပ်အစိုးရလက်ထက်တွင် ပါချန်မြစ်ချောင်းဖျား၊ မလိဝမ်းနယ်တစ်ဝိုက်တွင် သံဖြူ၊ ခဲသတ္တုများ တူးဖော်ခဲ့ကြသည်။

ထို့နောက် ဂျာမန်လူမျိုး မစ္စတာရို့စ်နေး (Mr.Ross Neil)၊ မစ္စတာအာခွန် (Mr.Ah Khoon) နှင့် Tovoy Prosspecting ဆိုသူတို့သည် ရေအားလျှပ်စစ်ဖြင့် သတ္တုများ တူးဖော်ခဲ့ကြကြောင်းကို ရေတံခွန်အနီးဝန်းကျင်မှ ရေကာတာများ၊ လိုဏ်ဂူများ၊ လက်တွန်းထရော်လီ သံလမ်းပြေးနေရာများကို ကြည့်ခြင်းဖြင့် သိနိုင်သည်။

ဝါးရုံတောကြီးဖြင့် အုပ်ဆိုင်းမှိုင်းညို့နေသော သစ်တောကြီးအတွင်း ရေတံခွန်ကို ဘွားဘွားကြီးတွေ့လိုက်ရသည်။ မိုးအခါမဟုတ်၍ ရေလုံးရေသန်အား သိပ်မကောင်းလှ။ ကျောက်ဆောင်ကျောက်ချွန်းများသည် ရေတိုက်စားမှုကြောင့် လှေကားအဆင့်ပမာရှိပြီး ရေကျတောင်စွန်းမှ အောက်ခြေအထိ ပေ (၇၀)ခန့်ရှိပေမည်။ ရေအိုင်ကြီး အနက်မှာ (၁၀) ပေခန့်ရှိသည်ဟု သိရသည်။ ထိုရေတို့သည်

www.linhtet.com



မလိဝမ်းရွာသို့စီးဆင်း၍ ထိုမှတစ်ဆင့် ပါချန်မြစ်အတွင်း စီးဝင်သည်ဟုဆိုကြသည်။ တချို့က ဘန်းကချွန်းကျေးရွာရှိ ဘန်းကချွန်ရေစီးကြောင်းမှ ခွဲထွက်လာပြီး ချန်ဖန်း၊ အော်ကြီးကျေးရွာမှ စီးဆင်းလာသော ရေစီးကြောင်းတို့ပေါင်းဆုံ၍ မလိဝမ်းရေတံခွန်ဖြစ်ပေါ်လာသည်ဟု ကြားဖူးသည်။ တချို့ကမူ လားမားတောင်တန်းကြီးမှ လားမားချောင်းနှစ်ခွအဖြစ် ဘယ်ချောင်း၊ ညာချောင်း နှစ်ခုမှ စီးဆင်းလာသည်ဟု ဆိုကြသည်။

"ဒီအချိန်မှာတော့ ရေတံခွန်ကိုလာတဲ့သူ နည်းပါးတယ်။ အတာသင်္ကြန်ပွဲတော်ရက်နဲ့ နှစ်သစ်ကူးပွဲတွေမှာ ပျော်ပွဲစားထွက်သူ၊ ရေကစားသူတွေနဲ့ စည်ကားလှတယ်။ ကားကြီးကားငယ်တွေနဲ့ တိုးမပေါက်ပါဘူး"

ရေတံခွန်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နေသူ၏ အသံကို ချန်ရစ်ကာ ကျွန်မတို့အပြန်ခရီးမှာတော့ ရေပူစခန်းသို့ ဝင်ခဲ့ကြသေးသည်။ ရေပူအုတ်ကန်ကလေးတွေမှာ ထိုင်ခုံကလေးတွေ ချလို့ ခြေထောက်ရေစိမ်ဖို့ ပြင်ဆင်ထားပေးသည်က နှစ်သက်စရာပါ။ ညနေစောင်း အိမ်ရောက်တော့ ကဗျာဆရာ (နိုင်တာရာ) ကိုယုနိုင် တစ်ယောက် မကြုံဂလက်သို့ ဆင်းသွားပါပြီ။

"အစ်မရေ ကျွန်းမှာ ရေချိုရှားတယ်။ အစောကြီး ရောက်သွားလည်း အကြောင်းသိပ်မထူးဘူး။ (၁၃) ရက်နေ့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့တွေနဲ့ တစ်ခါတည်း ဆင်းလာတော့။ ကျွန်တော်တော့ ကြိုသွားနှင့်မယ်"

မနက်စောစောက နိုင်တာရာ ကျွန်မကို နှုတ်ဆက်သွားနှင့်သည်။ တစ်ကိုယ်တည်းသွားလို့ မရောက်သည့်ခရီးမို့ စီစဉ်သူများ၏ စကားကို နာခံရပေမည်။

www.linhtet.com



သည်နေ့ (၁၂-၂-၂၀၀၄) ရက်နေ့ ဖြစ်သွားပြီ။ ကိုအောင်ဝေးနဲ့ ကိုဘုန်းဝေတို့ ရောက်လာကြပြီ။ ဆရာမြင့်ဦးမောင်လာခေါ်လို့ လိုက်သွားတော့ "ချစ်သူ"လက်ဖက်ရည်နှင့် စားသောက်ဆိုင်ကလေး ထဲမှာ လူစုံတက်စုံ။ ဆရာရဲဘုန်းခေါင်ကိုပါ တွေ့ရသည်။ စားပွဲပေါ် မှာတော့ စားလက်စကတ်ကြေးကိုက်တစ်ပွဲ။ ဆရာအောင်ဝေးတို့ကို ဆရာရဲဘုန်းခေါင်က ကမ်းရိုးတန်းဒေသ အစားအစာတွေနှင့် ကြိုဆို လိုက်ဟန်တူသည်။

ညရောက်တော့ မနက်ခရီးစဉ်အတွက် အဆင်သင့်ဖြစ်ရန် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမှာ သွားအိပ်ရသည်။ ကျွန်မတို့အဖွဲ့ကို ဦးဆောင်မည့် သူနာပြုဆရာမလေး ဒေါ်လဲ့လဲ့ဝင်း (မလဲ့)နှင့် စတင်သိကျွမ်းရသည်။ ငယ်သော်လည်း ထက်မြက်ဖော်ရွေ သော ပြုံးအလုပိုင်ရှင်ဆရာမလေးကတော့ မြင်မြင်ချင်း ချစ်စဖွယ် ကောင်းလှ၏။

(၁၃-၂-၂၀၀၄) နေ့ နံနက် ဝေလီဝေလင်းအချိန် ကမ်းနား ရောက်တော့ လှေက အစအနတောင် မမြင်သေး။ ဗိုလ်ချိုကျွန်းသို့ လိုက်ပါမည့်သူများ အုပ်စုအလိုက် တဖွဲဖွဲရောက်လာကြသည်။ တစ်ခုခု စားထားရင် ကောင်းမယ်ဆိုသော တစ်ယောက်ယောက်ရဲ့ အကြံပေး စကားအရ မလှမ်းမကမ်းမှ ဈေးသို့သွား၍ လက်ဖက်ရည်သောက် ကြသည်။

တကယ်တမ်း လှေထဲဆင်းကြစို့ဆိုတော့ လှေကိုကြည့်၍ ကျွန်မ နည်းနည်းစိတ်ပျက်သွားမိသည်။ စက်လှေက ပါစင်ဂျာ တင်သည့်လှေ မဟုတ်။ ဟိုဘက်သည်ဘက် ကုန်ပို့သည့်လှေမို့ အမိုးမပါ၊ အိမ်သာမပါ။ရေဘောင်ပေါ်မှ လှေနံပေါ်ကုပ်တွယ်တက်ကာ လှေဝမ်းထဲဆင်းခုန်ချရတော့ ရင်ထဲမှာ ကတုန်ကယင်။ လူတွေမှာ တစ်ကိုယ်စာပစ္စည်းတွေ များပြားလေးလံပါဘိ။ စောင်၊ ခြင်ထောင်၊

www.linhtet.com



သုံးလေးရက်စာ အဝတ်အစားတွေ။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ကလည်း ဘာအစီအစဉ်တွေ ရှိသည်မသိ။ ဧရာမဒန်အိုးကြီးတွေ၊ ပန်းကန်ခွက်ယောက်တွေ အစုံအလင်နှင့်။ လူစောင့်ဆီဖြည့်နှင့် တကယ်တမ်းထွက်ရတော့ နံနက် (၈)နာရီ (၁၅) မိနစ်။ လမ်းခရီးသွားလျှင် ရောက်ချိန်ကို မမေးကောင်းသော်လည်း မည်သူက စတင်ပြောကြားလိုက်သည်မသိ ညနေ (၃)နာရီဆို ဗိုလ်ချိုကျွန်း ရောက်မည်တဲ့။

လှေထဲမှာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် (၁၇)ယောက်၊ အိမ်တွင်းမှု ဆရာမနှစ်ယောက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ၂၀ ယောက်၊ အခြားအဖွဲ့အစည်း အသီးသီးမှ လူတွေနှင့်ပါ စုစုပေါင်း ၅၆ ယောက်။ အရွယ်တွေက ကျောင်းသားအရွယ်၊ ဆရာမရွယ်၊ အသက်ငါးဆယ်ကျော် အဘွားကြီးအရွယ်တွေပင်ပါသည်။ လှေစထွက်တော့ ဆယ်ကျော်သက် ကလေးတွေက လန်းဆန်းတက်ကြွ ဘောင်းဘီရှည်၊ နေကာမျက်မှန်၊ ကက်ဦးထုပ်တွေနှင့် ယခုပင် ရှုတင်သွားတော့မည့် စတိုင်မျိုးတွေနှင့်။ ကလေးမတွေမှာ ကျွန်မတို့လို လှေဝမ်းထဲမထိုင်။ လှေနံနှစ်ခုကို ဆက်သွယ်ထားသော သံတန်းသံပေါင်ပေါ်မှာ ထိုင်ကြသည်။ ပဲ့စင်ကို မော်ကြည့်တော့ ရေးထားသည်က (019) တဲ့။

ပင်လယ်လေကလည်း တဖြူးဖြူးနှင့် လှေသည် ကျွန်းရိပ်တောင်စွယ်တွေကို ဖြတ်သန်းနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် ကျွန်းပေါင်း (၈၀၀) ကျော်ရှိသည့်အနက် ကတန်ကျွန်း (King Island) မှာအကြီးဆုံးဖြစ်ပြီး လန်ပိကျွန်း (Lampi Island) မှာ ကမ္ဘာ့အလှဆုံးကျွန်းများတွင် ပါဝင်လေသည်။ ယခုအခါ ထိုကျွန်း၌ အဏ္ဏဝါအမျိုးသားဥယျာဉ် တည်ဆောက်လျက်ရှိသည်ဟု သိရသည်။ ပင်လယ်ပြင်တွင်ရှိသောကျွန်းတိုင်းတွင် လူမနေကြ။ ကျွန်းများအားလုံး

www.linhtet.com



သည်လည်း အမည်နာမ ရှိကြသည်မဟုတ်။ အချို့ကျွန်းများသည် ပသျှူး၊ ဆလုံ၊ တရုတ်၊ အင်္ဂလိပ် အခေါ်အဝေါ်များဖြစ်နေသည်။ “စိန်လုက်” St.Lukes Island ကျွန်းကို ပသျှူးအမည်ဖြင့် “ပိလော်ကာကျမ်းလို” ကျွန်း၊ လန်ပိကျွန်းမှာလည်း တရုတ်အမည်ဖြစ်ပြီး အင်္ဂလိပ်တို့က Lampi Island ဟူ၍ ခေါ်ဆိုကြသည်။ ပသျှူးအခေါ် “ပူးလိုးဘဒ” ကျွန်းမှာ အင်္ဂလိပ်အမည် Sir.W.James ဖြစ်နေပြန်သည်။

ကျွန်မတို့ ဦးတည်သွားနေသည့် မကြုံဂလက်ရွာ (ဗိုလ်ချို ကျွန်း)သည်ပင်လျှင် ဆလုံအမျိုးသမီးကြီးတစ်ဦးအမည်ဖြစ်နေသည်။ ဆလုံတိုင်းရင်းသားအုပ်စုအတွင်းမှ သြဇာရှိသော ခေါင်းဆောင်အမျိုးသမီး၏အမည်ကို ပေးထားခြင်းဖြစ်တန်ရာသည်။ “မကြုံ” မှာ လူအမည်ဖြစ်၍ “ဂလက်” မှာ ရေလက်ကြားကို ဆိုလိုခြင်းဖြစ်သည်။

အချို့ကျွန်းများကိုတော့ အင်္ဂလိပ်တို့က ရည်ရွယ်ချက်တစ်မျိုးနှင့် ပေးသွားခဲ့သည်။ အင်္ဂလိပ်အရင်းရှင်ကိုယ်စားလှယ် ပင်လယ်ဓားပြ ဆင်မြူရယ်ဝှိုက် (Simual White) သည် ဤကျွန်းစုများကို ခါးစောင်းတင်၍ ထင်ရာစိုင်းခဲ့ဖူးသည်။ “ကလယ်ရာ” (Clara Island) ကျွန်းအမည်သည်ပင် သူ သံယောဇဉ်အလွန်ကြီးသော သမီးငယ်၏ အမည်ဖြစ်သည်ဟု ဆိုလေသည်။ အင်္ဂလိပ်တို့သည် တစ်ခါက သူတို့ခြေလွန်လက်လွန်လုပ်ထားသော ပင်လယ်ဓားပြလုပ်ငန်းနှင့် နယ်ချဲ့လုပ်ငန်းများမှ သွေးစွန်းသောလက်များကို ဆေးကြောရန် ဘာသာရေး အကာအကွယ်ယူ၍ “စိန်လုတ် (St.Lukes)၊ စိန်မက်သယူ (St.Mathews)၊ ပို့မာရီးယား (Port Maria) စသည့်အမည်များ ပေးခဲ့ကြလေသလားဟု တွေးမိသည်။

ကြည့်နေရင်းမှာပင် ကျွန်းရိပ်တောင်စွယ်တို့ ရေးရေးမျှမမြင်ရပြင်ချည်းသာ။ လေ့သည်လည်း လှုးလာဘောင်ဘင်ထစ

www.linhtet.com



ပြုလာသည်။ ရှင်မော်ရေပြင်ကို ဖြတ်နေကျ ကျွန်မအဖို့ သည်လောက်တော့ မမူသေး။ နာရီကြည့်လိုက်တော့ နံနက် (၁၀)နာရီ (၁၀)မိနစ်။ ကမ်းမှထွက်ခွာပြီး (၃)နာရီအတွင်း နံနက်စောစောက သောက်လာသည့်လက်ဖက်ရည်တစ်ခွက်က တန်ခိုးပြလာသည်။ အသွင်းလွယ်သော်လည်း အထုတ်ခက်သည့်အဖြစ်။ အိမ်သာမပါသည့် ကုန်ကဲ့လှေက ကျွန်မကို ကောင်းကောင်းဒုက္ခပေးနေပြီ။ ကျွန်မလို အလားတူဝေဒနာခံစားနေရသူ ဘယ်နှစ်ယောက် ရှိနေမည်မသိ။

နေမြင့်လာသည်နှင့်အမျှ အပူရှိန်လွန်ကဲလာသည်။ အမိုးမပါသည့် လှေပေါ်တွင် နေပူရှိန်သည် အကာအကွယ်မဲ့ ရက်ရက်ရောရာ ကျရောက်နေသည်။ အသွင်းအထုတ်ကိစ္စ ပြဿနာရှိသဖြင့် ရေကိုမျှပင် မသောက်ရဲ။ ထမင်းထုပ်တွေပါလာသော်လည်း မည်သူမှမစားဝံ့ကြ။ ရက်စက်ပါပေ့ (019) ရယ်။ တချို့မိန်းကလေးတွေ လှေနံပေါ်ကုပ်တွယ်တက်ကာ အော့အန်သံကြားရသည်။ ပဲ့စင်အောက် နေရာယူမှန်နေသော ကျွန်မ ရှိးတိုးရိပ်တိပ်ပင် မမူးသေး။

"ဟေး … ဘယ်ကိုသွားနေကြတာလဲ"

ဘုရားရေ…တစ်ချိန်လုံး ငြိမ်သက်နေသော ကျွန်မ အပြင်ဘက်ကို လှမ်းမျှော်ကြည့်တော့ ပင်လယ်ပြင်သည် အရောင်ရင့်လျက် ကျယ်ပြောလှပါလား။ ငါးလှေသေးသေးကလေးတစ်စင်း ကျွန်မတို့လှေနားကပ်ကာ မေးလိုက်ခြင်းဖြစ်သည်။

"မကြံ့ဂုလက် ဆလုံပွဲတော်ကို သွားကြမလို့"

"မကြံ့ဂုလက်လား။ ဟိုးအဝေးကြီးမှာ ကျန်ခဲ့ပြီ။ ခရီးအများကြီးလွန်ခဲ့ပြီ။ ရှေ့မှာ သံကျွန်း၊ သံကျွန်းလွန်ရင် ယိုးဒယားရေပြင်ပဲ"

မြတ်စွာဘုရား ကယ်တော်မူပါ။ တစ်လှေလုံး ထိတ်ပျာသွားကြသည်။ ကျွန်မက ပဲ့စင်မှပဲ့နင်းကို အားကိုးတကြီး မော်ကြည့်၏။ စောစောက ငြိမ်သက်နေသော ခရီးသည်တို့ လှုပ်လှုပ်ရွရွ တစ်ယောက်

www.linhtet.com



တစ်ပေါက် ထင်မြင်ချက်ကိုယ်စီ ပေးနေဆဲ။

"ကြည့်လိုက်ကြဟေ့။ ဟိုးအဝေးကြီးမှာ မှန်ပြပြီး ခေါ်နေတယ်။ စစ်သင်္ဘောထင်တယ်"

မကြာခင် (019) သည် စစ်သင်္ဘောဆီသို့ ဦးတည်ခုတ်တော့၏။ ပျပျထင်ထင်ကလေးမှ သင်္ဘောဆီရောက်အောင် အတော်ကြာကြာ ခုတ်လိုက်ရ၏။ စစ်သင်္ဘောနှင့် ဘေးချင်းယှဉ်ရပ်ကာ လူကြီးတွေ အမေးအဖြေလုပ်နေခိုက် ကျွန်မတို့ အမျိုးသမီးတွေ စစ်သင်္ဘောပေါ် သူ့ထက်ငါ ဦးတက်ကြတော့၏။ အိမ်သာသုံးအခန်းရှေ့မှာ အမျိုးသမီးတွေ စုပြီးတိုးနေကြသည်။ အားလုံး ကိုယ်စီဝေဒနာမျက်နှာတွေနှင့်။ သင်္ဘောသားတွေကလည်း သဘောကောင်းလှ၏။ လိမ္မော်ရည်ဖျော်သူက ဖျော်၊ သံပုရာရည်ဖျော်သူကဖျော်၊ လိမ္မော်သီးပန်းသီး ကမ်းသူက ကမ်း။ အခုမှပင် ဆာရကောင်းမှန်းသိလာသည်။ ခြေညောင်းလက်ဆန့် ဟိုကြည့်သည်ကြည့်။ ကျွန်းမမြင် သောင်မတွေ့ ရေပြင်အတိပြီးသည့် နေရာပါလား။ (019) ထဲ ပြန်ဆင်းတော့ ညနေ (၃)နာရီ ထိုးပြီ။ တကယ်ဆို ဒီအချိန် ဗိုလ်ချိုကျွန်း ရောက်နေရာမှာလေ။

နှုတ်ဆက်ထွက်ခွာမှ ကျွန်မသင်္ဘောကို သေချာကြည့်မိသည်။ ရေးထားသည်က သင်္ဘောအမှတ် (၄၄၈)။ ဗိုလ်မှူးအဆင့် အရာရှိတစ်ယောက် (019) ပေါ် ခုန်ကူးလာကာ ပြန်ခုတ်ပေးနေသဖြင့် ကျွန်မတို့စိတ်တွေ ပြန်လည်တက်ကြွလာသည်။ သင်္ဘောထွက်ခါနီး ဆီလည်း ဖြည့်ပေးလိုက်သေး၏။ ကျေးဇူးကြီးပါပေ၏။

နေညိုလာသည်နှင့်အမျှ လေတိုက်နှုန်းများလာသည်။ လှေသည် ဦးစိုက်ကျွမ်းပြန်လှုပ်ခုန်လာသည်။

"သံပေါင်ပေါ်က မိန်းကလေးတွေ အောက်ဆင်းထိုင်ပါ။ လှိုင်းလေကြီးလာပြီ။ လွင့်ကျသွားရင် တာဝန်မယူဘူး"

ပဲ့စင်မှ ယောက်ျားအော်သံတွေ ပေါ်ထွက်လာသည်။ မိန်း

www.linhtet.com



ကလေးတွေမှာ သဘာဝတရားကို အန်တုချင်သလို အောက်ကို မဆင်းလိုကြ။ လှေဝမ်းထဲပိုမူးမှာစိုးတာလည်းပါသည်။ အတွေ့အကြုံ ရှိသည့် လူကြီးတွေပြောစကား နားမထောင်ချင်တာလည်း ပါသည်။ ဒီအချိန် ပင်လယ်ပြင်ထဲ ထင်ရာစိုင်းချင်နေလို့ မရ။ မကြာခင် ဝန်းကျင်တစ်ခွင်လုံး အမှောင်လွှမ်းသွားပေပြီ။ လေတိုက်နှုန်း ပိုများ လာကာ လှိုင်းပိုကြီးလာ၏။ တစ်နေ့လုံး အမိုးမပါသော ကဲ့လှေသည် ခရီးသည်များကို နေလှန်းလာ၏။ ယခု လှိုင်းလေပြင်းသော် ဆားရည် ပက်ပြန်၏။ လှေဝမ်းထဲ တဖြန်းဖြန်းကျဆင်းလာသော ဆားငန်ရေ တွေနှင့်အပြိုင် ကျွန်မတို့စိတ်ဓာတ်တွေ ကျဆင်းပြိုကွဲနေသည်။ မကြာခင် အမိုးတာလပတ်ဝိုင်းတစ်ခု ကျလာသည်။ ဒါကို ခြုံထားကြ ဆိုသည့်သဘော။

ရေငန်ပက် သက်သာလည်း နည်းလားသဘောဖြင့် သူထက်ငါ ဦး တာလပတ်ပိုင်းအောက် တိုးဝင်ကြ၏။ ကျွန်မပင်လျှင် ပါလာသည့် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၊ မျက်နှာသုတ်ပဝါကြီး တစ်ထပ်ခြုံကာ တာလပတ်အောက် နေရာယူကာ ခပ်ခွေခွေလှဲချလိုက်၏။ အလို အပြင်မှာ အမှောင်သိပ်သည်းနေပါပေါ့လား။ ကြည့်စမ်းပါဦး။ ကောင်း ကင်မှာကြယ်တွေ ထွက်လာနေကြပြီပါလားကွယ်ရို့။ တစ်ခါက မိချမ်းဝေက သူ့ဝတ္ထုတစ်ပုဒ်ကို နာမည်ပေးလိုက်ပုံက ''ကြယ်တွေ ကတဲ့ ရေအိုင်''တဲ့။ အခုတော့ ကြယ်တွေက ကနေရုံတင်မဟုတ်။ အကြီးအကျယ် မူးနေကြပြီပါလား။ ရေကလည်း ရေအိုင်မဟုတ်။ ပွက်ထလှိုင်းထန်နေသည့် ရေ။

''လုပ်ကြပါဦး။ လှေဝမ်းထဲ ရေတွေဝင်လာပြီ''

အားလုံးငြိမ်သက်နေရာမှ တစ်စုံတစ်ယောက်ရဲ့ အော်မြည်သံ ကြောင့် သတိထားကြည့်လိုက်တော့ ဟုတ်ပါရဲ့။ ကျွန်မတို့အောက်ထဲ ရေတွေဝင်လာလို့ အောက်ခံသစ်သားတုံးကြီးတွေ ရွေ့ချင်နေပြီပါလား။

www.linhtet.com



"ဘာမှမဖြစ်ဘူး။ လှေလူးလို့ ရေဝင်တာ။ မကြောက်ကြနဲ့။ အခု ခပ်ထုတ်လိုက်ရင် ပြီးသွားမှာ"


အားပေးစကားသံနှင့်အတူ ကောင်လေးနှစ်ယောက် ရောက်လာတော့ ကျွန်မတို့ ထကြရသည်။ လှေဝမ်းထဲမှ ရေတွေ ခပ်ထုတ်နေကြသည်မှာ ဂါလန်ပုံးနှင့်တစ်ပုံးပြီးတစ်ပုံး။ လွဲပါစေ ဖယ်ပါစေ။ လှေဝမ်းကွဲတာတော့ မဖြစ်ပါစေနဲ့။ စက်သံကလည်း ဆူညံသွားလိုက်၊ ရပ်တန့်သွားလိုက်။ စက်ရပ်သွားလျှင် ပို၍ပင် မနေဆိုးလှ၏။ ကျွန်မက ဆီပေပါနားထိုင်သူဆိုတော့ ဆီ မကြာခဏ လာယူနေသဖြင့် ကုန်တော့မယ်ဆိုတာ သိနေသည်။ စက်လည်း ပျက် ဆီလည်းကုန်ဆိုရင် ဘာတွေဖြစ်သွားနိုင်သလဲ။ မရောက်သေး ဘူးလား။ ဟော···ပြောရင်းဆိုရင်း စက်ရှိန်လျှော့လိုက်ပြီ။ ကျွန်မတို့ အားလုံး တာလပတ်အောက်မှ ခေါင်းထောင်ကြည့်တော့ လှေငယ် ကလေးတစ်စင်း။ စောစောက စစ်သင်္ဘောက ထမင်းလာပို့တာတဲ့။

"ထကြ ထကြ။ ထမင်းစားထားကြ။ ရှေ့မှာ လှိုင်းကြီးမယ်"

ဘုရားရေ···ရှေ့မှာရောက်တော့မယ် မဟုတ်ပါလား။ ကျွန်မ တို့ ဗိုက်ထဲ တစ်နေ့လုံး အစာဆိုလို့ ဟုတ်တိပက်တိ မရှိသေး။ ပထမကမ်းပေးသော ရေသန့်ဘူးတစ်ဖြစ်လဲ နို့ခွက်များရောက်လာ သည်။ ပြီးတော့ ထမင်းနှင့် မာမားခေါက်ဆွဲပြုတ်ရောထားသည့် စားစရာ။ ခံနိုင်ရည်ရှိသည်ဟု ထင်ထားသော ကျွန်မပင် မူးရိပ်ရိပ်ဖြစ် လာပြီး ရှေ့မှာ ဘာဖြစ်မှန်းမသိ။ စားထားမှဟု တစ်ယောက်နှင့် တစ်ယောက် အားပေးသော်လည်း တကယ်တမ်းမှာတော့ စားမဝင်ကြ။ ထမင်းကျွေးပြီးတော့ လှေငယ်ကလေး ထွက်ခွာဖို့ပြင်သည်။ စောစော က ကျွန်မတို့လှေမှာ လိုက်ပါခုတ်မောင်းပေးသော အရာရှိက နှုတ်ဆက်

ဆလုံရှာရှုခင်း ➡

www.linhtet.com



www.linhtet.com



သည်။

"ဟိုး…မှာ ခုနစ်စဉ်ကြယ် တွေ့လား။ အဲဒါကိုကြည့်ပြီး မောင်း"

ဟင်…ဒုက္ခပါပဲ။ နေ့လယ်နေ့ခင်းတောင် လမ်းမှားလာတာ။ ညကြီးမိုးချုပ် ဒီပွဲနင်းကို ပြန်မောင်းခိုင်းတော့မှ ဗိုလ်ချုပ်ကျွန်းကို ရောက်ပါတော့မလား။ ကျွန်မတို့ စိတ်ဓာတ်တွေ ပိုမိုကျဆင်းကုန်သည်။ လှေစက်ပြန်နှိုးတော့ စက်သံက မမှန်ချင်တော့။ လှိုင်းပိုကြီးလာသည့်အတွက် လှေထဲမှာ ရှန်းရင်းဆန်ခတ်ဖြစ်လာသည်။

"ကောင်မလေးတစ်ယောက် ကြွက်တက်လို့တဲ့"

"ဒီမှာလည်း ဘာဖြစ်မှန်းမသိ ခေါ်လို့မရတော့ဘူး"

အမှောင်ထဲမှ အသံတွေ ဟိုမှသည်မှ ထွက်လာသည်။ တတ်သလောက် မှတ်သလောက် ပြုစုကြ၏။ အော့အန်သံတွေ ဆူညံလာသည်။ စောစောက စားထားသည့်အစာတွေအားလုံး ပြန်ထွက်လာသည်။ ဘယ်သူမှ လှေနံ့ဆီ မသွားနိုင်။ နီးရာထိုးအန်တော့ လှေဝမ်းထဲ အန်ဖန်ပင်လယ်ကြီး ဖြစ်နေတော့၏။ မြိတ်စကားမှာ "ဗုံဝေါ်လေးခြေ"ဆိုသည့်စကားရှိသည်။ မြန်မာလို "ဦးစိုက်ကျွမ်းပြန်"လို့ အဓိပ္ပာယ်ရမည်ထင်သည်။ အိပ်နေလို့လည်းမဖြစ်။ ထိုင်နေပြန်လည်း မဟန်။ သေခြင်းတရားသည် လက်တစ်ကမ်းမှာ ရောက်နေပြီ။

လူတွေသေခါနီး ဘာစိတ်ကူးကြမလဲ။ ချစ်ခင်သူတွေကို တမ်းတကြမည်။ အိမ်သူအိမ်သားများ၊ မိတ်ဆွေအပေါင်းအသင်းများရဲ့ မျက်နှာ တစ်ခုချင်းစီ မြင်လာသည်။ သည်ခရီးကို ဘယ်သူမှ ကြိမ်တို့ပြီး သွားခိုင်းသည်မဟုတ်။မိမိသဘောဆန္ဒအရ လာခဲ့ခြင်းဖြစ်သည်။ ဆလုံတိုင်းရင်းသားတွေကိုချစ်သည်။ ဆလုံတွေအကြောင်း စာအစောင်ပေအဖွဲ့ အကြိမ်ကြိမ်ရေးခဲ့သည်။ သည်တိုင်းရင်းသားတွေ အချိန်

www.linhtet.com



တိုအတွင်း ပျက်သုဉ်းကုန်မည့်အရေး စိုးရိမ်သည်။ ယခု ဆလုံတွေကို သက်ဆိုင်ရာက မြှင့်တင်ပေးပြီ။ ဆလုံပွဲတော်ကျင်းပပေးပြီ။ ဆလုံ ချစ်သူတစ်ဦးအနေနှင့် မတက်ရောက်သင့်ဘူးလား။ ကိုယ့်ကိုယ်ကိုယ် တာဝန်ပေးမှု တွန်းအားဖြင့် ဤခရီးကို အဖော်မပါ တစ်ကိုယ်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

ယခု ကပ္ပလီပင်လယ်ကြီးက ခြောက်လှန့်နေပြီ။ ပင်လယ်ပျော် မိန်းမတစ်ယောက်ရဲ့ နိဂုံးဟာ သည်မှာတင် အဆုံးသတ်ရမှာလား။ လူဆိုတာ သေမျိုးပဲမို့ နှစ်ခါတော့မသေ။ တစ်ခါပဲသေမည်။ ကဲ··· မသေခင် နောက်ဆုံးအချိန်ကလေးမှာ ဘာလုပ်ရင် ကောင်းမလဲ။ သရဏဂုံ။ ဘဝကူးကောင်းရန်အတွက် နောက်ဆုံးအားထားရာ သရဏဂုံ။ ပြီးတော့ နှာသီးဖျားမှာ စိတ်ကိုထား ထွက်သက်ဝင်သက် စောင့်ကြည့်။ ပြီးပြီ။ မိမိအတွက်တော့ အဆင်သင့်ပါပဲ။

ဟော···စက်သံရပ်သွားပြီ။ ဆီကုန်သွားတာလား။ စက်သေ သွားတာလား။ လူတချို့ အားအင်တွေစုစည်းပြီး ကတိမ်းကပါးထရပ်။ “ဟေ့···ဗိုလ်ချို ကျွန်းရောက်ပြီ။ မကြုံဂုလက်ရောက်ပြီ” ဟင် ဒါဆို ကျွန်မတို့အားလုံး မသေကြတော့ဘူးပေါ့နော်။ ဟုတ်ပါရဲ့။ ပြိုးပြက်ပြက် ညဥ့်ရောင်စုံမီးအောက်မှာ အလျားရှည်ကျွန်းရွာကလေးက အမှောင်အောက်မှာ လှောင်ပြောင်နေလေရဲ့။

“စောစောက ဗိုလ်မှူးကြီးက သူ့လှေကလေးထဲဆင်းပြီးတို့ကို ပစ်သွားတာမဟုတ်ဘူး။ စိတ်မချလို့ လမ်းပြပြီး ခေါ်လာတာ။ ဒါကြောင့် ရှောရှောရှူရှူ ရောက်လာတာပေါ့”

တစ်ယောက်ယောက်ရဲ့ အမှောင်ထဲက အသံ။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ထိုအရာရှိကြီးကို ကျေးဇူးတင်ရမှာပါ။ လှေက ရေလယ်မှာ ကျောက်ချပြီးတာတောင် ကမ်းကိုရောက်အောင် ဘယ်လိုသွားကြရမယ်

www.linhtet.com



မသိ။ အချိန်က ညဉ့် (၁၂း၃၀)နာရီ။ လူနှင့်ပစ္စည်းကဲ့ဖို့သမ္ဗန်ကလေး တွေ ရောက်လာဖို့လိုသည်။ ခေါ်ကြပါဦး၊ သမ္ဗန်ကို ဆလုံလိုခေါ်ရ မလား၊ မြန်မာလိုခေါ်ရမလား။ ကမ်းကပ်ခွင့်မသာတဲ့ (019) ပေါ်မှာ ကျွန်မတို့ လေတိုက်ကြီးထဲ အချိန်အတော်ထပ်ကြာသွားသည်။ အန်ဖတ်နံ့ထဲမှာ နစ်ခဲ့သည့် ကျွန်မတို့ခြေထောက်တွေ အေးစက်ထုံကျဉ် နေခဲ့ပြီ။

ကမ်းပေါ်ကို တကယ်ရောက်တော့ ညဉ့် (၂း၀၀)နာရီတိတိ။ အဲသည်ည မှတ်မှတ်ရရ သောင်ပြင်မှာပဲအိပ်လိုက်ရသည်။ သောင်ပြင်မှ တကယ့်သောင်ပြင်။ ကျွန်းတောင် သောင်အပြန့်၊ ရေရဲ့ရန့် ကြောက် စိတ်နှင့်ယှဉ်သော ကျွန်မတို့ ရင်တွေတဆတ်ဆတ်ခုန်ဆဲ။

*

မြိတ်ကျွန်းစုတွင် ကတန်ကျွန်း၊ ကင်းကျွန်း၊ ဇယော့သဲတန်း ကြီး၊ ဒုံးကျွန်း၊ စခန်သစ်ကျွန်း၊ ပန်းတောင်ကျွန်း၊ ကံမော်ကျွန်း၊ ပုလဲကျွန်း၊ ဆလုံကျွန်း၊ ဗိုလ်ချုပ်ကျွန်း၊ လန်ပိကျွန်း၊ ဇာဒက်ကလေး ကျွန်း၊ ဇာဒက်ကြီးကျွန်းတို့သည် ထင်ရှား၏။ ပင်လယ်ပျော် ရေမုဆိုး ဆလုံတို့ကား တနင်္သာရီတိုင်းအတွင်းရှိ ပင်လယ်ပြင်နှင့် ကျွန်းစုများ တွင် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင်ကျော်ကပင် ကျက်စားနေထိုင် ခဲ့ကြသည်။

မြိတ်ကျွန်းစုများအနက် ဆလုံတိုင်းရင်းသားများ စတည်းချ နေထိုင်သောကျွန်းများမှာ ညာမှိုင်း၊ ဒုံးကမာချောင်း၊ ဒုံးပုလဲအော်၊ မီးစိမ်းကျွန်း၊ လငန်း၊ အပြင်ဒုံးကျွန်း၊ လင်းလွန်းအော်၊ ပလောဝါး၊ လမိုင်းကော့၊ လအဲ၊ ကံမော်၊ ဇယော့၊ ဆနိုင်းကျွန်း၊ ဝဲကျွန်း၊ ဆလန်းကျွန်းရွာ၊ ရေမြစ်ကြီးရွာနှင့် ဇလပ်အော်ရွာတို့တွင် အိမ်ထောင် စုပေါင်း (၂၈၉)စု၊ လူဦးရေပေါင်း (၁၂၆၂)ဦးရှိကြောင်း သိရသည်။

www.linhtet.com



ကော့သောင်းခရိုင်တွင် ဇာဒက်ကြီးကျွန်း၏ အနောက်မြောက်ဘက် တလွန်းဆလုံရွာ၊ ဇာဒက်ကြီးကျွန်းပေါ်ရှိ ကော့ညော့ရွာ၊ ဘုတ်ပြင်းမြို့နယ်ရှိ လန်ပိကျွန်း၊ ဗိုလ်ချိုကျွန်း မကြံုဂလက်ကျေးရွာ၊ ညောင်ဝိကျေးရွာ၊ စိန်ပေါကျွန်း၏ အရှေ့ဘက်ခြမ်း တာပူးရွာတို့၌ ဆလုံတိုင်းရင်းသားများ ဝင်ထွက်သွားလေ့ရှိသည်။

ယခု ကျွန်မတို့ ဗိုလ်ချိုကျွန်းပေါ်က မကြံုဂလက်ရွာသို့ ရောက်ရှိနေပြီ။ ကွေ့ဝိုက်သောင်တန်းသည် အလျားလိုက်ရှည်လျက် ကျွန်းကုန်းမို့မို့ဖြင့် ဖွဲ့စည်းထားသော မကြံုဂလက်ကို နေခြည်ဖျော့ အလင်းအောက်တွင် လန်းဆန်းစွာ မြင်တွေ့လိုက်ရသည်။ လန်ပိကျွန်းဘက် မျက်နှာမူသည့် ဆလုံခြေတံရှည်အိမ်ကလေးများကတော့ သူတို့၏ အနေအထိုင် ရိုးစင်းမှုကိုပြနေသည်။ သည်ရွာမှာ အိမ်ထောင်စုဦးရေ (၁၀၀)ရှိ၍ လူဦးရေ (၃၇၁)ယောက်၊ ဆလုံအိမ်ထောင်စု (၄၄)စု၊ လူဦးရေ (၁၅၂)ဦး၊ ဆလုံဗာ (၃၉)စု၊ ဗမာ (၁၇)စုရှိကြောင်း သိရသည်။

ပွဲတော်ရက်မတိုင်မီ သောက်ရေရှားပါးသဖြင့် ရေချိုတွင်းတူးခြင်း၊ ရေလှောင်ကန်တည်ခြင်း၊ စိမ့်စမ်းရေ ရှာဖွေပြုလုပ်ခြင်းများဖြင့် ကြိုတင်ပြင်ဆင်နေကြသည်။ ကျွန်မတို့အုပ်စု ညက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေ စားသောက်ဆိုင် သောင်ပြင်မှာ အိပ်ကြပြီး နံနက်လင်းသည်နှင့် သက်စွန့်ဆံဖျား ရောက်ခဲ့ရသည့် ဗိုလ်ချိုကျွန်းကို အလင်းလာသည်နှင့် ထကြည့်ကြလေသည်။

ဟော…မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေ စားသောက်ဆိုင် စားပွဲဝိုင်းမှာတော့ ကိုအောင်ဝေးနှင့် ကိုဘုန်းဝေ။ ခရီးပန်းတာရော၊ အိပ်ပျက်တာပါ ရောပြွမ်းနေသည့် ကတိမ်းကပါး ခြေလှမ်းတို့ ရပ်တန့်၊ ဝမ်းမြောက်ရွှင်ကြည်စိတ်တွေ ဒရောသောပါး ရောက်ချကာ ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ မသေလို့ ပြန်တွေ့ရ

www.linhtet.com



ဝမ်းမသာဘဲနေပါ့မလား။

“ကျွန်တော်တို့လှေက ဆရာမတို့လှေထွက်ပြီးမှ ထွက်တာ။ လမ်းမှာကျောက်ပုံငြိသေးတယ်။ ကျွန်းကို အဝင်နောက်ကျတာတောင် ဆရာမတို့လှေ မရောက်သေးဘူးဆိုတော့ အတော်စိတ်ပူသွားတယ်”

“စိတ်ပူရုံတင်ပဲလားဟင်။ ကျွန်မတို့ကို ပင်လယ်ပြင်မှာ ထွက်ရှာဖို့ ဘယ်သူမှ စိတ်မကူးကြဘူးလား”

ကိုအောင်ဝေးက ဉာဏ်မမီသော ပုစ္ဆာတစ်ပုဒ်ကို အဖြေရခက်သည့်အလား လန်ပိကျွန်းညိုဘက် ငေးရီရီကြည့်နေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တို့ဖြင့် စိုစွတ်နေတာ အသေအချာပါပဲ။ ကျွန်မကတော့ မိမိတစ်ယောက်တည်းရဲ့ အသက်မဟုတ်။ လူငါးဆယ့်ခြောက်ယောက်ရဲ့အသက်အတွက် နှမြောအားငယ်စိတ်တွေ ဝင်လာပြန်သည်။

“အကောင်းဘက်က လှည့်တွေးကြရအောင်ပါ ဆရာမရယ်။ အခု မသေလို့ ကျွန်းပေါ်ရောက်နေပြီ မဟုတ်လား။ မနေ့ကအဖြစ်က ပွဲနင်းမကျွမ်းတာတော့ အမှန်ပဲ။ ဒါပေမယ့် သူ့ချည်းအပြစ်တင်လို့ မရဘူးလေ။ သူက လှိုင်းကိုရှောင်တာလည်းပါတယ်။ ပထမဆုံး တွေ့ရမှာက ပလုံးတုံတုံး။ နောက် မပုတေး၊ ချန်းဖန်း၊ အော်ကြီး၊ အောင်ဘာ ဒါတွေအရှေ့ခြမ်းမှာ ကျန်ခဲ့ရမှာ။ အောင်ဘာပြီးရင် မကြံ့ဂုလက် ရောက်တော့မှာလေ အခု မပုတေးကို ကျောခိုင်းပြီး လှေမလူးအောင် လှိုင်းကို နောက်ပိုးခုတ်လိုက်တော့ လှေငြိမ်သွားတယ်။ အဲဒါ မှားသွားတာပေါ့။ အပြင်ရောက်ပြီ ဇာဒက်ကြီးကျွန်းကို တစ်ပတ်ပတ်နေတော့ သံကျွန်းဘက် နီးသွားတာပေါ့။ ကံကောင်းလို့ ယိုးဒယားရေပြင်ထဲ မရောက်တာ”

သူ့ကိုယ်သူ စိုင်းသန်းဦးဟု မိတ်ဆက်ကာ စကားဝိုင်းထဲ ဝင်လာသူ၏ ထင်မြင်ချက်စကားများကို ကျွန်မတို့အားလုံး ငြိမ်သက်စွာ နားထောင်နေကြသည်။ ကျွန်မကတော့ ရှေ့ထိုးမီးမပါ။ သံလိုက်

www.linhtet.com



အိမ်မြှောင်မရှိ။ ဆက်သွယ်ရေးစက်လည်း မတပ်ဆင်ထားသည့် ကုန်ကဲ့လှေတစ်စင်း၏ ပင်လယ်အတွင်း ခံနိုင်ရည်အားကို ချင့်တွက်နေသည်။ "ဆယ့်သုံးရက် သောကြာရေကြောင်းမသွားကောင်း" အယူအဆစွဲကလည်း နှိပ်စက်သေး၏။ လွတ်လွတ်ကျွတ်ကျွတ် စနေကူးမှ ကျွန်းကို ဒုတ်ဒုတ်ထိရောက်လာသည်မှာလည်း အံ့စဖွယ်ကောင်းလှ၏။

"ကျွန်တော်တို့ (019) ပေါ်ကူးလာပြီး လမ်းကြောင်းမှန်ပေါ်ပြန်ရောက်အောင် ခုတ်ပေးတဲ့လူက ဗိုလ်မှူးတင်ထွန်းအောင်တဲ့ဗျ။ နောက်ဆုံး ဗိုလ်ချိုကျွန်းအထိ သူ့ပွိုင့်လှေကလေးနဲ့ ခေါ်လာတာ ကျေးဇူးတင်ဖို့ကောင်းတယ်"

"ကျွန်မက ခုနစ်စဉ်ကြယ်ကိုကြည့်ပြီး မောင်းလို့ပြောပြီး ပွိုင့်လှေထဲဆင်းသွားတော့ အားငယ်လိုက်တာ။ မကျွမ်းကျင်တဲ့ ပဲ့နင်းနဲ့ ပစ်သွားပြီဆိုပြီး တစ်ချိန်လုံး ဝမ်းနည်းနေတာ။ ဒီလှေကလေး လမ်းပြခေါ်သွားတာ မသိဘူးလေ။ လှေဝမ်းကလည်းဖောက်နက်တော့ အပြင်ကို ဘာမှမမြင်ရဘဲ လူတွေအားလုံး အကြောက်လွန် ငြိမ်သက်နေကြတာ"

"ဘာမှမဖြစ်ဘဲ ရောက်လာလို့ တော်ပါသေးရဲ့ အစ်မရာ။ ကျွန်တော်တို့ ဘာလုပ်ရမှန်းမသိဘဲ အရမ်းကိုစိတ်ပူနေကြတာ။ အစ်မ တစ်ခုခုဖြစ်လို့ကတော့ ကျွန်တော် အစ်ကို့ကို ဘယ်လိုရင်ဆိုင်ရမှန်းတောင် သိမှာမဟုတ်ဘူး"

စကားဝိုင်းထဲ နောက်ဆုံးဝင်လာသူက ကျွန်မတို့မိသားစုအားလုံးနှင့် ရင်းနှီးကျွမ်းဝင်သည့် ကဗျာဆရာနိုင်တာရာ။ ထိုနေ့က နိုင်တာရာက ကျွန်တို့ကို တည်းခိုဆောင်တစ်ခုမှာ နေရာချပေးသည်။ ယာယီအဆောက်အအုံကလေးအတွင်းမှာတော့ ထားဝယ်ယဉ်ကျေးမှုအဖွဲ့၊ သရက်ချောင်းယဉ်ကျေးမှုအဖွဲ့တို့နှင့် အတူတူနေရသည်။

www.linhtet.com



ထားဝယ်သူတွေ၊ သရက်ချောင်းသူတွေ လှပသိမ်မွေ့ပါဘိ။ သရက်ချောင်းယဉ်ကျေးမှုအဖွဲ့က ရေအိုးအက ကမှာတဲ့။ ရေအိုးအတွင်း ရေပြည့်အောင်ထည့်၊ အပေါ်က ရေခွက်ကလေးမှာ လှုပ်တုတ်တုတ်ပေါ်နေ။ အချို့ကျွမ်းကျင်ဝါရင့်သူတွေ ရေအိုး နှစ်အိုး သုံးအိုး ဆင့်ရွက်ကာ ဆိုင်းချက်နှင့်အညီ ကပြလေ့ရှိသည့် ရိုးရာအကကို ကျွန်မ မြင်ဖူးပါသည်။

အို××× ပန်လယ်ပြာပြာ ရေဇလာ ××× ပိုက်ဒေသယ်တန်း ××× ငါးရှာတဲ့ အိုဘယ့် (လှဆိုးဗျင်းရယ်)[၂] မောန်းဂံသူ ×××

ဟော…မောင်းမကန်သူ ထားဝယ်သီချင်း အပိုင်းအစအချို့ ပျိုပျိုမေတို့ဆီမှ တိုးတိုးညင်းညင်း ဆွဲဆွဲငင်ငင် ပေါ်ထွက်လာသည်။

မောင်းမကန်သူတွေ ချောပေမယ့် မနေ့က ပင်လယ်ပြာကတော့ သဘောမကောင်းလှဘူးဆိုတာကိုတော့ ပြောပြချင်ပါသေးသည်။

*

"မြိတ်ဒီပါကျွန်းတစ်ဝိုက် စဉ်ပျော်ပိုက်လှည့်လည်၊ ရေပေါ်၌ကယ့်တကယ်၊ ပြိုင်ဘက်ကယ်လွန်ရှား၊ လှိုင်းကြီးလည်း သူမဖြုံတယ်၊ အို…ဆလုံ ထူးတဲ့လူစား။ မိကျောင်းက ဆလံတင်၊ မြန်တစ်ခွင်ကျော်ကြား၊ ရေပေါ်မှာ မော်ကြွားလို့၊ စော်ကားနဲ့သူ့ကို၊ ပုလဲကမာ အစုံငုံပဲ၊ ရှပ်ပလုပ်စသည်တို့ကို၊ ပုဆိုးစုတ်နံတိုတို၊ ဟန်သလို ခါးတောင်းကျိုက်၍၊ စောင်းလိုက်လိုက် ကျောဝယ်သာ၊ သားလွယ်၍လာ၊ အကျော်ကရမက်၊ စမ္ဗပါရံတစ်ခါ၊ လာရောင်းလို့လေး"

၁၉၈၂ ခုနှစ် ဆရာကြီးဦးသုခ၊ လူထုဦးလှ၊ လူထုဒေါ်အမာတို့ မြိတ်ကိုလာစဉ် ဆလုံတိုင်းရင်းသားတွေနှင့် တွေ့ချင်သည်ဆိုသဖြင့် ဒေသခံစာပေဝါသနာရှင်တွေက မြိတ်မြို့သိမ်တော်ကြီး ဘုရားကန်မြေမှာ ဆလုံတွေကို စုပေးခဲ့ရဖူးသည်။ ထိုစဉ်က မြိတ်ကမ်းနားမှာ ဆလုံကုန်းဆိုတာရှိရာ ဆလုံတို့သည် ခြေတံရှည်တဲအိမ်စုနှင့် ကမ်းကပ်

www.linhtet.com



လှေပျက်ကြီးတွေအတွင်း နေထိုင်ကြသည်။ ကျွန်မတို့ဆလုံတွေနှင့် စကားစမြည်ပြောချင်သည့်အခါ ရေစပ်စပ်အမှိုက်သရိုက်များကို ကျော်လွှား၍ ထိုဆလုံကုန်းသို့ သွားရလေ့ရှိသည်။ စားပြီးပစ်ချထားသော ကမာခွံများ၊ ရှပ်ခရုခွံများမှာ ဆလုံကုန်း၏ အဆင်တန်ဆာပင် ဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း မြိတ်ကမ်းနားလမ်း သန့်စင်သည့်အခါ ဆလုံတို့ကျွန်းတွေဆီ ပြန်ဆင်းသွားကြသည်။ သူတို့သည် မိမိကိုယ်မိမိ မော်ကင်း (Moken) ဟုခေါ်ကြသည်။ ''မော်ကင်း'' ဟူသည် ''ရေမှာ ကျွမ်းကျင်စွာနှစ်သူ'' ဟုအဓိပ္ပာယ်ရသည်။ဆလုံတို့၏ မူလဒေသမှာ မလေးကျွန်းဆွယ် ဖြစ်ဟန်တူပြီး ၎င်းတို့၏ ရုပ်ရည်မှာ မလေးလူမျိုးများနှင့် ဆင်တူသည်။ မောရစ်ကောလစ်၏ ယိုးဒယားဝှိုက် (Siamese White) စာအုပ်တွင် ''ဖောင်းရေး'' ဆိုသူရေးသားသော ခရီးစဉ်မှတ်တမ်းတစ်ခုကို ကိုးကား၍ ဆလုံကို ဆီလီတား Seleeters ခေါ်ကြောင်း ဖော်ပြထားသည်။

မလေးကျွန်းဆွယ် ခေတ်ဦးမလေး လူမျိုးတို့တွင် တောင်တန်းများပေါ်၌ နေထိုင်ကျက်စားကြသော ''သြရန်ဗူကက်'' နှင့် ပင်လယ်အတွင်း နေထိုင်အသက်မွေးသော ''သြရန်လောက်'' လူမျိုးတို့အနက် ဆလုံတို့သည် သြရန်လောက်လူမျိုးမှ ဆင်းသက်လာသည်ဟု ယူဆကြသည်။

တစ်ချိန်တစ်ခါက ဆလုံတို့သည် ပစိဖိတ်သမုဒ္ဒရာ တောင်ဘက်ကျွန်းများ၌ နေထိုင်ခဲ့ကြ၍ (၁၇)ရာစုအတွင်းမှစ၍ အဆိုပါ ကျွန်းပင်လယ်တစ်ဝိုက်တွင် လှေသင်္ဘောများကို တိုက်ခိုက်လုယက်မင်းမူခဲ့ကြသည့် Saleeters ဆလီတားခေါ် ပင်လယ်ဓားပြများ ဖြစ်ကြောင်း၊ ၎င်းတို့ကို ပသျှူးများက တိုက်ခိုက်နှင်ထုတ်ခဲ့ရာမှ မြန်မာပြည်တောင်ပိုင်း မြိတ်ခရိုင် ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျွန်းစု

www.linhtet.com




များသို့ တဖြည်းဖြည်း လာရောက်နေထိုင်ကြကြောင်း မောရစ်ကောလစ် Maurice Collis ရေး ယိုးဒယားပို့က် Siamese White တွင်လည်းကောင်း၊ ဒေါက်တာမာဆင် Dr.Mason ရေး Burma its People and Production တွင်လည်းကောင်း ဖော်ပြထားသည်။

ဆလုံတို့သည် တစ်နေရာတည်းတွင် အတည်တကျ နေထိုင်ခြင်းမရှိဘဲ ပင်လယ်ပြင်အတွင်း လှိုင်းလေထန်သည့် မိုးရာသီတွင် ဆွေမျိုးစုလိုက် လှိုင်းဒဏ်လေဒဏ် အကာအကွယ်ရသည့် နီးစပ်ရာ ကျွန်းများ၊ ရေချိုရနိုင်သည့် အော်များ၊ ဂလက်များတွင် မိုးခိုနေထိုင်လေ့ရှိပြီး မိုးရာသီကုန်ဆုံးသည်နှင့် မိသားစုအလိုက် လှေပေါ်တင်၍ ဝမ်းရေးအတွက် အလုပ်အကိုင်အဆင်ပြေမည့် ပင်လယ်ပြင် နေရာအနှံ့သို့ ထွက်ခွာလေ့ရှိသည်။

ဆလုံတို့၏ ကိုယ်နေဟန်ထားမှာ အရပ် ၅ပေ ၄ လက်မခန့်ရှိပြီး အသားညို၊ ဆံပင်ဖြောင့်စင်း၊ မျက်လုံးမည်းနက်သည်။ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်ခြင်းမရှိသော်လည်း ကိုယ်ကာယဖွံ့ဖြိုး၏။ တနင်္သာရီတိုင်း မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်ရှိ ကျွန်းများ၊ အော်ပိုက်များတွင်ဖြန့်ကွဲနေထိုင်ကြပြီး ဒုံးကျွန်း၊ ညာမှိုင်းရွာ၊ မီးစိမ်းကျွန်း၊ ပုလဲအော်ရွာ၊ လင်းလွန်းကျွန်း၊ ဝဲကျွန်း၊ ရေမြစ်ကြီးရွာတို့တွင် ဖြန့်ကြက်နေထိုင်ကြသည်။

ပင်လယ်ရေပြင်မှာ ကျက်စားသူပီပီ ရေငုပ်ကိရိယာမပါဘဲ ရေအောက် ဆယ်လံအနက်အထိ ငုပ်နိုင်ပြီး (၁၀)မိနစ်ကြာအောင် နေနိုင်သည်။ မျက်မှန်တပ်လျက် တူ၊ ဓား၊ တူးရွင်းငယ်များပါသော အိတ်ကိုလွယ်ကာ ရေအောက်၌ မုတ်ခွံ၊ စတီ၊ ခရု၊ ကျောက်ခက်၊ ကျောက်ပန်း၊ ပင်လယ်မျှော့ဖမ်းခြင်း၊ အနောက်တောင်ရာသီလေ

www.linhtet.com



www.linhtet.com



ပြင်းထန်ချိန် ပင်လယ်ထဲမျောပါလာသော ငါးကြီးအန်ဖတ်များကို ဆယ်ယူခြင်း၊ သဲသောင်ပြင်တွင် လိပ်ဥတူးခြင်း၊ အချို့မှာ သစ်ကြိမ် ခုတ်ခြင်း၊ ငှက်သိုက်၊ အကျော်၊ ပျားရည်များ ရှာဖွေရောင်းချခြင်းဖြင့် အသက်မွေးသည်။

ဆလုံတို့တွင် ဘာသာစကား (၄)မျိုးရှိသည်။ လောတ (Lawta)၊ လဘီ (Labi)၊ ဂျအိ (Jait) နှင့် ဒန်း (Daung) တို့ ဖြစ်သည်။ မလေးလူမျိုးများနှင့် လုပ်ငန်းဆက်သွယ်မှု အများဆုံးရှိကြ သော လောတနှင့်တွန်ကာ ဆလုံတိုင်းရင်းသားအုပ်စုဝင်များသည် မလေးဘာသာစကားနှင့် အများဆုံးတူညီသော လောတစကားများကို ပြောကြသည်။ လန်ပိကျွန်းနှင့် ဘုတ်ပြင်းမြို့နယ်တစ်ဝိုက်မှ ဆလုံ တိုင်းရင်းသားတို့မှာ ဂျအိစကားကို အများဆုံးသုံးကြသည်။ လဘီ စကားကို ဘုရင့်နောင် အငူတစ်ဝိုက်နှင့် စိန်မက်သယူးကျွန်းအနီး အနားဝန်းကျင်တွင် နေထိုင်ကြသူများ ပြောဆိုကြသည်။ ယေဘုယျ အားဖြင့် ဒန်းဘာသာ စကားမှာ ဆလုံတို့၏ မူရင်းစကားဖြစ်သည်။

ရိုးရာနတ်များဖြစ်သော ကောင်းကျိုးပြု "ချီးဒါး" ခေါ် နတ်နှင့် မကောင်းကျိုးပြု ဖမ်းစားဖွဲ့စားတတ်သော ကျွန်းစောင့်၊ ပင်လယ်စောင့် နတ်ဖြစ်သည့် "ကတ္တိုင်း" ခေါ်နတ်(၂)မျိုးရှိသည့်အနက် ကောင်းကျိုးပြု နတ်အား မပသလိုက နေနိုင်ကြသော်လည်း ဆိုးကျိုးပြုနတ်ကိုမူ တစ်နှစ်တစ်ကြိမ်ကျ မြန်မာသင်္ကြန်အခါရက်များ၌ အရက်၊ ပေါက် ပေါက်၊ ဆေး၊ ကွမ်း၊ တိရစ္ဆာန်အသွေးအသားတို့ဖြင့် ပူဇော်ကြသည်။

နတ်ဘုရား "ချီဒါး"(တူးဒါး) Thida သည် လောကရှိ အရာရာကို ဖန်ဆင်းပေးသည့် ဝိညာဉ်တော်ဖြစ်သည်ဟူ၍လည်း ကောင်း၊ မိမိတို့အား ဒုက္ခမပေးဟူ၍လည်းကောင်း ယုံကြည်ကြလျက် ပူဇော်ပသခြင်းမရှိပေ။ "ချီးဒါး"နတ်ဘုရားသည် ပုံသဏ္ဌာန်အားဖြင့် တိတိပပမရှိသည့်အပြင် ကျား၊ မဟူ၍ ကွဲကွဲပြားပြား မရှိချေ။

www.linhtet.com



ကတွိုင်း Katoi ဟူသော ကျွန်းစောင့်နတ်၊ ရေစောင့်နတ်မှာ မကောင်းကျိုးကို ပေးနိုင်သဖြင့် နတ်တိုင်တစ်တိုင်ထူပြီး တံခွန်၊ ကုက္ကားများ တပ်ဆင်လျက် ကြက်၊ ဘဲ၊ ငှက်၊ လင်းပိုင်၊ လိပ် အစရှိသော တိရစ္ဆာန်တို့၏ အသွေးအသားများဖြင့် တင်မြှောက်ကြသည်။ နတ်ပွဲတွင် ပါဝင်သူများသည် ရှေ့နောက်တန်းစီထိုင်၍ လှေလှော်ဟန်ပြုကာ ရေစပ်သို့ တရွေ့ရွေ့ဆင်းသွားပြီး ရေစပ်ရောက်သည်နှင့် အသံကုန်ဟစ်ကြွေး၍ မကောင်းဆိုးဝါးများကို မောင်းထုတ်ရသည်။

ဆလုံတို့တွင် နတ်ပူဇော်သည်နှင့် ပတ်သက်၍ ထူးဆန်းသော အလေ့အထများ ရှိသေးသည်။ ကြက်၊ ဘဲတို့ကို နတ်အား ပူဇော်ပသခြင်းမရှိဘဲ သတ်ဖြတ်စားသောက်ခြင်းမပြုရ။ ပြုမိလျှင် အသားကို စားခွင့်မရှိတော့ဘဲ သွေးမျှကိုသာ သောက်ခွင့်ရှိတော့သည်။ ထိုတားမြစ်ချက်ကို ကျူးလွန်ပါက နတ်များဖမ်းစားတတ်သည်ကို ယုံကြည်ကြသည်။ ထိုသို့ ဆလုံအများစုမှာ နတ်ကိုးကွယ်ပြီး ဒေသခံများနှင့် နီးစပ်ရာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာကိုးကွယ်သူတို့လည်း ရှိကြသည်။ အများအားဖြင့်မူ ဗုဒ္ဓဘာသာအဆုံးအမနှင့် ဗုဒ္ဓဓလေ့ထုံးစံများကို သဘောကျနှစ်ခြိုက်ကြောင်း သိရသည်။

ကျွန်မတို့ရောက်နေသော ဗိုလ်ချုပ်ကျွန်းပေါ်မှာတော့ မြန်မာဘုန်းတော်ကြီးကျောင်းရှိသလို ရိုးရာနတ်တိုင်နှင့် နတ်စင်လည်းရှိသည်။ နတ်စင်မှာ မြန်မာနတ်စင်လို အမြင့်မဟုတ်။ လူတစ်ထိုင်အမြင့်သာ ရှိသည်။ ဂငယ်ကွေ့ အလျားရှည်သောင်ပြင်ပေါ်တွင် သဲတို့သည် ဖြူဖွေးနေသော်လည်း လမ်းလျှောက်ရခက်ခဲလှ၏။ စီးထားသော ဖိနပ်များကို ဆွဲနေသလိုဖြစ်ကာ မြေပြင်မှာ လျှောက်သလို ပေါ့ပါးခြင်း မရှိ။ နိုင်ငံခြားများအတွက် ရေပေါ်ဟိုတယ်အိပ်ဆောင်များ၊ ရေအောက်သယံဇာတပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ ပညာရေး၊

www.linhtet.com



မွေးမြူရေး၊ ကမ်းဝေးကမ်းနီး ငါးဖမ်းလုပ်ငန်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးရေး၊ အေအိုင် ဒီအက်စ်ရောဂါတိုက်ဖျက်ရေး၊ တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေး လက်တွေ့ပညာပေးပြခန်းများဖြင့် ကမ်းခြေသည် ဆူညံစည်ကား လာသည်။

တနင်္သာရီတိုင်း မြိတ်ကျွန်းစုတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရန်၊ ကော့သောင်းခရိုင်တွင် နေထိုင်ကြသော ဆလုံ တိုင်းရင်းသား ရိုးရာဓလေ့ယဉ်ကျေးမှု ဖော်ထုတ်မြှင့်တင်ပေးရန်၊ ဆလုံတိုင်းရင်းသားများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဆလုံပွဲတော်ကို ကျင်းပမည်ဖြစ်သည်။ (၁၅-၂-၀၄) ရက်နေ့မှာ ရွှာနီးချုပ်စပ်မှ ဆလုံပွဲတော်လာလှေတွေ ပိုများလာသည်။ ပြခန်းတစ်ခုမှာတော့ ကဗန်းလှေပြုလုပ်ရန် သင့်တော် ကောင်းမွန်သော သစ်ပင်ကို ရွေးချယ်ပုံ၊ သစ်ပင်ကို အကြမ်းထည် ထွင်းပုံ၊ သစ်တုံးအား လှေလောင်းစထွင်းပုံ၊ လှေလောင်းအကြမ်းထည် ကို မီးအပူပေး၍ လှေဖြက်ကျယ်လာစေရန် သားသားမောင်းတံ အကူအညီဖြင့် ဆွဲကာထားပုံတို့ကို ခင်းကျင်းပြသထားသည်။

သောင်ပြင်မှာလည်း သစ်တုံးသုံးတုံးချကာ လောင်းလှေအထွင်း ပြိုင်ပွဲများ ပြုလုပ်ကျင်းပသည်။ တစ်ဦးချင်း ရေငုပ်ပြိုင်ပွဲ၊ လှေလှော် ပြိုင်ပွဲ၊ ရေပေါ်နပန်းပြိုင်ပွဲများလည်း ရှိသည်။

ထိုနေ့က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရန်ပုံငွေ စားသောက်ဆိုင်ရှေ့ သောင်ပြင်တွင် ကိုအောင်ဝေး၊ ကိုဘုန်းဝေ၊ ကိုမြင့်ဦးမောင်တို့နှင့်အတူ ရန်ကုန်မှ ပန်းချီဝင်းဇင်တို့၏ ပန်းချီကား တွေ ချိတ်ဆွဲပြသကြသည်။ ရန်ကုန်မှ ရောက်ရှိလာသဖြင့် ကျွန်း တစ်ခုလုံး ပွဲတော်ပိုဆန်လာသည်။ အရောင်အသွေး ပိုစုံလာသည်။ မြို့ပြအဆင်အယင်တို့အရိုးခံကျေးလက်ဆီ ဖြာခနဲကျဆင်းလာသည်။

www.linhtet.com



နံနက်ခင်း (၈)နာရီခန့် ဆလုံတဲအိမ်ကလေးတွေရှေ့ ဆလုံ အဘွားအိုလူကြီးလူငယ်၊ သဲပြင်မှာ ဆင်းဆော့ဆင်းလူးနေသည့် မြင်ကွင်းကို နိုင်ငံခြားသားတွေ ဓာတ်ပုံရိုက်နေတာမြင်တော့ ရှိန်ခနဲ မျက်နှာပူသွားမိသေး၏။ ကျွန်မတို့ စိတ်အဝင်စားဆုံးမှာ ကျွန်းပေါ်မှာ နေသည့်ဆလုံတွေထက် ရွှာနီးချုပ်စပ် ဂျလန်းတို့ တလွန်းတို့ဘက်မှ လှေများဖြင့် ရောက်လာသော ဆလုံလှေများကို ဖြစ်သည်။

ထိုနေ့က ကမ်းရိုးတန်း သရုပ်ဖော် ပန်းချီကားများ ချိတ်ဆွဲ လိုက်ရသဖြင့် အမောကြီးမောနေသော ကဗျာဆရာ ကိုအောင်ဝေးကို ကျွန်မ စနောက်ချင်လာသည်။

"ဆလုံတွေက ခွေးသိပ်ချစ်တဲ့လူမျိုး၊ ခွေးကို ဆလုံလို ဘယ်လိုခေါ်လဲ သိလား"

"ဆိုစမ်းပါဦး"

"အော်ဝိန်"တဲ့။

ကိုအောင်ဝေးက သူ့နာမည်နှင့် ဆင်ဆင်တူနေသော အသံ ထွက်ကို မယုံသလို မျက်မှန်ထဲမှ ကျွန်မကို ကျော်ကြည့်သည်။

"ဟုတ်လို့လား"

"သိပ်ဟုတ်တာပေါ့။ မယုံရင်"

ကျွန်မတို့သည် ရေကျနေသော သောင်ပြင်စပ်တွင်ထိုးဆိုက် ထားသည့် ဆလုံလှေများဆီသို့ ချဉ်းကပ်လိုက်၏။ လှေမှာ ဆလုံရိုးရာ ကဖန်းလှေမဟုတ်။ စက်တပ်လှေကြီးဖြစ်သည်။ အထဲမှာ စားအိုး စားခွက်အသုံးအဆောင်တွေပါသည်။ အမျိုးသားတစ်ယောက်၊ အမျိုးသမီးတစ်ယောက်၊ ကလေးနှစ်ယောက် မိသားစုဖြစ်ဟန်တူသည်။ အမျိုးသမီးက ညိုပေမယ့် စိုနေသောအသားများကိုဖော်၍ ထဘီရင်ရှား ဖြင့် ထမင်းချက်နေသည်။

"ဒါရမ်း အမောမ်း"နေကောင်းလား။

www.linhtet.com



"အမောမ်"နေကောင်းပါတယ်။

တတ်သလောက် မှတ်သလောက် ဆလုံစကားဖြင့် မိတ်ဆက်ပြောဆိုကာ ရင်းနှီးမှုကို ရယူလိုက်သည်။

မိန်းကလေးဘက်လှည့်ကာ "လာချီသိုး (သိပ်လှတယ်)"ဟု စည်းရုံးရေးဆင်းလိုက်တော့ သွားတွေဖွားအောင် ချစ်စဖွယ် ရယ်ပြသည်။

"ကျွန်တော့်နာမည် ရွှေအိုးစည်ပါ ခင်ဗျာ၊ ဗမာလို တတ်ပါတယ်"

"ဟော့တော်"

"ကျွန်တော့်မိန်းမက မအေးပိုတဲ့။ သူက ဆလုံအမျိုးသမီးဖြစ်ပေမယ့် ကျွန်တော်နဲ့ညားလို့ ဗမာရည်လည်ပါတယ်"

"ရှင်"

ကျွန်မတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ ဒါဆိုရင်ကောင်းတာပေါ့။ ဆလုံဗမာချစ်ကြည်ရေးနှင့်တော့ တွေ့နေပြီ။

"ကိုရွှေအိုးစည်က မအေးပိုကို ချစ်တယ်ဆိုရင် ဘယ်လိုပြောမလဲ"

"အေကြွေလပ်"

"ဟုတ်ပြီ။ ကိုရွှေအိုးစည်က မအေးပိုကို အေကြွေလပ်တဲ့ အကြောင်းလေး ပြောရအောင်"

"ကျွန်တော်က ပခုက္ကူဇာတိ ဆောက်လုပ်ရေးလုပ်သားအဖြစ်နဲ့ ဒီဘက်ကိုရောက်လာတာပါ။ မအေးပိုမိဘတွေက ဦးညွှန့် ဒေါ်နီမတဲ့။ သူ့အမေ ဒေါ်နီမက ဟောဒီ မကြံ့ဂုလက်ရွာသူပါ။ သူ့အဖေ ဦးညွှန့်ကတော့ သံကျွန်းမိုင်းမှာ အလုပ်လုပ်ပါတယ်။ ဒီဘက်မှာ အလုပ်လာလုပ်ရင်း တွေ့ကြတာပါ။ တကယ်တော့ အေးပိုဆိုတဲ့

www.linhtet.com



နာမည်က အိုင်းပိုကလာတာပါ။ သူ ငါးလသမီးမှာ ခြေထောက်မှာ အိုင်း(အနာ)ပေါက်လို့ ခွဲရတယ်။ အဲဒါ အိုင်းပိုခေါ်ရင်း ကြီးတော့ မအေးပိုဖြစ်သွားတာပါ"

"ပွဲတော်ကိုလာတာ ဘာရသလဲ"

"ဆန်ရပါတယ်။ အိမ်ထောင်စုငါးစုကို တစ်အိတ်"

"ဒီကိုလာတာ ပျော်ရဲ့လား"

"ပျော်ပါတယ်။ ကွဲကွာနေတဲ့ ဆွေမျိုးမိတ်ဆွေတွေ ပြန်တွေ့ရလို့ ပျော်ပါတယ်။ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ။ ပြောပါဦး"

ကိုရွှေအိုးစည်က စကားကို ခပ်ဆိုင်းဆိုင်းကလေး ဆက်ပြောသည်။

"ကျွန်တော်တို့က လက်လုပ်မှ ပါးစပ်လှုပ်ရတဲ့သူတွေပါ။ အခု ဒီကိုလာတော့ မျှော့မငုပ်ရဘူး။ ပိုက်ဆံမရဘူးပေါ့။ ဒီကိုလာဖို့က စက်ဆီဖိုး လိုသေးတာ"

ကိုရွှေအိုးစည်က ကျွန်မတို့ကို ပင်လယ်မျှော့ မည်းခြောက်များ ထုတ်ပြသည်။ ပင်လယ်ကြမ်းပြင်အောက်တွင်နေသော မျှော့ဖြူ မျှော့မည်းမှာ ဈေးကောင်းအလွန်ရသော ထွက်ကုန်တစ်မျိုးဖြစ်သည်။ တစ်တောင်လောက် အကောင်ကြီးများကိုပြုတ်၍ နေလှန်းလိုက်လျှင် တစ်ထွာလောက် အနေအထားသည် ဈေးကွက်သို့ပို့ရန် အဆင်သင့်ဖြစ်ပေပြီ။

မအေးပိုက ပွက်ပွက်ဆူနေသည့် ထမင်းအိုးကို မွှေနေသည်။ ဂေါရပ်ငါးငယ်တို့ကို ဟင်းချက်ရန်လား၊ ကြော်လှော်ရန်လားမသိ အဆင်သင့်ပြင်ထား၏။ ဆလုံလေ့မိသားစုကိုကြည့်၍ ပုံရိပ်တချို့ ပြေးလွှားပျံသန်းလာသည်။

"ရှေးဟောင်းဆလုံတို့၏ ဘဝဝမ်းစာ ရှာဖွေမှု"

www.linhtet.com



နေခြည်ထိုးခွဲလိုက်သဖြင့် နှင်းကွဲနံနက်သည် လာဘွန်းကျွန်း ကလေးပေါ်သို့ မရဲတရဲ ရောက်ချလာလေသည်။ သဘာဝပေါင်းမိုးကြီး သဖွယ် အုပ်မိုးထားသော ကောင်းကင်ကြီးမှာ ကသုတ်ကရက် ကောက်ငင်သိမ်းဆည်းလိုက်သည့် နှင်းကြွင်းလက်ကျန်အချို့မှလွဲ၍ ပကတိကြည်လင်ငြိမ်သက်ဘိ၏။ သဘာဝတရားကြီးသည် အသစ် အသစ်သော ကောင်းခြင်းလက်ဆောင်တို့နှင့်အတူ နေ့သစ်ကို ကြိုဆို ရန် ကျွန်းကလေးဆီသို့ သော့သော့နှင်နှင် ပြေးလာနေသည်။

ယနေ့တော့ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော တူးဒါးနတ်ဘုရား၏ ကျေးဇူးတော်ကို အောက်မေ့ဆင်ခြင်ရင်း ဆန်ဒီသည် သူ၏ရွှေဝါရောင် ညမင်းသမီးလေးကို ရှာဖွေရန် ခြေမျက်နှာ ဖွင့်လိုက်လေသည်။ ပင်လယ်ပြင်ကြီး၏ အနားသတ် မျဉ်းပေါ်တွင် ရဲတိုက်ခံတပ်ကြီးများသဖွယ် ခံ့ခံ့ထည်ထည် နေရာယူ ထားကြသော ကျောက်တုံးကျောက်စိုင်များပေါ်တွင် သဘာဝတရား ကြီး၏ လက်ဆောင်တော် ခက်ရင်းကောင်တွေ ပြန့်ကျဲဖိတ်စဉ် နေသည်။ ခက်ရင်းကောင်တို့ အိမ်လုပ်ကုပ်တွယ်ရှင်သန်နေကြသော ထိုကျောက်တုံးကျောက်စိုင်တို့၏ အကြိုအကြားတွင်တော့ ကျွန်းပေါ်မှာ ရှိသမျှမိန်းမနှင့်ကလေးတွေ သူတို့ဆလုံတွေ ထိုခက်ရင်းကောင်တွေကို အစိမ်းလည်းစား၊ ကြော်လှော်ပြီးလည်း စားလေ့ရှိသည်။

ဓားချွန်ကိုယ်စီဖြင့် ခက်ရင်းကောင်ထွက်ကော်မည့် ဆလုံမိန်းမ များနှင့်ကလေးများ ကျောက်ကြိုကျောက်ကြားကို တိုးသွားနေသည်ကို ကြည့်၍ သူငယ်စဉ်က ခက်ရင်းရှာခဲ့ရသည့်အဖြစ်ကို သတိရနေမိသည်။ သည်တုန်းက သူ့အပေါင်း (အဖေ)သေပြီးစ။ ဆင်းရဲမွဲတေလိုက်သည်မှာ ခက်ရင်းကောင်ထည့်ဖို့ ဆန်ခါခံ့ကလေးမျှပင်မရှိ။ သူရှာ၍ရသမျှသော ခက်ရင်းကောင်တို့ကို ပါးစပ်ဖြင့်ငုံ၍ အာလုတ်အပြည့်ရပါက အနောင်း (အမေ)ရှိရာ ကဇန်းလှေကလေးဆီပြေး၍ ထွေးအန်ပေးခဲ့ရသည်များ

www.linhtet.com



ကို မြင်ယောင်နေမိသည်။ သည်ရွာက မိန်းကလေးတွေကတော့ သူတို့ကိုယ်တိုင် ခြင်း၊ ပလုံးကလေးများ ရက်လုပ်တတ်သည်ဖြစ်၍ အားလုံး ဝါးတောင်း၊ ဝါးခြင်းကလေးတွေ ကိုယ်စီနှင့်။

၂၀၀၃၊ ဇန်နဝါရီလက ဆရာမကြီး ဒေါ်ခင်းနှင်းယုအမှာစာဖြင့် ကျွန်မ ''လှိုင်းနှစ်ထပ်ပင်လယ်''ဝတ္ထုလတ်တစ်ပုဒ်ရေးဖူးသည်။ ထိုဝတ္ထုရေးဖြစ်သည့် အဓိကတွန်းအားသည် ကဗျာဆရာ ကိုအောင်ဝေး ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ''ကမာရင်ကွဲနှင့် အခြားပင်လယ်ဝတ္ထုတိုများ''စာအုပ် အမျိုးသားစာပေဆုရတော့ ကိုအောင်ဝေးက ''လဝန်းမြင့်''အမည်ဖြင့် ကျွန်မကို အင်တာဗျူးလုပ်သည်။ တစ်ဆက်တည်းမှာပင် ပင်လယ်ပျော် မော်ကင်းတို့၏ဘဝကို စိတ်ဝင်စားလာသော ကိုအောင်ဝေးက ဆလုံတို့ရဲ့ ဘဝရှင်သန်မှု ဝတ္ထုတစ်ပုဒ်လောက်ရေးပါဟု ကျွန်မကို တိုက်တွန်းလာသည်။

ဆလုံလူပျိုကလေးတစ်ယောက် လူလားမြောက်လာလျှင် ကိုယ်ပိုင်လှေတစ်စီး၊ ကိုယ်ပိုင်ဗုံတစ်လုံးတော့ ရှိရမည်။ ပြီးတော့ နေ့စဉ် မိုးသောက် သူတို့ရဲ့ဘဝဝမ်းစာရှာဖွေမှု၊ ခလှေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှု၊ အယူအဆအစွဲအလမ်းဟောင်းများ၊ ဆလုံချစ်သူ ဆန်ဒီနှင့် မီနိုင်တို့ ထိုခလှေ့ရိုးရာအစွဲအလမ်း လှိုင်းတံပိုးများကြားမှ ရုန်းထွက်နိုင်ပါ့မလား။

''ဒီနေ့ ဘာဟင်းချက်မလဲ''

''အကန်းဟင်းလေ''

ကိုအောင်ဝေးအမေးနှင့် မအေးပိုအဖြေကြောင့် ပျံ့လွင့်သွားသောစိတ်အာရုံတို့ ပစ္စုပ္ပန်ထဲ ပြန်ရောက်လာသည်။

ခဏကြာတော့ ကဗျာဆရာကိုအောင်ဝေးသည် ဆလုံလှေထဲသို့ ခေါင်းထိုးကာ တစ်စုံတစ်ရာကို ရှာဖွေနေလေသည်။ ပြီးမှ ကဗျာဆရာက မေးခွန်းထုတ်၏။

www.linhtet.com



"ခင်ဗျားတို့ဆလုံတွေ သွားလေရာခွေးကို ခေါ်သွားလေ့ရှိတယ်ဆို၊ အခုရော ခွေးပါသလား"

"မပါပါဘူး။ ရှုပ်မှာစိုးလို့ ရွာမှာချန်ထားခဲ့တယ်"

"ခွေးချစ်တယ်ဆိုတာရော ဟုတ်သလား"

"ဟုတ်ပါတယ်"

"ခွေးကို ဆလုံလို ဘယ်လိုခေါ်လဲ"

"အော်ဝိန်း"

"အောင်မယ်လေးဗျာ၊ ရက်စက်လိုက်ကြတာ"

ကိုအောင်ဝေး၏ မြည်တမ်းသံကို ဆလုံတို့တော့ နားလည်မည်မဟုတ်။ ကျွန်မရဲ့အသံထွက် အော်ဝိန်ကမှတော်သေး၏။ ဆလုံအသံထွက် အော်ဝိန်းကား အောင်ဝေးနှင့် ပိုမိုနီးစပ်လှချေ၏။ သေချာချင်လို့ ထပ်မေးမှ ပိုဆိုးသွားသော မအီမလည် သူ့အဖြစ်ကိုကြည့်၍ ကျွန်မ ဟက်ဟပ်ပက်ပက် ရယ်မိ၏။

"ကိုရွှေအိုးစည်နဲ့ မအေးပိုရေ 'ကြွေဘာလဲကပ်'နော်"

ကျွန်မတို့နှစ်ယောက် လေ့လာထားသော (ပြန်တော့မယ်) ဆလုံစကားလေးများဖြင့် နှုတ်ဆက်ထွက်ခွာလာတော့ မကြုံဂလက်ကျွန်းပေါ်သို့ နေခြည်သည် ရင့်ရင့်ရဲရဲ ထိုးကျနေလေသည်။ မကြုံဂလက်ကျွန်းပေါ်မှာတော့ ကျွန်မဝတ္ထုထဲက လာဘွန်းကျွန်းမှာလို ကျောက်တုံးကျောက်စိုင်များ ရှိမနေပါ။ ထို့ကြောင့် ခက်ရင်းကောင်များသည်လည်း…။

အို လုအဝိုး ××× နာကျိဆမ်း ××× ဂျလန်ကပ်တိုင်း ×××အို ××× ကူဂျက်နာကျီဆမ်း ××× နာကျိဆမ်း ××× ဂျာလမ်းကပ်တိုင်း ××× လူအဝိုးအေး ×××

မြူးကြွသွက်လက်သော ဆလုံတေးသွားသည် အလျှံညီးညီး

www.linhtet.com



တောက်တောင်နေသော မီးတောက်နှင့် အပြိုင်ဟိန်းဟိန်းညံစွာ ပေါ်ထွက်နေသည်။ ရေကျနေသော သောင်ပြင်စပ်မှ မီးညွှန့်မီးစွယ်နှင့် လူတို့၏ လှုပ်ရှားမှုသည် ရေမှာအရိပ်ထင်နေသည်။ ဂီတသံနှင့်အပြိုင် ဆလုံယောကျ်ားပျို၊ မိန်းမပျိုတို့ မြူးထူးကခုန်နေသည်မှာ မြင်ရသူတို့ ရွှင်မြူးမှုကို ကူးစက်စေသည်။

ငှက်ခါးရောင်ဝတ်စုံ ဆင်တူဝတ်ဆလုံယောကျ်ားပျို၊ မိန်းမပျို ကလေးများမှာတော့ ပုစွန်ဖမ်းပိုက်ကို ဇာနားမြိတ်အဖြစ် တပ်ဆင်ထား ကြသည်။ တွဲထားသောလက်များ ညီညီညာညာမြှောက်ကြ၊ ဆိုင်း ချက်ညီ ခြေလှမ်းတို့ သဲမြေပွပွမှာ မောင်းနှင်ကြ၊ ကောင်းကင်သို့ ထိုးတက်နေသော မီးတောက်ပုံကြီးကို လှည့်ပတ်ကာ ကနေကြသည် မှာ မျက်စိပသာဒကို ဖြစ်စေသည်။

အချို့ ကကွက်တွေမှာတော့ ရေအောက်မှ ငါးကြီးများကို မှိန်းဖြင့်ထိုးဟန်၊ ငါးဖမ်းပိုက်များကို ရေမှာ ဝဲချဟန်၊ ငါးပုစွန်ရွေးဟန်၊ မောင်နှင့်မယ် ဝမ်းစာကို တွဲလက်ညီညီ ရှာဖွေကြပုံ သရုပ်ဖော်သွား သည်မှာ အသက်ပါလှသည်။ မကြာမီ မလှမ်းမကမ်း သင်္ဘောများဆီမှ မီးရှူးမီးပန်းများ နက်မှောင်မှောင်ကောင်းကင်ပြင်မှာ ဖွဲဖွဲဖွာဖွာ လွင့်ဝဲကျကာ ပွဲတော်ညအလှကို ကူဖြည့်နေလေသည်။

မီးပုံပွဲကို ထားခဲ့ကာ ကမ်းခြေတစ်လျှောက် လမ်းလျှောက် လာရင်း ကျွန်မရင်သည် အလိုမပြည့်မှုတွေနှင့် ပြည့်အိုင်လာခဲ့သည်။ လှိုင်းနှစ်ထပ်ပင်လယ်မှ ဇာတ်ကောင်ဆန်ဒီသည် မီးပုံပွဲသောင်ပြင်သို့ အပြေးအလွှားရောက်ချလာလေသည်။

တောဝက်သားရေဖြင့် ကျက်ထားသော လုံးထွင်းဗုံတိုကလေး ၏ မျက်နှာပြင်ပေါ်သို့ ပါးတင်အပ်မိသည့်ခဏ မော်ကင်းဆလုံလူပျို ကလေးဆန်ဒီ၏ ရင်တွင်းတစ်နေရာဆီသို့ ခံစားမှုအသစ်တို့ တိုးညင်း ပွတ်ရှစီးဆင်းသွားလေသည်။

www.linhtet.com



ဝေးလွင့်လိပ်ပြာ ဘယ်မှာလဲ။

သူ့ရဲ့ဝေးလွင့်လိပ်ပြာ ဘယ်မှာလဲ။ တောင်ပံတဖျတ်ဖျတ် ယမ်းခါသံမှမကြား တောအုပ်ဆီသို့ ဖြတ်သန်းပြီး လေကိုဆန်၍ပျံပြီ ထင်ရဲ့။ ဘယ်ဆီပြေးပုန်းလေပြီမသိ။

မနေ့တုန်းဆီက . . .။

မနေ့တုန်းဆီက ဆန်ဒီသည် မူးယစ်ရီဝေခြင်းတွေ ပြည့်အိုင်နေသော ဦးခေါင်းကို ယိမ်းခါလျက် ဗုံတိုကလေးကို မြူးကြွသွက်လက်စွာ ပုတ်နှိုးတီးခတ်ခဲ့သည်။ တစ်စုံတစ်ရာသော အာသီသကြောင့် လက်ချောင်းများမှတစ်ဆင့် အနုရသသံစဉ်တို့ ဗုံတို့တစ်လျှောက် ပြေးလွှားခုန်ပေါက် စီးဆင်းသွားကြသည်။ ဟုန်းဟုန်းတောက်နေသော မီးပုံပွဲမှ မီးညွန့်မီးစွယ်တို့က ညအလှကို အားကူဖြည့်တင်း အဖော်အသင်းလုပ်နေဆဲ။

ဟော . . .

ဝန်းကျင်မှာတော့ ဖြစ်တည်မှုနှင့် ဆန့်ကျင်လျက် ချွတ်နင်းဝင်ရောက်လာသော လရောင်က တိတ်ဆိတ်တိုးတိမ်စွာ လေနင်တိမ်ဆုပ်တို့ ပျင်းရိတွန့်ဆုတ် မလှုပ်တလှုပ်ခရီးနှင်ခိုက် မာန်စွယ်ကျိုးနေသည့် လှိုင်းခြေပေါင်ကျိုးကတော့ သောင်ကမ်းစပ်မှာ သာသာနော့နော့ ဖျော့ဖျော့ပြေပြေ အမောဖြေနေလေသည်။

ဝေး . . . ဟေး . . . ဟေး

လူစုလူဝေးကြီး၏ ငြာသံပေးဟစ်အော်မှုကြောင့် ရေငန်ကြိုက်သစ်ပင်တွေအပေါ်မှာ အိပ်တန်းပြန်နေသည့် ငှက်တချို့ လန့်ပျံထွက်ပြေးသွားကြသည်။ ဝါးလက်ခုပ်၊ ပလွေ၊ ဗုံတို သုံးမျိုးပေါင်းစပ်ထားသော ဆလုံရိုးရာဂီတသံက မြူးမြူးကြွကြွ သွက်သွက်နင်နင်။ စည်းချက်ရေယာဉ်ကြောတွင် ဝင်းမွတ်မွတ် နုစင်စင်မျက်နှာကလေးနှင့် လိုက်ဖက်သော လက်ချောင်းတို့၏ အကွေ့အဝိုက်အမြှောက်အချီ၊

www.linhtet.com



ခြေချောင်းတို့၏ အနုတ်အသိမ်း အရွေ့အပြောင်း၊ ရင်ခါးတင်တို့ သံစဉ်နှင့်အတူ တုန်ခါဝှေ့ဝဲယမ်းခါမှု၊ ပုရိသတို့၏ နှလုံးအိမ်ကို ယူကျုံးဆွဲဆောင်သည့် အလှတရားတို့ ဖျောပါစီးဆင်းနေကြသည်။ ယိုးဒယား၊ မလေးသံနှော၍ ထွက်ပေါ်လာသော ဆလုံတေးသီချင်း တစ်ပုဒ်သည် ပင်လယ်ပျော်တို့၏ သဘာဝကို လှစ်ဟဖော်ထုတ်ရန် အားထုတ်လျက် ညဉ့်ဦးယံကို ဖြတ်သန်းနေလေသည်။

မြင်တွေ့နေကျ အသားအရောင်၊ မြင်တွေ့နေကျ ကိုယ်နေ ဟန်ထား အချိုးအစားမျိုးမဟုတ်ဘဲ အသားလတ်လတ် ကျစ်လျစ်ဖွံ့ ထွားသော ခန္ဓာကိုယ် အစုအဝေးက ပုရိသတို့၏ ရမ္မက်သွေးကို နှိုးဆွနေသည်လား၊ မီးစုန်းရောင်တောက်ကြယ်စင်ပြောက် မျက်လုံးများ ကပင် သူမအလှကို ဖော်ကျူးနေသည်လား၊ ဆန်ဒီ၏အကြည့်က သူမဆွဲငင်မှု ပဿာဒအာရုံထဲ တပ်မက်ငြိတွယ်နေဆဲ။ မူးယစ်သေရည် ၏သွေးထိုးနှိုးဆော်မှုက ဆန်ဒီ၏စိတ်ကို ရဲဆေးတင်ပေးသလိုဖြစ်ပြီး ဖုံတိုတို သွက်သွက်တီးလေတော့ သူမကလည်း အားကျမခံ လှုပ်လှဲ့ လှုပ်လီ ကကြိုးသီနေရာမှာ ဖိုးခနဲ ဆတ်ခနဲ ကကြိုးပြောင်းဖို့ပြင်လေ သည်။

"လှိုင်းနှစ်ထပ်ပင်လယ်" ဝတ္ထုမှ ဇာတ်ကောင်ဆန်ဒီနှင့် မီနိုင်းတို့ စတင်တွေ့ဆုံသောမြင်ကွင်းသည် ရိပ်ရိပ်ထင်ထင်လိုက်ပါလာသည်။ လက်ရှိအနေအထားမှာတော့ ရှေးဟောင်းဆလုံတူရိယာ ဖုံတိုကလေး မပါဝင်သော ခေတ်သစ်ဆလုံတေးသွားသည် ပင်လယ်လေဝှေ့ဝဲဝဲကြား တွင် လွင့်ပါးဝဲပျံနေသည်။ ကျွန်မ သိသလောက် ဆလုံတို့သည် ရင် တွင်းဆန္ဒကို တေးဂီတအဖြစ် လက်တန်းစပ်ဆိုနိုင်ကြသည်။ ဖုံကိုလည်း ကိုယ်ပိုင်တူရိယာအဖြစ် စွဲစွဲမြဲမြဲ သုံးစွဲခဲ့ကြသည်။ ခေတ်ဆလုံတေးသွား သည် ဆလုံတို့ကိုယ်တိုင် တီးခတ်သော ဝါးလက်ခုပ်၊ ပလွေ၊ ဖုံတိုတို့ မဖြစ်သင့်ဘူးလား။

www.linhtet.com



မော်ကင်းဆလုံလူပျိုတစ်ယောက်နှင့် ဖုံတိုတူရိယာဆက်စပ်မှု၊ ကျွန်မဇာတ်ကောင်ဆန်ဒီသည် သူနေထိုင်ရာ လာဘွန်းကျွန်းမှ မကြုံ ဂလက်ပွဲတော်ညသို့ ဒရေသောပါး ရောက်ချလာလေသည်။

"မီနိုင်းရေ…ငါ့ဒုက္ခတွေကို နင်မသိပါလားနော်။ အခု နင်နဲ့ ငါကြားက ချစ်ခြင်းအဖော်မွန် ဖုံတိုကလေးမရှိတော့ဘူးလား။ ဒီဖုံတို ကလေးဟာ ငါ့ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပါ မီနိုင်းရယ်။ ဒီဖုံတို ကလေးကို ပိုင်ဆိုင်ချင်လွန်းလို့ ငါဘယ်လောက်ကြိုးစားခဲ့ရတယ် ဆိုတာ တကယ်တော့ မော်ကင်းဆလုံလူပျိုတစ်ယောက် ဖုံတိုတစ်လုံး ပိုင်ဆိုင်ဖို့ဆိုတာ အခက်အခဲပေါင်းများစွာကို ဖြတ်ကျော်ရတာပါ။ လှေတစ်စီးတည်ဆောက်နိုင်မှုဟာ မော်ကင်းဆလုံလူပျိုတစ်ယောက် အရည်အသွေးဖြစ်သလို အားထုတ်ကြိုးပမ်းနိုင်မှု စွမ်းရည်တွေပြည့်ဝ နေတယ်ဆိုတာ နင်သိနိုင်ပါ့မလား။ ငယ်စဉ်ကတည်းက ဖုံသံကြားရင် မနေနိုင်မထိုင်နိုင် ဧေးမောနေမိရာက ဂီတဝိညာဉ် စွဲဝင်ပူးကပ်ခြင်း ခံရတဲ့ ငါဟာ ဖုံတိုကလေးကို မပိုင်ဆိုင်ရရင် မနေနိုင်အောင် ဖြစ်ခဲ့ရတယ်။

သည့်တုန်းက ငါ့ရဲ့အနောင်း အသက်ထင်ရှား ရှိသေးတာမို့ အနောင်းက ဖုံတီးတာ မကြိုက်လှပေမယ့် ကန့်ကွက်ခြင်းမပြုခဲ့ဘူး။ ဖတဆိုးလေးကို အလိုလိုက်တဲ့အနေနဲ့ ငါ့ရဲ့ဖုံတိုကလေးအပေါ် ရူးသွပ်မှုကို မတားဆီးတဲ့အပြင် အကူအညီတွေပါ ပေးခဲ့ပါသေးတယ်။ ငါနဲ့ငါ့အနောင်းဟာ တစ်ကျွန်းဝင် တစ်တောထွက် စိတ်ကြိုက်သစ်ကို လိုက်ရှာကြရတာ အမောပါပဲ။ ရပြန်တော့ အခေါက်ကိုခွာ ဒီကျွန်းမှာပဲ မီးပုံပြီး အလယ်သားမျက်နှာပြင်ကို မီးရှို့ကြတယ်။ အလယ်သားတွေ မီးကျွမ်းပြီဆိုမှ ငါ့လက်စွဲငါးရိုးကြီးစူးနဲ့ တဖြည်းဖြည်း တိုးလျှိုပေါက် ထွင်းပစ်ရတယ်။ ဒီအလုပ်ဟာ ရက်တွေအကြာကြီးလုပ်ရပြီး ဖွဲလည်း ကောင်းဖို့လိုတယ်။

www.linhtet.com



အတွင်းသားကုန်လို့ အနေတော်ဖြစ်ပြီဆိုမှ အချောဘက်က ခြစ်ပစ်ရပြန်တယ်။ ဗုံကျက်ဖို့ကတော့ သမင်သားရေ ဒါမှမဟုတ် တောဝက်သားရေဟာ အကောင်းဆုံးပါပဲ။ အချို့လည်း မျောက်ညို သားရေကို သုံးကြတယ်။ အဲဒီတုန်းက ငါနဲ့ အနှောင်းသွားလာနေတဲ့ ကျွန်းတွေအပေါ်မှာ သမင် မတွေ့နိုင်တာမို့ တောဝက်သားရေနဲ့ပဲ ဗုံကျက်ဖို့ ဆုံးဖြတ်လိုက်ရတယ်။

မီနိုင်းရေ…ငါ့ရင်ဘတ်နဲ့ လက်မောင်းတွေပေါ်က ဒဏ်ရာ အမာရွတ်တွေဟာ တောဝက်ပက်လို့ ရထားတဲ့ဒဏ်ရာတွေပေါ့။ ငါ့ရဲ့ညံ့ဖျင်းမှုကြောင့် တောဝက်အပက်ခံရပေမယ့် အနှောင်းလက် ချက်နဲ့ တောဝက်ဟာ ဒဏ်ရာရ အမိခံလိုက်ရတယ်။ ငါ့ရဲ့ သေရာပါ အမာရွတ်တွေဟာ တောဝက်သားရေတစ်ချပ်နဲ့ လဲလှယ်ခဲ့ရတယ်ဆိုရင် ယုံမှာလား မီနိုင်းရယ်။

ဒါပေမယ့် ဒါဟာ တကယ်ပဲဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်မှန်တွေဆိုတာ ဒေါသကြီး စိတ်ဆိုးလွယ်တဲ့ ကတ္တိုင်းနတ်မင်းကြီးကို တိုင်တည်ပြောရဲ ပါတယ်။

အဲဒီတောဝက်အရေခွံ အမွေးအမှင်တွေရိတ်ပြီး ခြောက်သွေ့ အောင် နေလှန်းနေစဉ်မှာပဲ ငါတို့ဟာ ကျွန်းပေါ်က ပင်လယ်ရေမပြတ် စီးဝင်နေတဲ့နေရာမှာ သဲတွင်းတစ်တွင်းကို တူးဖော်ကြရတယ်။ စောစောက နေလှန်းထားတဲ့ သားရေကြမ်းကို တွင်းထဲထည့်ပြီး ရေစိမ်ကြရပြန်တယ်။

သားရေစ ကောင်းကောင်းနူးပြီဆိုမှ စောစောက ဗုံအရွယ် အစားနဲ့တိုင်းပြီး မျက်နှာစာနှစ်ဖက်အတွက် နှစ်စရအောင် လှီးဖြတ်ကြ ရတယ်။ ပြီးရင် ဗုံရဲ့ထိပ်ဝ တစ်ဖက်စီမှာ လုံခြုံအောင် ဖုံးပိတ်ပြီး နွယ်မြက်တို့နဲ့ ကျစ်ထားတဲ့ကြိုးနဲ့ ခိုင်မြဲအောင် ချည်နှောင်ရပြန်တယ်။ ဒီနေရာမှာ သားရေစ တင်းသွားပေမယ့် သုံးလို့မရတော့ပါဘူး။ အသံ

www.linhtet.com



ကောင်းကောင်းမြည်စေဖို့ နေရောင်ဖျော့ဖျော့မှာ စိတ်ရှည်လက်ရှည် လှန်းရပါသေးတယ်။ ဒီနေရာမှာ နေရောင်ပြင်းရင် အပူဒဏ်ကြောင့် ဖုံကွဲထွက်သွားတတ်တာမို့ နေရောင်ဖျော့ဖျော့အောက်မှာ တဖြည်းဖြည်း သားရေခြောက်ပြီး တင်းမာလာပုံမှ ဖုံကောင်းတစ်လုံးဖြစ်မှာ မဟုတ်လား။

ကြည့်စမ်း…ဘယ်လောက်ခက်ခဲပင်ပန်း စိတ်ရှည်လက်သည်းခံ ဖွဲ့ခတ်ရတဲ့အလုပ်လဲဆိုတာ အချိန်လည်းကြာ လူလည်းပင်ပန်းတာမို့ ဆလုံတွေဟာ ဖုံလုပ်ဖို့ သိပ်ပြီးစိတ်ဓာတ်ထက်သန်မှု မရှိလှဘူး။ ငါ့မှာသာ အာသာဆန္ဒရဲ့ တွန်းထိုးပို့ဆောင်မှုကြောင့် ဖုံတိုကလေးကို ခဲခဲယဉ်းယဉ်း ပိုင်ဆိုင်ခဲ့ပြီး ကိုယ်နဲ့မကွာထားခဲ့တာ နှစ်တွေကြာလှပါပေါ့''

လကွယ်လုနီးပါးဖြစ်၍ မကြုံဂလက်ကောင်းကင်မှာ မည်သည့် အလင်းအားမှ ရှိမနေပါ။ မလှမ်းမကမ်း ရေပင်လောက်ဆီမှ ပစ်လွှတ်နေသော မီးရှူးမီးပန်းအလင်းရောင်တို့သည်သာ အပြန်လမ်းကို ရှေ့ဆောင်နေသည်။ မီးပုံပွဲမှ အသံဗလံများ ကျန်ရစ်ခဲ့ပြီး မလှမ်းမကမ်း နယ်လှည့်ကဇာတ်ဆီမှ အသံတွေ လွင့်ဝဲလာသည်။ ကမ်းခြေမှောင်ရိပ်မှာတော့ ကျွန်မ မော်ကင်းဆလုံလူပျိုကလေး၏ ဖုံတိုသံကို ရှာဖွေနေမိလေသည်။

*

ကြုံစဖူး၊ မြင်ဖူးမှယုံစဖွယ်၊ ဖြူနီပြာဝါတစ်စုနှင့် ခရထွေလာဆန်း၊ ကမ်းကွေ့ပတ်လည်၊ ရွှေမင်တံ သံပခြုပ်နှင့်၊ ဟန်ရှပ်ပြ သွယ်သွယ်၊ နတ်မယ်လျှဆံထိုး၊ ဝင်ကစွပ် မြင်ဆွတ်က ကြည်ဖို့ရာ၊ ဟိုသို့လာသည်သို့သွားနှင့်၊ အငှားခန္ဓာမြှောင်ရတယ် ဆန်းခေါင်ထိမျိုး။

အလင်္ကာဝတ်ရည်

www.linhtet.com



လန်ပိကျွန်းဘက် မဟုတ်သော ဗိုလ်ချိုကျွန်း၏ တစ်ဖက်မျက်နှာစာ ကမ်းခြေကား အေးချမ်းငြိမ်သက်လှ၏။ ကျွန်မတို့ တည်းခိုဆောင်မှနေ၍ တောင်ကြားလမ်းဥယျာဉ်ငယ်ကလေးများသို့ ဖြတ်ပါက များမကြာမီ တစ်ဖက်မျက်နှာစာ ကမ်းခြေသို့ ရောက်သွားတော့၏။ စက်သံ၊ လူသံ ဆူညံမနေ ကမ်းခြေသည် ခရုကောက်ရန်၊ ရေကူးရန် အဆင်ပြေလှ၏။

လှိုင်းရိုက်တင်သဖြင့် သဲပြင်မှာ နေဆာလှုံနေသော ခရုကောင်တို့ကိုကြည့်၍ ကျွန်မ စာဆိုတော် ဦးကြင်ဥ၏ ကဗျာအပိုင်းအစကို အမှတ်ရလိုက်မိသည်။ အသွင်သဏ္ဍာန်အမျိုးမျိုးသော ခရုမျိုးပေါင်းစုကြီး တစ်ခုလုံးကို ပါဏဗေဒအရ မော်လပ်စကားဟု ခေါ်တွင်၍ ထိုဝေါဟာရမှာ ကိုယ်ခန္ဓာပျော့သော သတ္တဝါမျိုးဟု အဓိပ္ပာယ်ရလေသည်။

ခရုပေါင်းစုတွင် ခရုပက်ကျိ၊ ယောက်သွား၊ ခရုသင်း၊ ခရုကမာ၊ ခရုစေတီ၊ ခရုဆင်နှာမောင်း၊ ကြွေခရုနှင့် ပက်ကျိတို့သာမက ကင်းမွန်၊ ကင်းမွန်ဘဲလိပ်၊ ဘဝဲစသောသတ္တဝါများလည်း ပါဝင်သည်။ ထိုသတ္တဝါများ၌ များသောအားဖြင့် ကိုယ်ခန္ဓာကို ဖုံးအုပ်ကာကွယ်ထားသော အခွံမာများရှိကြသော်လည်း အချို့တွင် လုံးဝမပါချေ။ အချို့ပါပြန်ကလည်း သေးသယ်၍သော်လည်းကောင်း သို့မဟုတ် ကိုယ်ထဲနစ်မြုပ်၍သော်လည်းကောင်း ရှိတတ်သည်။ အခွံပါရှိခဲ့သော် ခရုလုံးကဲ့သို့ အခွံတစ်ခုတည်းပါရှိသော ခရုမျိုးကို ခွံထီးခရုဟူ၍ ခေါ်သည်။ယောက်သွားကဲ့သို့ အခွံနှစ်ခြမ်းစပ် ပါရှိပါက အခွံစုံခရုဟူ၍ ခေါ်သည်။ အခွံအပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အခွံဖြစ်ပေါ်စေရန် ဖန်တီးနိုင်သော အပေါ်ယံအရေခွံ တစ်ထပ်ကား အားလုံးမှာပင် ပါရှိလေသည်။

ဗိုလ်ချိုကျွန်းပေါ်မှ အသွင်သဏ္ဍာန်အမျိုးမျိုးသော ခရုတို့သည်

www.linhtet.com



ကျွန်မကို ဆွဲဆောင်ညို့ငင်လှသည်ဖြစ်၍ ကျွန်းရောက်ပြီး ကျွန်မ၏ အားလပ်ချိန်အတော်များများ ခရုကောက်ခြင်း၌ ကုန်ဆုံးနေတော့သည်။

တစ်ခုသော နံနက် နဂါးဘုရားဘက် ခရုကောက်ထွက်စဉ် ကလေးတစ်သိုက် ကျွန်မနောက် တရုန်းရုန်းလိုက်ပါနေတာ သတိထားမိလိုက်သည်။ လှည့်ကြည့်တော့ သူတို့လက်ထဲမှာလည်း ခရုတွေ ကိုယ်စီနှင့်။ ခပ်သွက်သွက်တစ်ယောက်က ကျွန်မကို သူ့လက်ထဲမှ ခရုတွေကမ်းပေးသည်။

"ဗမာစကားတတ်လား"

"အင်း"

"အင်း"

"ကျောင်းနေလား"

"ဘယ်နှတန်းရောက်ပြီလဲ"

"ပထမတန်း"

"ယူဦးမလား။ အိမ်မှာရှိသေးတယ်"

သူတို့က ကျွန်မကို ခရုပေးချင်သေးဟန်တူသည်။ သူတို့ ကလေးတွေနောက်မှ လိုက်သွားတော့ ခြေတံရှည်တဲအိမ်တစ်အိမ်ရဲ့ နောက်မှ ကျွတ်ကျွတ်အိတ်နှင့် ထုပ်ထားသော ခရုတွေသယ်လာသည်။ ထူးထွေဆန်းပြားလှသည့် ခရုတွေ။ ကျွန်မပင်လယ်ခြေသွားတိုင်း မန္တလေးလူထုတိုက်က ညီအစ်ကိုမောင်နှမများက မှာသည်။ ခရုကောက်လာနော်တဲ့။ ယခင် အခေါက် ကျွန်မမြိတ်ပြန်တော့ ခရု ဘယ်မှာမှမရနိုင်။ ခရုမပါဘဲ ပြန်ရကိန်းကြုံနေခိုက် မိတ်ဆွေတစ်ယောက်အိမ် အလည်အပတ်သွားစဉ် ကလေးတစ်ယောက် ခရုခွံတွေနှင့် ဆော့နေလိုက်သည်မှာ နှမြောစရာ။ သည်ခရုတွေက ကမ်းခြေမှာ တွေ့ရလေ့ရှိသော ခရုတွေမဟုတ်။ ငါးပိုက်၊ ပုစွန်ပိုက်ထဲပါလာသည့် ခရုအကြီးတွေ အခွံနေပုံဆန်းပြားသဖြင့် တောင်းယူလာကာ

www.linhtet.com



လူထုတိုက်အထိ ပို့ပေးရဖူးသည်။ အညာမှာတော့ ခရုဆိုတာ အဆန်းတကြယ် ပြသစရာပစ္စည်းတစ်ခုပင် မဟုတ်ပါလား။

"ဆလုံလို ခရုကို ဘယ်လိုခေါ်လဲ"

"ကော့လှိုင်း"

"ကမာကိုရော"

"ရိတဲ့"

"သဲသောင်ကို"

"ကနိုင်းဖူငန်း"

"လှိုင်းကို"

"နာမတ်"

"လင်းပိုင်ကို"

"ဘာဘန်း"

"နာမည်တွေပြောပါဦး"

"ကျွန်တော်က လန်ခိုင်း၊ သူက မော်ငန်း၊ သူက မဲ့မဲ့"

အသွက်ကလေးကပင် ဦးဆောင်ပြီး ပြောသွားသည်။

"ဆလုံစကား သင်ပေးမလား"

"သင်ပေးမယ်"

"သင်ပေးမယ်ဆို ကမ်းခြေကို နေ့တိုင်းလာနော်"

ကမ်းခြေသည် ယခင်နေ့တွေကထက် ဆူညံစည်ကားလာသည်။ ရွာနီးချုပ်စပ်မှ ဆလုံလှေ၊ ဗမာလှေတွေများပြားလာသလို ချင်းတွင်း၊ သံလွင်သင်္ဘောကြီးတွေမှ ဧည့်သည်တွေလည်း ရောက်ရှိကုန်ကြပြီ။ အလျားရှည် သောင်ကမ်းခြေမှာတော့ သစ်တုံးသုံးတုံးချကာ အဖွဲ့သုံးဖွဲ့ခွဲ၍ လုံးထွင်းလှေခုတ်ပြိုင်ပွဲ လူတွေတရုန်းရုန်း။ ကင်မရာမီးတွေ၊ တဖျတ်ဖျတ်၊ အမှတ်တရပစ္စည်းတွေ အရောင်းပြခန်း၌ လူတွေ ကြိတ်ကြိတ်တိုး၊ ကျန်းမာရေးအသိ ဖြန့်ဖြူးရာ ပြခန်းမှာလည်း

www.linhtet.com



လူတွေ တင်းကျမ်းပိတ်။ ထိုလူတွေကြားထဲ ကျွန်မ ဆရာမလေး ဒေါ်အိမာလာခိုင်ကို ဘယ်မှာရှာရပါ့။

ကျွန်မမိတ်ဆွေ အေးရိပ်ငြိမ်ဆရာကြီး ဦးကြည်စွမ်က မကြံ့ဂလက်ရွာမှာ ဆရာမဒေါ်အိမာလာခိုင် ရှိတယ်ဆိုပြီး ကျွန်မလက်မှာ မိတ်ဆက်စာ ရေးပေးလိုက်သည်။ သည်လောက်များပြားလှသည့် လူတွေထဲ ကျွန်မဆရာမလေးကို ဘယ်မှာရှာရပါ့။ မြန်မာပြည်တောင်ဘက်စွန်း ကျွန်းကလေးပေါ်က ဆလုံကလေးတွေကို စာသင်ပေးသည့် ဆရာမဒေါ်အိမာလာခိုင်ကို ကျွန်မ တွေ့ချင်စမ်းပါဘိ။ ကျွန်မတို့ မြိတ်မြို့နယ်မှ ရွာကလေးတွေမှာ ပညာရေးတာဝန်ထမ်းဆောင်ခဲ့သမျှ ဟုတ်လှပြီထင်ခဲ့တာ။ သည်လို တိုင်းစွန်းနယ်ဖျားအသက်ကို လေလံတင်ပြီးမှ ရောက်ရသည့်ဒေသမှ ပညာရေးဝန်ထမ်းတွေအကြောင်း သိရတော့ ကိုယ့်ဘဝင်ကိုယ် ပြန်ရှက်မိသည်။ ဆလုံကလေးတွေရဲ့ ဆရာမလေးနှင့်တွေ့ပါက စကားတွေပြောဖြစ်ပြီး ကျွန်မအတွက် တွေးစရာ၊ ရေးစရာတွေ အများကြီးရမည် ထင်သည်။

*

၁၆-၂-၂၀၀၄ ရက်နေ့ နံနက်ကတော့ ပွဲတော်နေ့ပီသစွာ တစ်ကျွန်းလုံး အစောကြီး နိုးထနေကြသည်။ ကျွန်မတို့ တည်းခိုဆောင်မှ ထားဝယ်သူ၊ သရက်ချောင်းသူ လှပျိုဖြူကလေးတို့ကလည်း အလှဖူး အလှပွင့်တွေ အစွမ်းကုန်ဝေလို့ ပွဲတော်ဖွင့်ပွဲကို နွဲကြမည်။ ကျွန်မက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များနှင့် တွဲထားသူဆိုတော့ သူတို့စားလျှင်စား၊ သူတို့သွားလျှင်သွား၊ နေခဲ့သမျှရက်တွေအတွင်း စားသောက်ရေး၊ ရေချိုး၊ အိမ်သာကိစ္စများပါမကျန် အကျိုးဆောင်ပေးသူများကို ကျေးဇူးတင်စရာကောင်းလှ၏။ သည်ခရီးစဉ်တွင်မှတ်မှတ်ရရ ညီမလေးနှစ်ယောက်ကို ခင်မင်ခဲ့ရသည်။

www.linhtet.com



တစ်ယောက်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရဲ့ အဖွဲ့ ခေါင်းဆောင် ဆရာမဒေါ်လွဲလွဲဝင်းဖြစ်ပြီး တစ်ယောက်ကတော့ မီးမီးဖြစ်သည်။ မီးမီးက ကျန်းမာသန်စွမ်းစိတ်မြန်စိတ်ဆတ်သလောက် ခြေပေါ့လက်ပေါ့နှင့် ကူညီဝိုင်းဝန်းချင်စိတ်ရှိလှသည်။

ပွဲတော်နေ့ဖြစ်သဖြင့် လူတွေအားလုံး စောစီးစွာပင် သောင ကမ်းစပ်ပေါ်ရောက်နေသောကြောင့် အာရုံထွေပြားကာ မူးနောက် နောက်တောင် ဖြစ်ချင်လာသည်။ မကြုံဂလက်သည် နေရောင်အောက် တွင် ပြိုးပြက်လင်းလက်သော ရောင်စုံဝတ်စုံကို ဆင်ယင်ထား၏။ အရိုးခံကျေးလက်အတွင်းသို့ နေကာမျက်မှန်၊ ကြေးနီရောင်ဆံပင်၊ သရီးကွာတား လွတ်လပ်ပွင့်လင်းသော ဝတ်စားဆင်ယင်မှုများ တစ်မုဟုတ်ချင်း ရောက်ချလာသည်။ ရွာခံဆလုံတွေတော့မသိ။ ကျွန်မပင် အသက်ရှုရ မွန်းကျပ်လာသလိုဖြစ်လာသည်။ သို့နှင့် ကိုအောင်ဝေးနှင့် အဖော်စပ်ကာ နဂါးရုံဘုရားကမ်းခြေဘက် ထွက်ခဲ့ ကြသည်။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် တင့်တယ်သပ္ပာယ်လှသော နဂါးရုံဘုရားကမ်းခြေမှာတော့ လူသူကျဲပါး တိုးတိတ်ဆိတ်ငြိမ်လှ၏။

သည်ဘက်မှာတော့ ဖြူဖွေးသော သဲပြင်များမရှိ။ ကျောက်တုံး ကျောက်ခဲများဖြင့် ဖွဲ့စည်းထားသည့် ကျောက်လမ်းကမ်းခြေသက်သက် မျှသာ။

"ကျွန်တော်နဲ့ကိုဘုန်းဝေ ဒီဘက်မှာ ရေလာကူးပြီးပြီဗျ။ သိပ်ကောင်းတယ်။ ဆရာမရော ပင်လယ်ရေဆင်းကူးပြီးပြီလား"

"ဟင့်အင်း။ ကူးမယ် ကူးမယ်နဲ့ တစ်ရက်မှ မကူးဖြစ်သေးပါ ဘူး"

"မကြုံဂလက်ရောက်မှ ရေမကူးသွားရင် နောင်တရနေလိမ့် မယ်နော်"

ကျောက်တန်းကမ်းခြေ အပြင်ဘက်မှာတော့ ကမ်းနီးလုံခြုံ

www.linhtet.com



ရေးတွေ အပြည့်ချထားသည်ကို တွေ့ရသည်။ မည်သည့်အခါမှ ပြန်ရောက်မည်၊ မရောက်မည် မသေချာသောဒေသမှာ ကျွန်မတို့ အမှတ်တရ ဓာတ်ပုံတွေ ရိုက်ဖြစ်ကြသည်။

သည်ကနေ့ ကမ်းခြေမှာ ထူးဆန်းစွာပင် ကျွန်မရဲ့ ခရုကောက်ဖော် ဆလုံလေးတွေ မပေါ်လာကြပါလား။ ကျွန်မတို့သောင်တန်းရှည်ပေါ် ပြန်ရောက်တော့ မြင်ကွင်းအနေအထားက ပြောင်းလဲနေသည်။ သက်ဆိုင်ရာလူကြီးတွေ ရောက်ရှိလာပြီဖြစ်လို့ လူတွေအတော်များများ ဖွင့်ပွဲအခမ်းအနား စင်မြင့်ဆီရောက်နေကြသည်။

စာတိုက်နှင့် ဆက်သွယ်ရေးရုံးခန်းရှေ့မှာတော့ လူတွေ တရုန်းရုန်း။ မနေ့တုန်းက ဗိုလ်မှူးကြီးတင်ထွေး တွန်းအားပေးမှုဖြင့် ကျွန်မတို့ ဆလုံပွဲတော်အမှတ်တရ ပို့စကတ်များဝယ်ကာ ချစ်ခင်သူတွေဆီပို့ပြီးကြပြီ။ ယခုလည်း ကျွန်းမှ ရန်ကုန်သို့ တိုက်ရိုက်ဖုန်းဆက်နိုင်ရန် စီစဉ်ပေးထားသဖြင့် ဆက်သွယ်ရေးရုံးခန်းရှေ့မှာ မြို့ပြရောင်စုံလိပ်ပြာကလေးတွေ လူးလာပျံသန်းနေကြသည်။ မြန်မာပြည်တောင်ဘက်စွန်း မကြုံဂလက်ကျွန်းပေါ်ကနေ ချစ်ခင်သူတွေကို နှုတ်ခွန်းဆက်ခွင့်ရတာ နည်းသည့်ကုသိုလ်လား။

သည်နေရာသို့ ကျွန်မတို့အားလုံး ပင်လယ်မြင်ချင်၍လာကြသည်။ သဘာဝ၏ သန့်စင်လန်းဆန်းသည့် လေကိုရှူချင်၍လာကြသည်။ မြို့ပြနှင့် မတူသော ကျေးလက်ရနံ့၊ ကျွန်းတောင်ရနံ့ထဲမှာ ပါဝင်စီးမျောချင်၍ လာကြသည်။ ရှားပါးနေပြီဖြစ်သော (Sea Gypsies) ဆလုံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့အစဉ်အလာတို့ကို စူးစမ်းလေ့လာလို၍ လာကြသည်။

မကြုံဂလက်သည်ဇည့်သည်အပေါင်းကို ကောင်းသောကြိုဆိုခြင်းဖြင့် ကြိုဆိုခဲ့ကြသည်။ မြို့ပြနှင့်မနီးသော ကျွန်းသောင်ပေါ်တွင် စားမှုသောက်မှု၊ နေမှုထိုင်မှု အဆင်ပြေချောမွေ့အောင် အိမ်ရှင်တွေ

www.linhtet.com



ဧည့်ဝတ်ကျေကြပါစေ၏။

ဆလုံတွေကရော ပွဲတော်ကြီးဆီက မည်သည့်အရာတွေရလိုက်သနည်း။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်၊ ဆလုံတိုင်းရင်းသားရိုးရာယဉ်ကျေးမှုဖော်ထုတ်ရန်၊ ဆလုံတိုင်းရင်းသားများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်ရန်ဆိုသည့် ရည်ရွယ်ချက်ပြည့်မီရန် တစ်ကြိမ်တစ်ခါနှင့်တော့ ရမည်မဟုတ်။ အကြိမ်ကြိမ်အခါခါ ရည်ရွယ်ရင်းရောက်အောင် အနီးကပ်ဆုံး လှော်ခတ်သွားဖို့တော့ လိုပေသည်။

ယခင်က အတည်တကျမနေသော ဆလုံတို့ကျွန်းရွာများမှာ အတည်တကျ နေထိုင်ကြပြီ။ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုရှိနေကြပြီ။ အချို့ရွာတွေမှာ ဆလုံသင်ပုန်းကြီးဖတ်စာကိုပင် တီထွင်သင်ကြားပေးနိုင်ကြပြီ။ ထိုထက်ပိုပြီး နီးစပ်ရာဗမာတွေအနေဖြင့် လူလူချင်း တန်းတူရည်တူထားကာ သူတို့ကို ရင်းနှီးချစ်ခင်သောနွေးထွေးမှုပေးမည်ဆိုပါက လူတွေကြားထဲမနေချင်သော၊ လူကြောက်သော သနားစဖွယ်ဆလုံတို့၏ အငုံ့စိတ်ကို ချေဖျက်ပေးရာရောက်ခြင်းဖြင့် လိုရာပန်းတိုင်သို့ အမြန်ဆုံးရောက်မည်ဟု မျှော်လင့်မိပါသည်။

ဟော…အခမ်းအနားဆီမှ မြူးကြွသည့်တေးသံသည် လူအုပ်ကြီးကို ထိုးဖောက်လျက် သောင်ယံအနှံ့ ပြေးဆင်းလာနေသည်။ ရိုးရာယဉ်ကျေးမှုအစဉ်အလာ ခိုင်မာမြင့်မားပြီးသား ထားဝယ်သူကျွန်မ ညီမလေးတို့၏အသံ…

"မြန်မာပြည် မြေပုံလေး အဝေးကကြည့်လိုက်ရင် ××× ကိန္နရီမလေး ဟန်ဆင် ××× ယဉ်ကျေးတဲ့ အသွင်ကလေးတွေ ××× အဝေးကပင် မြင်နိုင်ပါသည် ×××(အဲဒါ ကျွန်မတို့တိုင်းပြည်) အဲဒါ ကျွန်မတို့အမွေ ကမ္ဘာတည်သရွေ့ မြန်မာပြည်ဟော့ ငြိမ်းချမ်းစွာ တည်ရှိနေသည် ××× မြန်မာပြည်တောင်ဘက်ဖျားစွန်း ကျွန်းစုမြို့တွေနဲ့ ကဗျာဆန်ဆန် မြန်မာ့ပင်လယ်ပြင်ကြီးက ရွှေပုလဲရေနံ×××သဘာဝ

www.linhtet.com



ခါတ်ငွေ့တွေ ထုတ်လုပ်နေပြီ ××× အဖိုးတန်တဲ့ ပုလဲတွေထွက်တဲ့ တိုင်းပြည် ထင်ရှားစုံညီ တင်စားမကုန်ပြီ ××× တင်စားမကုန်ပြီ ××× ထင်ရှားစုံညီ (အို…လှလိုက်တဲ့တနင်္သာရီ)"

*

ပင်လယ်ရေသည် စေးစေးပိုင်ပိုင်ရှိလှစွာ အေးစိမ့်နေသည်။ ကြည်လင်နေသဖြင့် ရေအောက်မှ သဲပြင်ကျောက်တုံးများကို မြင်နေရသည်။ အကယ်စင်စစ် ကျွန်မသည် ပင်လယ်ချစ်သူတစ်ယောက်ဖြစ်သော်လည်း ရေကူးတတ်သူတစ်ဦး မဟုတ်ခဲ့။ မကြံ့ဂလက်ကျွန်းကို ရောက်ရှိသည့် သုံးလေးရက်အတွင်း ပင်လယ်ရေမချိုးခဲ့သမျှ (၁၇-၂-၂၀၀၄) ညနေမှာတော့ ပင်လယ်ထဲ ဆင်းဖြစ်အောင်ဆင်းခဲ့ကြသည်။ ကမ်းခြေနှင့် ရေလယ်ကျောက်ငါးကန်တို့ ဆက်သွယ်ထားသော ကြိုးကိုအမှီပြုကာ ခြေလက်တို့ ရုန်းကန်ကူးယက်ကြည့်သည်။

မကြံ့ဂလက်သည် မနေ့က သူမဟုတ်သလို ဣန္ဒြေကြီးတစ်ခွဲသားနှင့်ဖြစ်နေသည်။ သောသောညံညံ ဆူညံမှုများမရှိ၊ ထွေးရောယှက်တင် လှုပ်ငင်မှုများမရှိ၊ အရောင်စုံ၊ အသွေးစုံ၊ ဒီဇိုင်းစုံတို့ ရုတ်ခြည်းပျောက်ကွယ်ကုန်သဖြင့် ဟာတာတာဖြင့် လွမ်းနာကျနေသယောင်။ ကျွန်မကတော့ ယခုမှ မကြံ့ဂလက်ကို ဖောက်ဖောက်ထွင်းထွင်းမြင်ရသည်။ ပွန်းပွန်းတီးတီး ခင်မင်ရသည်။ သည်လိုဆိုတော့ မနေ့က မြို့သို့ ပြန်မပါသွားဘဲ ကျန်ရစ်ခဲ့သည်မှာ ကံကောင်းသည်ဟု ထင်ရပြန်သည်။

ပွဲတော်ကြီးပြီးသည်နှင့် လူတွေ ဖွဲခနဲသောင်ပြင်မှာ ပြည့်သွားသည်။ နီးရာလှေသင်္ဘောပေါ်တက်ပြီး ပြန်ကုန်ကြသည်မှာ မြန်ဆန်လှပါဘိ။ ကျွန်မမှာတော့ ခရီးဆောင်အိတ်က လေးရသည့်အထဲ လောဘတကြီး ကောက်ငင်မိသော ခရုတွေကြောင့် ဝန်စည်လေးကာမည်သည့်လှေသင်္ဘောနှင့်မှ မမီဘဲကျန်ရစ်ခဲ့တော့၏။

www.linhtet.com



အလာတုန်းက လမ်းပန်းဒုက္ခကိုတွေးကာ လူတွေအတော်များများ အိမ်ပြန်ချင်စိတ် ကဲနေသဖြင့် ကျွန်မတို့အဖွဲ့သားတွေခြေမြန်လက်မြန်လှေသင်္ဘောတွေဆီ ရောက်ကုန်ကြဟန်တူသည်။ ကျွန်မကတော့ မည်သည့်အချိန်အခါမှ တစ်ကျော့ပြန်ရောက်ရှိနိုင်မည် မခန့်မှန်းနိုင်သော မကြုံဂလက်ကို ရုတ်တရက်ခွဲခွာရန် တွန့်ဆုတ်နေတာလည်းပါသည်။ အပြေးအလွှားပြန်လျှင်လည်း ကော့သောင်းသာ ရောက်မည်။ ကျွန်မက ကိုယ့်အိမ်ကို ရောက်ဦးမည့်သူမဟုတ်။ ဒါဆိုလျှင် ဘာကို အမြန်လိုနေသနည်း။

"ကျွန်တော်တို့တော့ ဖြည်းဖြည်းပဲ ပြန်မယ်။ ပန်းချီကားတွေ ဖြုတ်ရသိမ်းရ သယ်ရမယ့် တာဝန်က ရှိသေးတော့ အမြန်လိုလို့ မဖြစ်ဘူး"

ဆရာကိုအောင်ဝေးနဲ့ ကိုဘုန်းဝေက တစ်သံတည်းထွက်လာသည်။ ရန်ကုန်က ပန်းချီကားတွေ လူတွေ စိတ်ဝင်စားကြသည်။

ပြည်စိုးထွန်း (ပန်းချီ)၏ "မြန်မာ့တောင်ပင်လယ်အလှ" ပန်းချီအရောင်းပြခန်းကတော့ ဆရာပြည်စိုးထွန်း ကြိုးစားရကျိုးနပ်သည်ဟုဆိုရချိမ့်မည်။ အနုပညာချစ်စိတ် တစ်ခုတည်းနှင့်ပင် ဆရာပြည်စိုးထွန်းအတွက် ဂုဏ်ယူနေမိသည်။

"ဝေး..."

ခပ်လှမ်းလှမ်း ရေလယ်ကျောက်ငါးကန်ဆီမှ ကောင်လေးတွေ ကျွန်မကို လှမ်းအော်နှုတ်ဆက်နေကြသည်။ ဆလုံလား ဗမာလား မသိရ။

"ဟေး..."

ကျွန်မလည်း အားကျမခံ ပြန်နှုတ်ဆက်လိုက်တော့ သူတို့လက်ထဲ တစ်စုံတစ်ရာကိုင်မြှောက်ပြကာ အော်ပြောသည်။

"ဒါမျိုးယူမလား"

www.linhtet.com



"ယူမယ် ယူမယ်"

ကျောက်ပန်းခက်လှလှကြီးကို မြင်တော့ ကျွန်မ လောဘ တက်လာပြန်သည်။ ကောင်လေးတစ်ယောက် ရေအောက်ဗွမ်းခနဲ ငုပ်ဆင်းသွားသည်။ ခဏကြာတော့ ကျောက်ပန်းခက်တစ်ခုပါလာကာ ကျွန်မဆီ ကူးလာသည်။ ယခုပင် ချိုးဖွဲ့လာ၍ ညှီစို့စို့ရနံ့ပင် မပြယ် ချင်သေး။

ထိုညနေက ပင်လယ်ရေတဝကြီးစိမ်ပြီး ရေချိုးချိုးရန် ရေချိုး ခန်း၌ ငွေငါးရာပေး၍ရေချိုးခဲ့ရသည်ကိုပင် မနှောမြောနိုင်ဘဲ ကျောက်ပန်း ခက်ရလို့ ဝမ်းသာမှုတွေ ဖြာဝေနေခဲ့သည်။ သည်ကျောက်ပန်းခက် ကြီးမျိုး ကျွန်မ၏ချစ်လှစွာသောအိမ် လူထုဒေါ်ဒေါ်မာ ဧည့်ခန်း၌ ထားလိုက်ရလျှင် ဘယ်မျှလှပ ဝင့်ထည်နေမည်နည်း။ အပြန်ခရီး ဒုက္ခနှင့်မတွေ့သေးသဖြင့် ကျွန်မစိတ်ကူးတွေ အစွမ်းကုန်ရှက်လွင့်လို့။

၁၇-၂-၂၀၀၄ ည မီးပုံပွဲကတော့ ကျွန်မကို ရည်စူးပြီး ပြုလုပ်သဖြင့် ကျွန်မအတွက် ယနေ့ညကမှ တကယ့်ပွဲတော်ည။ တကယ်တော့ လေ့မမီဘဲ ကျန်ခဲ့သည့် ကျွန်မမှာ ဖိုးသူတော် လမ်း ပျောက်လေ ဆန်ရလေကိန်းကြုံနေခြင်းဖြစ်သည်။ တည်းခိုဆောင်များ ပေါ်မှ မည်သူမျှမရှိတော့သဖြင့် ဆရာနိုင်တာရာအကူအညီဖြင့် ကျွန်မ ကိုခင်မောင်ထွေး၊ မမာလိတို့ နေအိမ်ပေါ်သို့ ရောက်သွားတော့၏။

ကျွန်မအဖို့တော့ ရေငတ်တုန်းရေတွင်းထဲကျသွားခြင်းပင်။ ပွဲတော်ရက်အတွင်းအလုပ်များနေကြသဖြင့် တစ်ယောက်နှင့်တစ် ယောက် အသိမိတ်ဆွေပင် မဖွဲ့နိုင်။ ယခုဧည့်သည်လည်း စဲပြီ။ ကျွန်မလည်း ဆလုံဇနီးမောင်နှံနှင့် မိတ်ဆွေဖြစ်ရပြီ။

ကိုခင်မောင်ထွေးက ရမည်းသင်းသား။ သည်ဘက်မှာအရောင်း အဝယ်နှင့်လာရင်း မော်ကင်းပျိုဖြူနှင့် အိမ်ထောင်ကျရသည့်အဖြစ်။ အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊

www.linhtet.com



ဘွဲ့ရလူရွယ်လူလတ်တစ်ဦး။ မကြုံဂလက်မှာ အခြေချနေထိုင်ကာ ဆလုံမိန်းမပျိုနှင့် အိမ်ထောင်ကျ။ ဆလုံတောမှာ ပျော်နေသူတစ်ဦးကိုမြင်တော့ ကျွန်မ ဆရာ 'သိန်းဖေမြင့်' ရဲ့ အင္ဂလိပ်ခရီးသည်နှင့် ပုလဲဒေဝီ' ထဲမှ 'မောင်သန့်စင်' ကို အမှတ်ရသွားမိသည်။ မောင်သန့်စင်က သူ့ရဲ့ချစ်သူ ဆလုံသမီးပျို 'ပုလဲဒေဝီ' ကို ကျွန်းတောင်သောင်အနှံ့ရှာဖွေကာ အချစ်ကြီးခဲ့လေသူ။

သူရှာတွေ့တော့ ပုလဲဒေဝီမှာ ကရင်လူမျိုး 'စောရွှေထူး' ရဲ့ ဇနီးမယားဖြစ်နေပြီ။ တကယ်တော့ ပုလဲဒေဝီကိုယ်တိုင်က လူမျိုးကွဲ 'ကိုရာရှစ်' နှင့် ဆလုံတိုင်းရင်းသူ 'မစလက်' တို့မှ မွေးဖွားဆင်းသက်လာသူဖြစ်သည်။

အင္ဂလိပ်ခရီးသည်နှင့် ပုလဲဒေဝီဝတ္ထုတွင် ဆရာသိန်းဖေမြင့်က

"လူသားဆိုတဲ့ တစ်ခုတည်းသော မဟာမျိုးရိုးကြီးအဖြစ်စပေါ်ခဲ့တယ်။ တစ်ခုတည်းဖြစ်နေရာက ကွဲပြားခြားနားမှု ဖြစ်ပေါ်လာတယ်။ သွားလာနေကျ ကျက်စားရာနေရာ၊ ရာသီဥတု၊ ပတ်ဝန်းကျင်အခြေအနေတွေ ကွဲပြားမှုအပေါ် မူတည်ပြီး လူမျိုးရိုးကွဲမှုတွေဖြစ်လာတယ်။ လူမျိုးရိုးကွဲမှုတွေဖြစ်လာပြီးနောက် ရောနှောစပ်ယှက်မှုတွေဖြစ်လာတယ်။ ဒီဝိရောဓိတရားဟာ လူ့လောကမှာ အမြဲတမ်းအတူတကွနေပြီး လှုပ်ရှားနေတဲ့တရားတွေဖြစ်တယ်။ ဆလုံတွေကိုကြည့် မူလမဟာမျိုးရိုးဟာ (လူမည်း)နီဂရစ်ုက်(ကပ္ပလီ)ဖြစ်တယ်။

နီဂရစ်ုက်ဟာ လူသားဆိုတဲ့ မဟာမျိုးရိုးကြီးနှင့် တစ်သားတည်းဖြစ်ခဲ့တယ်။ လူသားဆိုတဲ့ မဟာမျိုးရိုးကြီးကနေပြီး နီဂရစ်ုက်အဖြစ်ကွဲပြားခြားနားပြီးနောက် အချို့အစိတ်အပိုင်းများဟာ (လူဝါ)မွန်ဂိုလွိုက်မဟာမျိုးရိုးကြီးမှ ဆင်းသက်တဲ့ မျိုးရိုးတွေနှင့် ရောယှက်ပေါင်းစပ်ပြီး ဆလုံဖြစ်လာတယ်။ ဒါကြောင့် တချို့ဆလုံတွေဟာ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းက မေလာနီးရှားတွေနှင့် ရောယှက်တဲ့မျိုးနွယ်ဖြစ်တယ်လို့

www.linhtet.com



ပြောကြတယ်။ တချို့ကျတော့ မွန်တွေနှင့် ရောယှက်ပေါင်းစပ်တယ်လို့ ပြောကြတယ်''

ဟုပြောထားသည်။

ထိုနေ့က ဆလုံအမျိုးသမီးနှင့် အကြောင်းဆက် ပေါင်းဖက်ကာ ရမည်းသင်းသား ကိုထွေး(ခေါ်)ကိုခင်မောင်ထွေးနှင့် မဟာမျိုးရိုးကြီးတို့ ပေါင်းစပ်ယှက်နွယ်မှုကို မဆွေးနွေးဖြစ်ခဲ့သော်လည်း ကျွန်မသိချင်သည့် မေးခွန်းတိုကလေးတွေတော့ မေးဖြစ်ခဲ့သည်။

''ကိုခင်မောင်ထွေးရဲ့ မူလအလုပ်အကိုင်က ဘာလဲ''

''ဆလုံရိုးရာ မျှောခရရောင်းဝယ်တဲ့ အလုပ်ပါပဲ''

''အမျိုးသမီးက ဆလုံတိုင်းရင်းသူနော်။ နာမည်ဘယ်လိုခေါ်ပါသလဲ''

''ဟုတ်ကဲ့။ ဆလုံတိုင်းရင်းသူပါ။ နာမည်က မမာလိလို့ခေါ်ပါတယ်''

''အမျိုးအနွယ်က ဘာအမျိုးအနွယ်ကနေ ဆင်းသက်လာပါသလဲ''

''အများလက်ခံထားတာက မလေးကနေ ဆင်းသက်တယ်။ အချို့စာအုပ်တွေအထဲမှာ အိန္ဒိယတောင်ပိုင်းက လာတယ်လို့လည်း ယူဆပါတယ်''

''ဆလုံမှာ အုပ်စုကြီး လေးစုရှိတဲ့အနက် ဘယ်အုပ်စုမှာ ပါဝင်ပါသလဲ''

''ဂျာအိအုပ်စု။ ပုလဲကျွန်းကို ဂျာအိလို့ဆလုံလိုခေါ်တာလေ။ ပုလဲကျွန်းအုပ်စုပေါ့''

''သူ့ရဲ့ အခြားဆွေမျိုးတွေကကော''

''တချို့လည်း ဒီ မကြုံဂလက်မှာပဲ။ တချို့ ဂျာအိနားက လင်နိးမှာ (၄)စု လောက်နေကြတယ်''

www.linhtet.com



"အမျိုးသမီးက စာတတ်သလား"

"မတတ်ပါဘူး။ ဒါပေမယ့် အခုနောက်ပိုင်းတော့ ဆလုံတွေ စာတတ်ကုန်ပြီ။ ကုန်မော်ကြီးမှာ 'လာရီး' ဆိုတဲ့ ဆလုံကလေးမ တစ်ယောက် ဆယ်တန်းဖြေထားတယ်"

"ဒါဆိုရင် ဒီဘက်ပိုင်းမှာ ဆလုံတွေ စာတတ်ကုန်ပြီပေါ့နော်"

"ဟုတ်တယ်။ အခု ရွာမှာ စာသင်ကျောင်းတွေရှိလို့ စာတတ်ကုန်ပြီ"

"ဆလုံပွဲတော်အပေါ် ဘယ်လိုမြင်လဲ။ ဒီလို ဆလုံပွဲတော် ပြုလုပ်ကျင်းပပေးတဲ့အတွက် ဘယ်လို အကျိုးသက်ရောက်မှုတွေ ရသလဲ"

"ကောင်းပါတယ်။ ဆလုံတွေကို စိတ်ဝင်စားလာတယ်။ အားပေးကူညီမှုတွေ ရှိလာတဲ့အတွက် သူတို့တစ်တွေရဲ့ ဘဝတိုးတက် မြင့်မားလာတယ်လို့ ယူဆပါတယ်"

"တစ်ခါတုန်းက ကျွန်မက 'အနားသတ်မျဉ်းများရဲ့ပွဲတင်သံ' ဆိုတဲ့ ဝတ္ထုတစ်ပုဒ်မှာ ဗမာကျောင်းဆရာမလေးနဲ့ ဆလုံလုလင်ပျို ကလေးကို ဖူးစာပေးဆုံထားပါတယ်။ လူတွေအတော်များများက ဒါဟာ မဖြစ်နိုင်ဘူး။ စိတ်ကူးယဉ်ဆန်လွန်းတယ်လို့ ဝေဖန်ခဲ့ကြ ဖူးတယ်။ ဒီအပေါ်မှာ ဆလုံမိန်းမပျိုကို ရွေးချယ်ဖူးစာဖက်ထားတဲ့ ကိုခင်မောင်ထွေးအနေနဲ့ ဘယ်လိုမြင်ပါသလဲ"

"ဒါကတော့ ခေတ်စနစ်ရယ်၊ အတွေးအခေါ်ရယ်၊ ဆုံးဖြတ် ချက်ရယ်ဆိုတာ ပတ်သက်ယှက်နွယ်နေတဲ့ အရာတွေပါ။ အတွေး အခေါ် ခံစားချက်မြင့်တယ်ပြောပြော၊ နိမ့်တယ်ပြောပြော တစ်ချိန်က ထင်ကြေးတွေဟာ ဒီကနေ့ ဖြစ်ချင်ဖြစ်မယ်။ မထင်တဲ့အရာတွေလည်း ဖြစ်ချင်ဖြစ်နေတတ်တယ်။ ဒါကြောင့် ဒီကဏ္ဍဟာ သိပ်ပြီးစေတနာတို့ ကရုဏာတို့ဖြစ်ပေါ်ပေါင်းဆုံလာတဲ့အခါ မဖြစ်ဘူးလို့ ပြောလို့မရ

www.linhtet.com



ပါဘူး။ တကယ်လို့ ဆရာမစာအုပ်ထဲမှာ ရေးထားတဲ့ကိစ္စဟာ စောပြီး ရှေ့ကိုရောက်နေလို့ လက်မခံသေးဘူးဆိုရင် လက်မခံသေးတာ တစ်ပိုင်း။ ကျွန်တော်ပြောတဲ့ ဒီလူမျိုးစုတွေအပေါ် သံယောဇဉ်နှောင်ကြိုး တွေပေါင်းဆုံလာရင်''

''ဒီရွာမှာ ကျွန်မ ဝတ္ထုထဲကလို ကျောင်းဆရာမလေးတွေ ရှိလား''

''ရှိပါတယ်။ လွန်ခဲ့တဲ့ ၃၊ ၄နှစ်က ရွာကနေ ဆရာမတွေကို ကိုယ်ထူကိုယ်ထ ငှားတယ်။ ကလေးတွေကို စာသင်ချင်လာအောင် စည်းရုံးတယ်။ ဒီနှစ် အစိုးရက ကျောင်းကို ပံ့ပိုးပေးပါတယ်''

''ဆရာမလေး ဒေါ်အိမာလာခိုင်ဆိုတာ''

''ဟုတ်ကဲ့။ ရှိပါတယ်''

''ဆရာမလေးတွေက ဗမာတွေပဲလား''

''ဗမာပါပဲ။ အောက်သားထားဝယ်မြိတ်ဘက်ကပါ။ လက်ရှိ ကျောင်းအုပ် ဦးစိန်မြင့်ကတော့ ရန်ကုန်ဘက်ကပါ''

''အဝေးက ဗမာတွေ လာနေတာတွေ့ဖူးလား''

''အခြေချတဲ့အထိတော့ လာနေတာ မတွေ့ရသေးဘူး။ ကျွန်တော်ဆိုရင် သူတို့ရဲ့ ဘဝတွေကို ခြေခြေမြစ်မြစ် သိလာတော့ ရှန်းမထွက်နိုင်တော့ဘူး''

''ဟုတ်လား။ အဲဒီ ရှန်းမထွက်နိုင်တဲ့ နှောင်တွယ်မှုကလေးတွေ အကြောင်း သိခွင့်ရမယ်ဆိုရင် ကျွန်မ သိချင်ပါတယ်''

ကိုခင်မောင်ထွေးက ကျွန်မနှင့် အမေးအဖြေလုပ်နေရာမှ အိမ်ရှေ့သဲပြင်ပေါ်တွင် ကစားမြူးထူးနေသော ဆလုံကလေးငယ်များ ကို ခပ်ငေးငေးကြည့်နေသည်။ ထိုကလေးငယ်များထဲတွင် သူ မမာလိန္ဒင့်ရသော သားအကြီးကလေးလည်းပါသည်။ ကလေးအငယ် ကလေးက ပုခက်ထဲမှာ အိပ်ပျော်နေသည်။ လေးနက်သောအကြောင်း

www.linhtet.com



အရာတို့ကို ပြောတော့မည်ဆိုတော့ မျက်ခုံးနက်နက်များအောက်မှ ကိုထွေးရဲ့အကြည့်တွေ ပိုမိုစူးရှတောက်ပြောင်လာခဲ့သည်။

"ဆရာမရယ် ရှန်းမထွက်နိုင်တဲ့နှောင်တွယ်မှုဆိုရာမှာ မိသားစု သံယောဇဉ်ဆိုတာထက် ဒီတိုင်းရင်းသားတွေရဲ့ အားနည်းချက်တွေ ရယ်၊ အဲဒီအားနည်းချက်တွေအပေါ်မှာ အနိုင်ယူ အနိုင်ကျင့် ခံနေရ တာတွေ တကယ်လို့များ ကိုယ်မရှိခဲ့ရင် ပိုများဆိုးသွားမလား။ ဒီစိုးရိမ်စိတ်က ကျွန်တော့်ကို တုပ်နှောင်ထားတာပါပဲ"

"ကိုထွေးက သူတို့ရှေ့က မားမားမတ်မတ် ရပ်ပေးနေတယ်။ တကယ်လို့ ကိုထွေးမရှိဘူးဆိုရင် ဘာတွေဖြစ်လာနိုင်မလဲ။ သူတို့ ဘယ်လိုတွေ ခေါင်းပုံဖြတ်ခံနေရသလဲ။ ကျယ်ကျယ်ပြန့်ပြန့်ကြီး မဟုတ်တောင် တစ်ကွက်လောက်တော့ သိပါရစေ"

"ဒီလို ဆရာမရဲ့။ သူတို့မှာ မျိုးဆက်ပေါင်းများစွာ စာပေနဲ့ ဗဟုသုတတွေ ပြတ်တောက်လာတော့ ဟိုတုန်းကဆိုရင် ကျွန်းတွေမှာ အုပ်ချုပ်ရေးယန္တရားကလည်း လက်လှမ်းလို့ မမီသေးဘူး။ သူတို့ ရေငုပ်တယ်။ ရေအောက်က မျှော့တို့၊ စတီကောင်တို့၊ ကမာတို့ စသည်ဖြင့် ငုပ်ကြတယ်။ အခြားရောင်းဝယ်ဖောက်ကားတာ၊ စိုက်ပျိုး ရေးဘာညာလည်း မရှိဘူး။ ရတဲ့ပစ္စည်းအပေါ် ချိန်တွယ်တဲ့နေရာမှာ လည်း ခေါင်းပုံဖြတ်တယ်။ လာဝတ်တဲ့သူမှန်သမျှပါပဲ။ ဥပမာ ပြည်ကြီးငါးဆိုပါတော့ ချိန်လိုက်ရင် ဘယ်နှစ်ကီလိုရှိမှန်း သူတို့ မသိဘူး။ ချိန်ချင်သလိုချိန်၊ ပေးချင်သလောက်ပေး။ ပစ္စည်းအပေါ်မှာ ဈေးအပေါ်မှာ ခေါင်းပုံဖြတ်ကြတယ်။ ပြီးတော့ သူတို့ဟာ သနားစရာ ကောင်းလိုက်ပုံက ဘယ်သူပဲ ခြိမ်းခြောက် ခြိမ်းခြောက် သူတို့ ကြောက်တယ်။ ဒီလို သူတို့ရဲ့ အားနည်းချက်ကို သိလာတဲ့အခါ သူတို့ကိုထားပစ်ပြီး ထွက်သွားဖို့ဆိုတာ ကျွန်တော့်အတွက် ခဲယဉ်း သွားတာပေါ့"

www.linhtet.com



ထိုညက သွေသောင်ယံပေါ်တွင် ကိုခင်မောင်ထွေးအစီအစဉ်ဖြင့် ကျွန်မသည် ဆလုံရိုးရာမီးပုံပွဲ "အော်ရီဂျင်နယ်"အစစ်ကို မြင်တွေ့ခွင့် ရလိုက်လေသည်။ မှောင်ရီသန်းလာသည်နှင့်အမျှ ဧည့်သည်စဲသွားတော့ မကြုံဂလက်ရွာကလေးသည် ပုံမှန်အနေအထားသို့ရောက်ရန် အားယူနေလေသည်။ သောင်ပြင်အလယ်မှ မီးညွန့်မီးစွယ်တို့သည် ကောင်းကင်သို့ အလုအယက် ထိုးတက်နေသဖြင့် မီးရောင်အောက်တွင် သူတို့ရဲ့ အရှိအတိုင်း ပင်ကိုအလှသည် ရှိုးရိုးရဲရဲပေါ်ထွက်နေလေသည်။

ကိုခင်မောင်ထွေးက ဆလုံစကားအချို့နှင့် ပြောဆိုစည်းရုံးပြီးပျော်ရွှင်တက်ကြွစေရန် ယမကာအနည်းငယ်စီတိုက်သည်။ အသက်ခပ်ကြီးကြီး မိန်းမယောက်ျားတချို့ ဇရာမဒန်အိုးကြီးများ ယူထုတ်လာ၏။ ရေသယ်သည့် ပလတ်စတစ်ပုံးများ သယ်လာကြ၏။ အလို ဒန်အိုးကြီးများကို သူတို့၏ သန်မာသော လက်ချောင်းများနှင့်ပုတ်နှိုးတီးခတ်လိုက်သည်မှာ ဂီတသံထွက်သည်ပါလား။ တုတ်တိုဖြင့်ပလတ်စတစ်ပုံးကို ခေါက်သံမှာလည်း စည်းချက်ကျပါဘိ။ ပျိုပျိုရွယ်ရွယ် မိန်းမတချို့သည် အဘွားအိုနှစ်ယောက် သုံးယောက်ဆွဲဆွဲငင်ငင် သီကျူးလိုက်သော သီချင်းသံနှင့် မြိုင်ဆိုင်စွာ လှုပ်ရှားကပြကြသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှ၏။ စည်းချက်ညီတေးသွားသည် ဒန်အိုးကို တီးခတ်နေသော အသံနှင့်လိုက်ဖက်စွာမြူးကြွသွက်လက်လာသည်။ သူတို့ ဘာသာ ဓလေ့ တေးသွားကိုနားမလည်သော်လည်း သူတို့နှယ်ပင် ပျော်ရွှင်ကြည်နူးမှုကို ကူးစက်ခံစားမိသည်။

ထိုညက မကြုံဂလက်ရဲ့ နှုတ်ဆက်ညမီးပုံပွဲမှာ ဆလုံရိုးရာဖုံသံမပါသော်လည်း ကျွန်မ နှစ်ခြိုက်ကျေနပ်နေမိ၏။

"ပွဲတော်မှာ သီဆိုကပြတာတွေက ဆလုံနဲ့ နီးစပ်တဲ့ ဗမာ

www.linhtet.com



တွေက စပ်ဆိုသီကုံးကြတာပါ။ တကယ့်အော်ရီဂျင်နယ်က ဒါပါပဲ ဆိုတာ ဆရာမ သိသွားအောင်လို့ပါ"

ကိုခင်မောင်ထွေး ဆိုလိုရင်းကို ကျွန်မ သဘောပေါက်နိုင်ပါသည်။ မည်သည့်အရာဆို အစကနဦးသည် မပီပြင်ဝိုးတဝါး အကြမ်းထည်ဖြစ်စမြဲပင် မဟုတ်ပါလား။ အားထုတ်ကြိုးပမ်းသူတို့ကို ကျေးဇူးတင်စရာ ကောင်းလှ၏။

"ဒါကတော့ ကိုခင်မောင်ထွေးရယ်၊ တကယ့်အစစ်အမှန်တွေ ရှေ့တန်း ရောက်လာဖို့ဆိုတာက ရှင်တို့ ဆလုံတိုင်းရင်းသားတွေ ကိုယ်တိုင် တေးဂီတအပေါ် နှံ့စပ်ကျွမ်းကျင်လာတဲ့အခါ လိုအပ်ချက် အတိုင်းအတာအထိ ရောက်လာရမှာပေါ့။ အားမလျှော့ပါနဲ့"

ထိုညက အုပ်ချုပ်ရေးတာဝန်ခံ ဦးလှဌေးသည် ရောက်လာသဖြင့် ညဥ့်နက်အထိ စကားတွေ ပြောဖြစ်ကြသည်။ နယ်စုံလာသည့် ဦးလှဌေးသည် အခြားတိုင်းရင်းသားတွေနည်းတူ ဆလုံတိုင်းရင်းသားတွေအပေါ်မှာ ထားရှိသည့် ချစ်ကြင်နာမှုတွေ ကြားသိရတော့ အားနည်းသူတွေဘက်မှ အားတက်ရပြန်ပါသည်။

"ဒီအနီးအနားမှာ လှိုင်းကြီးအော်ဆိုတာရှိတယ် ဆရာမရဲ့။ လက်ခုပ်တီးတိုက်ရင် လှိုင်းတွေကြီးလာရော။ ကျွန်တော်တို့ မကြာခဏ လှိုင်းသွားစီးလေ့ရှိတယ်။ ဘဘာဝတရားကြီးရဲ့ လျှို့ဝှက်ဆန်းကြယ်မှုလို့ ပြောရမှာပေါ့ဗျာ"

ထိုညက ဦးလှဌေးဆီမှ ကြားသိရသော ပင်လယ်ပြင်ဗဟုသုတတွေမှာတော့ ကျွန်မရဲ့ငိုက်မျဉ်းမှုတွေကို လုယူသွားခဲ့သည်။ လူစုခွဲကြတော့ ညဥ့်(၁၂)နာရီခွဲပြီ။ ကျွန်မသည် မကြုံဂလက်၏ နောက်ဆုံးညကို ကုန်ဆုံးသွားမှာစိုးသည့်အလား တင်းတင်းကျပ်ကျပ်ပင် ထွေးပွေ့ထားချင်မိ၏။

www.linhtet.com



သည်နေ့တော့ စောစီးစွာပင် ရေဘောင်ပေါ် ရောက်နေပေမယ့် ကြားရသည့်သတင်းက အားတက်စရာပါ။ လူကြီးတွေ အစည်းအဝေး လုပ်တုန်းမို့ လောလောဆယ် ကော့သောင်းသို့ ထွက်မည့်လှေဘာလှေမှ မရှိပါတဲ့။ ကျွန်မ မနေ့တုန်းက ဟိုဘက်လှေလိုလို သည်ဘက်ဆိပ် လိုလိုနှင့် ကျန်ခဲ့သည့်အဖြစ်ကို သတိရကာ ဝီရိယနည်းလို့ မဖြစ်တော့ ဟု ကိုယ့်ကိုယ်ကိုယ် နှိုးဆော်နေရသည်။

ကိုအောင်ဝေး၊ ကိုဘုန်းဝေတို့က ပန်းချီကားအတင်အချ ကိစ္စတွေနှင့်မို့ စက်လှေ သို့မဟုတ် အမြန်ယာဉ်နှင့်မှ ပြန်ဖြစ်မည်။ ဖြည်းဖြည်းပေါ့တဲ့။ ကျွန်မနှင့် အဖော်ကျန်ခဲ့သူနှစ်ယောက်မှာတော့ အိမ်ပြန်ချင်ဇောတွေ ကပ်နေကြပြီ။ သူတို့မိသားစုတွေကလည်း မျှော်နေ ကြရော့မည်။

လူသူ ကျဲပါးသွားသောနေ့မှာပင် ထပ်ရောက်လာသူများကို တွေ့ရ၍ ကျွန်မ အံ့သြသွားသည်။ မြဝတီ စောကလျာဦးတို့အဖွဲ့။ ရေဘောင်ပေါ် စိတ်ပျက်လက်ပျက်ထိုင်နေစဉ် သတင်းကောင်းကြား ရသည်။ ကော့သောင်းအကအဖွဲ့ ပြန်ပို့မည့်ယူပီစစ်သင်္ဘောရှိသည်တဲ့။ ဒါပေမယ့် အောင်ဘာရွာအထိပဲ ပို့မှာတဲ့။ အောင်ဘာရွာမှာ လူနဲ့ ပစ္စည်းတွေတင်ဖို့ ကားနှစ်စီး စောင့်နေမှာတဲ့။

"အောင်ဘာကနေ ကော့သောင်းကားလမ်းက အတော်ဆိုး တာ။ အခုမှ စဖောက်တာ မကြာသေးတော့ လမ်းကြမ်းကြီးပေါ့။ လိုက်သွားရင် ကောင်းပါ့မလား။ လှေကြုံပဲ စောင့်မလား"

သုံးယောက်သား ခေါင်းချင်းဆိုင်တစ်ထိုင်တည်းနှင့် ဆုံးဖြတ်။ မကြာခင် ကော့သောင်းပြန်မည့် အကအဖွဲ့တွေ ရောက်လာတော့ စစ်သင်္ဘောထဲဆင်းဖြစ်သည်။ အကအဖွဲ့တွေက ပစ္စည်းကများ၊ လူကများ ကလေးတွေကြားထဲ ကျွန်မတို့သုံးယောက်သား တိုးတိုး ဝှေ့ဝှေ့။ သင်္ဘောထွက်တော့ ရာသီဥတုက သာတောင့်သာယာ၊

www.linhtet.com



လမ်းကလည်းကျွမ်း၊ စက်ကလည်းကောင်း။ မွန်းမစောင်းမီ အောင်ဘာ ရွာရောက်တော့၏။ အောင်ဘာရွာကား တစ်ချိန်တစ်ခါက စီးပွား ကုန်သွယ်မှု၊ ရောင်းဝယ်ဖောက်ကား စည်ကားရာနေရာ။ တံငါတစ်ပိုင်း၊ ကုန်သွယ်တစ်ပိုင်း၊ ဖွံ့ထွားစည်ပင်ခဲ့ရာနေရာ။ အောင်ဘာရွာမှာ နံနက်စာစားပြီး ကားပေါ်တက်တော့ ကားက အမိုးမပါကားပက်လက်၊ လူနှင့်ကား မနိုင်ရင်ကန်။ နောက်တစ်စီးမှာတော့ ကပွဲပစ္စည်းတွေ အပြည့်အမောက်။ ကျွန်မတို့မှာ ဒီရွာရောက်မှတော့ အားမနာနိုင်။ ကလေးတွေကြားထဲ အငြိုအငြင်ခံကာ တိုးဝှေ့စီးရတော့၏။

အောင်ဘာကားလမ်းကား မလွဲတောင်က အဘခေါ်ရမည် ထင်သည်။ တောင်ကို ဖောက်ထားသောလမ်းမှာ အကြမ်းထည်ပင် ရှိသေး၏။ အတက်မတ်၍ အဆင်းစောက်၏။ တောင်အတက်တွင် ကိုယ်က သူများရင်ခွင်ထဲကျ၍ တောင်အဆင်းတွင် သူတစ်ပါးကို ကိုယ့်ကျောမှာ ပိုးထားရ၏။ အမိုးမပါသည့်ကားက တစ်လမ်းလုံး နေလှန်းလာရုံမက ဖုန်ပင်ထူသေး၏။ ပတ်ဝန်းကျင် လေ့လာမှုလည်း မပြုနိုင်။ တစ်ချိန်လုံး ယုယဖေးမခဲ့သည့် ခရုအိတ်ကြီးမှာလည်း ဖိသိပ်ကျပ်ညပ်မှုအန္တရာယ်မှ ဘယ်လိုမှ မလွတ်ဘဲကံဆိုးနေရှာသည်။

ကျွန်မ မကြုံဂလက် မဆင်းခင်ရောက်ခဲ့သော မလိဝမ်းတို့၊ ယုဇနဆီကုန်းခြံတို့အနီးရောက်မှ ကားလမ်းသည် ပြေပြစ်ချောမော သွားတော့၏။ ကျွန်မတို့တောင်လက်မောင်းတံကြားထဲ ရောက်နေပါ ပေါ့လား။ ညနေမစောင်းခင် ကော့သောင်းသို့ရောက်ရှိလာတော့ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်လှသည်မှာ စာဖွဲ့လို့ပင် မပြနိုင်တော့။

အိမ်ရောက်တော့ အသွားတုန်းက 019 ဒုက္ခပေးသဖြင့် ပင်လယ်ရေထိလာသော အဝတ်အစားအသုံးအဆောင်များ၊အောင်ဘာ ကားလမ်းမှာ ကျိုးကြေခဲ့သော ပယ်လယ်ကျောက်ခက်များ။ထိုဖရိုဖရဲပုံ

www.linhtet.com



ကြားထဲတွင် နေလောင်ဒဏ်၊ ဆားပက်ဒဏ်တို့ဖြင့် ပင်ပန်းနွမ်းနယ်မှု ဒီရေတွေ မြင့်တက်နေတော့သည်။

"ကျွန်တော်ရယ်၊ ကိုအောင်ဝေးရယ်၊ ကိုဘုန်းဝေရယ် လူကြီး လေ့နဲ့ပါခဲ့တာ။ အစ်မကို ရှာသေးတယ်။ မတွေ့တော့တာနဲ့ ပြန်သွားပြီလို့ထင်နေတာ။ ဒီရောက်တော့ အစ်မရောက်သေးလို့ စိတ်ပူပြန်ရော"

ကျွန်မတို့ အောင်ဘာလေ့နှင့် လိုက်လာတာ မသိလိုက်သော နိုင်တာရာက စိတ်ပူလက်ပူပြောနေသည်ကိုပင် စကားမပြန်အား။ ထိုညက ကျွန်မ စောစီးစွာ အိပ်ရာဝင်ဖြစ်ခဲ့သည်။ ပင်လယ်ခရီးသွားပြီး ကုန်းပေါ်မှာ တော်ရုံနှင့် နေသားမကျသည်ကို သည်အရပ်မှာ "ကုန်းမူး သည်"ဟုခေါ်သည်။ ကျွန်မ ဘယ်နှရက် "ကုန်းမူး"နေဦးမည်မသိ။

*

ကိုအောင်ဝေး၊ ကိုဘုန်းဝေနှင့် ကျွန်မတို့သုံးဦးကို ဆရာရဲဘုန်း ခေါင်အိမ်မှာ ညစာကျွေးသည်။ မနက်ဖြန်ဆို ကျွန်မတို့ ကော့သောင်း ကို ခွဲခွာရတော့မည်။ ကိုအောင်ဝေး၊ ကိုဘုန်းဝေက သင်္ဘောနှင့်၊ ကျွန်မက အမြန်ယာဉ်ဖြင့် မြိတ်-ထားဝယ်ဖြတ်ပြီး ရန်ကုန်ပြန်မည်။ အလာတုန်းက အတူမဟုတ်သလို အပြန်ခရီးစဉ်လည်း မတူကြ။ တနင်္သာရီကို ချဉ်းကပ်ဖြတ်သန်းမှုလည်း မတူကြ။

ထားဝယ်၊ မြိတ်၊ ကော့သောင်း ထိုတနင်္သာရီတိုင်း တစ် ကြောလုံး လွန်ခဲ့သည့်အနှစ်အစိတ်ခန့်ကပင် ကျွန်မရောက်ရှိ ကျင်လည် ခဲ့ရာနေရာ။ မြိတ်ဆိုလျှင် နှစ်နှစ်တစ်ခေါက်၊ သုံးနှစ်တစ်ခေါက် ဆွေမျိုးမိတ်သင်္ဂဟများထံ ပြန်နေကျ။ ကျွန်မမိတ်ဆွေများ၊ ကျောင်း သားမိဘများသည် ကျွန်မ၏ပင်လယ်ကန်းတောင် ပင်လယ်တံငါ ဝတ္ထုများ ရေးသားရာတွင် များစွာအထောက်အကူပေးခဲ့ကြသည်။

www.linhtet.com



ထိုဒေသမှာ ပညာရေးဝန်ထမ်းအဖြစ် နှစ်ပေါင်းများစွာ ဖြတ်သန်းမှု အတွေ့အကြုံအရ ကျွန်မမှာ ဘာသာစကား အခက်အခဲ မရှိလှ။ ထားဝယ်စကား၊ မြိတ်စကားနှင့် ယဉ်ပါးလှပြီဖြစ်၍ ကမ်းရိုး တန်းသားတွေနှင့် ဆက်ဆံရသည်မှာ အဆင်ပြေ ချောမွေ့လှ၏။ ပြီးတော့ ကျွန်မက တိုင်းရင်းသားတွေကို စိတ်ဝင်စားသည်။ မိမိတို့နှင့် မတူသည့် ဓလေ့ထုံးတမ်းစဉ်လာများကြားတွင် ပျော်မွေ့သည်။

ဆလုံတိုင်းရင်းသားတွေပင် ယခုမှ ရှိသည်မဟုတ်။ ယခင် ကတည်းက ရှိခဲ့သည်။ ဆလုံမြင်ချင်လျှင် (ထိုစဉ်အခါက) မြိတ်မြို့ ပေါ်မှာပင် မြင်နိုင်သည်။ နောက်တော့ သူတို့ကျွန်းတောင်များဆီသို့ ဆင်းသွားခဲ့သည်။ ကျန်းမာရေးအသိပညာ ခေါင်းပါးလှ၍ မွေးနှုန်း ထက် သေနှုန်းများလာပြီဖြစ်သော ဆလုံတိုင်းရင်းသားတို့၏ သက်ရှည် ကျန်းမာ အနာဂတ်ရေးပူပန်ကာ ဆလုံတိုင်းရင်းသားတွေနှင့် ပတ်သက် သော ဝတ္ထုဆောင်းပါးများ အကြိမ်ကြိမ်ရေးခဲ့သည်။ ဆလုံတိုင်းရင်း သားဘဝ မြှင့်တင်ရေးဝတ္ထုပင်ဆိုဆို၊ဆလုံဓလေ့စရိုက် ဖော်ကျူးသော ဝတ္ထုဟုပင်ဆိုဆို ကျွန်မလက်လှမ်းတမီ ဆရာနိုင်တာရာတို့လို ဒေသ ခံတွေ အကူအညီကိုယူကာ ရေးသားဖော်ထုတ်ခဲ့သည်။

ယခု ဆလုံပွဲတော်ကြီး ကျေးဇူးကြောင့် ကျွန်မ ထိုတိုင်းရင်း သားတွေနှင့် နီးနီးကပ်ကပ် ပြန်တွေ့ရသည်။ ခေတ်သစ်ဆလုံသည် ရှေးဟောင်းဆလုံနှင့် မတူတော့။ တိုးတက်သစ်လွင် ပြောင်းလဲနေပြီ။ အချို့အဝက် တစ်ယောက်တလေ တိုးတက်ပြောင်းလဲလို့မရ။ အုံနှင့် ကျင်းနှင့် တိုးတက်ပြောင်းလဲလာဖို့လိုသည်။ ဆလုံပွဲတော်သို့ ပင်လယ် လေရှူလို့ ကောင်းရုံ၊ ပင်လယ်ရေချိုးလို့ကောင်းရုံ၊ ကမ်းခြေမှာ ခရုကောက်လို့ကောင်းရုံ လာကြပြန်သွားကြဆိုတာထက် ဆလုံဘဝ မြင့်မားဖို့၊ ဆလုံတို့၏ နိမ့်ကျနေသော စိတ်ဓာတ်များ မြင့်မားလာဖို့ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ခွင့်ရရေး စိတ်ပါဝင်စား ရည်ရွယ်

www.linhtet.com



ကြိုးပမ်းကြလျှင်တော့ အတိုင်းထက်အလွန် ကောင်းမွန်မည်ဖြစ်သည်။

ကျွန်မတို့ကပွလီပင်လယ်ပြင်ကြီးကို နှုတ်ဆက်ကြသည်။ ပါချန်မြစ်ပြင်ကို နှုတ်ဆက်ကြသည်။ မြေပုံခြေဖျားမြို့ကလေးကို နှုတ်ဆက်ကြသည်။ ဒေသခံ ကိုခင်လတ်ထွန်း၊ ကိုရဲဘုန်းခေါင်၊ နိုင်တာရာ၊ မသီတာ၊ မလှဲ့တို့ကို နှုတ်ဆက်ကြသည်။ ပြီးလျှင် အလှတရားတွေစုံညီနေသည့် မြိတ်၊ ထားဝယ်ကို နှုတ်ကဆက်ကြရဦးမည်။ တစ်ကွေ့တစ်ကောက် ပြန်ရောက်ဖို့ဆိုတာ မရေရာမှု သီးကင်းတွေပဲ မဟုတ်ပါလား။ လှဆိုးဗျင်းရယ် တနင်္သာရီ (သိပ်လှတဲ့ တနင်္သာရီ)ကတော့ ကျွန်မနှလုံးအိမ်ကို တစ်သက်တာလုံး စိုးမိုးနေမှာ သေချာလွန်းလှသည်။

အို…ဘာတဲ့။ ထားဝယ်သူ ကျွန်မညီမလေးတွေ ဆိုသည့် သီချင်းသံက ပင်လယ်လေနှင့်အတူ လွင့်ဝဲလိုက်ပါလာပြန်ပါပြီ။

ထင်ရှားစုံညီ ××× တင်စားမကုန်ပြီ ××× တင်စားမကုန်ပြီ ××× ထင်ရှားစုံညီ (အို လှလိုက်တဲ့တနင်္သာရီ)တဲ့။

ကျွန်မကတော့ သူတို့ထားဝယ်လေနှင့် ''လှဆိုးဗျင်းရယ် တနင်္သာရီ''ဟုသာ ဆိုလိုက်ချင်တော့သည်။ ။

**မိချမ်းဝေ**
**[ရုပ်ရှင်အော်လံ၊ စက်တင်ဘာ ၂၀၀၄ မှ မတ် ၂၀၀၅]**

www.linhtet.com

**အောင်ဝေး**

အသောနှင်တဲ့ပင်လယ်

(သို့မဟုတ်   ဆလုံနှင်းဆီသို့တေး)

www.linhtet.com

ဝန်ခံချက်

ယခုစာအုပ်ငယ်မှာ စာဖတ်သူဂျာနယ်တွင် အတွဲ(၄) အမှတ် (၄၁) ၁၉-၃-၂၀၀၄ နေ့ထုတ်မှ အတွဲ(၅) အမှတ် (၃) ၂-၇-၂၀၀၄ နေ့ထုတ်အထိ (၁၅)ကြိမ် တိုင်တိုင် အပတ်စဉ် အခန်းဆက် ဖော်ပြခဲ့သော ဆောင်းပါးရှည်ကို စာအုပ်အဖြစ် စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးရှည်သည် သွားရင်းလာရင်း တေးမှတ် ရေးခြစ်ထားခဲ့သည့် ခရီးသွားမှတ်တမ်း အမျိုးအစားမဟုတ်ပါ။ ခရီးသွားပြီးပြန်လာသောအခါ တွင်မှ အငွေ့မပြယ်တင်ကျန်ခဲ့သော တွေ့ကြုံခံစား မှုများကို ပြန်လည်ဖော်ထုတ် ရေးသားထားခြင်းသာ ဖြစ်ပါကြောင်း။

အောင်ဝေး

www.linhtet.com

■ ငါ့လက်သီးတစ်ဝိုက်
အသော့နှင်တဲ့ပင်လယ်
တမံဆည်မရတဲ့အခါ . . .။

**(ဒိုင်လန်တောမတ်စ်)**

www.linhtet.com



[၁]

ပင်လယ်က ရင်ချီလေတယ်
အဝေးလွမ်း
သိမ်းငှက်တစ်ကောင်မှ မရှိဘူး
ဆားငန်ရေရောင်
ကြယ်ရောင်ငွေရောင်ပေါ်လော
လမင်းမျော မျောလာတဲ့
အိပ်ရာ
အထီးကျန်အပြာ
''အော်သံ''
ပင်လယ်က ရင်ချီလေတယ်
ဟော ဟိုမှာ
ကောင်းကင်ကို လှမ်းလှမ်းပြီး
မျက်စပစ်ပြရုံ
တိမ်တွေ သေသေသွားတဲ့
ညဟာ

www.linhtet.com



သဘော်ကိုပဲ လွဲလွဲသိပ်နေတော့ပုံ။

ညက မှောင်မင်နေလေ၏။ ပင်လယ်ပြင်သည် ရယ်သွမ်းသွေး နေလေသည်။ အမှန်က ဘာမီးပြတိုက်တစ်စကိုမျှ ကျွန်တော် မြင်ရခြင်း မဟုတ်။ ကျွန်တော်၏စိတ်ကသာ ညအခါ မှောင်နေသည့် ပင်လယ် လေထုထဲသို့ စိုက်ငေးဝေရီရင်း ကျွန်တော်ရေးခဲ့သည့် "မီးပြတိုက်" ကဗျာကို ပြန်တွေးသီနေမိခြင်းသာဖြစ်သည်။

စက်လှေနံရံကို လာလာရိုက်သည့် တစ်ချက်တစ်ချက်ပင်လယ် လှိုင်းသံကိုကြားနေရသည်။ စက်လှေထဲမှာ ပါလာသူတွေ ကိုယ့်အတွေး နှင့်ကိုယ် ငြိမ်သက်တိတ်ဆိတ်နေကြသည်။

နံနက် ၁၁ နာရီကျော်ကျော်က ကော့သောင်းမြို့ အမြန်ရေ ယာဉ် ဆိပ်တံတားမှ ထွက်လာသော ကျွန်တော်တို့ စက်လှေသည် ပင်လယ်မိုးစုပ်စုပ်ချုပ်စ ညနေ ၆ နာရီလောက်တွင် လမ်းခုလတ်မှာ ကျောက်ပုံနှင့်ငြိကာ ကျောက်ဆောင်တင်သွားခဲ့ခြင်းဖြစ်သည်။ ပင်လယ် ဒီရေကျနေသည့် အချိန်ကြီးလည်းဖြစ်လေသည်။

ကျွန်တော်တို့အားလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်ငေးရင်း မင်နေကြဆဲ။

ဒါရိုက်တာ ဘုန်းဝေနှင့် ကျွန်တော် စက်လှေထဲမှာပါလာသည့် ဈေးသည်တွေဆီက ဘီစကွတ်မုန့်ဘူးနှင့် ရေသန့်ဘူးတွေဝယ်ပြီး ကိုယ့်ညနေစာ ကိုယ်ဖြေရှင်းလိုက်ကြသည်။ ပြီးတော့ ပင်လယ်ပြင် အမှောင်ထုထဲကို ပြန်ငေးနေလိုက်ကြသည်။ မတတ်နိုင်။ ရေက ရေကျကြီး။ ဘယ်တော့ရေပြည့်မည်မသိ။ စက်လှေက ရေပြည့်တော့မှ ငြိနေသော ကျောက်ပုံနှင့်လွတ်မည်။ စက်လှေထဲမှာ ကိုယ်တွေချည်း တော့မဟုတ်။

ဆလုံရိုးရာပွဲတော်မှာ သွားရောက်တာဝန်ယူကြမည့် ရဲအုပ် ဇော်မြင့်သူတို့ ရဲအရာရှိ တစ်သိုက်လည်းပါသည်။ ရန်ကုန်ဆက်သွယ်

www.linhtet.com



ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ဒုတိယ အထွေထွေ မန်နေဂျာ ဦးတင်ထွေး (ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း)နှင့် ကော့သောင်း စာတိုက်အဖွဲ့လည်းပါသည်။ ပြီးတော့ ကော့သောင်းမြို့ ၇ မိုင် ရွှေပြည်စိုးရွာက လူစု။ ပြီးတော့ ဆလုံရိုးရာပွဲတော် ကျင်းပမည့် ဗိုလ်ချိုကျွန်း၊ မကြုံဂလက်ရွာမှာ ဈေးရောင်းဖို့ လိုက်လာကြသည့် ကော့သောင်းမြို့က ဈေးသည်တစ်စု။

မနက်ကတော့ ကော့သောင်းမှ ထွက်လာစဉ်ကတည်းက ရာသီဥတုကြည်စင်သည်။ ပင်လယ်ပြင်က သာယာသည်။ အရောင် စိမ်းလဲ့ ပြာလဲ့သည်။ လှိုင်းလေအထူး ငြိမ်သက်နေသည်။ စက်လှေ ပေါ်ကနေ ကော့သောင်းမြို့ ဆိပ်ကမ်းဘက်ကို ခြသေ့်လည်ပြန် ပြန်လှည့်ငေးရတာ အရသာရှိလှသည်။ ကော့သောင်းသည် ဆိပ်ကမ်း လှသောမြို့ဖြစ်သည်။ ဘုရင့်နောင်အငူကုန်းပေါ်က ဘုရင့်နောင်မင်း တရားကြီးရုပ်တုကို ရေးရေးလှမ်းမြင်ရသည်။ တစ်ဖက်ကိုလှမ်းကြည့် လိုက်တော့ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ထီးထီးကြီးနှင့် သူဌေးကျွန်း။ သူဌေးကျွန်းသည် နေရောင်အောက်တွင် သစ်တောအုပ်အုပ်ကြီး စိမ်းရွှဲတောက်ပလျက်။

သည်ခရီး သည်လမ်းကို ကျွန်တော်နှင့် ဒါရိုက်တာ ဘုန်းဝေတို့ ရောက်ချလာကြခြင်းမှာ ဆလုံရိုးရာပွဲတော်က ညှို့ငင်ဆွဲဆောင်သော ကြောင့်ဖြစ်သည်။ ကော့သောင်းမြို့မှာ ကျွန်တော်တို့နှစ်ယောက်ကို ဆလုံရိုးရာပွဲတော် စပွန်ဆာလုပ်ပေးမည့်သူ နှစ်ယောက်က အဆင် သင့်ရှိနှင့်သည်။ တစ်ဦးက သူငယ်ချင်း ဒေါက်တာအေးကျော် (စာရေးဆရာ ရဲဘုန်းခေါင်)ဖြစ်ပြီး နောက်တစ်ဦးက ကျူရှင်ကျောင်း ဆရာ ကိုမြင့်ဦးမောင်(ဘာသာပြန်ဆရာ လှိုင်မြင့်ဦး)တို့ဖြစ်ကြသည်။ သူတို့၏ ကျေးဇူးတရားနှင့် ကျွန်တော်မြန်မာပြည်တောင်ဘက် အစွန်ဆုံးနေရာကို ရောက်လာခြင်းဖြစ်သည်။ ကျွန်တော့်မှာ အလားတူ

www.linhtet.com



ဥတ္တရလမင်းအဖွဲ့က စပွန်ဆာရသဖြင့် ပြီးခဲ့သည့် ၂၀၀၃ ဒီဇင်ဘာလထဲတုန်းကလည်း မြန်မာပြည်မြောက်ပိုင်း မြစ်ကြီးနားနှင့် တနိုင်းမြို့များအထိဆန်တက်ခဲ့ရသည့် အကျိုးထူးကိုရခဲ့ပြီ။ ယခု တောင်ဘက်ပင်လယ်အစွန်က ဘုရင့်နောင်အငူအထိ ကျွန်တော် စုန်ဆင်းခဲ့သည့် အကျိုးထူးကို ရပြန်ပြီ။

ဒါရိုက်တာ ဘုန်းဝေအဖို့ကတော့ သူ မြန်မာ့ရုပ်သံမှာလုပ်စဉ်ကတည်းက သူက ကော့သောင်းကို ရောက်ခဲ့ဖူးပြီးသား။ ဆရာတင်သန်းဦးနှင့် ဒါရိုက်တာဘုန်းဝေတို့ "ပါပီမ" ဇာတ်ကား (၁၉၉၁)ကို ကော့သောင်းနှင့် ရနောင်းတို့မှာ လာရိုက်ခဲ့ကြသည်။ ယခုအခေါက်ပါနှင့်ဆိုလျှင် ဒါရိုက်တာဘုန်းဝေအဖို့က လေးခေါက်မြောက်တဲ့။ ကျွန်တော်ကတော့ အခုမှ ပထမဆုံး။

ဆလုံရိုးရာပွဲတော်သည် ကျွန်တော်တို့နှစ်ယောက်လုံးကို ညှို့ငင်လိုက်သည်။ ဆွဲခေါ်လိုက်သည်။ သည်လိုနှင့် ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ လေထန်ကုန်းမှာ ခရီးစဉ်ကို အကြိမ်ကြိမ်ညှိနှိုင်းပြင်ဆင်ခဲ့ကြသည်။ ဆလုံရိုးရာပွဲတော်က ၂၀၀၄ ဖေဖော်ဝါရီ ၁၄ မှ ၁၇ ဖြစ်သည်။ ကျွန်တော်တို့က ချင်းတွင်းတို့၊ သံလွင်တို့ အပျော်စီးသင်္ဘောတွေနှင့် သွားနိုင်သည်မဟုတ်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် ခရီးစဉ်ဆွဲကတည်းက ရန်ကုန်ကနေ အသွားကို ကုန်းလမ်း၊ ကော့သောင်းကနေ အပြန်ကို ရေလမ်း၊ ထိုအတိုင်း စိတ်ကူးထားကြသည်။

သည်လိုနဲ့ ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ ၉-၂-၂၀၀၄ ရက် ညနေ ၅ နာရီခွဲ ရန်ကုန်-မြိတ် "တနသ်ာရီ" အဝေးပြေးကားကြီးနှင့် ရန်ကုန်က ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

"ကိုအောင်ဝေးနဲ့ ကိုဘုန်းဝေတို့ ဘာ စားပြီးကြပြီလဲ"

ကျွန်တော် စဉ်းစားကောင်းနေတုန်း စက်လှေပဲ့စင်ပေါ်က

www.linhtet.com



မေးခွန်းတစ်ခု စက်လှေဝမ်း အလယ်ကန့်ပေါ်မှာ ထိုင်နေသည့် ကျွန်တော်တို့ထံ ဖြတ်ဝင်လာသည်။ ဗိုလ်မှူးကြီးတင်ထွေး၏ တပည့် ကိုညီညီလွင်က လှမ်းမေးလိုက်ခြင်းဖြစ်သည်။ ဒါရိုက်တာဘုန်းဝေက လက်ကျန်ဘီစကွတ်မုန့်ဘူးနှင့် ရေသန့်ဘူးကို နောက်ဘက်သို့ လှည့် ထောင်ပြလိုက်သည်။ ခဏအကြာတွင် ကော့သောင်းမြို့ စာတိုက်မှူး ဦးကြည်ညွှန့် ကျွန်တော်တို့အနား လာထိုင်ကာ–

"ဗိုလ်မှူးကြီးကိုတော့ ညနေစာ လိမ္မော်သီးနဲ့ ကောက်ညှင်း ပေါင်းကျွေးပြီး ရေအဝတိုက်ထားတယ်ဗျာ"တဲ့။

သိပ်မှောင်မသွားသေးခင်တုန်းကတော့ ရဲအုပ်ဇော်မြင့်သူတို့ ရဲအရာရှိ တစ်သိုက်လည်း စက်လှေဝမ်းထဲမှာပါလာသည့် အုန်းသီးတွေ ကိုခွဲပြီး သောက်နေကြတာ တွေ့ခဲ့ရသည်။

ကျောက်ဆောင်ပေါ်မှာ စက်လှေက လွန့်တစ်ချက်၊ လူးပ် တစ်ချက်။ ဘယ်ဝယ်မြောက်တောင် ဖွေယောင်မျှော်ကြည့် အလင်း ရောင်မရှိ။ ပင်လယ်ပဲရှိသည်။ ဟုတ်တယ်။ ကပ္ပလီပင်လယ်ပြင်ထဲမှာ ကျွန်တော်တို့ ရောက်ရှိနေကြတာလေ။

ဆလုံရိုးရာပွဲတော်ကျင်းပမည့် ဗိုလ်ချိုကျွန်းမှာ ကော့သောင်း မြို့မှ မြောက်ဘက်ယွန်းယွန်း ၄၂ မိုင် ပင်လယ်ပြင်ထဲတွင် တည်ရှိ ပါသည်။ ရန်ကုန်မှဆိုလျှင် ၃၆၁ မိုင် အဝေးတွင် ရှိသည်ဟု သိရပါသည်။ ဗိုလ်ချိုကျွန်းက ကော့သောင်းမြို့နယ် အပိုင်ဖြစ်ပြီး ဘုတ်ပြင်းမြို့နယ်အပိုင် လန်ပိကျွန်းရှည်ကြီး၏ တောင်ဘက်တွင် ကပ်လျက်တည်ရှိပါသည်။ မကြုံ့ဂလက်ရှာဆိုသည်မှာ လန်ပိကျွန်းနှင့် ဗိုလ်ချိုကျွန်းကြားက ရေလက်ကြားနေရာ၊ ဗိုလ်ချိုကျွန်းဘက် ကမ်းခြေ အော်ကလေးကို ဆိုလိုခြင်းဖြစ်သည်။ ထိုရေလက်ကြားမှာ လန်ပိကျွန်း အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းကို ဖြတ်သန်းနိုင်သည်။ လန်ပိကျွန်းအရှေ့ဘက်ခြမ်းမှာ မြိတ်–ကော့သောင်း ရေလမ်းကြောင်း

www.linhtet.com



ကျပါသည်။

ကော့သောင်းက နံနက်ခင်း ထွက်လာစဉ်ကတည်းက ပင်လယ်ကို အရောက်အပေါက်နည်းသော ကျွန်တော်အဖို့ ကပ္ပလီ ပင်လယ်ပြင်၏အလှကို တဝကြီး အငမ်းမရ ကြည့်လာခဲ့သည်။ ယခု ပင်လယ်သည် ကျွန်တော်အဖို့ စတုတ္ထမြောက်ပင်လယ်ဟု တင်စားရမည်။ ကျွန်တော်ငယ်စဉ် ပုသိမ်မှာနေတုန်းက မော်တင်စွန်း ဘုရားပွဲ အကြိမ်ကြိမ်ရောက်ခဲ့ဖူးသည်။ မော်တင်ပင်လယ်၊ ပထမ မြောက် ပင်လယ်။ ကျွန်တော် ၁၉၉၆ မေမှာ ပိုင်သနှင့်ကျိုက္ခမီ မီးပြတိုက်မှာ ဗီဒီယို သွားရိုက်ခဲ့သည်။ ဒုတိယမြောက် ပင်လယ်၊ ကျိုက္ခမီပင်လယ်ပေါ့။ ၁၉၉၆ ဒီဇင်ဘာမှာတော့ ပိုင်သနှင့် ကျွန်တော် ထားဝယ်ကျောင်းသားပွဲတော်သွားရင်း မောင်းမကန် ကမ်းခြေမှာ ဗွီဒီယိုရိုက်ခဲ့ကြသည်။ ဒါက မောင်းမကန်ပင်လယ်၊ တတိယမြောက် ပင်လယ်ဆိုရင် အခု ကျွန်တော်ရောက်လာတဲ့ ကော့သောင်းပင်လယ်၊ ကပ္ပလီပင်လယ်က စတုတ္ထမြောက် ပင်လယ်ပါပဲ။

ကျွန်တော် မြစ်တွေကို အများကြီးချစ်ခဲ့တယ်။ အခု ပင်လယ် တွေကို ချစ်မိနေပြန်ပြီလား။

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်မြောက်ဖျား နတ်မြစ်ဝမှ တနင်္သာရီတိုင်း တောင်ဘက်အစွန်ဆုံး ကော့သောင်းအငူ(ဘုရင့်နောင် အငူ)အထိ ကမ်းရိုးတန်းမိုင် ၁၂၀၀၊ ကျွန်းပေါင်း ၁၀၀၀ ရှိပါသည်။ တနင်္သာရီကမ်းရိုးတန်းတွင် ကျွန်းပေါင်း ၈၁၆ ကျွန်းရှိပြီး တောင် ဘက်ကျသည့် မြိတ်ကျွန်းစု တစ်ခုတည်းတွင် ၈၀၄ ကျွန်း ပါဝင် သည်ဟု သိရပါသည်။

စက်လှေပေါ်မှာပါလာသည့် ဆလုံရိုးရာပွဲတော်မှာ လုပ်အား ပေး တာဝန်ယူကြရမည့် ကော့သောင်း ၇ မိုင် ရွှေပြည်စိုးရွာ လူစုထဲ က တစ်ယောက်က ကျွန်တော်တို့ကို ပြောပြသည်။ ဟိုးမှာ မိုးကုပ်

www.linhtet.com



စက်ဝိုင်းမှာ ဇာဒက်ကြီးကျွန်း၊ ဇာဒက်ငယ်ကျွန်းတဲ့။ အရှေ့ဘက် ကမ်းခြေက မပုတေးကျွန်းတဲ့။ ပြီးတော့ ရွှေကျွန်းလေး၊ ရွှေကျွန်းကြီး၊ ကျွန်းငါးလုံးတန်းနှင့် ထင်းရှူးကျွန်းတွေကို ဖြတ်လာခဲ့တာတဲ့။

"ဗိုလ်ချုပ်ကျွန်းက ဘယ်ဘက်မှာလဲ" လို့ မေးကြည့်တော့ "ဟိုး…ရှေ့မှာ" တဲ့။

ကျွန်တော်တို့ လှမ်းကြည့်တော့ ဘာမှမမြင်ရ။ ပင်လယ် ကြီးကိုပဲ အဆုံးမသတ်မြင်နေရသည်။ လှိုင်းလေကတော့ အတော့်ကို ငြိမ်ပါသည်။ တစ်ခါတစ်ရံ စက်လှေက မြစ်ကြီးနားရထား စီးရ သလောက်ပဲ ပုခက်လွှဲချင်လွှဲတတ်ပါသည်။ လေပြင်းမတိုက်ပါ။ နေလုံးကြီးက တဖြည်းဖြည်း ပင်လယ်ထဲကို ငုံ့စိုက်ဆင်းလာပါသည်။ ညနေအရောင်ကိုလိုက်ပြီး ပင်လယ်ရေကလည်း အရောင်ပြောင်းလာ သည်။ စက်လှေကတော့ နှင်ဆဲ။

"ရှေ့မှာ ညောင်ဝိကျွန်း၊ ဘိုရွှတ်ကျွန်း၊ ဝါးကျွန်းတွေကို ဖြတ်ပြီးရင် မကြုံဂလက်ကို ရောက်ဖို့နီးပြီ"

ရွှေပြည်စိုးရွာသားတစ်ယောက်က ပြောပါသည်။ ကျွန်တော် တို့ လည်ပင်းတွေ၊ မျက်လုံးတွေ ဆန့်ထုတ်ပြူးစွင့်ပြီး ရှေ့ကိုကြည့်ကြ ပါသည်။ မှုန်မင်ဝေဝါး။ နေလုံးဝါဝါကြီးက ပင်လယ်ရေထဲမရောက်ခင် တိမ်ပုပ်ပုပ်ထဲ ငုပ်ဝင်ကာ ပျောက်ကွယ်သွားတော့သည်။ အမှောင်ကျပြီ။ ကျွန်တော်တို့စိတ်ထဲက ဟာတာတာဖြစ်လာပြန်သည်။ ကျန်သေးသည့် ဘီစကွတ် မုန့်ဘူးတွေ၊ ရေသန့်ဘူးတွေ ထပ်ထုတ်ကြရပြန်သည်။

သည်လိုပုံနှင့် မိုးကြီးစုပ်စုပ်ချုပ်လေ၏။ ကျွန်တော်တို့မှာ အမှောင်ထဲ ငုတ်တုတ်ထိုင် လိုက်လာရင်း ဘယ်ဆီမှာ ရှိမှန်းမသိသော ဗိုလ်ချုပ်ကျွန်းဆီသို့ တရူရော်တမ်းကာ မျှော်မှန်းငေးမင် နေမိကြလေ သည်။ ရေခဲလေက လူကို လာတိုက်နေဆဲ။

ထိုစဉ်မှာပဲ "ဒုန်း…ဒုန်း…ဒုန်း" ဆိုသည့် အသံကြီးကို

www.linhtet.com



ကျယ်လောင်စွာ ကြားလိုက်ရပြီး စက်လှေလည်း စက်သံရပ်ကာ နှစ်ချက်သုံးချက် လှုပ်လွန့်ယိမ်းထိုးသွားကာ ပင်လယ်ပြင်ထဲတွင် လုံးဝရပ်သွားပါသည်။ ကျွန်တော်တို့မှာ အတွေ့အကြုံမရှိသဖြင့် ကြောက်အားလန့်အား ဖြစ်သွားကြသည်။ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ။

"ကျောက်ပုံငြိတာပါ"တဲ့။ စက်လှေက ရေလမ်းကြောင်းမှားပြီး ကျောက်ဆောင်ပေါ် တင်သွားခြင်းဖြစ်သည်။ စက်လှေပဲ့နင်းကြီးက စက်ပြန်နိုး၊ နောက်ပြန်ဆုတ်ကြည့်သည်။ မရတော့ပါ။ ငါးကြင်းမြီး ညပ်သွားပြီ။ ရေကလည်း ရေကျကြီးဖြစ်နေသည်တဲ့။ တတ်ကျွမ်းနားလည်သူကတော့ လက်လျှော့ပြီး သည်အတိုင်း လက်ပိုက်ကြည့်နေလိုက်ပြီ။ ဆိုးသည်က ကျွန်တော်တို့စက်လှေမှာ ဘာမီးမှမပါ။ ဘေးမှဖြတ်သွားဖြတ်လာ စက်လှေသင်္ဘောတို့ကိုသာ အားကိုးတကြီး စောင့်မျှော်ရတော့မည်။ မတတ်နိုင်ပါ။ မှောင်ကြီး မည်းကြီးတောထဲမှာ မြန်မာ့တောင်ပင်လယ်၏ အလှကိုလည်းမမြင်ရတော့။ မြိတ်ကျွန်းစု၏ ပသာဒကိုလည်း မခံစားရတော့။ ရင်ထဲက ဟာလာသည်။ စိတ်ထဲက ဆာလာသည်။ ပဲ့စင်ပေါ်က ဗိုလ်မှူးကြီးတင်ထွေးနှင့် အဖွဲ့ကလည်း ငြိမ်သက်။ စက်လှေဦးက ရဲအုပ်ဇော်မြင့်သူတို့ရဲ့ အရာရှိအဖွဲ့ကလည်း ငြိမ်သက်။ ပင်လယ်အိပ်မက်။

ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့လည်း ဘီစကွတ်မုန့်ဘူး အခွံ၊ ရေသန့်ဘူး အခွံတွေကိုကိုင်ရင်း ပင်လယ်ထဲကို ငေးရီနေကြဆဲ။ ထိုစဉ်–

"ဟေ့ စက်လှေ ဘာဖြစ်တာလဲ"

"ကျောက်ပုံငြိလို့"

ကိုယ့်အတွေးနှင့် ကိုယ်ငြိမ်ကုပ်ပြီး တိတ်တိတ်ကလေး ဆိတ်ဆိတ်ငေးနေသည်မို့ နောက်က လိုက်လာသည့် စက်လှေတစ်စင်း

www.linhtet.com



မီလာပြီး ကိုယ့်စက်လှေ အနားကပ်လာတာကို အမှောင်ထဲမှာမို့ ရုတ်တရက် သတိမထားမိလိုက်ကြပါ။ ထိုစက်လှေက ပဲ့နင်းနှင့် ကျွန်တော်တို့စက်လှေက ပဲ့နင်းတို့ စက်လှေချင်း ပခုံးချင်းတိုက်တွန်းချဖို့ ကြိုးစားကြသည်။ နာရီဝက်လောက်ကြာသည်။ မရပါ။ ရေပြည့်ကိုသာ စောင့်တော့။ ဟိုဘက်က စက်လှေလက်လျှော့ပြီး ဆက်မောင်းသွားသည်။ ဗိုလ်ချုပ်ကျွန်းရောက်လျှင် ကယ်ဆယ်ရေးအဖွဲ့ကို သတင်းပို့ပေးမည်ဟု အားပေးစကားပြောသွားခဲ့သည်။ ဒါ့အပြင်ကော ကျွန်တော်တို့က ဘာများ တတ်နိုင်ပါဦးမည်နည်း။

ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ စက်လှေအလယ်ဝမ်းကန့်ပေါ်မှာထိုင်ရင်း ရောက်တတ်ရာရာ တွေးသီနေမိကြသည်။ တစ်ချက်တစ်ချက် ထထလက်သော ပင်လယ်ပြင်မီးရောင် လက်လက်ကို ဟိုမှသည်မှ မြင်ရသည်။ ရုတ်တရက် ကောင်းကင်ယံမှာ အလင်းရောင်လာဟပ်သလိုလို မြင်လိုက်မိကြသည်။ "ဒါ ဗိုလ်ချုပ်ကျွန်းက မီးရောင်ဖြစ်နိုင်တယ်။ တစ်ခုခု မီးပုံရှို့တာဖြစ်မယ်" တချို့က မှတ်ချက်ပေးကြသည်။

လှေနံရံကို လာလာရိုက်သော ပင်လယ်လှိုင်းသံက တဖျပ်ဖျပ်၊ တဖြည်းဖြည်း ညက ဝါးမျိုလာသည်။ ပင်လယ်ထဲက ကျောက်ဆောင်ပေါ်မှာ ကျွန်တော်တို့ စက်လှေ ကျောက်ဆောင်တင်နေခဲ့သည်မှာ သုံးနာရီကျော်သွားပြီ။ ပင်လယ်ပြင်ကျယ်ကြီးထဲမှာ ကျွန်တော်တို့ ထီးထီးကြီးအမှောင်ထဲ ငုတ်တုတ်ထိုင်နေကြရသည်။ ရင်ထဲဖိုလာသည်။ ကြာတော့ လူလည်းညောင်းပြီ။ အတွေးလည်း ညောင်းပြီ။ စိတ်က မျောချင်ရာ မျောနေတော့သည်။

ဆလုံရိုးရာပွဲတော် ပို့စကတ် ➡

အလင်္ကာဝတ်ရည်

www.linhtet.com



www.linhtet.com



ကယ်ဆယ်ရေးအဖွဲ့ကား မလာသေး။ ၁၃-၂-၂၀၀၄ ည။ ကပ္ပလီပင်လယ်။

*

www.linhtet.com



[၂]

ဆလုံရိုးရာပွဲတော်၊ ကော့သောင်းမြို့နယ်၊ ဗိုလ်ချုပ်ကျွန်း။

ယခုခရီးမှာ ဒါရိုက်တာဘုန်းဝေနှင့် ကျွန်တော် တနင်္သာရီ တောင်ရိုးတန်းတွေပေါ်မှာ ကားဖြင့်စုန်ဆင်းလာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မှ မြိတ်သို့ကားဖြင့်၊ မြိတ်မှကော့သောင်းသို့ အမြန်ရေယာဉ်ဖြင့်၊ တစ်နည်း တနင်္သာရီတိုင်းကို ဖြတ်သန်းခြင်း။

တနင်္သာရီတိုင်းမှာ မြန်မာနိုင်ငံတောင်ဘက်စွန်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ယိုးဒယားနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်။ မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၅၈ မိနစ်နှင့် ၁၅ ဒီဂရီ ၀၆ မိနစ်အတွင်း တည်ရှိသည်။ ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းလွန်ကျွန်းပေါင်း ၈၀၀ ကျော် (၈၁၆) ရှိပြီး တောင်ဘက်ပိုင်းကျသော ကျွန်းများကို မြိတ်ကျွန်းစုဟု ခေါ်ပါသည်။ တနင်္သာရီတိုင်းတစ်ခုလုံး ဧရိယာ ၁၆၇၃၅ ဒသမ ၅၅၇ စတုရန်းမိုင် ကျယ်ဝန်းပါသည်။

တနင်္သာရီတိုင်းသည် အရှေ့ဘက်ကုန်းမြင့်ဒေသကြီးတွင် ပါဝင်၍ ပျမ်းမျှအမြင့်ပေ ၃၀၀၀ ခန့်ရှိသော တောင်တန်းများသည်

www.linhtet.com



အနောက်မြောက်ယွန်းယွန်းမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ သွယ်တန်းလျက်ရှိပြီး အချို့တောင်တန်းများမှာ ပင်လယ်ရေအောက်သို့ ငုပ်လျှိုးသွားကာ ပင်လယ်ကျွန်းတောင်များ ဖြစ်လာပါသည်။

ယိုးဒယား-မြန်မာ နယ်နိမိတ်အဖြစ် စီးဆင်းနေသော ပါချန် မြစ်ဝတွင် မြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံးအငူဖြစ်သည့် ဝိတိုရိယပွိုင့် (ခေါ်) ကော့သောင်းအငူ (ဘုရင့်နောင်အငူ)ရှိသည်။

ကမ်းလွန်ပင်လယ်ပြင်တွင် ကျွန်းအများအပြားရှိပြီး ထားဝယ် ဘက်တွင် ဟိန်းဇဲကျွန်းစု၊ မြိတ်ကျွန်းစုတွင် ကတန်ကျွန်း၊ ကင်းကျွန်း၊ ဇယော့သဲတန်းကြီး၊ ဒုံးကျွန်း၊ စခန်းသစ်ကျွန်း၊ ပန်းတောင်ကျွန်း၊ ကံမော်ကျွန်း၊ ပုလဲကျွန်း၊ ဆလုံကျွန်း၊ ဗိုလ်ချုပ်ကျွန်း၊ လန်ပိကျွန်း၊ ဇာဒက်ငယ်ကျွန်း၊ ဇာဒက်ကြီးကျွန်းတို့ ထင်ရှားပါသည်။ ပျမ်းမျှ အပူချိန် ၁၀၀ ဒီဂရီဖာရင်ဟိုက်၊ အနိမ့်ဆုံးအပူချိန် ၆၅ ဒီဂရီ ဖာရင်ဟိုက်နှင့် နှစ်စဉ်မိုးရေချိန် ထားဝယ် ၂၁၅ လက်မ၊ မြိတ် ၁၆၂ လက်မရှိသည်ဟု သိရပါသည်။

လူဦးရေ တစ်သန်းသုံးသိန်းကျော်နေထိုင်ပြီး တစ်စတုရန်းမိုင် လျှင် လူနေသိပ်သည်းမှု ၇၉ ယောက်နှုန်းရှိ၍ လူဦးရေအများစုမှာ ကမ်းရိုးတန်းလွင်ပြင်နှင့် မြစ်ချောင်းလွင်ပြင်များတွင် နေထိုင်ပါသည်။

ကျွန်းပေါင်း ၈၀၄ ကျွန်းရှိသော မြိတ်ကျွန်းစုတွင် ကတန်ကျွန်း မှာ အကြီးဆုံးကျွန်းဖြစ်ပြီး လန်ပိကျွန်းမှာ ကမ္ဘာ့အလှဆုံး ကျွန်းများ စာရင်းတွင်ပါဝင်ပါသည်။ လန်ပိကျွန်းတွင် သက်ဆိုင်ရာက အဏ္ဏဝါ အမျိုးသား ဥယျာဉ်တည်ဆောက်လျက်ရှိသည်ဟု သိရသည်။

လက်ရှိ ၂၀၀၃ ခုနှစ် မတ်လအထိ ကောက်ယူရရှိသည့် စာရင်းအရ ဆလုံတိုင်းရင်းသားဦးရေမှာ ၁၅၀၀ လောက်သာရှိတော့ သည်ဟုဆိုပါသည်။

"ကိုအောင်ဝေး၊ ဘီစကွတ်မုန့်ဘူး ထပ်ဝယ်ထားဦးမလား၊

www.linhtet.com



ဒီမှာ မသန္တာက ပြောနေတယ်။ အခုဝယ်ရင် ၇၀၀ တဲ့။ ကျွန်း ရောက်သွားရင် ၁၀၀၀ ဖြစ်မယ်တဲ့”

ဒါရိုက်တာဘုန်းဝေ ပြောလိုက်သည့်စကားကို ကြားတော့မှ ကျွန်တော့်အတွေးက ရပ်သွားသည်။ အချိန်ကလည်း ည ၉ နာရီ ကျော်ပြီ။ ကယ်ဆယ်ရေးအဖွဲ့ကလည်း လာမကယ်သေး။ မသန္တာ ဆိုသူမှာ ကော့သောင်းမြို့ အမြန်ရေယာဉ်ဆိပ်မှ ဈေးသည်တစ်ဦး ဖြစ်သည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ဒုတိယနှစ်နှင့် ထွက်ခဲ့ သည်ဟုသိရသည်။ ယခု သူမသည် မုန့်မျိုးစုံ၊ ရေသန့်ဘူး၊ အချိုရည် ငါးသိန်းကျော်ဖိုး ရင်းလာကာ ဆလုံရိုးရာပွဲတော်မှာ ဈေးရောင်းဖို့ ကျွန်တော်တို့ စက်လှေနှင့်အတူ ပါလာခြင်းဖြစ်သည်။ သူမနှင့်အတူ မောင်ဖြစ်သူ ကိုအေးမင်း၊ တူမဖြစ်သူ မအေးမတို့လည်း အဖော် ပါလာပါသည်။ မသန္တာကတော့ သူမ၏ မကြုံဂလက် ဘောဂဗေဒကို တွေးနေတာလား၊ ညနေစာ ထမင်းမစားရသေးသဖြင့် မှိုင်တွေငေးနေ တာလား။ စက်လှေဝမ်းထဲမှာ ခွေခွေကလေး။ ကျွန်တော်တို့၏ ဒုတိယအထွေထွေမန်နေဂျာ ဗိုလ်မှူးကြီးတင်ထွေးကတော့ ပွဲစင်မောင် မောင်ပေါ်မှာ မြိန်မြိန်ကြီး။

ကျွန်တော်တို့နှစ်ယောက်အဖို့တော့ သည်ခရီးက မနားတမ်း နန်းစတော့ဖြစ်သည်။ ၉-၂-၂၀၀၄ ရက် ညနေ ရန်ကုန်ကထွက်သည်။ ၁၀-၂-၂၀၀၄ ည ထားဝယ်အဝေးပြေး ကားစခန်းမှာ အိပ်ရသည်။ ၁၁-၂-၂၀၀၄ ရက် နံနက်အစောကြီး ထားဝယ်ကနေ ထထွက်တာ မြိတ်ကို ညနေ ၄ နာရီလောက်မှာ ရောက်သည်။ မြိတ်မှာညအိပ်။ နောက်နေ့ ၁၂-၂-၂၀၀၄ ရက် နံနက် ၉း၃၀ အမြန်ရေယာဉ်ဖြင့် ဆက်ထွက်၊ ကော့သောင်းသို့ ညနေ ၄း၃၀ ဆိုက်ရောက်၊ ကော့သောင်း မှာ ညအိပ်ပြီးနောက်တစ်နေ့ ၁၃-၂-၂၀၀၄ နံနက် ၁၁ နာရီ ကျော်မှာ ဗိုလ်ချိုကျွန်းသို့ ဆက်ထွက်ခဲ့ခြင်းဖြစ်သည်။ နန်းစတော့

www.linhtet.com



ခရီးပင်။ ယခု စက်လှေကျောက်ဆောင်ပေါ် တင်နေသည်အထိ။

အို…ရန်ကုန်တောင်ဘက် ၃၆၁ မိုင်၊ ကော့သောင်းမှ မြောက်ဘက် ၄၂ မိုင်အကွာတွင် တည်ရှိသည်ဆိုသော ဗိုလ်ချုပ်ကျွန်းသည် ပင်လယ်ထဲတွင် ဒုက္ခရောက်နေသော ကျွန်တော်တို့ လူသိုက်အား လာရောက်ကယ်တင် ခေါ်ယူငင်ဖို့ ပြင်ဆင်နေပြီလား မသိချေ။

ညက နက်လာသည်။ လေညင်းက ကြမ်းလာသည်။ အချမ်းက ဆိုးလာသည်။ ပင်လယ်ပြင်ကြီးထဲမှာ ကျွန်တော်တို့ ကျောက်ဆောင်တင်နေတာကို ဘုရားသခင်ကပဲသိမည်။ လူက နွမ်းလာသည်။စိတ်က ရန်ကုန်မှာကျန်ခဲ့သည့် လေထန်ကုန်းကိုလည်း ပြန်ရောက်သည်။ လေထန်ကုန်းနှင့် ဗိုလ်ချုပ်ကျွန်း ဘာကွာသလဲ။ လေထန်ကုန်းမှာတော့ ဆလုံတွေ (မော်ကင်းတွေ) မရှိဘူးလေ။

ဆလုံရိုးရာပွဲတော်သည် ကျွန်တော်တို့ကို အတော်ပင် ဆွဲဆောင်ညှို့ငင်နိုင်ခဲ့လေသည်။ ရန်ကုန်မှာ၊ လေထန်ကုန်းမှာ ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ ကော့သောင်းကို ဆလုံရိုးရာပွဲတော်သွားကြမည်ဆိုတော့ တချို့က ကံထူးတာပဲဟုဆိုကြပါသည်။ ဗျာ…အခု ကျွန်တော်တို့ စက်လှေ ပင်လယ်ထဲမှာ ကျောက်ဆောင်တင်နေတာကကော ကံထူးတာပဲလားညယ်။

တကယ်က ကျွန်တော့်တို့ ရန်ကုန်က လေထန်ကုန်းက စာရေးဆရာ၊ ကဗျာဆရာတွေထဲမှာ ဆလုံစပါယ်ရှယ်လစ်ဆိုတာက ဆရာဆောင်းဝင်းလတ်နှင့် ဆရာမ မိချမ်းဝေတို့နှစ်ယောက်သာ ရှိပါသည်။ သူတို့သည် လိုင်စင်ရ ဆလုံဝတ္ထုရေးသူတွေဖြစ်ကြသည်။ သူတို့ရေးသည့် ဆလုံဝတ္ထုဇာတ်လမ်းများဖြစ်သည့် ဆောင်းဝင်းလတ်၏ "လှေကလေး"ဝတ္ထုရှည် (ရှုမဝ၊ ဇန်နဝါရီ ၁၉၈၅) ကို ကျွန်တော် စွဲလမ်းခဲ့သည်။ ကျွန်တော် မိုးဂျာနယ်မှာ (၂၀၀၁) အယ်ဒီတာခဏလုပ်တုန်းက မိချမ်းဝေ၏ "လှိုင်းနှစ်ထပ်ပင်လယ်"အခန်းဆက်

www.linhtet.com



ဝတ္ထုရှည်ကို ထည့်သွင်းဖော်ပြခဲ့ဖူးသည်။

ကိုဆောင်းဝင်းလတ်ကတော့ ဆလုံရိုးရာ ပွဲတော်သွားဖို့ အခြေအနေမပေးသဖြင့် လိုက်ချင်သော်လည်း မလိုက်နိုင်တော့ပါ။ မိချမ်းဝေကတော့ ကျွန်တော်တို့ ရန်ကုန်က မခွာမီ ငါးရက်လောက် အလိုကပင် ထိုစာရေးဆရာမက အရင်သွားနှင့်ပြီဟု သတင်းရသည်။

ရန်ကုန်က ထွက်မလာမီ ၆-၂-၂၀၀၄ ရက် ပြည်လမ်း IBC မှာကျင်းပသည့် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ စာတမ်းဖတ်ပွဲတွင် ဆရာချစ်စံဝင်းကလည်း ကျွန်တော် ဆလုံရိုးရာပွဲတော်သွားမည်ဆိုသဖြင့် သူ၏ ၁၉၇၂ က ဆလုံအကြောင်း ရေးခဲ့သည့် ဆောင်းပါးပါသည့် ''စာထဲမှခရီး ခရီးထဲမှစာ'' စာအုပ် (၂၀၀၀ ပြည့်)ကိုလည်း ညွှန်းလိုက်ပါသည်။ လောလောဆယ် ကျွန်တော့်လက်ထဲမှာ ကိုမြင့်ဦးမောင်(လှိုင်မြင့်ဦး)ဆီက ငှားထားသည့် "A Journey Through The Mergui Archipelago:Jaeques Ivanoff & Thierry Lejard" စာအုပ်ကြီး ရှိနေသည်။

ကျွန်တော်၏ ဆလုံဗေဒမှာ စာတွေ့မျှသာ။ ဝတ္ထုထဲက၊ ဆောင်းပါးထဲက၊ စာအုပ်ထဲက။ ထိုမျှသာဖြစ်သည်။ ကျွန်တော်တို့သည် ဆလုံတိုင်းရင်းသားများနှင့် ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ဆက်ဆံရင်းနှီးကျွမ်းဝင်လိုသဖြင့် ယခုခရီးကို နှင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မှ ကော့သောင်းကားလမ်း၊ ရေလမ်းခရီးမှာ သုံးညအိပ် လေးရက်ခရီး။ ပင်တော့ပင်ပန်းသား။ သို့သော် ပင်ပန်းသည်ဟု ကျွန်တော်တို့မထင်။ ဗိုလ်ချိုကျွန်းသို့၊ ဆလုံတိုင်းရင်းသားတွေဆီသို့ ရောက်လိုဇောဖြင့် ကျွန်တော်တို့ ပျော်ရွှင်တက်ကြွနေကြပါသည်။ ခြွင်းချက်တော့ ရှိတာပေါ့လေ။ အခုလို ညကြီး မှောင်ကြီးထဲ၊ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးထဲမှာ စက်လှေကျောက်ဆောင်တင်ပြီး၊ ရေပြည့်ချိန်ကို ထိုင်စောင့်နေရတဲ့ ဒုက္ခ၊ ကယ်ဆယ်ရေးအဖွဲ့ကို မျှော်ရတဲ့ ဒုက္ခ

www.linhtet.com



ကတော့ ပျော်စရာမကောင်းလှပါဘူး။

ဆလုံတိုင်းရင်းသားတွေရဲ့ဘဝက ကြမ်းတမ်းခက်ထန်လှပါတယ်။ ကျွန်တော်တို့ ကဗျာဆရာ၊ ရုပ်ရှင် ဗီဒီယို ဒါရိုက်တာ အနုပညာသည်တွေရဲ့ ဘဝက ဘာဟုတ်သေးလဲ။ ပင်လယ်ပြင်ကြီးသည် ရယ်သွမ်းသွေးလျက် ရှိလေသည်။ ထိုစဉ်-

"ဟော…ပဲ့ထောင်တစ်စင်းလာနေပြီ"

ကျွန်တော်တို့ စက်လှေထဲက လူတွေ လှုပ်လှုပ်ရှရှ ဖြစ်သွားကြသည်။ ပဲ့ထောင်က စက်လှေအနား ရောက်လာသည်။ ပဲ့ထောင်က ခပ်သေးသေး။ အမှောင်ထဲမှာ ရေးရေးမြင်ရသည်။

"ပစ္စည်းတွေထားခဲ့ပါ။ လူတွေပဲ တစ်သုတ်ပြီးတစ်သုတ် အရင် ကမ်းပေါ်ကို ပို့ပေးမယ်"

ပဲ့ထောင်ပေါ်က တာဝန်ရှိသူ၏ စကားသံအဆုံးတွင် ရဲအုပ်ဇော်မြင့်သူတို့ အရာရှိတစ်သိုက် အရင်ဦးဆုံး ပါသွားသည်။ ကျန်သည့်လူတွေ စက်လှေပေါ်က တစောင့်စောင့်။ တော်တော်နှင့် ပဲ့ထောင်က ပြန်ပေါ်မလာ။ ရေကတော့ တက်စပြုလာနေပြီဟု ဆိုပါသည်။ ရေပြည့်ဖို့ကတော့ အကြာကြီး စောင့်ရဦးမည်။ မိုးလင်း ရေပြည့်လားမသိ။ ဟော- ပဲ့ထောင်တစ်ခေါက် ပြန်လာပြီ။

ဒုတိယအခေါက်မှာ ၇ မိုင် ရွှေပြည်စိုးရှာအဖွဲ့နှင့် ကျွန်တော်တို့ နှစ်ယောက် လိုက်ပါသွားသည်။ ကျန်ခဲ့သည့် ဗိုလ်မှူးကြီးတင်ထွေးတို့ လူသိုက်ကို နောက်ဆုံးတစ်ခေါက် လာခေါ်ရဦးမည်။

"ဆရာတို့၊ ပဲ့ထောင်က ကမ်းအထိ သွားလို့မရဘူး။ ကမ်းမရောက်ခင် ရေထဲ နှစ်ဖာလုံလောက် ဆင်းလျှောက်ရမှာနော်"

ပဲ့ထောင်ဆရာက ပြောပါသည်။ ပဲ့ထောင်က တော်တော်ကြာကြာ ခုတ်မောင်းရသည်။ ဗိုလ်ချုပ်ကျွန်းကို လျှပ်စစ်မီးရောင် တထိန်ထိန်နှင့် လှမ်းမြင်လိုက်ရတော့ ကျွန်တော်တို့ ပျော်သွားပါသည်။

www.linhtet.com



ပွဲထောင်ရပ်လိုက်သည့်နေရာမှာ ကျွန်တော်တို့ ဒူးဆစ်လောက် ရေထဲ ဆင်းလိုက်ကြသည်၊ ပင်လယ်ရေအေးအေးနှင့် ခြေဖဝါးအောက်က သဲသောင်ပြင်၏ အတွေ့ထူးမှာ နူးညံ့လှပါသည်။ မှောင်ရိပ်တစ်ဝက်၊ လင်းရိပ်တစ်ခြမ်း ပင်လယ်ကမ်းစပ်မှာ ကျွန်တော်တို့ ခရီးဆောင်အိတ် တွေလွယ်ရင်း ကမ်းပေါ်တက်လာပုံမှာ ဒုတိယကမ္ဘာစစ်ကြီးထဲတုန်းက မဟာမိတ်တပ်တွေ ပြင်သစ်ပြည် နော်မန်ဒီကမ်းခြေ တက်ခဲ့ကြတဲ့ ''ဒီဒေး''နေ့ကလိုလို။

ဒါရိုက်တာဘုန်းဝေက ကုန်းပေါ် အရင်ရောက်သွားသည်။ ကျွန်တော်က မမြင်မစမ်းနှင့် နောက်က လိုက်နေရသည်။ ကမ်းစပ် သောင်ပြင်ပေါ်မှာ လူသွားလူလာ တချို့တလေတော့ ရှိနေသေးရဲ့။ ကျွန်တော် လက်ကနာရီကို ကြည့်လိုက်တော့ ည ၁၀ နာရီ။

ကမ်းပေါ်ရောက်ရောက်ချင်း ကျွန်တော်တို့ အရင်ဆုံးလုပ်ရမည့် အလုပ်မှာ ပြခန်းကော်မတီက ကိုယုနိုင်ကို တွေ့အောင်ရှာဖို့ပဲဖြစ် သည်။ ကိုယုနိုင်မှာ ကော့သောင်းမြို့ဆေးရုံကြီးမှ ဓာတ်ခွဲမှူးဖြစ်သည်။ ''နိုင်တာရာ''ကလောင်အမည်နှင့် စာရေးသည်။ ကျွန်တော်တို့ ဗိုလ်ချို ကျွန်းမှာ တည်းခိုနေထိုင်ရေးအတွက် ကိုမြင့်ဦးမောင်(လှိုင်မြင့်ဦး)က ကိုယုနိုင်ထံ စာရေးပေးလိုက်သည်။

ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ မီးရောင်တွေ လင်းနေ သည့် အဆောက်အအုံတစ်ခုဘေးကဖြတ်ပြီး ကုန်းပေါ်တက်လာကြစဉ် အဆောက်အအုံထဲက လှမ်းအော်မေးသံ ကြားလိုက်ရသည်။

''ဘယ်အဖွဲ့ကလဲဟေ့''

ကျွန်တော်တို့မှာ ဘယ်အဖွဲ့ကမှ မဟုတ်သဖြင့် ဘာမျှပြန်မဖြေ လိုက်တော့။ ကျွန်တော်တို့မှာ ညကြီးမိုးချုပ် ဗိုလ်ချိုကျွန်းပေါ်ရောက် လာကြီး ကိုယုနိုင်ကို ဟိုလူ့မေးမရ၊ ဒီလူ့မေးမရ ဖြစ်နေတော့သည်။ မောသည်။ စိတ်ရောလူရော။ ဟူး…။

www.linhtet.com



တစ်ယောက်မေးလိုက်လည်း မသိဘူး၊ မရှိဘူးနဲ့ တွေ့သမျှ လူလေးငါးဆယ်လောက်ကို လိုက်မေးကြည့်တာ ဘယ်သူကမှ ဘာမှ မသိကြဘူးဗျာ။ ကျွန်တော်တို့ နှစ်ယောက် စိတ်နွမ်း၊ လူနွမ်း။ ပင်ပန်းကလည်း ပင်ပန်းနေကြပြီ။ စိတ်ထဲ တစ်ချက် အချဉ်ပေါက် သွားသည်။ ဘယ့်နှယ်ဗျာ၊ ဗိုလ်ချုပ်ကျွန်းဆိုပြီး တက်လာပါတယ်။ ဒီကျတော့ ဘာမှမသိတဲ့ "ဘာမသိ" ကျွန်းများ လမ်းမှားပြီး ရောက်နေ လေရော့သလား။ ဘုရားသခင် ကယ်ပါ။

နောက်တော့မှ ဟိုတယ်ခရီးအဖွဲ့ကလူတွေနှင့် တွေ့မှ လမ်းစ ရတော့သည်။ စောစောက ကျွန်တော်တို့ကို "ဘယ်အဖွဲ့ကလဲ ဟေ့" လို့ လှမ်းအော်မေးသူမှာ ဟိုတယ်ခရီး ဒုတိယဝန်ကြီး ကိုယ်တိုင် ဖြစ်နေလေသည်။ ဟိုတယ်ခရီးအဖွဲ့က လမ်းညွှန်သဖြင့် ကုန်းကလေး ပေါ်စွတ်ရွတ်တက်သွားခဲ့ရာ ကံကောင်းထောက်မစွာပင် ကျေးလက် ဆေးပေးခန်းမှာ ကိုယုနိုင်နှင့် တည့်တည့်တိုးလေသည်။


ဒါရိုက်တာဘုန်းဝေက ကိုယုနိုင်နှင့် ကျွန်တော့်ကိုမိတ်ဆက်ပေး ပါသည်။ ကျွန်တော်အောင်ဝေးပါ။ ကျွန်တော်နိုင်တာရာပါ။ဒါရိုက်တာ ဘုန်းဝေက အကျိုးအကြောင်း ပြောပြပြီးသည့်အခါ ကိုယုနိုင်နှင့် ဓာတ်ပုံဆရာ ကိုကျော်ကျော်စိုး (ဇီဝဗေဒ)တို့က ကျွန်တော်တို့ နှစ်ယောက်ကို ညစာကျွေးဖို့ ကုန်းပေါ်မှ သောင်ပြင်စပ်သို့ ပြန်ခေါ်လာခဲ့ ပါသည်။ မှောင်တစ်ရိပ်၊ လင်းတစ်ရိပ်ထဲတွင် အုန်းပင်တွေ လေဝှေ့နေ သော မကြုံဂလက်ရွာကလေးသည် သာယာသလိုလိုတော့ ရှိသည်ဟု ကျွန်တော် တွေးလိုက်မိသည်။

သောင်ပြင်ပေါ်လျှောက်လာရင်း ကိုကျော်ကျော်စိုးက မလှမ်း မကမ်းသောင်ရေစပ်သို့ လက်ညှိုးညွှန်ပြပြီး-



အလင်္ကာဝတ်ရည်

www.linhtet.com



www.linhtet.com



"အဲဟိုမှာ ရပ်နီးရပ်ဝေးက ဆလုံလှေတွေ ဆိုက်ထားတဲ့နေရာ ပေါ့။ မနက်မိုးလင်းတော့မှ ဆရာတို့နှစ်ယောက်ကို လိုက်ပြပါ့မယ်"

ကျွန်တော်တို့ သောင်ပြင်စပ်က မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း စားသောက်ဆိုင်တွင် ထိုင်လိုက်ကြသည့်အချိန်မှာ ည ၁၂ နာရီ သန်းခေါင်ချဉ်းဖို့ နီးလုပြီ ဖြစ်သည်။

ထိုစဉ် ကျွန်တော်တို့ကို လူတစ်ယောက် လာမေးပါသည်။

"ဆရာတို့က ကော့သောင်းက ဘယ်နှနာရီထွက်တဲ့ စက်လှေနဲ့ ပါလာတာလဲ"

"၁၁ နာရီထွက်တဲ့စက်လှေနဲ့ပါ" ဒါရိုက်တာဘုန်းဝေက ပြန်ဖြေပါသည်။

"ကိုအောင်ဝေး၊ ဆရာမ မိချမ်းဝေ ဘယ်စက်လှေနဲ့ လိုက်သလဲ ဆိုတာ ဆရာသိလား" ကိုယုနိုင်က ကျွန်တော့်ကိုမေးပြန်သည်။

"ဆရာမ မိချမ်းဝေနဲ့ ကျွန်တော်တို့၊ ကိုဘုန်းဝေတို့ ကော့ သောင်းရောက်တဲ့ မနေ့ညတုန်းက ချစ်သူကဖေးမှာ တွေ့ကြတော့ ဆရာမက သူ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်လှေနဲ့ လိုက်ရမှာတဲ့။ သူတို့ စက်လှေက နံနက် ၈ နာရီ ထွက်မယ်လို့ ပြောပါတယ်"

ထိုတွင် ပထမဆုံး မေးသူက-

"အေးဗျာ၊ အခု အဲဒီ ၈ နာရီထွက်တဲ့ စက်လှေ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ဒေါ်လှဲ့လှဲ့ဝင်းနဲ့အဖွဲ့၊ ခင်ဗျားတို့ ပြောတဲ့ စာရေးဆရာမ မိချမ်းဝေလည်းပါတဲ့စက်လှေ ဝင်မလာလို့ ဒီမှာ စိတ်ပူနေကြတယ်ဗျာ။ အခုထိ ဘာသတင်းမှလည်း မရသေးဘူး"

ထိုပုဂ္ဂိုလ်မှာ မြို့နယ် တာဝန်ရှိသူ အတွင်းရေးမှူး ဦးလှငွေး ဖြစ်သည်ဟု သိလိုက်ရသည်။ ဦးလှငွေး ပူပန်သလို ကျန်တဲ့လူတွေ လည်း ပူပန်နေကြသည်။ တချို့လည်း မမြင်နိုင်သည့် ပင်လယ်ပြင်ထဲ

www.linhtet.com



လှမ်းမျှော်နေကြသည်။ ထိုမနက်က ဗိုလ်ချုပ်ကျွန်းသို့ စက်လှေသုံးစင်း ထွက်လာသည်။ ကျွန်တော်တို့က အလယ်အစင်း။ ဆရာမ မိချမ်းဝေ တို့က အရင်ဆုံး ထွက်သွားတဲ့ အစင်း။ ကျွန်တော်တို့နောက်မှ ထွက်တဲ့ တတိယအစင်းပဲ ဗိုလ်ချုပ်ကျွန်းကို ချောချောမောမော ရောက်သွားသည်။ ကျွန်တော်တို့အစင်းက ကျောက်ဆောင်ပေါ်မှာ။ မိချမ်းဝေတို့အစင်းက ဘယ်ရောက်နေသလဲ။ ဒါရိုက်တာဘုန်းဝေနှင့် ကျွန်တော်တို့နှစ်ယောက်လည်း ကိုယ့်စာရေးဆရာမအတွက် ကိုယ်ပူပန်ပြန်ရတော့သည်။

ထိုညက ညလယ်စာ သန်းခေါင်ထမင်းသည် စားကောင်းသော် လည်း မျိုမကျခဲ့တော့ချေ။ မကြုံဂလက်သည် အချစ်စမ်းလေသည် လား။ မကြုံဂလက်၏ ပထမဆုံးညမှာ ကျွန်တော်တို့က စက်လှေ ကျောက်ဆောင်တင်၍ မိချမ်းဝေက သတင်းမရဘဲ ပျောက်ချင်းမလှ ပျောက်ဆုံးနေခဲ့လေသည်။

*

www.linhtet.com



[၃]

တစ်စုံတစ်ရာ၏ တွန်းထိုးနှိုးဆော်မှုကြောင့် သူ အသိကပ်မိချိန်တွင် ပထမဦးဆုံး သတိထားမိသည်မှာ သူ လဲလျောင်းနေသော နေရာသည် သူ့ကဗန်းလေ့ပေါ်မှာမဟုတ်သည့် အချက်ပင်။ ဒါဆိုလျှင်…။

ဟော။…

သူ လဲလျောင်းနေသော နေရာသည် တစ်စုံတစ်ရာသော တွန်းထိုးမှုကြောင့် သိမ့်မခနဲ လှုပ်ခါသွားပြန်သည်။ မဖြစ်ချေတော့။ သူ စူးစမ်းမှ ဖြစ်တော့မည်။ ညောင်းညာလေးလံနေသော လက်နှစ်ဖက်ကို အားယူမတင်၍ စမ်းကြည့်တော့ အခြေအနေကို မှန်းဆမနိုင်ပင် ဖြစ်သွားလေသည်။ သူ လဲလျောင်းနေသည်မှာ သူ့လှေ့ထဲမှာ မဟုတ်။ သစ်သားအခေါင်း တစ်ခုအတွင်းမှာပါလား။

ဒါဆိုလျှင် ဒါဆိုလျှင် လူတွေက သူ့ကို သေပြီအထင်နှင့် လူမနေသည့် ကျွန်းတစ်ကျွန်းမှာ လင့်စင်ထိုး၍ လာစွန့်ထားသည်မှလွဲ၍ ဘာမှမဖြစ်နိုင်။ မော်ကင်းဆလုံထုံးစံ သေသူကို စွန့်ပစ်သည့်ကျွန်းသည် လူမနေသည့်ကျွန်း၊ အစာရေစာ ရှားပါးသည့်ကျွန်း၊ သားရဲပေါသည့် ကျွန်းများဖြစ်တတ်လေရာ သူ့ကြောက်စိတ်ကို ယခုမှ ပုတ်နှိုးလိုက်

www.linhtet.com



သလို ဖြစ်သွားသည်။

လက်နှစ်ဖက်ကို အားပြု၍ ရုန်းထရန် ကြိုးစားစဉ်မှာပင် လင့်စင် လှုပ်ယမ်းပြီး သူ့အပေါ် မိုးထားသည့် အရာဝတ္ထု ဝုန်းခနဲ ပြုတ်ကျသွားလေသည်။ အလင်းရောင်စူးစူး ရုတ်ခြည်းဝင်ရောက်လာသဖြင့် သူ့မျက်လုံးများမှိတ်ကာ အတန်ကြာငြိမ်သက်နေပြီးမှ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်တော့ စောစောက ပြုတ်ကျသွားသော အရာမှာ သေသူအခေါင်းပေါ်က ဖုံးအုပ်ထားသော သူပိုင်သည့် ကဇန်းလှေကလေးဖြစ်နေတော့သည်။ ဆလုံလူမျိုးတို့ သေဆုံးပါက သေသူပိုင်ဆိုင်သော ဓား၊ ကပ်ပ (ပုဆိန်)၊ မှိန်း၊ ရေအိုးရေခွက်၊ အသုံးအဆောင်များအခေါင်းထဲထည့်၍ သေသူပိုင်လှေကို အုပ်မိုးကာ စွန့်ပစ်ရရိုး ထုံးစံအရ လာစွန့်ထားခြင်းဖြစ်သည်။

"ဆန်ဒီရေ"

အလို သူ့နာမည် အော်ခေါ်သံပါလား။ ရွာသားတွေ လာကြပြီ ထင်ပါရဲ့။ သူ အလွန်ပင် အားတက်သွားလေသည်။ ဆလုံထုံးစံမှာ သေလွန်ပါက ဤသို့ တစ်ကျွန်းမှာ လင့်စင်ထိုးလာရောက် စွန့်ပစ်ပြီး သုံးရက်အကြာတွင် ထိုကျွန်းသို့ ပြန်လာ၍ သေသူ အမည်ကို ကျွန်းပတ်ကာ အော်ခေါ်ရရိုးထုံးစံရှိသည်။ မသေဘဲ မိန်းမောနေရာမှ ပြန်လည်သတိရ ရှင်သန်လာပါက ရွာသို့ ပြန်ခေါ်သွားကြရုံပင်။ သူတို့လာနေကြပြီ ထင်ပါရဲ့။ လာကြပါ။

လာကြစမ်းပါ။

မြန်မြန်။

"ဆန်ဒီရေ"

ဆန်ဒီရေ…၊ ဆန်ဒီရေ…၊ ဆန်ဒီရေ…။ ခေါ်သံတွေကြားပြီး ကျွန်တော် အိပ်ရာက လန့်နိုးလာပါသည်။ ယာယီတည်းခိုဆောင် တစ်ခုလုံး တိတ်ဆိတ်နေ၏။ ဘေးမှာ ဒါရိုက်တာဘုန်းဝေက အိပ်မော

www.linhtet.com



ကျလျက်။ တည်းခိုဆောင်တစ်ခုလုံး လုံခြုံရေး တာဝန်ယူထားသော တပ်မတော်သားတွေကြားမှာ ကျွန်တော်တို့ ကဗျာဆရာ၊ ဒါရိုက်တာ နှစ်ယောက်က ထီးတည်း။ လက်က နာရီကို ကြည့်လိုက်တော့ နံနက်လင်းအားကြီး ၃ နာရီရှိပြီ။ ကျွန်တော် ပြန်အိပ်၍လည်းမရတော့။ သူများတကာတွေ အိပ်မောကျနေသည့် အချိန်မှာ ကိုယ်က ထထိုင် လှုပ်ရှားနေ၍မဖြစ်။ မျက်လုံးအကြောင်သားနှင့် ကျွန်တော် အသာ ကလေး ပြန်လှဲနေရသည်။

ဆန်ဒီရေ…၊ မီနိုင်းရေ…။

ညက ကျွန်တော် အိပ်မပျော်ခင် ဆရာမ မိချမ်းဝေ၏ "လှိုင်းနှစ်ထပ်ပင်လယ်" ဝတ္ထုကို ပြန်စဉ်းစားနေခဲ့မိသည်။ "လှိုင်း နှစ်ထပ်ပင်လယ်"မှာ ဆလုံလူပျိုကလေး ဆန်ဒီနှင့် ဆလုံအပျိုမလေး မီနိုင်းတို့၏ အချစ်ဇာတ်လမ်းဖြစ်သည်။ လူသည် အချစ်နှင့်မကင်း။ သို့သော် အချစ်တစ်ခုတည်းအတွက် လူဖြစ်လာသည်တော့မဟုတ်။ အချစ်ကိုမှီ၍ ပြဿနာအရပ်ရပ်ကို ရင်ဆိုင်ကြရသည်။ ဆလုံမှာလည်း ဆလုံအလျောက်။ မိချမ်းဝေက ထိုဝတ္ထုတွင် ဆလုံတို့၏ ဘဝ နေထိုင်ဟန်၊ လှုပ်ရှားဟန်၊ ရုန်းကန်ဟန်တို့ကို ဆန်ဒီနှင့် မီနိုင်းတို့ကို ဇာတ်ဆောင်ပြု၍ ရေးဖွဲ့ထားသည်။

ကျွန်တော် နံနက်လင်းအားကြီး မှောင်မည်းမည်းထဲမှာ မအိပ် ချင်တော့ပါ။ မနေ့က ညသန်းခေါင်အထိ ဘာသတင်းမှမရသော ဆရာမ မိချမ်းဝေအတွက် ကျွန်တော် စိတ်ပူပန်နေမိသည်။ ဟင် ဒီလို စိတ်ပူပန်မိဖို့ ဒီခရီးကို ငါတို့ လာခဲ့မိတာများလား။

တည်းခိုဆောင် သုံးလုံးတန်း ကုန်းမြင့်မြင့်ကလေးပေါ်မှာ ညအမှောင်ကို ထွင်းဖောက်၍ လင်းရောင်နီ သန်းစပြုပြီ။ ဗိုလ်ချိုကျွန်း ပေါ်မှာ လွမ်းမောစရာ အရုဏ်ဦး။ ကျွန်တော်၏ စိတ်က လာလမ်းကို ပြန်ရောက်သွားပြန်လေသည်။

www.linhtet.com



၉-၂-၂၀၀၄ ရက် ညနေက ကျွန်တော်နှင့် ဒါရိုက်တာ ဘုန်းဝေတို့ ရန်ကုန်-မြိတ် ကားလက်မှတ်ဖြတ်ပြီး "တနင်္သာရီ အိတ်စ်ပရက်စ်" အဝေးပြေးကားကြီးနှင့် နှင်လာခဲ့ကြသည်။ လမ်းတစ် လျှောက်ည။ တောင်ရိုးတန်းမြင့်မြင့်ကြီးပေါ်မှာ တပို့တွဲလပြည့်ကျော် ၄ ရက်ည အဝန်းလျှော့လျှော့ လမင်းက လမ်းပြလျက်။

၁၀-၂-၂၀၀၄ ရက် နံနက် လင်းအားကြီး ၂ နာရီခွဲမှာ ဘားအံတံတားထိပ်မှာ ကားရပ်အိပ်ရသည်။ နံနက် ၅ နာရီထိုး တံတားကို ဖြတ်ကျော်ခဲ့ပြီး နံနက်စောစောမှာ မော်လမြိုင်မြို့အစပ်ကို နင်းသည်။ လူဝင်မှုကြီးကြပ်ရေးဂိတ်မှာ မှတ်ပုံတင်စစ်သည်။ မှတ်ပုံတင် (နိုင်ငံသားစိစစ်ရေးကတ်ပြား) မရှိသဖြင့် ခရီးသွား ထောက်ခံစာနှင့် လာသော ကဗျာဆရာကို လူဝင်မှုကြီးကြပ်ရေး အရာရှိကလေးက သေသေချာချာကြည့်ပြီး မော်လမြိုင်မြို့ထဲ ဝင်ခွင့်ပြုလိုက်သည်။

မော်လမြိုင်မှ ရေးကို စုန်သည်။ သံဖြူဇရပ်ကို ကားပေါ်က လှမ်းငေးရသည်။ ပိုင်သနှင့် ကျွန်တော် ကျိုက္ခမီပင်လယ်မှာ ဗီဒီယို ရိုက်ခဲ့ကြဖူးသည်။ ၁၉၉၆ တုန်းက။ အခု ၂၀၀၄ မှာ မြင်ကွင်းတချို့ ပြောင်းသစ်နေကြသည်။ ထိုစဉ်က ကျိုက္ခမီ ဆင်ပုန်းရွာကမ်းခြေ နှင့် ကျိုက္ခမီ မီးပြတိုက်တို့မှာ ကျော်ဟိန်း၊ စိုးမြတ်သူဇာတို့နှင့် "ကျောက်ခဲရဲ့ ပင်လယ်မှတ်တမ်း" ဇာတ်ကားရိုက်ခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်၏ "မီးပြတိုက်" ကဗျာမှာ ထိုရိုက်ကွင်းတွင်ရေးခဲ့သော ကဗျာဖြစ်သည်။ ထိုစဉ်က မေလ၊ ပိတောက်ကြွေတွေထဲ။ ဒီဇင်ဘာလ ထဲမှာကျတော့ ပိုင်သနှင့် ကျွန်တော် ထားဝယ်ကျောင်းသားပွဲတော် မှတ်တမ်း ဗီဒီယိုရိုက်ရန် ထပ်ရောက်သွားခဲ့သည်။ မောင်းမကန်မှာ မြတ်လေး၊ ဒွေး၊ စိုးမြတ်သူဇာတို့နှင့် "ကဗျာမဆန်သောနေ့ရက် များ" ဗီဒီယိုကားရိုက်ခဲ့သည်။ ထိုစဉ်က ရန်ကုန်မှ ကားနှင့်သွားခဲ့ခြင်း ဖြစ်သည်။ ရေး-ထားဝယ် ကားလမ်း။

www.linhtet.com



ယခုခရီးစဉ်က ကျွန်တော့်အတွက် ဒီလမ်းမှာ နှစ်ခါပြန်သွားခြင်း။ သို့သော် တစ်ခါနှင့်တစ်ခါကျတော့ မတူတော့။ ပထမတစ်ခါ ၁၉၉၆ တုန်းက အတူသွားခဲ့ကြသည့် လူတွေထဲက ဒါရိုက်တာချားလ်စ်ဘရှင်၊ ဆရာမြတ်လေး၊ ပိုင်သတို့ အခုမရှိကြတော့။ မောင်းမကန်က ပြန်လာပြီး တစ်နှစ်ခြား၊ နှစ်နှစ်ခြား အစဉ်လိုက်ကွယ်လွန်သွားခဲ့ကြသည်။ ယခု ၂၀၀၄ မှာ တစ်ခေါက် ပြန်လာတော့ ဒီခရီးမှာ ကျွန်တော်တစ်ယောက်တည်း ထီးတည်း။ သေမင်းက ကျွန်တော့်ကို စစ်လား မေးလား မလုပ်သေး။

သို့သော် သေမင်းက မစစ်ဆေး၊ မမေးမြန်းသော်လည်း ရေးတံတားကြီး ထိပ်မှာတော့ ကျွန်တော့်ကို လူဝင်မှုကြီးကြပ်ရေးအရာရှိတွေက စစ်ဆေးမေးမြန်းပါလေတော့သည်။

"ဆလုံရိုးရာပွဲတော် ဘာသွားလုပ်မလို့လဲ"

"လေ့လာချင်လို့ပါ"

"နိုင်ငံသားစိစစ်ရေးကတ်ပြား ဘာလို့ မရှိတာလဲ"

"စာရေးဆရာ ရန်ကုန်ပြန်ရောက်ရင် မှတ်ပုံတင် အမြန်ဆုံးလုပ်လိုက်ပါ"

"ဟုတ်ကဲ့"

"ကလောင်နာမည် ပြောပါဦး"

"အောင်ဝေးပါ"

"ဩ-ကဗျာဆရာအောင်ဝေး လား"

အောင်ဝေးသည် တန်ခိုးတော့ နည်းနည်းရှိသည်။ (ရှိတယ်လို့ထင်၏) အောင်ဝေးကို အောင်ဝေးက ကယ်တင်လိုက်သဖြင့် ရေးတံတားကို ဖြတ်သန်းခွင့် ရသွားသည်။ သို့ဖြင့် ကျွန်တော်သည် ထားဝယ်-ရေးလမ်းမကြီးပေါ်က နာမည်ကျော် မလွှဲတောင်ကို ဒုတိယအကြိမ် ပတ်လွှမ်းခွင့် ရခဲ့လေသည်။

www.linhtet.com



ပထမအကြိမ် ၁၉၉၆ ထားဝယ်အသွား တစ်ခေါက်၊ မောင်းမကန်က အပြန်တစ်ခေါက်၊ ကျွန်တော် ဒီ မလွဲတောင်ပေါ်မှာ ကားဖြင့်ပတ်ခဲ့၊ လွမ်းခဲ့သည်။ အပြန်အခေါက်မှာ ကျွန်တော် ကဗျာ တစ်ပုဒ်ရေးခဲ့သည်။

**မလွဲတောင်ပေါ်မှာ**

သစ်တောက မြင့်လာတာမဟုတ်ဘူး
တိမ်တွေက နိမ့်သွားတာ။
လမ်းက ကွေ့သွားတာ မဟုတ်ဘူး
ဖဲကြိုးက တွန့်သွားတာ။
မြွေက ခွေနေတာမဟုတ်ဘူး
တောင်ကိုပတ်နေတာ။
ငှက်လိုပျံသန်းနေတာ မဟုတ်ဘူး
စိတ်နဲ့ ရွက်လွှင့်နေတာ။
မောင်းမကန်ကအပြန်
ပင်လယ်မှာ
ပင်လယ်မရှိ
လှိုင်းမထန်တဲ့ညတွေ
ကျန်ခဲ့ပြီ။
ဒီမှာ
ငုံ့ကြည့်လိုက်မှ
လည်ပတိုက်ဆွယ်တာနဲ့
အစိမ်းရောင် ရင်သားပင်လယ်
ကားက
လှိုင်းတွေပေါ်

www.linhtet.com



တစ်လုံးပြီးတစ်လုံး ကျော်ခဲ့လေတယ်။


တနင်္သာရီတောင်ရိုးတန်းတွေက သစ်တောအုပ်တွေကို ထမ်းပိုးထားကြသည်။ တောစိမ်းတောင်စိမ်းထဲမှာ ကျွန်တော် ဘဝကို အစိမ်းလိုက် လွမ်းမိသည်။ ၁၉၉၆-၂၀၀၄၊ ခုနစ်နှစ် ရှစ်နှစ်အတွင်းမှာ မလွှဲတောင်ပတ်လမ်းကို ဖြတ်သန်းရသည့် အရသာကတော့ မပြောင်းပါ။ သဘာဝတရားသည် ညှို့ဆဲ။

ကျွန်တော်တို့သည် မွန်ပြည်နယ်ကို ကျော်လာခဲ့ကြကာ တနင်္သာရီတိုင်း နယ်နမိတ်ထဲ ဝင်လာခဲ့ကြလေသည်။ ၁၉၉၆ တုန်းက ကလိန်အောင်ရွာသည် ယခု ကလိန်အောင်မြို့ဖြစ်နေလေပြီ။ ကျေးလက်ယဉ်ကျေးမှုမှ မြို့ပြယဉ်ကျေးမှုသို့။ ထားဝယ်အဝေးပြေး ကားဝင်းကို ရောက်တော့ မိုးချုပ်စပြုပြီ။ မှတ်ပုံတင်စစ်ကြပြန်သည်။ ကျွန်တော်၏ ခရီးသွားထောက်ခံစာက အဆင်ပြေသွားသည်။ ထားဝယ်မှာ ညအိပ်ရပ်နားရမည်။

"တနင်္သာရီ အိတ်စ်ပရက်စ်"က ထားဝယ်မှာ လမ်းဆုံးပြီ။ ကျွန်တော်တို့ မြိတ်ကိုဆက်ဖို့ "ရွှေဝယ်ရတနာ"ကားနှင့် ချိန်းပေးသည်။ ကျွန်တော်တို့ အဝေးပြေးကားဝင်းထဲက "ရွှေဝယ်သဇင်" တည်းခိုခန်းမှာပဲ စတည်းချရသည်။ ထိုညက ထားဝယ်မြို့တွင်နေသော သမိုင်းသုတေသီ စာရေးဆရာ ဆရာမောင်သန်းဆွေ (ထားဝယ်)သည် ကျွန်တော်တို့နှစ်ယောက်ကို သူ့ကားဖြင့် လာခေါ်ကာ ထားဝယ်မြို့ထဲက ရွှေနဂါးစားသောက်ဆိုင်မှာ ညစာတည်ခင်းဧည့်ခံပါသည်။ညစာစားပွဲသို့ ဒေါက်တာသက်ဦး [မြိုင်း (ဆေး-၂)]လည်း ရောက်လာသည်။ ခွဲစိတ်ဆရာဝန် ဒေါက်တာသန်းဝင်းကတော့ သူ့ဘုန်းကြီးပွဲရှိသဖြင့် လာနှုတ်ဆက်ပြီး ပြန်သွားသည်။ ထားဝယ်ညသည် လှပနေလေ၏။

ဗိုလ်ချုပ်ကျွန်း၊ မကြံ့ဂလက်ရေလက်ကြား၊
(ဝဲမှယာ) ဒါရိုက်တာဘုန်းဝေနှင့် စာရေးသူ ➡

www.linhtet.com



www.linhtet.com



ထိုညက ဆရာ မောင်သန်းဆွေ (ထားဝယ်)သည် ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ကို သူ၏ ဆင်စွယ်ရဲတိုက်အိမ်တော်ကြီးသို့လည်း ဖိတ်ခေါ်ဧည့်ခံခဲ့ပါသေးသည်။ ဆရာနှင့် ကျွန်တော်၏ ရင်းချာမှုမှာ အတိုင်းအတာတစ်စုံတစ်ရာ တစ်ခုအထိ ရှိပါသည်။ ဆရာက သူ၏ "ကုန်းဘောင်ရှင်းတမ်း" စာအုပ် ကျေးဇူးမှတ်တမ်းတွင် ကျွန်တော့်နာမည်ကို ကမ္ဗည်းတင်ခဲ့ပါသည်။ သူ ကျွန်တော့်အကြောင်းရေးပုံ တစ်ကွက်ကို ကျွန်တော်ဖတ်ပြမည်။ နားထောင်ကြည့်ပါ။

"ငယ်ပေါင်းကြီးဖော်တွေက မြသန်းလို့ခေါ်တယ်။ စာပေအသိုင်းအဝိုင်းက ဆရာမြသန်းတင့်လို့ လေးလေးစားစား ခေါ်တယ်။ စာရေးသူတို့လို ရင်းနှီးသူများက ဆရာမြလို့ ရိုရိုသေသေခေါ်တယ်။ ဆရာအောင်ဝေးတို့လို မကင်းတရားရှိသူတွေက ကွယ်ရာမှာ ဗိုလ်မြလို့ ချစ်စနိုးခေါ်တဲ့ စာရေးဆရာကြီး မြသန်းတင့်"

ဆရာမောင်သန်းဆွေ (ထားဝယ်)၏ "ဆရာမြသို့ အမှတ်တရ" ဆောင်းပါး (ရန့်သစ်၊ ဖေဖော်ဝါရီ ၂၀၀၄) ထဲက ဖြစ်သည်။ မြစ်ကြီးနားက ဦးသန်းဆွေကို ဥတ္တရလမင်း ဦးသန်းဆွေဟု သိကြသည်။ ယခု ထားဝယ်ဦးသန်းဆွေကိုတော့ ဒက္ခိဏလမင်း ဦးသန်းဆွေဟု ဆိုရချေတော့မည်။ ဆရာ မောင်သန်းဆွေ(ထားဝယ်)သည် သူ့အိမ်တော်တွင် ညဥ့်အတော်နက်သည်အထိ ကျွန်တော်တို့ကို ဧည့်ခံကာ စာပေအကြောင်းတွေ၊ သမိုင်းအကြောင်းတွေ အလေးအနက် ပြောခဲ့လေသည်။ ကျွန်တော်တို့ကို အဝေးပြေးကားဝင်း ရွှေဝယ်သဇင် တည်းခိုခန်းသို့ ပြန်လိုက်ပို့ဖို့ ဒေါက်တာသက်ဦးက စောင့်နေသည်။ ဆရာဦးသန်းဆွေသည် သူ့အိမ်ကအပြန်တွင် ကျွန်တော့်လက်ထဲ "လမ်းခရီးကအရှည်ကြီး ကျန်သေးတယ်၊ လမ်းမှာ လိုရာသုံးဖို့ပါ" ဆိုပြီး စာအိတ်နှင့် ငွေသုံးသောင်း ထည့်ပေးလိုက်ပါသည်။

www.linhtet.com



နောက်တစ်နေ့ ၁၁-၂-၂၀၀၄ ရက် နံနက်အစောကြီး ထားဝယ်မြို့ကိုနှုတ်ဆက်ပြီး ကျွန်တော်တို့ "ရွှေဝယ်ရတနာ" ကားထွက်လာခဲ့တော့ နှင်းမြူတွေက ဝဲဝဲဝေနေခဲ့လေသည်။ ထားဝယ်ကိုတော့ ၁၉၉၆ ကျောင်းသားပွဲတော်တုန်းက ရက်အတန်ကြာ ဖြတ်သန်းခဲ့ရဖူးပါသည်။ မောင်းမကန် ကမ်းခြေမှာလည်း ၁၀ ရက်ကျော် နေထိုင်ခဲ့ပါသည်။ ကျွန်တော်တို့တည်းခဲ့သည့် ထင်းရှူးမြိုင်နှင့် အေးရိပ်ငြိမ် ဘန်ဂလိုပိုင်ရှင် ဒေါက်တာကျော်ထိုက်ပင်လျှင် ကွယ်လွန်ခဲ့ရှာပါပြီ။ ရှစ်မိုင်ရှည် မောင်းမကန်ကမ်းခြေ သောင်ပြင်ဗွေမှာ လွမ်းစရာတွေရှိခဲ့လေသည်။

ယခု ထားဝယ်-မြိတ် လမ်းခရီးတော့ ကျွန်တော့်အတွက် အတွေ့အကြုံအသစ်ဖြစ်သည်။ တောင်ကွေ့၊ တောင်ပတ်၊ တောင်ဝိုက်၊ တောင်ဆင်း၊ တောင်တက်၊ တောင်ဖြတ်လမ်းတွေက များသည်။ ကြည့်လေရာရာ တောနှင့်တောင်တန်း၊ တနင်္သာရီအစိမ်း။

တနင်္သာရီတိုင်းသည် အရှေ့ဘက်ကုန်းမြင့် ဒေသကြီးတွင် ပါဝင်ပြီး တောတောင်ထူထပ်သည်။ အမြင့်ပေ ၃၀၀၀ ခန့် တောင်တန်းများ အနောက်မြောက်ယွန်းယွန်းမှ အရှေ့တောင်ယွန်းယွန်းသို့ သွယ်တန်းလျက်။ အချို့တောင်တန်းများ ပင်လယ်အော်သို့ ငုပ်လျှိုးကာ ကျွန်းများအဖြစ် ဘွားခနဲ ပြန်ပေါ်လာသည်။ ထားဝယ်ခရိုင်အတွင်း မြင်းမိုရ်လက်ခတ်တောင် (၆၈၀၁)ပေနှင့် နွားလဘို့တောင် (၅၀၇၃ ပေ)တို့ ထင်ရှားသည်။ တောင်ညိုတောင်တန်း၏ အဆက်ဖြစ်သော တောင်တန်းသည် ယိုးဒယားနှင့် မြန်မာ နှစ်နိုင်ငံကြား နယ်နိမိတ်အဖြစ် တည်ရှိသည်။ မိုးများသော ဒေသဖြစ်၍ မြစ်ချောင်းပေါများသည်။ ထားဝယ်မြစ်၊ တနင်္သာရီမြစ်တို့မှာ အသုံးများသည်။

ထားဝယ်-မြိတ် လမ်းပိုင်းက တောင်ဝှမ်းလွင်ပြင် တချို့မှာ အစိမ်းတစ်ကန့်၊ အဝါတစ်ကန့်။ ရွှေစပါးစိုက်ခင်းတွေက ကျယ်လျား

www.linhtet.com



စိမ်းမြလျက်။ နွေဦးဥသြငှက်တစ္ဆေ ရွက်ကြွေတောက အဝါရောင် တေးသီလျက်။ လမ်းမှာ ကျွန်တော်တို့ မရောက်ဘူးသေးသည့် ပလောက်မြို့ကလေးကို ဖြတ်ခဲ့သည်။ တောရိပ်ညိုညို တောင်ရိပ် မှိုင်းမှိုင်း။ ပုလောမြို့နယ်ထဲက ရွာတစ်ရွာ၏ အမည်မှာ ရှားပါးထူးဆန်း လှသည်။ "ထမင်းမစားရွာ" တဲ့။ "ဟင်းမစားရွာ" ကောရှိသေးသလား မသိ။ ရပ်ဓလေ့ အစိမ်း၊ ရွာဓလေ့အစိမ်း။ သူ့ဒေသမှာ သူ့ဘဝ အဓိပ္ပာယ်နှင့် သူ့ဘဝသစ္စာရှိပေလိမ့်မည်။ ကျွန်တော်တို့ အနုပညာ သမားတွေက လေ့လာရ၊ မှတ်သားရသည်။ ခရီးသွား ယဉ်ကျေးမှု။ ကားက တစ်မနက်လုံး၊ တစ်နေ့လယ်ခင်းလုံး မောင်းလာပြီး မြိတ်မြို့နှင့် အတန်ငယ် နီးလာသော "သမုတ်ရွာ" မှာ ဇက်ကူးဖို့ နားသည်။ ဇက်ဆိပ်မှာ နှစ်နာရီကျော်၊ သုံးနာရီကြာ စောင့်ရသည်။

နယ်မြေ ဒေသန္တရအခြေအနေတွေကို စုံစမ်းကြည့်သည်။ ရန်ကုန်က ထွက်ကတည်းက ကားပေါ်မှာ ကျွန်တော်တို့နှင့်အတူ ပါလာသည့် တနင်္သာရီမြို့ဆေးရုံအနီး ကျန်းမာရေးလမ်းနေ ဒေါ်မေရီကို မေးရသည်။ ဒေါ်မေရီက သိသင့်သမျှ ပြောပြသည်။ ပြီးတော့ ဒေါ်မေရီကို အင်တာဗျူးလုပ်တော့-

"ဒေါ်မေရီ ဘာလုပ်သလဲ"

"ကတ်ကြေးကိုက် လုပ်ရောင်းပါတယ်"

"အမျိုးသားကကော"

"သူဆုံးသွားတာ နှစ်လပဲရှိပါသေးတယ်"

"အခု ရန်ကုန်ကို ဘာသွားလုပ်တာလဲ"

"သားကြီး ဘွဲ့သွားယူတာပါ"

"စရိတ် ဘယ်လောက် ကုန်သွားလဲ"

"နှစ်သိန်း"

မုဆိုးမ ငွေနှစ်သိန်းကို ကျွန်တော်တို့ နှမြောတသနေရင်းမှာပဲ

www.linhtet.com



ဇက်ပေါ်ကို ရောက်သွားကြပြီး မြစ်ကို ဓားလွယ်ခုတ် ကူးကြသည်။ နာရီဝက်ခန့် ကူးရပါသည်။ တစ်ဖက်ကမ်းရောက်လို့ ဘာရွာခေါ်သလဲ မေးကြည့်တော့ ''လွတ်လွတ်''ပါတဲ့။

လွတ်လွတ်ကနေ ကားဆက်ထွက်လာတော့ နေစောင်းစပြုပြီ။ ကျွန်တော်တို့ ဖြတ်ကူးခဲ့သော မြစ် (သမုတ်/လွတ်လွတ်မြစ်)က ကျွန်တော်တို့နှင့် ဘေးချင်းယှဉ်ပြီး လိုက်လာသေးသည်။ နောက်တော့ ဘယ်နေရာမှာ ခြေရာပျောက် ကျန်ရစ်ခဲ့မှန်း မသိလိုက်တော့။ တောင်စောင်းတစ်လျှောက် လမ်းက နိမ့်ဆင်းပြန့်ညီလာပြီး ကျောက်ဖျာ ဘက်ကမ်း ချဉ်းကပ်လမ်းကနေ ကွဲကူး-ကျောက်ဖျာတံတားကြီး ပေါ်ကိုဖြတ်ရသည်။ တံတားအောက်မှာ ကျောက်ဖျာမြစ်ကြီးက တသွင်သွင်စီးလျက်။

မြိတ်မြို့အဝင် မြင်ကွင်းစိမ်းတွေက ကျွန်တော်တို့ကို ဆွဲဆောင် နေကြလေသည်။ မြိတ်မြို့ အဝေးပြေး ကားဝင်းကို ဆိုက်တော့ ညနေစောင်းပါပြီ။ မြိတ်ကိုတော့ ချောချောမောမော ရောက်ချေပြီ။ ရန်ကုန်-မြိတ် ဒီခရီးရှည်ကြီးမှာ ဘေးမသီရန်မဝိုင်း မဖင့်မဆိုင်းဘဲ ရောက်လာရသဖြင့် ''တနင်္သာရီ အိတ်စ်ပရက်စ်'' ၁ခ/၈၈၈၆ ကား ဆရာကြီး ဦးတင်ထွန်း၊ ''ရွှေဝယ်ရတနာ'' ၂ခ/၈၅၃၁ ကားဆရာကြီး ဦးကြီးမြင့်နှင့် ဦးသန်းဝင်းတို့ကို ကျေးဇူးတင်ရသည်။

ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ ဆိုင်ကယ်တက္ကစီ တစ်စီးစီးဖြင့် မြိတ်တက္ကသိုလ်သို့ ထွက်လာခဲ့ကြသည်။ ခရီးကတော့ မဆုံးသေး။ မြိတ်မှာ တစ်ညအိပ်ပြီး ကော့သောင်းကို ဆက်နှင် ရဦးမည်။ ဆလုံရိုးရာပွဲတော်သည် ကျွန်တော်တို့ကို ညို့ပင်နေလေ သည်။

''ဘယ်လိုလဲ ကိုအောင်ဝေး၊ အစောကြီး နိုးနေပါလား''

ဒါရိုက်တာဘုန်းဝေ အိပ်ရာကနိုးလာသည်။ မိုးပင်လင်းစပြုပြီ။

www.linhtet.com



“အေးဗျာ၊ အိပ်လို့လည်း မပျော်ဘူး၊ မိုးမလင်းသေးလို့ စောင့်နေတာ၊ ကိုဘုန်းဝေနိုးရင် သောင်ပြင်ဆင်ပြီး ဆရာမ မိချမ်းဝေတို့ စက်လှေသတင်း စနည်းနာမလားလို့”

ကျွန်တော်တို့နှစ်ယောက် အိပ်ရာသိမ်း၊ မျက်နှာသစ်ပြီး သောင်ပြင်ကမ်းစပ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စားသောက်ဆိုင်ဘက်သို့ ဆင်းလာခဲ့ကြသည်။ နေထွက်နေပေပြီ။ နံနက်ခင်း နေရောင်နုနုအောက်တွင် မကြုံဂလက် ရွာကလေးသည် လှပအေးချမ်းနေလေသည်။ သောင်ပြင်မှာတော့ လူတွေ လှေတွေ အသက်ဝင်စပြုပြီ။ ကျွန်တော်က လန်ပိကျွန်းနောက်ခံနှင့် ရေလက်ကြား ပင်လယ်ရေပြင် အလယ်ကောင်တွင် ဆိုက်ကပ်ထားသော စက်လှေသင်္ဘောတွေဆီ မျှော်ငေးကြည့်နေမိသည်။ လန်ပိကျွန်း စိမ်းစိမ်းကြီးက ကျွန်တော့်ရှေ့မှာ နေရောင်အောက်တွင် တောက်ပလျက်။ သဘာဝအလှတရားကြီးရှေ့မှာတော့ ကျွန်တော်က ကျောက်ရုပ်။ မလှမ်းမကမ်း သောင်ရေစပ်မှာတော့ အိပ်ရာနိုးစ ဆလုံလှေတွေ။

နေရောင်က ကျွန်းစိမ်းစိမ်း၊ ပင်လယ်ပြာပြာပေါ်ကို ရွှဲရွှဲဆမ်းလိုက်သည်။ သည်လို ဝေးလံသီခေါင်၍ လှပသာယာသော ကမ်းလွန်ပင်လယ်ထဲက မြန်မာ့အလှအပရှုခင်းတွေဆီကို ရောက်လာရဖူးသည့်အတွက်တော့ ကျွန်တော် ဂုဏ်ယူမိပါသည်။ သို့သော် ကျွန်တော်၏စိတ်သည် ထိုနံနက်ခင်း တစ်ခင်းလုံးပင် ကျွန်တော်တို့၏ ပျောက်ဆုံးနေသော ဆလံဝတ္ထုရေး ဆရာမကိုပဲ သတိရတမ်းတ စိုးရိမ်နေမိလေသည်။

www.linhtet.com



[၄]

၁၄-၂-၂၀၀၄။ ဗိုလ်ချုပ်ကျွန်း၊ မကြံ့ဂလက်ရွာ နံနက်ခင်း။

သောင်ပြင်ကမ်းစပ်မှာ တစ်ခန်းမရပ်သည့် အလွမ်းဇာတ်က နှစ်ခန်းထပ်ပြီး ကပြဖို့ ပြင်ဆင်နေတော့လေသည်။ လန်ပိကျွန်းကြီးနှင့် ဗိုလ်ချုပ်ကျွန်းနှစ်ခုအကြား ရေလက်ကြား(ဂလက်)သည် လေကွယ်သဖြင့် ရေငြိမ်သည်။ မကြံ့ဂလက်ရွာ ပင်လယ်ကမ်းခြေမှာ (ဥပမာ မောင်းမကန်ကမ်းခြေတို့လို) လှိုင်းရိုက်သံမကြားရ။ ပင်လယ်အော်သံကို မကြားရ။ လှိုင်းခေါင်းဖြူဖြူတွေ ပြေးတက်လာတာ၊ ပြန်ဆင်းပြေးသွားတာ မမြင်ရ။ ကမ်းပြေပြေသဲမွမွသောင်ခြေမှာ ကျောက်ပန်းခက်လှလှ၊ ခရုခွံလှလှကလေးတွေလည်း သိပ်မတွေ့ရ။ သောင်ပြင်ဝိုက်ဝိုက်ကွေ့ကွေ့ (အော်)ကတော့ လှပသည်။

ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစားသောက်ဆိုင်ထဲသို့ ဝင်ထိုင်လိုက်သည်နှင့် ဆိုင်က အဒေါ်ကြီးတစ်ယောက်နှင့် တူမကလေးနှစ်ယောက် ကျွန်တော်တို့အနား ရောက်လာပြီး-

"ဆရာတို့ ရန်ကုန်က စာရေးဆရာမ မိချမ်းဝေနဲ့ တွေ့ပြီးကြ

www.linhtet.com



ပြီလား''

ကျွန်တော်တို့ ပြိုင်တူခေါင်းခါပြလိုက်မိကြသည်။

''မနေ့က ဆရာမ မိချမ်းဝေနဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကလူတွေ လိုက်လာတဲ့စက်လှေ လမ်းမှားလို့တဲ့။ညတုန်းက သန်းခေါင်ကျော် လင်းအားကြီးကမှ ဆိုက်လာတယ်''

ကျွန်တော်တို့ စိုးရိမ်စိတ် နည်းနည်းလျော့သွားသည်။ တော်ပါသေးရဲ့။ မကြုံဂလက်ကိုတော့ ရောက်လာပါသေးရဲ့။ အခု ဘယ်မှာလဲ အဲဒီစာရေးဆရာမ။

ဟော...ကျွန်တော်တို့ ဇျိုင်းလည်ပင်းတွေနဲ့ မျှော်နေတုန်း ကုန်းမြင့်ပေါ်က ဆင်းလာသည့် ကိုယုနိုင်၊ ဓာတ်ပုံကို ကျော်ကျော်စိုးနှင့် အမျိုးသမီးတစ်အုပ်ထဲမှာ လားလား တွေ့ပါပြီ။ ကျွန်တော်တို့၏ ကံကောင်းလို့မသေ ကျန်ကျောင်းတို့အမေ စာရေးဆရာမ မိချမ်းဝေ။ သူမသည် အနီရောင်ထဲက ပြုံးမြလျက်။

ကျွန်တော်တို့ နှစ်ယောက်ကို လှမ်းမြင်တော့ သူမ အပြေး တစ်ပိုင်းနှင့် ဆိုင်ထဲကို ပစ်ဝင်လာပါသည်။ စကားမပြောနိုင်ကြ။ မသေကောင်းမပျောက်ကောင်း။ မိချမ်းဝေ မျက်ရည်တွေလည်လာသည်။ ကျွန်တော်တို့မှာ ဝမ်းသာဝမ်းနည်းနှင့် ကိုယ့်နှမကလေးကို လက်ကမ်း ကြိုဆိုရပါသည်။ ကျွန်တော့်လက်ကို အကြာကြီး ကိုင်ထားပြီး ငိုင်နေသည်။ ခဏကြာတော့မှ ရှိုက်သံတစ်ဝက်နှင့်–

''ဆရာအောင်ဝေးရယ်၊ ညတုန်းက ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးထဲမှာ ဆရာကိုအောင်ဝေး မျက်နှာကိုပဲ မြင်ယောင်နေမိတယ်။ အကယ်၍ပေါ့နော် ညတုန်းက ကျွန်မတို့ စက်လှေ တစ်ခုခုဖြစ်ပြီး၊ ကျွန်မ ပြန်မရောက်နိုင်ခဲ့ရင် ဒီအကြောင်းတွေကို ဆရာကိုအောင်ဝေးကတော့ ရန်ကုန်မှာ ပြန်ပြောပြမှာပဲလို့ တွေးနေမိတယ်။ တကယ်ပါ ဆရာကိုဘုန်းဝေရယ်''

www.linhtet.com



သူမ ရင်ခုန်နေဆဲပင်။ ဘယ်လိုကြောင့်များလဲ ငါ့နမရယ်၊ ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့က အကြောင်းစုံကို မေးကြည့်ရသည်။ အမျိုးသမီးတစ်သိုက် မိချမ်းဝေနှင့် ကျွန်တော်တို့ထိုင်နေသည့် စားပွဲသို့ ရောက်လာကြသည်။ "သံကျွန်း ပြန်တွေလေ"တဲ့။

မိချမ်းဝေက ကျွန်တော်တို့အား ကော့သောင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်လှဲ့လှဲ့ဝင်းတို့အဖွဲ့နှင့် မိတ်ဆက်ပေးပါသည်။ မနေ့က စက်လှေလမ်းမှားပြီ သူမတို့အဖွဲ့ စက်လှေက ယိုးဒယား ရေပိုင်နက်အစပ်က သံကျွန်း(မြန်မာပိုင်)ဘက်သို့ ရောက်သွားခဲ့ခြင်းဖြစ်သည်တဲ့။ စက်လှေက ကော့သောင်းမှ မြောက်ယွန်းယွန်းသို့ ခုတ်မောင်းရမည့်အစား အနောက်တောင် ယွန်းယွန်းသို့ လမ်းမှားခုတ် မောင်းခဲ့ခြင်းဖြစ်သည်။ ကော့သောင်းနှင့် အနောက်ဘက်တည့်တည့် ကမ်းလွန်ပင်လယ်ပြင်မှာ ဇာဒက်ကြီးကျွန်း ရှိပါသည်။ (ဇာဒက်ကြီးကျွန်းတွင် ရေတပ်စခန်းရှိသည်) သံကျွန်းမှာ ဇာဒက်ကြီးကျွန်း၏အောက်ဘက် အနောက်တောင်တွင် တည်ရှိပါသည်။ ကော့သောင်းမှ သံကျွန်းသို့ ကော့သောင်း ဗိုလ်ချုပ်ကျွန်းခရီး၏ တစ်ဝက်မက ဝေးပါသည်။

နံနက် ၈ နာရီ ကော့သောင်းမြို့ အမြန်ရေယာဉ်ဆိပ်မှာ ထွက်ခွာလာခဲ့သော စက်လှေအမှတ် ၀၁၉ သည် တစ်နေ့လုံး ကမ်းလွန်ပင်လယ်ပြင်ထဲတွင် ခုတ်မောင်းလာခဲ့သည်။ ဗိုလ်ချုပ်ကျွန်းဆီသို့။ ဒီလိုနှင့် တဖြည်းဖြည်း ညနေစောင်းလာသည်။ ဗိုလ်ချုပ်ကျွန်းမရောက်သေးဘူးလား။ စက်လှေထဲမှာ ပါလာသည့် လူတွေ ပူပန်စပြုပြီ။ အများစုက အမျိုးသမီးတွေ။ ပွဲနင်းကြီးကိုယ်တိုင်လည်း လမ်းမှားလာပြီလား ဆိုတာကိုတော့ တွေးစပြုမှာဖြစ်သည်။ ပင်လယ်ပြင်က စိမ်းရာမှပြာ၊ ပြာရာမှဝါ၊ ဝါရာမှာ မှောင်လာခဲ့သည်။မိုးချုပ်သွားလေပြီ။ စက်လှေ (အရပ်အခေါ် ကဲ့လှေ) တစ်စင်း ကမ်းမမြင်၊ လမ်းမမြင်

www.linhtet.com



ပင်လယ်ပြင် အမှောင်ထုထဲမှာ။ စက်လှေထဲမှာပါလာသည့် အမျိုး တစ်သိုက်အတွက် ပင်လယ်ပြင် စွန့်စားခန်းတစ်ရပ်ဖြစ်နေသည်။

သဘာဝတရားကိုချစ်သောသူကို သဘာဝတရားက ပြန်ချစ်ပါသည်။ သဘာဝအလှကိုစောင့်ရှောက်သောသူအား သဘာဝအလှက ပြန်စောင့်ရှောက်ပါသည်။ စက်လှေအမှတ် ၀၁၉ ပေါ်သို့ မီးရောင်တန်းတစ်ခုက ဝေ့ဝဲကျလာခဲ့သည်။သင်္ဘောတစ်စင်း ဘေးချင်းယှဉ်ကပ်လာပြီး အကျိုးအကြောင်း လှမ်းမေးသည်။ စက်လှေပဲ့နင်းက အကျိုးသင့်အကြောင်းသင့် ပြန်ဖြေသည်။ ဒီတော့မှ သူတို့စက်လှေ လမ်းမှားလာကြောင်း၊ အခုရောက်နေသော ရေလမ်းကြောင်းမှာ ယိုးဒယားနယ်စပ် မြန်မာပိုင် သံကျွန်းအနီးဖြစ်ကြောင်း တစ်ဖက်သင်္ဘောက ပြောပြတော့မှ သိရတော့သည်။ စက်လှေ ၀၁၉ပေါ်မှာ ပါလာသူတွေ ဘုရားတကုန်ကြတော့သည်။ သို့သော် တစ်ဖက်က သင်္ဘောမှာ တပ်မတော်ရေမှ စစ်ရေယာဉ် ၄၄၈ ဖြစ်ပြီး လမ်းကြောင်းအမှန်သို့ လိုက်ပါပို့ဆောင် ကူညီပါမည်ဟု ဆိုလာတော့မှ ဆရာမမိချမ်းဝေတို့ အဖို့ သက်ပြင်းရှည်ကြီးတွေ ချပြီး ငိုချင်းရှည်ကြီး အဆုံးသတ်ခဲ့ရသည်ဟု ဆိုပါသည်။ ပင်လယ်ပြင်ထဲမှာ နာရီပေါင်း ၂၀ လမ်းပျောက်နေခဲ့ကြသူများ။

"ကျွန်မတို့ စစ်ရေယာဉ် ၄၄၈ နဲ့ မတွေ့များမတွေ့လို့ ဟိုဘက် ယိုးဒယားနယ်ထဲရောက်သွားရင် ဘာဖြစ်သွားနိုင်သလဲဟင်"

မသေသော စာရေးဆရာမက မရေရာသော မေးခွန်းကို မေးလာချေလေသည်။ "ဘာမှမဖြစ်နိုင်ပါဘူး ဆရာမရယ်"လို့ ဒါရိုက်တာဘုန်းဝေ ဖြေသိမ့်တဲ့အသံကို ကြားလိုက်ရသည်။

"ယိုးဒယားပြန် အမာစိန်လိုတော့ ဖြစ်မှာပေါ့ ငါ့နမရယ်၊

www.linhtet.com



www.linhtet.com



ယိုးဒယားပြန် မိချမ်းဝေရယ်လို့လေ''

ကျွန်တော်ကတော့ ဒုက္ခကို ရယ်မောပစ်ဖို့ပဲ အလိုရှိလေသည်။ ဒါရိုက်တာဘုန်းဝေက ကျွန်တော်တို့ စက်လှေလည်း ညက ကျောက်ဆောင်တင်သည့်အကြောင်း ဆရာမမိချမ်းဝေကို ပြန်ပြောနေသည်။ ပင်လယ်အကြောင်း၊ ပယ်လယ်ရေလုပ်သားတွေအကြောင်း၊ပင်လယ်ပြင်စွန့်စားခန်းတွေအကြောင်း တကယ့်ကို ပင်လယ်ပြင်ထဲ သွားလာလှေလာပြီး သရုပ်မှန် ရေးဖွဲ့နေသော စာရေးဆရာမကို ပင်လယ်ပြင်က အကျီစားသန်လွန်သွားသည်ထင့်။ ထိုနေ့နံနက်ခင်းက ကျွန်တော်တို့၏ စာရေးဆရာမမှာ ကြောက်ရွံ့တုန်လှုပ်နေဆဲပင် ရှိလေသည်။

''ကဲ ဆရာမ လက်ဖက်ရည် မြန်မြန်သောက်၊ ပြီးရင် ဆလုံလှေတွေဆီသွားပြီး ဓာတ်ပုံရိုက်ကြမယ်''

ကျွန်တော်က လောဆော်လိုက်သည်။ ထိုနေ့က နံနက်ခင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စားသောက်ဆိုင်အတွင်းမှာ စက်လှေလမ်းမှားသူ သံကျွန်းပြန်တွေ၏ စကားသံနှင့် ဝေစည်နေခဲ့လေသည်။ ကိုယုနိုင်တို့ ဓာတ်ပုံကိုကျော်ကျော်စိုးတို့ ဆလုံဓလေ့ပြခန်းအဖွဲ့ကိုထားခဲ့ပြီး ကျွန်တော်တို့ ရန်ကုန်ကလာသော စာရေးဆရာမ၊ ကဗျာဆရာ၊ ဒါရိုက်တာ သုံးယောက်တည်း ဆလုံလှေတွေ ဆိုက်ကပ်ရပ်နားရာနေရာ သောင်ရေစပ်သို့ ဆင်းလာခဲ့ပါသည်။

ဆလုံဗေဒကို အခါအခွင့်သင့်သလောက် ကျွန်တော်တို့ လေ့လာစူးစမ်းကြပါသည်။ စာတွေ့အရ သိထားနှင့်တာတွေနှင့် အခုကိုယ်တိုင် တွေ့မြင်နေရသည့် ဆလုံတွေရဲ့ ရုပ်ဝတ္ထုနဲ့ ယဉ်ကျေးမှုဘဝတွေက ပြောင်းလဲတာလည်း ရှိသည်။ တည်မြဲနေတာလည်း တွေ့ရသည်။

အလာခရီးမှာတုန်းက ၁၁-၂-၂၀၀၄ ည။ မြိတ်တက္ကသိုလ်ရှေ့ စစ်ကိုင်းလမ်းက ကဗျာဆရာ နရီ(မြိတ်)၏ အောင်သရဖူ တက္ကသိုလ်

www.linhtet.com



ဘော်ဒါဆောင်သစ်မှာ စတည်းချကြသည်။ နရီ(မြိတ်)မှာ ကဗျာရေးသော ကျူရှင်ဆရာ၊ ရှေ့နေ။ သူနှင့် ကဗျာဆရာလေး ယုမောင်တို့က ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ကို ဆိုင်ကယ်တစ်စီးစီးနှင့် လိုက်ပြသဖြင့် မြိတ်မြို့ညကို လျှပ်တစ်ပြက် ဖြတ်သန်းရသည်။

မြိတ်မြို့တွင် ၁၉၇၅ ခုနှစ်လောက်အထိ ဆိပ်ငယ်ရပ်တိုးချဲ့ကမ်းနားရေစပ်တွင် ဆလုံတိုင်းရင်းသားတွေ နေထိုင်ခဲ့သည်ဟု ဆိုပါသည်။ ထိုနေရာဆလုံကုန်းဟောင်းကို နရီ(မြိတ်)က လိုက်ပြပါသည်။ မြိတ်မြို့ခံ ကဗျာဆရာတွေဖြစ်သည့် နရီ(မြိတ်)၊ ပိုင်၊ မိုးသစ်၊ ဝေးအိမ်၊ နေဝိုင်ဝိုင်၊ မောင်ယုပိုင်၊ ယုမောင်တို့နှင့် တွေ့ဆုံရသည့် ဦးမြတ်လေးဥယျာဉ်ည ကဗျာရွတ်ဝိုင်းမှာလည်း မြိတ်ပီတာ စဘတ်က ကဗျာဆရာတွေက ဆလုံပင်လယ်ပျော်တွေအကြောင်း သူတို့သိတာကို သူတို့ ပြောပြခဲ့ကြလေသည်။

ယခု ကျွန်တော်တို့ ဗိုလ်ချုံကျွန်း၊ မကြံ့ဂုလက်ရွာမှာ တွေ့ရသည့် (အခြားကျွန်း၊ အခြားဆလုံရွာမှ ဆလုံများအပါအဝင်) ဆလုံတိုင်းရင်းသားတို့မှာ ၁၉ ရာစုအနှောင်းပိုင်းလွန် ကာလများမှစ၍ အတန်အသင့် ယဉ်ကျေးလာကြသည်ဟုဆိုပါသည်။ အနောက်တိုင်းသားများက ပင်လယ်ဂျစ်ပစီ (Sea Gypsy) ဟု တင်စားခေါ်ကြသည့် ဆလုံတို့မှာ မွေးရာပါဗီဇက ပင်လယ်ပြင်ကို ခြေကန်၍ မွေးလာသောသူများ ပီပီပင်လယ်ပြင်၏ သဘာဝမွေနှင့် မကင်းသည်ကို တွေ့ရသည်။ သူတို့၏ ရုပ်သွင်မှာအများအားဖြင့် နဖူးမကျဉ်းမကျယ်၊ မျက်ခုံးကောင်းကောင်း၊ မျက်ရစ်ပေါ်ပေါ်၊ မျက်ဆန်ညိုသည်။နှာခေါင်းမဆိုစလောက်ပြား၍ အချို့ နှာတံတိုပါသည်။ နှုတ်ခမ်းထူသယောင်ရှိပြီး တချို့နှုတ်ခမ်းတလန် ပန်းတလန်။ ဆလုံကျားကျားမမ မေးရိုးထောင့်ကျကား။ ပင်လယ်လေကြမ်းနှင့် နေရောင်၊ ပင်လယ်ဆားငန်ရေနှင့် အမြဲထိတွေ့နေသည့် ဒဏ်ကြောင့် အသားအရေ

www.linhtet.com



မွဲခြောက်ညိုမည်းသည်။ အရပ်အမောင်း ပုပျပ်သည်။ အချို့ ဆလုံ အမျိုးသားများ အရပ် ၅ ပေ မှ ၅ ပေခွဲလောက် ရှိတတ်ပြီး အမျိုးသမီးအချို့သည် အရပ် ၅ ပေ နီးပါး၊ ၅ ပေ ကျော် တွေ့ရပါသည်။

ဆလုံတို့မှာ ပင်လယ်ပြင်အနှံ့ ရင်ကန်းသားဖြင့် ပြုလုပ်ထားသော ကဗန်းလှေဖြင့် မိသားစုအားလုံးကို တင်ဆောင်ကာ ပင်လယ်မျှော့၊ စတီ၊ ခရု၊ မုတ်ကောင်နှင့် ပုလဲ၊ ငါးကြီး အန်ဖန်တို့ကို ရေငုပ်ရှာဖွေ၍ တစ်နေဝင် တစ်နေထွက် ခရီးဆက်နေကြသူများဖြစ်သည်။ ကမ်းလွန်ကျွန်းများတွင် ဇီဝဗိုးငှက်သိုက် ရှာတတ်ကြသည်။ ပင်လယ်ပြင်တွင် မွေးဖွား၍ ပင်လယ်ပြင်မှာပဲ သေဆုံးကြရသူများဖြစ်သည်။ မိုးရာသီ မုန်တိုင်းနှင့် လှိုင်းလေကြီးသည့် အချိန်ကလေးလောက်ပင် ရေထွက်ကျွန်းတွေမှာ ခြေတံရှည်အိမ်တွေ ဆောက်ပြီး ယာယီကျွန်းခိုကြသည်။ မိုးရာသီတွင် ကျွန်းပေါ်မှာ အမဲလိုက်တတ်ကြသည်။

သုတေသီအချို့၏ အဆိုအရ ဆလုံတိုင်းရင်းသားတို့မှာ "ဗမာ"အုပ်စုတွင် ပါဝင်ပါသည်။ ဗမာအုပ်စုဝင် တိုင်းရင်းသားများတွင် ဗမာ၊ ထားဝယ်၊ မြိတ်၊ ကဒူး၊ ကနန်း၊ ယော၊ ဖုန်၊ ရဘိန်းနှင့် ဆလုံတို့ ပါဝင်သည်ဟု ဆိုပါသည်။ ဆလုံတို့တွင် ဘာသာစကားလေးမျိုးရှိသည်ဟုသိရသည်။ အဓိက ဘာသာစကားမှာ ဒန်း(Dang) ဖြစ်သည်။ မလေးလူမျိုးများနှင့် ဆက်သွယ်သည့်အခါ လောတ (Lawta) ဘာသာစကားကို သုံးပါသည်။ ဘုတ်ပြင်းမြို့နယ်အတွင်း လန်ပိကျွန်းဘက်တွင် ဂျာအိ (Jait) ဘာသာစကားနှင့် ပြောကြသည်။ ယိုးဒယားနှင့် နီးစပ်သော ကော့သောင်းဘက်တွင် လဘီ (Labi) စကားနှင့် ပြောကြပါသည်။ မြိတ်ကျွန်းစု တစ်ဝိုက်မှာတော့ မူရင်း ဘာသာစကားဖြစ်သည့် ဒန်း (Dang) ကို ပြောဆိုကြသည်ဟု

www.linhtet.com



ဆိုပါသည်။

၁၉၉၄ ခုနှစ်မှစပြီး တနင်္သာရီတိုင်းအတွင်း မြိတ်နှင့် ကော့သောင်း ဒေသကြီးတို့တွင် ဆလုံကျွန်းစခန်းနယ်မြေများ၌ စုစည်းကျေးရွာများ တည်ဆောက်စေခဲ့ပါသည်။ သက်ဆိုင်ရာက စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘုရားပုထိုး၊ ဘုန်းတော်ကြီးကျောင်းများ တည်ထားပေးသည်ဟု သိရပါသည်။

မြိတ်ခရိုင်အတွင်း ဆလုံတိုင်းရင်းသားများ စတည်းချနေထိုင်လေ့ရှိသည့် ကျွန်းများမှာ ညာမှိုင်း၊ ဒုံးကမာချောင်း၊ ဒုံးပုလဲအော်၊ မီးစိမ်းကျွန်း၊ လငန်း၊ အပြင်ဒုံးကျွန်း၊ လင်းလွန်းအော်၊ ပလောဝါး၊ လမိုင်းကော့၊ လအဲ၊ ကံမော်၊ ဇယော့၊ ဆန္ဒိုင်းကျွန်း၊ ဝဲကျွန်း၊ ဆလန်ကျွန်းရွာ၊ ရေမြစ်ကြီးရွာနှင့် ဇလပ်အော်ရွာတို့ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၃၀၀ နီးပါး၊ လူဦးရေ ၁၂၀၀ ကျော်ရှိကြောင်း သိရသည်။

ကော့သောင်းခရိုင်တွင် ဇာဒက်ကြီးကျွန်း၏ အနောက်မြောက်ဘက် တလွန်းဆလုံရွာ၊ ဇာဒက်ကြီးကျွန်းပေါ်ရှိ ကော့ညှော့ရွာ၊ ဘုတ်ပြင်းမြို့နယ်ရှိ လန်ပိကျွန်း၊ ဗိုလ်ချုပ်ကျွန်းရှိ မကြုံဂလက်ကျေးရွာ၊ ညောင်ဝိကျေးရွာ၊ စိန်ပေါကျွန်း၏ အရှေ့ဘက်ခြမ်း တာပူးရွာတို့၌ ဆလုံတိုင်းရင်းသားများ ဝင်ထွက်သွားလာကြပြီး မိုးရာသီတွင် ကျွန်းခိုနေထိုင်ကြသည်။ ကော့သောင်းခရိုင်အတွင်း ဆလုံအိမ်ထောင်စု ၂၀၀ ကျော်၊ လူဦးရေ ၁၀၀၀ ကျော်ရှိသည်ဟု ဆိုပါသည်။

မြိတ်မြို့ည၏ မီးရောင်တွေကြားထဲမှာ ကျွန်တော်က သိမ်တော်ကြီးဘုရား ကုန်းတော်ပေါ်မှနေ၍ မြိတ်မြို့ရှုခင်းကိုငေးရင်း မြိတ်ဒေသကြီး၏ ပင်လယ်ကျွန်းစုများနှင့် ဆလုံတိုင်းရင်းသားတို့အကြောင်းကို စာထဲပေထဲ ဖတ်မိသမျှ ပြန်စဉ်းစားနေခဲ့မိသည်။ မြိတ်တက္ကသိုလ်ကို ရောက်သည့်ညနေ၊ ပထဝီဝင်ဌာနမှ နည်းပြဆရာမလေး ဒေါ်သင်းသင်းအေးနှင့် တွေ့တော့လည်း မြိတ်ဒေသကြီး၏ လူမှုပထဝီဝင်ကို

www.linhtet.com



ပိုမိုနားလည်သဘောပေါက်ရပါသည်။

ဆလုံဗေဒနှင့် ပတ်သက်၍ ကျွန်တော်တို့မှာ အခွင့်အလမ်းကောင်းတစ်ခု မထင်မှတ်ဘဲ ရသွားခဲ့ပါသည်။ ယင်းမှာ အခြားမဟုတ်။ မြိတ်မှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ ၁၂-၂-၂၀၀၄ နံနက် ကော့သောင်းသို့ ခရီးအဆက်၊ အမြန်ရေယာဉ် (Fortune Express-2) ပေါ်တွင် မြိတ်မြို့ခံ စာရေးဆရာ တက္ကသိုလ်ကိုလတ်နှင့် တွေ့ဆုံမေးမြန်းရခြင်းပင်။ ဆရာတက္ကသိုလ်ကိုလတ်မှာ ၂၀၀၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေစာပေဆု ကျမ်းစာပေ တတိယဆုရ "အဏ္ဏဝါ ရတနာ မြန်မာ့ပုလဲ" စာအုပ်၊ (ပ-ကြိမ်၊ စာပေဗိမာန်၊ ၂၀၀၀ ပြည့်နှစ်)နှင့် ၂၀၀၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဒုတိယဆုရ "ပင်လယ်ပျော်မော်ကင်း" စာအုပ် (ပ-ကြိမ်၊ စာပေဗိမာန်၊ ၂၀၀၃) တို့ကို ထုတ်ဝေခဲ့ပြီးသူဖြစ်သည်။

နရီ(မြိတ်)က ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ကို မြိတ်က မခွာခင် ဆိပ်ငယ်ဇောတံတားပေါ်မှာ တက္ကသိုလ်ကိုလတ်နှင့် မိတ်ဆက်ပေးလိုက်သည်။ Fortune Express-2 ကပ္ပတိန်ကြီး ဦးစိုးမြင့် အခန်းမှာပင် ဆရာတက္ကသိုလ် ကိုလတ်က ကျွန်တော့်ကို သုတေသနပြုခဲ့သည့် ဆလုံဝေ့စရိုက် အကြောင်းတွေကို ပြောပြခဲ့သည်။ ဆရာတက္ကသိုလ် ကိုလတ်နှင့်အတူပါလာသည့် အစ်ကိုဖြစ်သူ ဓာတ်ပုံသိန်းအောင်ဦး(ညောင်လေးပင်) ကလည်း ဖြည့်စွက်ပြောပြပါသည်။

ထိုနေ့က (၁၂-၂-၂၀၀၄) ကော့သောင်းကို ညနေစောင်း ဆိုက်ရောက်ခဲ့ပြီး ကိုရဲဘုန်းခေါင်က ညဘက်တွင် ကျွန်တော်တို့ကို ဘုရင့်နောင်ကုန်းပေါ်ခေါ်သွားပြီး ပြန်အဆင်းတွင် ဝိတိုရိယပွိုင့် (ကော့သောင်းအငူ)မှတ်တိုင်၊ ၁ မိုင်သဲတန်း၊ ပသျှူးတန်းနှင့် ဆလံတို့ နေခဲ့ဖူးသည့် ပင်လယ်ကမ်းစပ် နေရာဟောင်းတွေကို လိုက်ပြခဲ့

www.linhtet.com



ပါသည်။

ကော့သောင်းည ချစ်သူကလေးမှာ ထိုင်ကြသည့် စကားဝိုင်းတွင် ကိုရဲဘုန်းခေါင်နှင့် ကိုမြင့်ဦးမောင်တို့နှစ်ဦးက ခေတ်ပြောင်းဆလုံတွေ အကြောင်းကို တစ်စွန်းတစ်စပြောပြခဲ့ပါသည်။ ကျွန်တော်တို့ သွားရောက်ကြမည့် ဗိုလ်ချိုကျွန်း၊ မကြုံဂလက်ရွာက ဆလုံတို့မှာ အတော်အတန် ခေတ်မီနေသည်ကို တွေ့ကြရမည်ဟု သူတို့က ဆိုပါသည်။

တကယ်တမ်း ကျွန်တော်တို့ မကြုံဂလက်ရွာကို ရောက်လာသောအခါ တွေ့လိုက်ရသည့် ဆလုံတို့မှာ ထိုနည်းနှင်နှင် ဖြစ်နေပါသည်။ ယခုမြင်တွေ့နေရသော ဆလုံတို့မှာ ၁၇ ရာစုခေတ် ဘင်္ဂလား ပင်လယ်အော်က ပင်လယ်ဓားပြကြီး "ဆင်မြူရယ်ဝိုက်"တို့ခေတ်က ဆလုံမျိုးမဟုတ်တော့။ ၁၉ ရာစုနှစ် မြိတ်မြို့ရောက် အိုင်းရစ် စာရေးဆရာကြီး မောရစ်ကောလစ်၏ "ယိုးဒယားဂိုက်"ခေတ်က ဆလုံမျိုးလည်း မဟုတ်တော့။ ယုတ်စွအဆုံး ၁၉၇၂ ဆရာချစ်စံဝင်း ရောက်ခဲ့စဉ်က၊ ၁၉၈၅ ဆရာဆောင်းဝင်းလတ် ဆလုံဝတ္ထု (လှေကလေး) ရေးခဲ့စဉ်က ဆလုံတို့ကို ခုတွေ့ရမည် မဟုတ်တော့ပါ။ ယနေ့ ကျွန်တော်တို့ တွေ့နေရသည့် ဆလုံတိုင်းရင်းသားတွေကတော့ ခေတ်သစ်ပင်လယ် ဂျစ်ပစီများ၊ ပင်လယ်ပျော် ဆလုံမော်ကင်းများ ဖြစ်နေပါသည်။

သေရွာပြန်၊ သံကျွန်းပြန်ဆလုံဝတ္ထုရေးဆရာမသည် မကြုံဂဘလက်ရွာ နံနက်ခင်း ဆလုံလှေတွေကြား၊ ပင်လယ်ကမ်းစပ်တွင် လှည့်လည်သွားလာရင်း သူသိသမျှကိုလည်း တတွတ်တွတ်ပြောလျက် ရှိလေသည်။ ဆလုံတို့မှာ တိုးတက်မှုနှင့်ကြီးပွားချမ်းသာမှုကို ဂရုမပြု သူများ ဖြစ်သည်ဟု ဆိုပေသည်။

ကျွန်တော်က ဆလုံလှေတစ်စင်းပေါ်တွင် ဆလုံမပျိုတစ်ဦးကို

www.linhtet.com



မမျှော်လင့်ဘဲ သူတို့၏ အော်ရီဂျင်နယ် ယဉ်ကျေးမှုအတိုင်း လွတ်လွတ်လပ်လပ် မြင်တွေ့လိုက်ရရာ အမှတ်တရအဖြစ် ဆရာမမိချမ်းဝေနှင့် ထိုအော်ရီဂျင်နယ် အတိုင်းကြီးကို တွဲ၍ ဓာတ်ပုံရိုက်ပေးလိုက်ပါသည်။ ဓာတ်ပုံထဲမှာ ဆလုံမလေး၏ ရက်ပြုံးနှင်းဆီတစ်ပွင့်။

မသေလို့ ပြန်တွေ့ရသော ထိုနေ့က နံနက်ခင်းတွင် ကျွန်တော်သည် "သေခြင်းသည် တမလွန်ဘဝသို့ ကူးပြောင်းရန် ပေါင်းကူးတံတားဖြစ်သည်" ဆိုသော သေလျှင် ရေမမျှော၊ မြေမမြှုပ်သော၊ သေရမှာမကြောက်သော ဆလုံတိုင်းရင်းသားတို့၏ သေခြင်းဒဿနကို လေးစားနေမိပြန်သည်။ တစ်ပြိုင်နက်တည်း သေခြင်းတရားကိုလည်း ကျွန်တော်လေးစားလိုက်သည့်အခါ တစ်လောကလုံးသည် ခါတိုင်းထက် ပို၍ လှပသာယာသွားလေတော့သည်။

ကုန်းမြင့်ပေးမှာ အုန်းပင်ရှည်ရှည် စိမ်းစိမ်းတွေက ယိမ်းတန့်နွဲ့နွဲ့။

သောင်ပြင်ပေါ်မှာ နေရောင်က ရင့်လာခဲ့လေပြီ။

www.linhtet.com



[၅]

"× × × တဘောင်းလယ်ဂျိုင်း"

တဘောင်းကာမွှိုင်း

ဖစ်တ်ဘယ်နမ်းမ်အဟန်း × × ×"

ဆလုံရှိုးရာ တေးသီချင်းတစ်စက အရှေ့မကြုံဂလက် ကမ်းခြေမှာ ပျံ့ဝဲနေခဲ့လေသည်။ ထိုသီချင်းမှာ လှပသော ဆလုံကျွန်းတန်း၊ ဖြူလွှလွှသဲသောင်၊ ကျောက်ဆောင် ကျောက်တန်းနှင့် လှိုင်းပုတ်သံများသည် မော်ကင်းဆလုံတို့၏ ဘဝခိုလှုံရာ။ ပင်လယ်ပြင်သည် ဆလုံတို့အတွက် စားဝတ်နေရေးကိစ္စ အဝဝကို ဖြည့်စွမ်း ဖန်ဆင်းပေးနိုင်သည့် သဘာဝကျေးဇူးရှင်။ သို့ဖြစ်၍ ပင်လယ်မှာပင် ပျော်ပျော်ပါးပါးလုပ်ကိုင်ရှာဖွေရင်း မိမိတို့မြတ်နိုးခင်တွယ်လှသည့် ပင်လယ်ပြာကြီးကို ကာကွယ်စောင့်ရှောက်သွားပါမည်ဟု အဓိပ္ပာယ်ရလေသည်။

လန်ပိကျွန်းနှင့် ရေလက်ကြားခြားပြီး မျက်နှာချင်းဆိုင်တည်ရှိနေသော ဗိုလ်ချိုကျွန်း သည်ဘက်ကမ်းခြေကို အနောက်မကြုံဂလက်၊ ပေနှစ်ရာကျော် သုံးရာမြင့်သည့် ကျွန်းတောင်ကုန်းကို ဖြတ်ပြီးသွားရသည့် ဟိုဘက်ကမ်းခြေကိုတော့ အရှေ့မကြုံဂလက်ဟု ဒေသခံတို့က ခေါ်ကြပါသည်။

www.linhtet.com



ဆလုံရိုးရာပွဲတော်ကို ရန်ကုန်က ချင်းတွင်းနှင့် သံလွင် အပျော်စီးသင်္ဘောကြီးတွေနှင့်လည်း လာကြသည်။ အနီးပတ်ဝန်းကျင် မြိတ်၊ ဘုတ်ပြင်း၊ ကျွန်းစု၊ ကော့သောင်း၊ ကျွန်းနီးချုပ်စပ်တွေကလည်း လာကြသည်။ ပွဲတော်လာ ရပ်နီးရပ်ဝေးမှ ခရီးသည်များအတွက် ယာယီတည်းခိုဆောင်တွေကို သည်ဘက်အနောက် မကြုံဂလက် မှာရော၊ ဟိုဘက်အရှေ့ မကြုံဂလက်မှာပါ တည်ဆောက်ထားပေး ပါသည်။ ကျွန်တော်တို့က အနောက်မကြုံဂလက်က တည်းခိုဆောင် တစ်ခုမှာ။

ဒါရိုက်တာဘုန်းဝေ၏ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေဖြစ်ကြ သည့် MRTV နှင့် MRTV-3 အဖွဲ့တွေ ဟိုဘက်အရှေ့ မကြုံဂလက် မှာ စတည်းချကြသည်။ MRTV က ဦးစံဝင်း၊ MRTV-3 က ဒေါ်ခင်စံပယ် (Jasmine) ဦးဆောင်ပြီး ကင်မရာမင်းတွေက ကိုထင်လင်းနှင့် ကိုနေလင်းတို့ လိုက်ပါလာကြသည်။ သူတို့အဖွဲ့က ဒါရိုက်တာဘုန်းဝေနှင့် ကျွန်တော့်ကို သူတို့တည်းသည့် အရှေ့မကြုံ ဂလက်ကမ်းခြေသို့ အလည်ခေါ်သဖြင့် ကျွန်တော်တို့ ရောက်သွား ကြခြင်းဖြစ်သည်။ ၁၅-၂-၂၀၀၄ နေ့လယ်ခင်း။

သည်ဘက် ကမ်းခြေနေ၍ နာရီဝက်၊ တစ်နာရီလောက် တောင်ကုန်းတစ်ခုကို ကျော်ဖြတ်ပြီးသည့်အခါ ဟိုဘက်ကမ်းခြေသို့ ရောက်သွားပါသည်။ MRTV/ MRTV-3 အဖွဲ့တွေကိုတော့ ရိုက်ကူးရေး ထွက်နေသဖြင့် မတွေ့ရပါ။ ထိုအရှေ့မကြုံဂလက်ကမ်းခြေ သည် လူနေအိမ်ခြေမရှိသည့်အတွက် ပိုမိုကျယ်ဝန်းလွတ်လပ်ကာ သန့်ရှင်းပါသည်။ ရှေ့ဆီ မျှော်ကြည့်လိုက်လျှင် Andaman Sea ခေါ် ကပ္ပလီပင်လယ်ပြင် တစ်မျှော်တစ်ခေါ်ကြီး။ ကမ်းသာသည်။

ဆလုံသမီးပျိုကလေးများ ➡

အလင်္ကာဝတ်ရည်

www.linhtet.com



www.linhtet.com



ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ ရေသန့်ဘူးတွေကိုင်ရင်း ကျောက်ဆောင်တွေရှိရာ ကမ်းကွေ့ဘက်သို့ လျှောက်လာရာ လူငယ်တစ်စုနှင့် တွေ့သည်။ သူတို့က ကျွန်တော်တို့ဆီမှာ ရေတောင်းသောက်ရင်း ခင်မင်ရင်းနှီးသွားကြသည်။ သူတို့ကိုမေးကြည့်တော့ ငှက်သိုက်ကျွန်း၊ ရေကံတောင်ရွာက လာကြတာပါတဲ့။ သူတို့မှာ ငယ်ရွယ်သူများပီပီ လွတ်လပ်ပွင့်လင်းကြသည်။ ခေတ်မီလူငယ်များဖြစ်သည်။ သူတို့အမည်တွေ မေးကြည့်လိုက်တော့ မိန်းကလေးတွေက မချမ်းသာထွန်း၊ မရွှေစင်ထွန်း၊ မသန္တာဦး၊ မခင်နွဲ့၊ မဖြူပြာလင်းတဲ့။ ယောကျ်ားလေးတွေက ကိုသန်းရွှေ၊ ကိုကျော်ကျော်လင်း၊ ကိုမျိုးမင်းဇော်၊ ကိုကျော်စိုးအောင်၊ ကိုမင်းနိုင်၊ ကိုဇော်မင်းထွန်း။ သူတို့ရွာမှာ အခြေခံရေလုပ်ငန်းနှင့်ရောင်းရေးဝယ်တာများ လုပ်ကြသည်ဆိုသည်။ မရွှေစင်ထွန်းနှင့် မချမ်းသာထွန်းတို့ညီအစ်မက ရန်ကုန်မှာ ဒဂုံတက္ကသိုလ်မှာ အဝေးသင်စာမေးပွဲ လာဖြေကြမည်တဲ့။ ရွှေစင်ထွန်းအကြီးမက စီးပွားရေးအထူးပြု၊ အငယ်မ ချမ်းသာထွန်းက ဥပဒေအထူးပြု။

သူတို့သည်လည်းပဲ ကျွန်တော်တို့လို ဆလုံရိုးရာပွဲတော်ကြီးကညှို့ငင်သဖြင့် လူငယ်တွေစုပြီး ကိုယ့်ရွာကစက်လှေနှင့် ကိုယ်လာခြင်းဖြစ်သည်။ မကြံ့ဂလက်က အိမ်တစ်အိမ်မှာ သူတို့အဖွဲ့ တည်းကြသည်။ မကြံ့ဂလက်မှာ ဆလုံရွာဟုဆိုသော်လည်း အခြေစိုက်နေထိုင်ကြသည့် လူများတွင် ဗမာ၊ ကရင်၊ ထားဝယ်၊ မြိတ် စသည်ဖြင့်လည်း ရှိကြပါသည်။ မကြံ့ဂလက်မှာ မူလတန်းကျောင်း၊ ဆေးပေးခန်းနှင့် ဈေးဆိုင်တန်းရှိသည်။ ဘုန်းတော်ကြီးကျောင်းရှိသည်။ ဘုန်းကြီးကျောင်းထိပ်ကုန်းမြင့်ပေါ်တွင် အောင်ချမ်းသာစေတီ။ ခြေတံရှည်ဆလုံအိမ်တွေက ကမ်းစပ်မှာ။ ဈေးဆိုင်အိမ်တွေက ကမ်းပေါ်မှာ။ အစီအရီ။

www.linhtet.com



ထိုနေ့လယ်ခင်းက အရှေ့မကြုံဂုလက်ကမ်းခြေမှာ ချမ်းသာထွန်းတို့အဖွဲ့နှင့် အတော်ကြာကြာ စကားဝိုင်းဖွဲ့ပြီးမှ ကျွန်တော်တို့နှစ်ယောက် ဒီဘက်ကမ်းခြေကို ပြန်လာခဲ့ကြပါသည်။ လန်ပိကျွန်းကြီးတောင်ဘက်တွင် ကပ်လျက်တည်ရှိသော ဗိုလ်ချိုကျွန်း(အင်္ဂလိပ်အခေါ် Eyles၊ ဆလုံအခေါ် Pu Nala) မှာ ကျွန်းငယ်ကလေးဖြစ်သည်။

ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့က ဗိုလ်ချိုကျွန်း တစ်ပတ်စက်လှေနှင့် လှည့်ကြည့်ချင်သဖြင့် စုံစမ်းကြည့်တော့ နယ်မြေဒေသနှံ့စပ်သည့် ကိုယုနိုင်တို့၊ ဓာတ်ပုံကိုကျော်ကျော်စိုးတို့၊ ကိုဝင်းဌေး (Summit ကွန်ပျူတာ)တို့က ဒီဇယ် ၁၆ ဂါလန်ကုန်မည်ဟု ပြောပြကြပါသည်။ အခြေအနေမပေးသဖြင့် ကျွန်တော်တို့ ချင်ခြင်း မပြေလိုက်ရပါ။

သို့သော် ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်က သူတစ်ယောက်တည်း ဗိုလ်ချိုကျွန်းကို ပတ်ကြည့်ခဲ့ပါသည်ဟု ဒါရိုက်တာဘုန်းဝေကို ပြောလာခဲ့သောအခါတွင်မှ ကျွန်တော်တို့မှာ အားမလိုအားမရ မချင့်မရဲ ဖြစ်ခဲ့ရပါတော့သည်။ ဆလုံရိုးရာပွဲတော်သို့ ရန်ကုန်မှ ချင်းတွင်း၊ သံလွင်အဆင့်မြင့် သင်္ဘောကြီးတွေနှင့် လာကြသူတွေထဲတွင် ဝေဠုကျော်လည်းပါသည်။ သူက မကြုံဂုလက်ရွာပေါ်မှာ တစ်ယောက်တည်းလျှောက်သွားနေသည်။ သူ့ကို နှုတ်ဆက်ကြသည့်၊ သူ့အနားဝိုင်းလာကြသည့် ပရိသတ်ကလည်း မသေးပါ။ ကျွန်းပေါ်မှာ မော်ကွန်းရုပ်ရှင်က တစ်ည ဝေဠုကျော်ပါဝင်သည့် "ရွှေနှံ့သာစံအိမ်" ရုပ်ရှင်ဇာတ်ကား ပြသခဲ့သည်။ ဝေဠုကျော်သည် ဒါရိုက်တာဘုန်းဝေကိုတော့ တလေးတစား လာနှုတ်ဆက်သည်ကို တွေ့ရပါသည်။

ကျွန်းပေါ်မှာတော့ ရန်ကုန်က အသိအကျွမ်းတချို့နှင့် တွေ့ရပါသည်။ ပန်းချီ ပန်းပုကျောင်းက ဆရာ ပန်းချီမွန်သက်ကို တွေ့ရသည်။ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ဓာတ်ပုံတချို့ကိုလည်း

www.linhtet.com



တွေ့ရသည်။ ၁၅-၂-၂၀၀၄ နံနက်ခင်း ဆလုံရိုးရာပွဲတော် အထူး ဆက်သွယ်ရေး စာတိုက်စခန်းရှေ့မှာ ဗိုလ်မှူးကြီးတင်ထွေးတို့၊ ကော့သောင်းစာတိုက်မှူး ဦးကြည်ညွှန့်တို့နှင့် စကားလက်ဆုံကျနေတုန်း ကျွန်တော့်ကို တစ်ယောက်က လာနှုတ်ဆက်ပါသည်။

"ကျွန်တော် ညီမြင့်ပါ၊ ကိုငြိမ်းအေးအိမ်တို့၊ နေမျိုးဇော်တို့နဲ့ အရှေ့မြောက်ပိုင်းက အတူပြန်လာတဲ့အဖွဲ့ကပါ"

ကျွန်တော် ကိုညီမြင့်ကို ကျေးဇူးတင်သွားသည်။ သူ့ကို ကျွန်တော်မသိသော်လည်း ကျွန်တော့်ကို သူသိနေသည်။ ကိုညီမြင့် နှင့် ကျွန်တော် စကားတွေ အကြာကြီး ပြောလိုက်ကြသည်။

"ဘာပဲဖြစ်ဖြစ် အနွယ်တော်ဟောင်းတွေ ကျွန်းပေါ်မှာ လာ တွေ့ကြတာ အမှတ်တရပဲပေါ့"

သည်လိုပဲ မထင်မှတ်ဘဲနှင့် လူတွေထဲမှာ သွားလာရင်း ကျွန်တော့်မှာ သိဟောင်းကျွမ်းဟောင်းတွေ၊ မကင်းတရားရှိသူတွေကို အနယ်နယ်အရပ်ရပ်မှာ တွေ့ဆုံရတတ်ပါသည်။ "ကဗျာဆရာထဲ မှာတော့ အစ်ကိုက တော်တော်ခရီးသွားနိုင်တဲ့သူပဲ" ကိုရဲဘုန်းခေါင်က ကျွန်တော့်ကို မှတ်ချက်ချတာဖြစ်သည်။ ကျွန်တော်ကိုယ်နှိုက်ကလည်း ခရီးသွားရတာ ဝါသနာပါပါသည်။ အခြေအနေနှင့် အချိန်အခါ ပေးလျှင် ကျွန်တော် ခရီးတွေသွားချင်ပါသေးသည်။ ကျွန်တော် ချင်းတောင်မရောက်ဘူးသေးပါ။ ကျွန်တော် ရခိုင်ရိုးမကို မကျော် ဘူးသေးပါ။ ကျွန်တော် ရှမ်းပြည်နယ်အရှေ့ပိုင်းကို မရောက်ဘူးသေးပါ။ ကျွန်တောက် ကချင်ပြည်နယ် ပူတာအို၊ မချမ်းဘောတို့ကို ရောက်ချင် ပါသေးသည်။ ကယားပြည်နယ်ထဲ ဝင်ကြည့်ချင်ပါသေးသည်။

ယခု မြိတ်-ကော့သောင်း ဗိုလ်ချုပ်ကျွန်း ဆလုံပွဲတော် ခရီး ကတော့ ကော့သောင်းက သူငယ်ချင်းဆရာဝန် စာရေးဆရာ ကို ရဲဘုန်းခေါင်နှင့် ကျူရှင်ဆရာကိုမြင့်ဦးမောင် (Uniosn ကွန်ပျူတာ)တို့

www.linhtet.com



ကောင်းမှုနှင့် ထားဝယ်က ဆရာမောင်သန်းဆွေ (ထားဝယ်)၊ မြိတ်က ကဗျာဆရာများ၏ အရပ်ရပ်ကူသိုလ်ပါဝင်မှုနှင့် ရောက်လာရခြင်း ဖြစ်သည်။ ယခုခရီးကို လာရသည့်အတွက် ကျွန်တော် ကျေနပ် မိပါသည်။ တနင်္သာရီ ကမ်းရိုးတန်း၊ မြန်မာ့ပင်လယ်ပြင်အလှနှင့် ဆလုံတိုင်းရင်းသားများ၏ဘဝကို ကိုယ်တိုင်ကိုယ်ကျဖြတ်သန်းရရုံ သက်သက်အတွက် မဟုတ်ပါ။ ထိုထက်မက ကျယ်ဝန်းများပြားသော အဓိပ္ပာယ်များ ရှိပါသေးသည်။ ထိုအဓိပ္ပာယ်တွေထဲမှာ ကိုညိုမြင့်နှင့် တွေ့ဆုံရသည့် အချက်လည်းပါသည်။ ထို့အတူ နှစ်ပေါင်း ၃၀ နီးပါး ကင်းကွာနေခဲ့သည့် ပုသိမ်ကောလိပ်တုန်းက အတန်းဖော် သူငယ်ချင်းတစ်ယောက်နှင့် အခုလို မကြုံဂလက်ရွာမှာ ပြန်တွေ့ကြရတဲ့ အချက်လည်း တစ်ချက်အပါအဝင် ဖြစ်ပါလိမ့်မည်။

၁၆-၂-၂၀၀၄ ည။

ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ ကမ်းခြေသောင်ပြင် ပေါ်က ပွဲဈေးတန်းကို လျှောက်ကြည့်ကြပါသည်။ သောင်ပြင်အစွန်း မှာ ဇာတ်ရုံကြီးထိုးထားပါသည်။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်က ပဒေသာဇာတ်ပွဲဖြစ်သည်။ ပွဲဈေးတန်းမှာ ဒါရိုက်တာဘုန်းဝေက ကျွန်တော်တို့နှင့်အတူ စက်လှေနှင့် ကော့သောင်းကပါလာသည့် ဈေးသည်တစ်ဦးဖြစ်သူ မသန္တာတို့ဆိုင်ရှေ့မှာ ရပ်ပြီး နှုတ်ဆက်သည်။ ဈေးရောင်းကောင်း မကောင်း မေးသည်။ ထိုစဉ် မသန္တာတို့ဘေးဆိုင်မှ လူတစ်ယောက်ထွက်လာပြီး ကျွန်တော့်ရှေ့ရပ်ကာ-

"စိတ်မရှိပါနဲ့ဆရာ၊ ဆရာ့ကို ကျွန်တော် ကော့သောင်းက အလာ စက်လှေထဲမှာကတည်းက မေးကြည့်ချင်နေတာ။ ပုသိမ်က ကျွန်တော့်သူငယ်ချင်း တစ်ယောက်နဲ့ အတော့်ကို တူလို့ပါ"

"ဩော်…ဟုတ်လား ပြောပါဦး၊ ကျွန်တော်လည်း ပုသိမ်မှာ နေဖူးပါတယ်"

www.linhtet.com



"ဒါဖြင့် ဆရာ ပုသိမ်ကောလိပ်မှာ တက်ခဲ့သလား"

"ဟုတ်ကဲ့ တက်ခဲ့ပါတယ်"

"ဆရာ ဘာမေဂျာလဲ"

"ကျွန်တော် မြန်မာစာပါ"

"ဟာ ဒါဆို သေချာပြီ၊ ခင်ဗျားကိုသန်းဝင်း မဟုတ်လား"

အခုအချိန်မှာ ကျွန်တော့်ကို "ကိုသန်းဝင်း"ဆိုပြီး နာမည်အရင်းကို ခေါ်မည့်သူ အတော်ရှားသွားပြီဖြစ်သည်။ ကျွန်တော့်ကို ကလောင်နာမည် "အောင်ဝေး"နှင့်သာ သိကြတော့သည်။ ကျောင်းတုန်းက နာမည် "သန်းဝင်း"ဆိုတာ ပျောက်ကွယ်လုပြီ။ ယခု ကျွန်တော့်ကို "ကိုသန်းဝင်း မဟုတ်လား"ဟုမေးလာသော ထိုသူကို ကျွန်တော် ကျေးဇူးတင်လိုက်တာ။ သူ့ကိုတော့ ကျွန်တော် မမှတ်မိသေးပါ။

"ဟုတ်ပါတယ်၊ ကျွန်တော် သန်းဝင်းပါ၊ စိတ်မရှိနဲ့နော်၊ ခင်ဗျားနာမည်ပြောပါဦး"

"ကျွန်တော် ဌေးဝင်းလေ၊ ကြို့ပင်ကောက်ကလေ၊ ကိုသန်းဝင်း မှတ်မိဦးမှာပါ၊ ကျွန်တော်တို့ ခင်ဗျားတို့ ကျွဲကြီးဝင်းမောင်တို့ တစ်နှစ်တည်း၊ တစ်တန်းတည်းလေ၊ မေဂျာဘောလုံးအသင်းမှာ ကျွန်တော်တို့ အတူတူတောင် ကစားခဲ့ကြတာလေ"

"ဟုတ်ပြီဗျာ၊ ကျွန်တော် မှတ်မိပြီ၊ ကျွန်တော်ပြန်မြင်ပြီ၊ ကြို့ပင်ကောက်က ကိုဌေးဝင်းနော်၊ ကနောင်က ကျွဲကြီးဝင်းမောင်၊ လက်ပံတန်းက ဇော်မင်း၊ အိုးသည်ကုန်းက ပေါ်ဦး၊ ပေါက်ခေါင်းက အေးချို၊ ဟင်္သာတက အောင်သိန်းနဲ့ မောင်မောင်သန်း၊ ပြည်က စိန်တိုး၊ အုတ်ဖိုကဝင်းမောင်၊ ကျွန်တော်တို့အတန်းက ယောကျ်ားလေး နည်းတယ်ဗျာ"

ကျွန်တော်ပြောပြတော့ ကိုဌေးဝင်းမျက်နှာမှာ ငယ်ရိပ်ပေါ်

www.linhtet.com



လာပြီး ငယ်အတိတ်ကို ပြန်လွမ်းသွားပုံရလေသည်။ ၁၉၇၃-၇၆ ကိုဌေးဝင်းနှင့် ကျွန်တော်တို့အတန်းတူတက်ခဲ့ကြသည်။ ဒီတုန်းက ပုသိမ်ကောလိပ် မြန်မာစာမှာ ဌာနမှူးက ဆရာမကြီး ဒေါ်မြင့်သန်း (ကထိက ဒေါ်မြင့်သန်း)။ ထိုစဉ်က ဌာနမှာ ဆရာကြီးဦးစံတင်၊ ဦးတိမ်ကြည်၊ ဒေါ်မြဆွေ၊ ဦးအောင်ဇော်၊ ဦးသာဦး၊ ဦးမြငွေ၊ ဒေါ်ခင်စုလှိုင်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်သိန်းသိန်း၊ ဒေါ်ခင်မြနွယ်၊ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ခင်ခင်သီတို့ ရှိကြသည်။ ကျွန်တော်က ၁၉၇၆ မတ်လမှာ နရသိန်အထဲ ရောက်သွားသည်။

"အခု ကိုဌေးဝင်း ကော့သောင်းရောက်နေတာကြပြီလား"

"ကြာပြီဆိုပါတော့၊ ခု အမျိုးသမီးက ဒုတိယအိမ်ထောင်ပါ၊ ကြို့ပင်ကောက်မှာ ပထမအိမ်ထောင်နဲ့က သိပ်မပေါင်းလိုက်ရဘူး။ လူတန်းစားချင်း မတူတော့ ကွဲသွားတယ်လေ"

ကျွန်တော်တို့ငယ်ငယ် လက်ဝဲစာအုပ်တွေထဲက "လူတန်းစား အချစ်"ဆိုတာကို ကိုဌေးဝင်း ပြောတုန်းပါလား။

မကြုံဂုလက်ရွာမှာ သူငယ်ချင်းနှစ်ယောက် အတိတ်ကို ပြန်တူးဆွပြီး လွမ်းချင်ကြပါသေးသည်။ သို့သော် သူ့ခများမှာ ဈေးဆိုင်တစ်ဖက်နှင့်မို့ မလွမ်းသာတော့ပါ။

ထိုညက ဇာတ်ပွဲက ပြန်လာပြီး မအိပ်ချင်ကြသေးသဖြင့် ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ သောင်ပြင်စပ်၊ နေ့လယ်ခင်းတုန်း က ဆလုံလှေထွင်းပြိုင်ပွဲ ပြုလုပ်ခဲ့ရသည့်နေရာ၊ ထွင်းလက်စ တစ်ပိုင်း တစ်စ သစ်တုံးပေါ်မှာ ညဉ့်အတော်နက်သည်အထိ ထိုင်နေခဲ့ကြပါ သည်။ ကြယ်ရောင်အောက်မှာ မကြုံဂုလက် ရေလက်ကြားက ငြိမ် သက်လျက်။ ပင်လယ်ပြင်သည် အိပ်မောကျလျက် ရှိလေသည်။ သောင်ရေစပ်မှာတော့ ဆလုံလှေတွေ။

ကျွန်တော်က ဘဝအလွမ်း အသားမာတွေကို ပင်လယ်ရေနှင့်

www.linhtet.com



ပွတ်တိုက်ဆေးကြောနေမိသေလည်။ မှတ်မှတ်ရရ ကျွန်းပေါ် ရောက်နေသည့် လေးငါးရက်မှာ တစ်ညနေပဲ ရေချိုးတစ်ပုံး ၁၀၀ နှင့်ဝယ်ချိုးခဲ့ရပါသည်။ နောက်ရက်တွေမှာ ရေချိုဝယ်မရတော့ပါ။ ကျန်သည့်ညနေတွေ ဆလုံတွေနဲ့အတူ ပင်လယ်ထဲ ဒိုက်ဗင်ထိုးနေခဲ့ရပါတော့သည်။ ပင်လယ်ရေချိုးလျှင် ကျန်းမာသည်ဟုဆိုသည် မဟုတ်လား။

ကျွန်တော် သောင်ရေစပ်မှာ ဆိုက်ထားသည့် ဆလုံလှေတွေကိုကြည့်ငေးနေမိလေသည်။ ကြယ်ရောင်အောက်မှာတော့ လှေအိမ်လူသားတွေရဲ့ အိပ်မက်တွေ ရှိပေလိမ့်မည်။ ဆလုံတို့မှာ ချစ်မေတ္တာနှင့်ဘဝနေဟန် လွတ်လပ်ကြပေသည်လေ။

ဆရာမ မိချမ်းဝေနှင့်အတူ ဆလုံလှေကြိုလှေကြား လျှောက်သွား လေ့လာခဲ့သည့်ရက်တွေက လှေတစ်စီးမှာ အင်တာဗျူးခဲ့ကြသည်။ လှေရှင် အမျိုးသားနာမည်က ကိုရွှေအိုးစည်တဲ့၊ သူက ဗမာစကားတတ်နေသည်။ တတ်ပေမှာပေါ့။ ကိုရွှေအိုးစည်သည် ပခုက္ကူသားစစ်စစ် ဗမာပါတဲ့လေ။ ဇာဒက်ကြီးကျွန်း၊ ဂျီအီး ဆောက်လုပ်ရေးမှာ အလုပ်လာလုပ်ရင်း သူ့ဇနီး မအိုင်းပိုနှင့် ညားခဲ့တာပါတဲ့။ မအိုင်းပိုကတော့ ဆလုံစစ်စစ်ပါ။ သူတို့မှာ ကလေးနှစ်ယောက် ပွားစည်နေပါပြီ။ ကိုရွှေအိုးစည်က ပခုက္ကူကို မလွမ်းတော့။ ဆလုံစိတ်ဝင်သွားပြီး ပင်လယ်မှာပျော်သွားပြီ။ သူတို့၏ ချစ်ခြင်းမေတ္တာက ခိုင်ကျည်အစွန့်ရှည်သည်လေ။

ဆလုံတိုင်းရင်းသားတို့၏ ချစ်ခြင်းမေတ္တာလောကဝယ် ဂုဏ်ပကာသန မရှိပေ။ အချစ်ကို အချစ်ဖြင့်သာ ဆုံးဖြတ်ကြသည်။ မိဘများ သဘောမတူသော ပြဿနာလည်း မရှိပေ။ ချစ်တိုင်းမညား၊ ညားတိုင်းမချစ်ဟူသော ပြဿနာလည်း မရှိချေ။ ဂုဏ်ခနဲ ကွာခြား၍ မေတ္တာတံတားမခင်းနိုင်ဟူသော ပြဿနာလည်း မပေါ်ပေ။ ချစ်သောသူနှင့် ကွေကွင်းရခြင်းလည်းမရှိ။ မချစ် မနှစ်သက်သောသူနှင့်

www.linhtet.com



ပေါင်းဖော်ရခြင်းလည်းမရှိ။ ဆလုံတိုင်းရင်းသားတို့၏ ချစ်ခြင်းမေတ္တာသဘောထားသည် အချစ်ဒုက္ခနှင့် အချစ်ပြဿနာအရပ်ရပ်ကို ဖယ်ရှားထားပေသည်။

ဆလုံတိုင်းရင်းသားတို့ဘဝသည် ကြမ်းတမ်းခက်ထန်ပါသော်လည်း သူတို့သည် အချစ်ပြဿနာနှင့် အချစ်ဒုက္ခများမှ ကင်းလွတ်ကြသူများဖြစ်သည်။ ကမ္ဘာပေါ်ဝယ် အရိုးဆုံး အရှင်းဆုံးနှင့် အကောင်းဆုံးသော မေတ္တာသဘောတရား ထားရှိနိုင်ကြသူများ ဖြစ်သည်ဟု ဆိုပါသည်။

ချစ်ခြင်းမေတ္တာတစ်ခုတည်းပေါ်တွင် အခြေခံထားသော အိမ်ထောင်မှုစနစ်ကို ကျင့်သုံးလိုက်နာကြသည့် ဆလုံတိုင်းရင်းသားတို့၏ဘဝကို နက်နက်ရှိုင်းရှိုင်း လေ့လာကြည့်လျှင် အရင်းခံအားဖြင့် လွတ်လပ်ခြင်းသဘောတရားသည်ပင်လျှင် သူတို့၏ ကိုးကွယ်ရာ ဘာသာတရားများ ဖြစ်နေလေမည်လား။

ဆလုံများ၏သဘာဝကို သုံးသပ်ကြည့်ပါက လွတ်လပ်ပျော်ရွှင်စွာ၊ အနှောင်အဖွဲ့ ကင်းမဲ့စွာဖြင့် ပင်လယ်ပြင် လေ့အိမ်မှာ ဘဝကို ဖြတ်သန်းသွားလိုကြသူများ ဖြစ်သည်မဟုတ်လား။ လွတ်လပ်ခြင်းမှာလည်း ဆလုံဓလေ့ရိုးရာ စည်းကမ်းများကို လိုက်နာကျင့်သုံးကြသည် မဟုတ်လား။

ကြယ်ရောင်အောက်က ညတစ်ညမှာတော့ ကျွန်တော်နှင့် ဒါရိုက်တာ ဘုန်းဝေတို့နှစ်ဦးသည် ပင်လယ်ဂျစ်ပစီ လွမ်းချင်းတစ်ပုဒ်စီကို တွေးသီနေမိခဲ့ကြလေသည်။

မနက်ဖြန် မခွဲခွာမီ ဆလုံနှင်းဆီတို့၏ အလှကိုလည်း ကျွန်တော်တို့ ဆွေးရီနေကြရဦးမည် မဟုတ်လား။

*

www.linhtet.com



[၆]

ထိုနေ့ကတော့ ကျွန်တော်တို့ အောင်မြင်စွာ ဆုတ်ခွာခဲ့ကြလေသည်။


ပင်လယ်ပြင်ကြီးနှင့် ကျွန်းထီးထီးတို့သာ အထီးကျန် လွမ်းဆွတ်ကျန်ရစ်ခဲ့ပေသည်။ ကျွန်တော့်မျက်စိထဲမှာ နံနက်ခင်းကတည်းက တစ်စင်းချင်း၊ တစ်ဖွဲ့ချင်း ပြန်လည်ထွက်ခွာသွားကြသည့် ဆလုံလှေတွေကို ပြန်မြင်ယောင်နေမိသည်။

အခြားကျွန်း၊ အခြားရွာတွေမှ ပွဲတော်ကြီးသို့ လာရောက်စုစည်းကြရသော ဆလုံလှေတွေ ထွက်ခွာသွားသောအခါ မကြံ့ဂလက်ရွာခံ ဆလုံလှေတချို့သာ သောင်စပ်မှာကျန်ရစ်တော့သည်။ လေးငါးရက် လှေတွေ စည်ကားတိုးညပ်နေသော ပင်လယ်ကမ်းခြေမှာ ယခုအခါ လှေတွေ လစ်ဟာသွားသောအခါ ကျွန်တော်တို့ရင်ထဲတွင်လည်း ဟာသွားသလို ခံစားနေရပေတော့သည်။ ကျွန်းနီးချုပ်စပ်က ခရီးသည်တွေလည်း ပြန်ကြလေပြီ။

ကျွန်တော်တို့ ကော့သောင်းကို ပြန်ကြမည့်သူတွေ မနက်ခင်းကတည်းက ပွဲတော်မုခ်ဦး သောင်ပြင်မှာ စုဝေးနေကြရသည်။

**ဆလုံလှေရှုခင်း** ➡

www.linhtet.com



www.linhtet.com



ဆရာမမိချမ်းဝေကတော့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြင့်မြင့်မူ၊ အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းတို့ အဖွဲ့နှင့် လိုက်ပါသွားမည်ဟု သိရသည်။

ကျွန်တော်က သောင်ပြင်ကုန်းမြင့်ကလေးမှာထိုင်ရင်း ပြန်လည် ထွက်ခွာသွားနေသည့် ဆလုံလှေတွေကို ကြည့်ငေးနေမိသည်။လှေတိုင်း လှေဦးမှာ အမျိုးသမီးတွေကပဲ ထိုးဝါးထိုးပြီး ရေနက်ထဲ ဦးတည်မျှော ထွက်နေတာ တွေ့ရပါသည်။ တချို့ ကိုယ်လွတ်၊ တချို့ ကလေး ကျောပိုးလျက်။ အမှန်တော့ သိပ်ပြီးထူးဆန်းလှသည့် မြင်ကွင်းတော့ မဟုတ်ပါ။ ဆလုံတို့သည် သမိုင်းဦးဘုံမြေခေတ်တုန်းက မိခင် အုပ်ထိန်းသော စနစ်မျိုး ဆန်ဆန် ကျင့်သုံးနေထိုင်တတ်ကြသည်ဟု ဆိုသည်။ ဆလုံတို့သည် သားသမီးအများအပြား အသေအပျောက်မရှိ မွေးဖွားစောင့်ရှောက်ပေးနိုင်သည့် မိခင်များကို တန်ဖိုးထားကြပါသည်။

ယခု ကျွန်တော်တို့ရောက်ခဲ့သည့် ''မကြံ့ဂလက်'' ရွာဆိုသည် မှာပင်''မကြံ့''ဟူသော ဆလုံမိခင် အမျိုးသမီးကြီးတစ်ဦး၏အမည်ကို အစွဲပြု၍ ခေါ်ဆိုကြခြင်းဖြစ်သည်တဲ့။ (ဂလက်=ရေလက်ကြား) အနှီ မကြံ့(ဒေါ်ကြံ့)သည် သားသမီး မြေးမြစ် အစဉ်အဆက်၊ ဆွေမျိုးတစ်စုအပြင် အခြားဆလုံမိသားစုများ၊ လှေများကိုပါ နှစ်ပေါင်း အတန်ကြာ အုပ်ချုပ်ခေါင်းဆောင်မှု ပေးခဲ့သည်ဟု မှတ်တမ်းရှိ ပါသည်။

ယနေ့ ၁၇-၂-၂၀၀၄ နေ့လယ်ခင်းမှာ ကျွန်တော်တို့တွေ အပြန်စက်လှေစောင့်ရင်း အတွေးသီနေမိကြတော့သည်။ ကျွန်တော် တို့မှာ ကော့သောင်းပြန်ဖို့ နောက်ဆုံးကျန်သည့် လူစုဖြစ်နေတော့သည်။ သောင်ပြင်မှာဝိုင်းထိုင်၍ ရှေ့ဆီက ပင်လယ်ပြင်ကြီးနှင့် လန်ပိကျွန်းကြီး ဆီကို ကျွန်တော်တို့ မျှော်ငေးနေကြသည်။ လူသူရှင်းသွားသည့် ဗိုလ်ချိုကျွန်း အနောက်မကြံ့ဂလက် ကမ်းခြေမှာ အလွမ်းတွေ

www.linhtet.com



တင်ကျန်ရစ်ခဲ့လေသည်။

ကျွန်တော်က မနေ့က ညနေ ၁၆-၂-၂၀၀၄ အထိ အပြည့်ပြည့်ဆိုင်ရာ တနင်္သာရီ ရေလုပ်ငန်းကုမ္ပဏီ စားသောက်ဆိုင်က လူငယ်များ၏ လှုပ်ရှားမှုတွေကို ပြန်မြင်ယောင်နေမိတော့သည်။ သူတို့လူငယ်တစ်စု၏ ဖျတ်လတ် သွက်လက် တက်ကြွသော အားမာန်နှင့် ပျော်ရွှင်မှုကို ကျွန်တော် သတိပြုမိခဲ့ပါသည်။

၁၄-၂-၂၀၀၄ ညနေက သူတို့လေးတွေ ပွဲထောင်သုံးလေးစင်းနှင့် ဆိုင်ခင်းစရာ၊ ရောင်းစရာပစ္စည်းတွေ အစုံအလင် တင်ပြီး မကြံ့ဂုလက် ကမ်းခြေမှာ ထိုးဆိုက် ခုန်ဆင်းလာခဲ့သည်။ ယောက်ျားလေးတွေက ဆိုင်ကို ချက်ချင်း ဆောက်လိုက်ကြသည်။ မိန်းကလေးတွေက ဒူးဆစ်ရောက် ပင်လယ်ရေထဲမှာ ပစ္စည်းတွေ ကူသယ်ခေါက်သယ်။ ဟော…သိပ်မကြာလိုက်ပါ။ သူတို့ရဲ့ဆိုင်မှာ လက်ဖက်ရည်၊ ကော်ဖီ၊ အအေး စားသောက်ဖွယ်ရာ အစုံရပါပြီတဲ့။

ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ ဘေးချင်းယှဉ်နေသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စားသောက်ဆိုင်ထဲက ထိုင်ကြည့်နေခြင်းဖြစ်သည်။ သူတို့တွေအားလုံးမှာ အသက် ၂၀ ဝန်းကျင်အရွယ် လူငယ်တွေချည်းပင်။ ပန်လုံးအော်ကလာပြီး ဆိုင်ဖွင့်ကြခြင်းဖြစ်သည်တဲ့။ စုစည်းညီညွတ်ကြသည်။ Team Work ကောင်းသည်။ သူကလေးတွေရဲ့ ဆိုင်မှာလည်း ဗိုလ်မှူးကြီးတင်ထွေးနှင့် ကော့သောင်းစာတိုက်အဖွဲ့ကိုခေါ်ပြီး ကျွန်တော်တို့ ထိုင်ခဲ့ကြသည်။ ဆိုင်စခင်းသည့်နေ့က သူတို့ကလေးတွေ၏ အမူအရာမှာ ကမ်းတက်တိုက်ပွဲ ဝင်ကြသလို။ လျင်မြန်သွက်လက်။

သည်စကား ကျွန်တော်ပြောတာ လွန်အံ့မထင်ပါ။ မလွန်ကြောင်း ၁၆-၂-၂၀၀၄ ညနေက သူတို့လေးတွေဆိုင်သိမ်း၊ ပစ္စည်းသိမ်းပြီး ပန်လုံးအော်ကျွန်းကို ပြန်သွားကြတာကို ကျွန်တော်တို့

www.linhtet.com



မသိမီ၊ မတွေ့မြင်လိုက်ခဲ့ကြတော့ပါ။ ထိုနေ့က ညနေစောင်းအထိ သူတို့အပြည့်ပြည့်ဆိုင်ရာ တနင်္သာရီရေလုပ်ငန်း စားသောက်ဆိုင်မှာ လူတွေစည်ကားနေပါသေးသည်။ ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ သောင်ပြင်တစ်ဖက်အစွန်း နဂါးရုံဘုရားကမ်းစပ်မှာ ပင်လယ်ရေသွားချိုးပြီး ပြန်လာကြသည့် အချိန်မှာတော့ သူတို့တနင်္သာရီဆိုင်ကို ဝါးလုံးတိုင်လေးတစ်တိုင်ကိုမျှပင် မမြင်ရတော့ပါ။ ကဲ-ဘယ်လောက် လျင်မြန်ဖျတ်လတ်ပြီး တပ်ဖျောက်ကောင်းလိုက်ကြတဲ့ လူငယ်တွေပါလဲ။

ကျွန်းပေါ်မှာတော့ လူငယ်တွေ၏အမူအရာကို ကျွန်တော်က စူးစမ်းအသိအမှတ်ပြုနေမိပေသည်။ မနက်ခင်းနှင့် ညဦးပိုင်း ကျွန်တော်တို့နှင့် လက်ဖက်ရည်ဆိုင်အတူထိုင်ကြသည့် ကိုယုနိုင်တို့၊ ကိုကျော်ကျော်စိုးတို့အဖွဲ့ထဲတွင် ကော့သောင်းမြို့ PSI မှ ကိုသက်အေးနှင့် World Vision က ကိုအောင်သူတို့လည်းပါပါသည်။ ကော့သောင်းပြည်သူ့ဆေးရုံကြီး ဓာတ်ခွဲခန်းက ကိုယုနိုင်လက်ထောက် ကိုကျော်မိုးဟိန်းလည်း ပါပါသည်။ PSI နှင့် World Vision တို့မှာ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက် ကုသရေးအလုပ်တွေ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် လုပ်ဆောင်နေကြသည့် NGO အဖွဲ့အစည်းများ ဖြစ်ကြပါသည်။

တစ်ညနေခင်း ကျွန်တော်တို့သောင်ပြင်မှာ လက်ဖက်ရည်ဆိုင်ထိုင်နေဆဲ ကိုသက်အေးတို့လူငယ်တစ်သိုက် အေအိုင်ဒီအက်စ်ပညာပေးရေးလုပ်ငန်း လုပ်ဆောင်နေကြပုံကို တွေ့လိုက်ရသည်။ လက်ဖက်ရည်ဆိုင်ရှေ့ သောင်ပြင်ပေါ်မှာ ကိုသက်အေးတို့က အဏ္ဏဝါစိုး ကုမ္ပဏီလီမိတက်မှ အေးအေးလတ်နှင့်အဖွဲ့ကို ပညာပေး ကာတွန်းစာအုပ်ကလေးတွေ လက်ကမ်းဝေငှနေခြင်းဖြစ်သည်။ အေးအေးလတ်တို့ ကုမ္ပဏီမှာ ဘုတ်ပြင်းမြို့နယ်၊ ဝါးကျွန်းကျေးရွာကလာပြီး မကြံ့ဂလက်

www.linhtet.com



ဆလုံပွဲတော်မှာ ဆီးဖုစားသောက်ဆိုင် လာဖွင့်ကြခြင်းဖြစ်သည်။ ကုမ္ပဏီပိုင်ရှင် ဦးစောဂျက်၊ ဒေါ်ခင်စိုးဟုသိရသည်။ မီးပုံပွဲဒုတိယညက သူတို့အဏ္ဏဝါစိုး ကုမ္ပဏီက လူကြီးတွေရော လူငယ်တွေပါ ပုစွန်တွေ ကင်ပြီး ပျော်ရွှင်တက်ကြွစွာ ကခုန်နေခဲ့တာကို မှတ်မိနေပါသည်။

ငယ်သူတို့၏ အားမာန်သည် ကျွန်းပေါ်မှာ ပဲ့တင်လျှံနေခဲ့လေသည်။ ပင်လယ်ပြင်မှာလည်း အရိပ်ထင်လေသည်။ ပွဲတော်ကို တာဝန်ယူထားရသူ ကော့သောင်းမြို့နယ် အတွင်းရေးမှူး ဦးလှငွေးနှင့် ဇနီး ဒေါ်တင်တင်နှောင်းတို့သည်ပင်လျှင် လူငယ်တွေကြားမှာ တက်ကြွစွာ လှုပ်ရှားပြေးလွှားနေတာ တွေ့ခဲ့ရသည်။ ကျွန်တော်တို့နှင့် အတော်ခင်မင်ရင်းနှီးသွားသော မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းမှာ ရာထူးကသာကြီးနေတာ ဖြစ်သည်။ လူက အသက် ၂၃ နှစ်သာရှိသေးသည့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းက သားဖွားဆရာမ အပျိုကလေး တစ်ဦးသာ။ များစွာ ငယ်နုပါသေးသည်။ ခုမှ ရန်ကုန်က ဒဂုံ တက္ကသိုလ်မှာ သမိုင်းအထူးပြုနှင့် အဝေးသင် နောက်ဆုံးနှစ် တက်တုန်း။

ကိုယုနိုင် (နိုင်တာရာ)၊ ဓာတ်ပုံ ကျော်ကျော်စိုး(ဇီဝဗေဒ)၊ Summit ကွန်ပျူတာကိုဝင်းငွေး၊ ကော့သောင်းမြို့ ၂ မိုင် အိမ်တွင်းမှူ သင်တန်းကျောင်းက ဆရာမ ဒေါ်စောစန္ဒာသိဏ်း၊ ဒေါ်နန်းမိလေး စသည်ဖြင့် ကျွန်တော်တို့ တွေ့ဆုံခင်မင်ရသည့် လူတွေအားလုံးမှာ လည်း လူငယ်တွေချည်းဖြစ်သည်။ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်း စားသောက်ဆိုင်က ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေ တို့အား ဂရုတစိုက် ကျွေးမွေးပြုစုခဲ့သည့် အဒေါ်ကြီး ဒေါ်ဂစ်ကလွဲရင် ဆိုင်က ဝါဝါခိုင်နှင့် ဖြူဖြူခိုင် ညီအစ်မမှာ များစွာငယ်ငယ်နုသေးသည့် လူငယ်တွေပဲ မဟုတ်လား။

www.linhtet.com



ကျွန်တော်သည် လူငယ်တွေနှင့်အတူ သောင်ပြင်မှာထိုင်ရင်း မကြုံဂလက်ရွာ မူလတန်းကျောင်းကလေးကို ငေးမိသွားသည်။ ထိုကျောင်းကလေးမှာလည်း လူငယ်တွေရှိတာပဲ မဟုတ်လား။ ကျွန်တော်က ကျောင်းအုပ်ဆရာဦးစိန်မြင့်ကို တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးစိန်မြင့်သည်ပင် အသက် ၃၁ နှစ်သာရှိသေးသည့် လူငယ်။ ၁၉၉၄ မန္တလေးတက္ကသိုလ်က ရူပဗေဒနှင့် သိပ္ပံဘွဲ့ရခဲ့သည်။ သူ့ကျောင်းမှ လက်ထောက်ဆရာမ ဒေါ်အိမာလာခိုင်နှင့် အထွေထွေလုပ်သား မဉမ္မာတို့မှာလည်း လူငယ်တွေပဲ။ ထိုလူငယ်တွေကပဲ မကြုံဂလက်ရွာ ပညာရေးကို ရှေ့ဆောင်နေတာဖြစ်ပါသည်။

ဦးစိန်မြင့်က ပြောပြသည်။ မကြုံဂလက်ရွာမှာ အိမ်ထောင်စုပေါင်း ဗမာ ၁၈၊ ဆလုံ+ဗမာ ၃၉၊ ဆလုံ(အိမ်နေ) ၄၄ နှင့် ဆလုံ(လှေနေ) ၂၀၊ စုစုပေါင်း အိမ်ထောင်စု ၁၂၁၊ လူဦးရေ ၃၇၂ ယောက်ရှိပြီး မူလတန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေကြသော ကလေးများမှာ သူငယ်တန်း ၂၀၊ ပထမတန်း ၇၊ ဒုတိယတန်း ၆၊ တတိယတန်း ၄၊ စတုတ္ထတန်း ၂၊ စုစုပေါင်း ၃၉ ယောက်၊ ရွာလူဦးရေ၏ ၁၀ရာခိုင်နှုန်းပဲ ရှိသေးသည်ဟု သိရသည်။ ဆလုံကလေးသူငယ်တွေကို ပင်လယ်ထဲမခေါ်သွားဘဲ ကျောင်းထားဖို့ ဆရာ ဆရာမတွေက အတော့်ကို စည်းရုံး နားချနေရသည်ဟု ဆိုပါသည်။

ဆေးပေးခန်းကတော့ သားဖွားဆရာမတစ်ယောက် ရုံးထိုင်သောအဆင့်မှာပဲ ရှိပါသေးသည်။ ထိုမကြုံဂလက် သားဖွားဆရာမကိုတော့ ကျွန်တော်တွေ့ဆုံစကားပြောခွင့်မရခဲ့ပါ။ ထိုဆရာမသည်လည်း လူငယ်တစ်ယောက်ပဲ ဖြစ်ပေလိမ့်မည်။

လူငယ်တွေ အများကြီးကို ကျွန်းပေါ်မှာ ကျွန်တော် တွေ့ခဲ့ရသည်။ ဆလုံရိုးရာပွဲတော်ကို လာကြသည့် နိုင်ငံခြားသား ကမ္ဘာလှည့်

www.linhtet.com



ခရီးသည် တချို့မှာလည်း လူငယ်တွေဖြစ်ကြသည်။ ထားဝယ်ရိုးရာယဉ်ကျေးမှုအက အဖွဲ့က လူငယ်တွေ။ ကော့သောင်းမြို့ ဆလုံရိုးရာယဉ်ကျေးမှုအကအဖွဲ့က လူငယ်တွေ။ ရေပေါ်ဟိုတယ် တည်းခိုဆောင်တွေမှာလည်း ပြေးလွှားလှုပ်ရှား တာဝန်ထမ်းဆောင်နေကြသည့် ဟိုတယ်ခရီးက ဝန်ထမ်းလူငယ်တွေ။ ပွဲတော်လာ ခရီးသည် လူငယ်တွေ။ ဆလုံလှေတွေထဲမှာလည်း ဆလုံလူငယ်တွေ။ လူငယ်တွေဟာ ပြည်သူတွေပဲ။ "The young are people" ယက်ဗ်တူရှင်ကို ဆိုတယ်လေ။

ဟော...ကျွန်တော်တို့နှင့်အတူ သောင်ပြင်မှာထိုင်ရင်း အိမ်ပြန်ချိန်ကိုစောင့်နေသည့် ကော့သောင်းခရိုင် ပြန်/ဆက်ဦးစီးမှူး ဦးတင်ရွှေသည်ပင်လျှင် လူငယ်တွေကြားမှာ၊ ပြည်သူတွေကြားမှာ။(ကော့သောင်းမှာတွေ့ခဲ့သည့် ဒု-ဦးစီး ဒေါ်ကေသီရှိန်သည်လည်း လူငယ်)

ပင်လင်ပြင်ကြီးသည် နေရောင်အောက်မှာ တလက်လက်တောက်ပနေလေသည်။ လှိုင်းလုံးပြေပြေတွေက တစ်ချက်တစ်ချက်ကမ်းခြေကို လာလာရိုက်နေသည်။ သောင်ပြင်ကမ်းစပ်မှာ ကျနေ၏အရိပ်ထင်ချေပြီ။ ကျွန်တော်တို့ အိမ်ပြန်ချိန်ကို စောင့်လျက်နေကြဆဲ။ ယခင်နေ့ရက်တွေတုန်းကတော့ မကြုံဂလက်နေဝင် (Ma Kyone Galet Sunset) ကို ကျွန်တော်တို့ ကြည့်ငေးခံစားခဲ့ကြပါသည်။ ဆလုံလှေတွေ ရှင်းသွားသည့် ပင်လယ်ပြင်ကိုကြည့်ရင်း ကျွန်တော်တို့ရင်တွင်းမှာ ဟာလာဟင်းလင်း ဖြစ်နေကြတော့သည်။

မနေ့က "မော်ကင်းဥဒါန်း" ရုပ်ရှင်ရိုက်မည့်အဖွဲ့က ဓာတ်ပုံဆရာတွေ၊ စက်ဆရာတွေ၊ မီးဆရာတွေနဲ့ လူကြမ်းတွေ ဒါရိုက်တာဘုန်းဝေကို လာနှုတ်ဆက်ကြတာ တွေ့ခဲ့ရသည်။ သည်ကနေ့ ကျွန်တော်တို့ ပြန်ဖို့ပြင်ဆင်နေကြတဲ့ အချိန်မှာပဲ မြဝတီရုပ်သံက စောကလျာဦးတို့ ဒါရိုက်တာဘုန်းဝေကို လာရောက်တွေ့ဆုံ နှုတ်ဆက်

www.linhtet.com



ပါသည်။စောကလျာဦးမှာ ဒါရိုက်တာဝေမှိုင်းညို၏"မော်ကင်းဥဒါန်း" ရုပ်ရှင်ရိုက်ကွင်းကို လျှပ်တစ်ပြက် ရိုက်ချက်ရိုက်ကူးရန် လိုက်လာခြင်းဖြစ်သည်ဟု သိရပါသည်။ ထိုနေ့ကအထိ ထိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြမည့် ဦးညွန့်ဝင်း၊ ဦးကျော်ဟိန်း၊ လူမင်း၊ နန္ဒာလှိုင်တို့ ရောက်မလာကြသေးပါ။

ပြန်မည့်နေ့ နံနက်ပိုင်းက "မော်ကင်းဥဒါန်း" ရိုက်ကွင်း တည်ရာ ရေပေါ်ဟိုတယ်တွေဘက်သွားသည့် ရေလက်ကြားအထွက် တစ်ဖက်သောင်ပြင်စွန်း ကျောက်ဆောင်တွေကြားကို ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ သွားရောက်ကြည့်ရှုခဲ့ကြပါသေးသည်။ စောကလျာဦးကို လုပ်ငန်းခွင်မှာ ထမင်းစားနေတာတွေ့၍ ခွင့်တောင်းပြီး ဒါရိုက်တာဘုန်းဝေကို ဓာတ်ပုံရိုက်ခိုင်းရသည်။ ဒါရိုက်တာဘုန်းဝေက စောကလျာဦးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးပါသည်။ Interviewer စောကလျာဦးက ကျွန်တော့်ကို ထုတ်လုပ်ရေးမှူး သီဂီထွန်းနှင့်ပါ မိတ်ဆက်ပေးပါသည်။ စောကလျာဦးနှင့် မီဒီယာအချင်းချင်း ချစ်ကြည်ရင်းနှီးပုံပိုးမှုအကြောင်း နည်းနည်းပါးပါးပြောပြီး ကျွန်တော်တို့ "မော်ကင်းဥဒါန်း" ရိုက်ကွင်းက ပြန်ထွက်လာခဲ့ကြပါသည်။

စောကလျာသီးတို့ သီဂီထွန်းတို့တွေလည်း လူငယ်တွေပါပဲ။ ရိုက်ကွင်းက ပြန်လှည့်အလာ လမ်းမှာ ကျောက်ဆောင်တွေကြားက အပြေးထွက်လာသည့် သရုပ်ဆောင် သူထူးစံကို ဆလုံဒီဇိုင်းနှင့် တွေ့လိုက်ရသည်။ သူထူးစံသည်လည်း လူငယ်ပဲ။

တကယ်တည်း ထိုနေ့ညက ညနေမစောင်းခင် မြိတ်ကနေ ဖြတ်ဝင်လာသည့် Fortune Express (7) အမြန်ရေယာဉ်ဖြင့် ကျွန်တော်တို့ ကော့သောင်းကို ပြန်လည်ထွက်ခွာလာသော အခါတွင်လည်း ထိုအမြန်ရေယာဉ်ပေါ်တွင် အတူပါလာသည့် ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်သည် ဆလုံပွဲတော်ပြန် ကော့သောင်းမြို့က

www.linhtet.com



လူငယ်တွေကြားတွင် ရင်းနှီးချစ်ခင် တစ်သားတည်း ရောစပ်သွားသည့် ရုပ်ပုံလွှာမှာ အမှတ်တရပင်။

အမြန်ရေယာဉ် ပဲ့ပိုင်း ခေါင်မိုးထပ်မှာ လိုက်ပါလာရင်း ကျွန်တော်တို့တစ်တွေ ဗိုလ်ချိုကျွန်းကို ခြသေ့်လည်ပြန် လှည့်လွမ်းနေမိကြသည်။ ကျွန်းမှာ ကျွန်တော်တို့ငါးရက်၊ ကိုယုနိုင်တို့ မြို့ခံအဖွဲ့ ဆိုလျှင် တစ်ပတ် ၁၀ ရက်မက၊ အချို့ ရက် ၂၀ တစ်လနီးပါး နေခဲ့ကြရသည့် ဗိုလ်ချိုကျွန်းကတော့ ကျန်ရစ်ခဲ့ပြီ။ မကြုံဂလက် ရွာကလေးလည်း ကျန်ရစ်ခဲ့ပြီ။

ပင်လယ်ပြင်သည် အသော့နှင်လျက် ရှိလေသည်။

ဆလုံလှေ တစ်စင်းတလေများ တွေ့လေမလား။ ကျွန်တော်က ကျနေ၏အရောင်အောက်မှာ ရှာကြည့်မိသည်။ ဘာပဲဖြစ်ဖြစ် ဆလုံလှေတွေကို ကျွန်တော်လွမ်းနေမိတော့သည်။ အပြန်လမ်းမှာတော့ ဟိုအဝေးက ကျွန်းတောင်ပုပုတွေ ကြားကို လှမ်းရော်ငေးမျှော်ရင်း ဆလုံမျိုးချစ်သူရဲကောင်း ဗိုလ်လုံးနီအကြောင်းက ရင်ထဲလိုက်ပါလာခဲ့ လေတော့သည်။ ဗိုလ်လုံးနီအကြောင်းကို နိုင်တာရာကဆလုံရိုးရာ ပြခန်းကော်မတီက ထုတ်ဝေသည့် စာအုပ်တွင် မှတ်တမ်းတင်ထား ခဲ့ခြင်း ဖြစ်လေသည်။

ဗိုလ်လုံးနီမှာ ဆလုံတိုင်းရင်းသားတို့၏ ရေထွက်သယံဇာတ ပစ္စည်းများကို ခေါင်းပုံဖြတ်လိုသည့် လောဘဇောဖြင့် ဆလုံတို့အား မူးယစ်ဆေးဝါးစွဲအောင်ပြုခဲ့သည့် နယ်ချဲ့များအား တော်လှန်ခဲ့သည့် ဆလုံသူရဲကောင်းဖြစ်ပါသည်။

ဆလုံတိုင်းရင်းသားတို့သည် ပင်လယ်ပြင်တွင် ကျွမ်းကျင်မှုရှိပြီး ရသမျှဖြင့် တင်းတိမ်ရောင့်ရဲနေတတ်ကြသူများ ဖြစ်ကြောင်း ဗြိတိသျှ တို့က နားလည်သည်။ တစ်ဖန် ဆလုံတို့ အသက်စွန့်ကာ ရှာဖွေရရှိသည့် ပုလဲ၊ ငှက်သိုက်နှင့် ငါးကြီးအန်ဖတန်များ၏ တန်ဖိုးကိုလည်း

www.linhtet.com



တွက်ချက်မိကြသည်။ ယင်း သယံဇာတများကို တန်ရာတန်ဖိုး မပေးဘဲ ဗြိတိသျှတို့က ရယူလိုကြသည်။

သို့နှင့် ဗြိတိသျှတို့သည် ဆလုံတိုင်းရင်းသားတို့ ဘိန်းစွဲစေရန် ဘိန်းခန်းများ ဖွင့်ပေးခဲ့ကြသည်။ ကနဦးတွင် ကြာကြာရေငုပ်နိုင်ရန် အကြောင်းပြချက်ဖြင့် ဆလုံတို့အား ဘိန်းကို အခမဲ့ပေးခဲ့သည်။ ထိုနောက် ဆလုံတို့ရှာဖွေရရှိသည့် အဖိုးတန် သယံဇာတများနှင့် ဘိန်းကို အလဲအလှယ်ပြုကြသည်။ဘိန်းကို လက်နက်သဖွယ်ကိုင်စွဲကာ ဗြိတိသျှတို့သည် ဆလုံတို့၏ ရိုးသားခြင်းဂုဏ်ပုဒ်ကို ဖျက်ဆီးခဲ့ကြသည်။ ဆလုံတိုင်းရင်းသားတို့ကို လူရာမသွင်းသည့် အဖြစ်သို့ ရောက်စေခဲ့သည်။ ဆလုံတို့သည် ဘိန်းကိုရဖို့အတွက် အသက်စွန့်ကာ ရေအောက်သယံဇာတများကို ရှာဖွေကြရသည်။ ဘိန်းနှင့်သာ အချိန်ဖြုန်းနေကြတော့သည်။ သို့နှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွင် အောက်တန်း နောက်တန်းကျလာကြသည်။

ထိုအချိန်တွင် ‘‘လုံးနီ’’အမည်ရှိ လူတစ်ယောက်မှာ မြိတ်သို့ ရံဖန်ရံခါ ရောက်ဖူးသူဖြစ်သည့်အားလျော်စွာ အကြားအမြင် ဗဟုသုတလည်းရှိသည်။ ဘိန်း၏ဆိုးကျိုးကို သူမြင်သည်။ အသက်နှင့်ရင်းပြီး ရှာဖွေထားရသည့် သဘာဝပုလဲတစ်လုံး၏ တန်ဖိုးသည် ဆလုံတစ်ယောက်၏တစ်ပတ်စာ ဘိန်းဖိုးမျှလောက်သာရှိကြောင်း သူတွက်ချက်မိသည်။ ဘိန်းကို အစွဲကြီးစွဲနေသော ဆလုံတို့ကိုကြည့်၍ ဆလုံမျိုးရိုးတိမ်ကောရမည့်အဖြစ်ကို မြင်ကာ သူနှလုံးမသာမယာဖြစ်ရသည်။

ဘိန်းကိုရှောင်ကြဉ်ရန် ဆလုံတို့ကို လုံးနီစည်းရုံးသော်လည်း အချည်းနှီးပင်။ သို့နှင့် ဗြိတိသျှတို့အား လက်နက်နှင့် ပုန်ကန်ဖို့ သူဆုံးဖြတ်လိုက်တော့သည်။ လုံးနီလက်အောက်သို့ ဆလုံလူငယ်အများအပြား ဝင်ရောက်လာခဲ့ကြသည်။ ကမ်းရိုးတန်း တစ်လျှောက်မှာ၊ ကျွန်းစုများအတွင်းမှာ ဗြိတိသျှနှင့် ဗိုလ်လုံးနီတပ်များ တိုက်ပွဲ

www.linhtet.com



ဖြစ်ပွားကြသည်။ ဗိုလ်လုံးနီတပ်များသည် ဗြိတိသျှသင်္ဘောတိုင်းကို မတိုက်ခိုက်။ ဘိန်းတင်ဆောင် သယ်ယူလာသည့် သင်္ဘောများကိုသာ တိုက်ခိုက်သည်။ ဗိုလ်လုံးနီတပ်များ၏ တိုက်ရည်ခိုက်ရည်ကို ဗြိတိသျှတို့ အံ့အားသင့်ကြရတော့သည်။ ပင်လယ်သူရဲကောင်း၏ အောင်ပွဲများပင် ဖြစ်ပါသည်။

ဗိုလ်လုံးနီ၏ တပ်များအကြောင်း ဗြိတိသျှအသိုက်အဝန်းတွင် လူသိများလာသည်။ ဘိန်းတင်ဆောင်လာသည့် သင်္ဘောများ ကမ်းရိုးတန်းကို မဖြတ်ဝံ့ကြ။ ဘိန်းခန်းများတွင် ရောင်းချဖို့ ဘိန်းပြတ်လပ်သွားသည်။ ဘိန်းမှရရှိသည့် အခွန်အတုတ်များ လျော့ကျသွားသည်။ ဗြိတိသျှတို့ အခက်ကြုံရတော့သည်။

ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့် ပင်လယ်ကျွန်းစုအတွင်း ဝင်ပေါက်ထွက်ပေါက်ဟူသမျှကို ကျွမ်းဝင်နေသည့် ဗိုလ်လုံးနီအား ဖမ်းဆီးဖို့ မလွယ်ကူလှပါ။ သို့နှင့် ဗြိတိသျှတို့က ဗိုလ်လုံးနီအား အစိုးရရာထူးပေးပါမည်ဟု မက်လုံးပေးမြှူဆွယ်လိုက်သည်။ ဗိုလ်လုံးနီက လက်မခံပါ။ သူ၏တောင်းဆိုချက်မှာ ဘိန်းကိုဆက်လက်ရောင်းချခွင့် မပြုရန်ပင်ဖြစ်သည်။

ဗိုလ်လုံးနီ၏ တောင်းဆိုချက်ကို ဗြိတိသျှတို့က မလိုက်လျောနိုင်။ သို့နှင့် ရှိသမျှနည်းလမ်းများနှင့် ဗိုလ်လုံးနီကို ဖိနှိပ်ဆုံးဖြတ်ကြသည်။ သူ့ကို ဖမ်းပေးလျှင် ဆုငွေကျပ် ၁၀၀ ပေးမည်ဟု အမိန့်ထုတ်ကြေညာသည်။

ကာလကြာသော် ဗိုလ်လုံးနီ၏ နောက်လိုက်နောက်ပါများမှာ စားနပ်ရိက္ခာ အခက်အခဲနှင့် ရင်ဆိုင်လာရတော့သည်။ ဆိုးရွားသောရာသီဥတုဒဏ်ကြောင့် စိတ်ဓာတ်ပျက်ပြားလာကြတော့သည်။ နောက်လိုက်နောက်ပါများ၏ အရေးကို ဗိုလ်လုံးနီ ဦးစားပေးရတော့မည်။ သို့နှင့် ဗိုလ်လုံးနီ ဗြိတိသျှတို့ထံတွင် လက်နက်ချလိုက်ရတော့သည်။

www.linhtet.com



ဗိုလ်လုံးနီကို ဖမ်းမိပြီဆိုသည့် သတင်းသည် တောမီးလောင်သလိုပင် ပင်လယ်ပြင်ကျွန်းစုများအတွင်း ပျံ့နှံ့သွားတော့သည်။ ဗိုလ်လုံးနီသည် သူ့သဘောနှင့်သူ အဖမ်းခံလိုက်ခြင်းဖြစ်သော်လည်း လူမဆန်သည့် ဗြိတိသျှပုလိပ်တို့သည် ဗိုလ်လုံးနီအား ပင်လယ်ကမ်းစပ်တစ်နေရာတွင် သေနတ်ဖြင့် အချက်ပေါင်းများစွာ သတ်ပစ်လိုက်ကြလေသည်။

ပင်လယ်ပြင်သည် သွေးချင်းချင်း နီသွားခဲ့ပေတော့သည်။

သြော်…ကျွန်တော်တို့ အမြန်ရေယာဉ်ပေါ်ကနေ ကော့သောင်းမြို့ကို လှမ်းအမြင်မှာတော့ နေလုံးနီနီကြီးက ပင်လယ်ပြင်ထဲကို ငုပ်ဆင်းဖို့တာစူနေခဲ့ပြီ ဖြစ်လေသည်။

*

www.linhtet.com



[၇]

"ထိုနေ့နံနက်ခင်းမှာ ထူးဆန်းမှုရှိလေသည်။ ကဗန်းလှေကလေး တစ်စင်းသည် ပါချန်မြစ်၏ လက်ဝဲဘက် ကမ်းပါးအတိုင်း တရွေ့ရွေ့ ဆန်တက်နေသောကြောင့်ဖြစ်၏"

ဆောင်းဝင်းလတ်၏ "လှေကလေး"ဝတ္ထုရှည် အဖွင့်စာကြောင်းတွေကို ကျွန်တော် ပြန်စဉ်းစားနေမိသည့်အချိန်တွင် ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့က မြွေကျွန်းတောင်ကုန်းထိပ်ပေါ်ကို ရောက်ရှိနေကြပြီဖြစ်သည်။ မြွေကျွန်းမှာ ကော့သောင်းမြို့ အရှေ့ဘက်ကမ်း ပါချန်မြစ်ဝအလယ်တွင် ထီးထီးတည်ရှိပါသည်။

ကျွန်တော်တို့နှစ်ယောက် ဓမ္မာရုံကူးတို့ဆိပ်ကနေ ပွဲထောင်တစ်စီးဖြင့် ကော့သောင်းမြို့ဘက်ကမ်းမှ ပါချန်မြစ်ကို ဖြတ်ကာ မြွေကျွန်းကို ကူးလာခဲ့ကြသည်။ ကော့သောင်းမြို့၏ အရှေ့ဘက်တွင် ပါချန်မြစ်သည် ဖြတ်၍စီးဆင်းနေသည်။ ပါချန်မြစ်သည် မြန်မာနှင့် ယိုးဒယားနှစ်နိုင်ငံအကြား နယ်နိမိတ်မျဉ်းဖြစ်သည်။ ကော့သောင်းမြို့ တောင်ဘက်နှင့် အနောက်တစ်ခွင်ကား အဆုံးအစမထင်သော ကပ္ပလီ ပင်လယ်ပြင်ကြီးရှိသည်။ ကော့သောင်းမြို့သည် တနင်္သာရီရိုးမ၏

www.linhtet.com



တောင်ဘက်အစွန်ဆုံး လင်းမချန်တောင်တန်း၏ တောင်စွယ်အခြေတွင် တည်ထားသော မြို့ဖြစ်သည်။ လင်းမချန်တောင်တန်းသည် ကော့သောင်းမြို့ကလေးအား စီးမိုး၍ ငုံ့ကြည့်နေလေသည်။ ကျွန်တော်က ကော့သောင်းမြို့ကို ပင်လယ်နှင့်တောင် ဝိုင်းညှပ်ထားသော မြို့ဟု တင်စားနေမိသည်။

ကော့သောင်းမြို့သည် မြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံးက နယ်ခြားမြို့ကလေးဖြစ်သည်။ တစ်နည်း နယ်စပ်ကုန်သွယ်ရေး စခန်းမြို့။

၂၀၀၃ ခုနှစ်အထိ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ကိုးခုဖွင့်လှစ်ခဲ့သည်။ မူဆယ်၊ ကော့သောင်း၊ တာချီလိတ်၊ မြဝတီ၊ တမူး၊ စစ်တွေ၊ မောင်တော၊ ဗန်းမော် (လွယ်ဂျယ်)နှင့် မြစ်ကြီးနား (လိုင်ဇာ)တို့ဖြစ်သည်။ စနစ်သစ်နယ်စပ်ကုန်သွယ်မှု (Border Trade) ကို မြန်မာ-တရုတ်နယ်စပ်တွင် ၁-၁၀-၁၉၉၁ နေ့ကလည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်နှင့် မြန်မာ-ယိုးဒယားနယ်စပ်တို့တွင် ၁-၁၂-၁၉၉၁ နေ့မှလည်းကောင်း စတင်ခဲ့သည်ဟု သိရသည်။

၁၉၉၁ မှ ၁၉၉၆ အထိ မြန်မာ့ထုတ်ကုန်သွင်းကုန်လုပ်ငန်း (MEIS) က တာဝန်ယူခဲ့ပြီး ၁၉၉၆ နောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်က Import First စနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ ၂၁-၇-၁၉၉၇ မှစ၍ Export Earning ဆိုသည့် ပို့ကုန်ကြောင့် ရရှိငွေမှ သွင်းကုန်ခံစားခွင့်ရှိသည့် စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့ကြောင်း သိရသည်။ ၂၅-၁၁-၁၉၉၇ မှစ၍ နယ်စပ်ဒေသအားလုံးမှာ အမေရိကန်ဒေါ်လာကို အခြေခံဆောင်ရွက်ခဲ့သည်။ ခြွင်းချက်အနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး

www.linhtet.com



လုပ်ငန်းများတွင် ဒေါ်လာအပြင် ယွမ်ငွေနှင့်လည်း ဆောင်ရွက်ခွင့်ပြုခဲ့သည်ဟုဆိုသည်။

ကော့သောင်းသည် ယိုးဒယား-မြန်မာ နယ်စပ်ကုန်သွယ်ရေး စခန်းမြို့များထဲက တစ်မြို့ဖြစ်သည်။

မြွေကျွန်းတွင် လူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးဂိတ် (Immigration Check Point) ရှိသည်။ ကော့သောင်းနှင့် ရှမ်းကမ်း (ယိုးဒယားဘက်ကမ်း ရနောင်း) ကူးလူးနေသည့်လူများ၊ ပဲ့ထောင်စက်လှေများ ထိုနေရာတွင် ဆိုက်ကပ်စစ်ဆေးခံရသည်။

မြွေကျွန်းပေါ်က လှမ်းကြည့်လျှင် ကော့သောင်းမြို့၏ ဆိပ်ကမ်းအလှကို ရင်သပ်ရှုမောဖွယ် ခံစားရသည်။ ဒါရိုက်တာ ဘုန်းဝေ၏ မိတ်ဆွေရင်းချာတစ်ဦးလည်းဖြစ်သူ ကော့သောင်းမြို့က နာမည်ကျော် ဓာတ်ပုံဆရာကိုဘန်ကြူသည် မြွေကျွန်းပေါ်မှ သစ်ပင်တစ်ပင်၏ ထိပ်ဖျားသို့တက်ကာ ခဲရာခဲဆစ်ကော့သောင်းမြို့၏ ရှုခင်းကို ဓာတ်ပုံရိုက်ကူးခဲ့သူဖြစ်သည်။ သစ်ပင်ထိပ်ဖျားပေါ်တက်ခဲ့သော ကိုဘန်ကြူတော့မသိ၊ ကျွန်တော်တို့ တောင်ကုန်းပေါ်ထိုင်နေသော လူတွေပင်လျှင် တဟူးဟူးတိုက်နေသော ပင်လယ်လေကြမ်းထဲမှာ တလွင့်လွင့်။

ကျွန်တော် ပါချုန်မြစ်ကိုဆန်ပြီး အထက်သို့ မျှော်ငေးကြည့် နေမိရင်း ဆရာဆောင်းဝင်းလတ်၏ ''လှေကလေး''ဝတ္ထုကို အမှတ်ရနေမိပြန်သည်။

''ကဗန်း လှေကလေးပေါ်တွင် အသက် ၂၀ အရွယ် ဆလုံကလေး တစ်ဦးပါလာလေသည်။ ဆလုံကလေးသည် အထီးကျန်ဆန်လှ၏။ လှူစိတ်မည်သည် တစ်ကိုယ်တည်း လွင့်ချင်မျောချင်သော သဘောရှိလေသည်။ ယခု သူဆန်တက်နေသော အရပ်တွင် လှပသည့် ပန်းပွင့်ပန်းခင်းများ မရှိသလောက် ရှားပါးစပြုပြီး အုန်းပင်နှင့် ကွမ်းသီးပင်များသာ တွေ့ရ၏။

www.linhtet.com



'ကမ်းစပ်မှာ ပြေးလွှားနေတဲ့ ခွေးတစ်ကောင်လောက် တွေ့ချင်လိုက်တာ။ ငါ့လှေမှာ ခွေးမပါတာ လှေနဲ့မတူ သလိုပါပဲ'ဟု သူ့ရင်ထဲတွင် နာကျင်မှုတစ်ခု ရှိနေလေသည်။ ခွေးတစ်ကောင်မျှ မပါလျှင် ကဗန်းမပီသပေ။ ကဗန်းပေါ်တွင် ခွေးပါမှ ကဗန်းပီသသည်ဟု ဆလုံတိုင်းရင်းသားတိုင်း ယူဆမှုရှိကြ၏။ ထို့ကြောင့် ဆလုံလှေတိုင်းလိုလိုပင် လှေဦးတွင် ခွေးကိုတင်ထားကြလေသည်။

'တစ်ချိန်ကတော့ ငါတို့ကဗန်းပေါ်မှာ အဖေရယ်၊ ငါရယ်၊ ခွေးရယ် အတူတူနေခဲ့ကြပါရဲ့။ ဒါပေမယ့်...'

သူသည် ဆက်မတွေးရဲတော့ပေ။ လှေ၏လှော်တက်ကိုသာ ကြမ်းတမ်းသော လက်ဖဝါးဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလေသည်။

ကဗန်းလှေကလေးသည် ပါချန်မြစ်တစ်နေရာသို့ ရောက်ခဲ့ပြီ။ ထိုနေရာသည် 'မရမ်း'ဖြစ်၏။ ဆလုံကလေးသည် လှေပေါ်တွင် ဒူးထောက်၍ မြစ်ရေပြင်မှရေကို လက်ဖဝါးဖြင့်ခပ်၍ နမ်းကြည့်ပြီး လျှာဖြင့် လျက်ကြည့်နေ၏။ ထို့နောက် သူသည် လှေပေါ်မှ မြေအိုးကလေးကိုယူ၍ မြစ်ရေအပြည့်ခပ်ယူပြီး လှေပေါ် တင်ထားလိုက်လေသည်။ 'မရမ်း'သည် ပါချန်မြစ်တွင် ရေချိုနှင့်ရေငန်ကို နယ်ခြားမျဉ်း သတ်မှတ်ပေးသော သဘာဝ ရေချိုနယ်မြေမဟုတ်ပါလား။ ရေချိုနေပေပြီ။ သောက်ရေရပေပြီ။ သူ့ လှေကလေးသည်လည်း ကော့သောင်းနှင့် မိုင် ၃၀ ကျော်မျှ ခရီးပေါက်ခဲ့လေပြီ''

ပင်လယ်နှင့်တောင် ဝိုင်းညှပ်ထားသော ကော့သောင်းမြို့ကလေးသည် ကျွန်တော်ရောက်ခဲ့ဖူးသမျှ မြို့များအနက်တွင် ထူးခြားဆန်းသစ်နေလေသည်။ ကော့သောင်းမြို့လမ်းတွေက ကုန်းဆင်းကုန်းတက်တွေများသည်။ အကွေ့အဝိုက်တွေ ပေါသည်။ လူ့ဘဝကြီးနှင့်တူသည်။ ကော့သောင်းမှာ ဆိုက္ကားမရှိ။ မြင်းလှည်းမရှိ။ ကက

www.linhtet.com



မရှိပါ။ ကော့သောင်းမှာ ဆိုင်ကယ်တက္ကစီတွေကိုပဲ အားကိုးရသည်။

ကျွန်တော် ထိတွေ့ရသော ကော့သောင်းမှာ ဆိုင်ကယ်တက္ကစီ တစ်မိုင် ကျပ် ၁၅၀၊ ဒူးရင်းသီး တစ်ကီလို ကျပ် ၁၀၀၀၊ ဆန်ကြမ်း တစ်ပြည် ကျပ် ၃၂၀၊ ပါတိတ်တစ်ထည် ဘတ် ၁၂၀။

ကျွန်တော်တို့သူငယ်ချင်း ကိုရဲဘုန်းခေါင်သည် ဆိုင်ကယ် တက္ကစီခ ၂၅၀ ပေးရသည့် ကော့သောင်းမြို့ ၂ မိုင် အေးမြကန်သာ ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အိမ်အမှတ် ၂၄ မှာ နေပါသည်။ ကိုရဲဘုန်းခေါင်သည် ပြီးခဲ့သည့် တစ်လနှစ်လက ရန်ကုန်သစ်မဂ္ဂဇင်းမှာ ကော့သောင်းမြို့ကလေးမှာ သူအထီးကျန်စွာ အသက် ၄၀ ပြည့်သွား ခဲ့သည့်အကြောင်း ဝတ္ထုတိုတစ်ပုဒ် ရေးခဲ့ပါသေးသည်။

ကိုရဲဘုန်းခေါင်က သူကော့သောင်းမှာ သောင်တင်နေခဲ့တာ ၁၂ နှစ်ရှိပြီဟုဆိုပါသည်။ သူသည် ကော့သောင်းကို လာစဉ်တုန်း ကတော့ အကျဉ်းဦးစီးဌာန ဆရာဝန်တစ်ယောက် (အရပ်အခေါ် ထောင်ဆရာဝန်) အဖြစ်နှင့် ရောက်လာခဲ့ခြင်းဖြစ်သည်။ ကြာကြာ မလုပ်လိုက်။ သူသည် ရန်ကုန်၊ စမ်းချောင်း၊ မအူပင်လမ်းသို့လည်း မပြန်တော့ဘဲ ကော့သောင်းမှာ ခဏဆိုပြီး ဆေးခန်းဖွင့်နေခဲ့တာ အခု ၁၂ နှစ် ရှိသွားချေပြီ။ ကော့သောင်းမှာ ဆရာဝန်တစ်ယောက် အနေနှင့် သူ ရပ်တည်နေနိုင်ပါသည်။ စာပေနယ်မှာလည်း သူသည် မော်ဒန်ဝတ္ထုရေးဆရာ တစ်ယောက်အဖြစ် နေရာတစ်နေရာ ရထား သူဖြစ်ပါသည်။

ကော့သောင်းက သူ့အိမ်မှာ အေးချမ်း ကျယ်ဝန်းလှသည်။ လွတ်လပ်သည်။ ကိုရဲဘုန်းခေါင်၏ အိမ်သူ ဒေါ်နီလာထွန်းက မန္တလေးသူဖြစ်သည်။ ထိုမန္တလေးသူနှင့် ရန်ကုန်စမ်းချောင်းသားတို့ ကိုရဲဘုန်းခေါင် ဆေးကျောင်းမရောက်ခင် အရင်ဒေသကောလိပ် ကျောင်းသားဘဝမှာကတည်းက အိမ်ထောင်ရက်သားကျပြီး ဘဝကို

www.linhtet.com



ဖြတ်သန်းခဲ့ကြခြင်းဖြစ်သည်။ ဒေါ်နီလာထွန်းကတော့ စာပေးစာယူနှင့်ပဲ ကျောင်းပြီးခဲ့သည်။ ယခုအခါ သူတို့မှာ သားတွေချည်း လေးယောက်ပွားစည်ထားပြီးဖြစ်သည်။ သားအကြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား "ရဲနိုင်" နှင့် ဆယ်တန်းကျောင်းသား "စစ်နိုင်"တို့က ရန်ကုန်စမ်းချောင်း ဘွားအေကြီးဆီမှာ နေကြသည်။ ကော့သောင်းမှာ သူတို့ဇနီးမောင်နှံနှင့် တတိယသား "မင်းနိုင်"(ငါးတန်း)၊ စတုတ္ထသား "စိုးမိုးနိုင်"(သုံးတန်း)တို့အတူနေကြသည်။

ကိုရဲဘုန်းခေါင်က ဆိုသည်။ သူ့အလုပ်က ဆေးခန်းထိုင်၊ စာရေး၊ စာဖတ်၊ ဘောလုံးပွဲကြည့်တာသာဖြစ်သည်။ ကော့သောင်းမှာသူ့အဖို့ မော်ဒန်အကြောင်း ပြောဖော်မရှိပါတဲ့။ ကျွန်တော်တို့ရောက်သွားသည့်အခါ သူ ကျွန်တော့်ကို မော်ဒန်အကြောင်း တော်တော်များများ ပြောလိုက်ပါသည်။ ကျွန်တော်လိုက်နိုင်တာရှိသလို မလိုက်နိုင်တာတွေလည်း ပါပါသည်။

ဒေါ်နီလာထွန်းသည် ဧည့်ဝတ်ကျေလွန်းသဖြင့် ကျွန်တော်တို့က တားယူရသည်။ သူတို့မိသားစုနှင့် အတူနေထိုင်သည့် ဒေါ်ရွှေသည် ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေအတွက် လိုလေသေးမရှိ ဂရုတစိုက်ပြုစုပေသည်။ မင်းနိုင်မှ စိုးမိုးနိုင် ကလေးနှစ်ယောက်မှာ ဆွေမျိုးသားချင်းငတ်သဖြင့် ဧည့်သည်ကို ဆွေမျိုးအမှတ်ခင်တွယ်ကြပါသည်။

ကိုရဲဘုန်းခေါင်နှင့်အတူ ကျွန်တော့်ကို ကော့သောင်းရောက်အောင်ခေါ်ခဲ့သော ကိုမြင့်ဦးမောင်မှာလည်း ကော့သောင်းဇာတိမဟုတ်။ သူက အထက်အညာ ရွှေဘိုနယ် ဝက်လက်မြို့ကဖြစ်သည။ သူသည် ရန်ကုန်မှာနေစဉ်က တန့်ဆည်သား ဒါရိုက်တာဘုန်းဝေနှင့် တွဲခဲ့သည်။ အခု ကိုမြင့်ဦးမောင်က ကော့သောင်းမှာ ကျူရှင်ဘော်ဒါနှင့် Unison ကွန်ပျူတာမိတ္တူ ထောင်ထားသည်။

အလင်္ကာဝတ်ရည်

www.linhtet.com



ကိုမြင့်ဦးမောင်က မီဒီယာလုပ်ငန်းဘက်ကို ပိုစိတ်ရောက်နေသည်။ ဆလုံရိုးရာပွဲတော် ရိုးရာပြခန်းကော်မတီအတွက် အမှတ်တရ ပို့စကတ်၊ ပိုစတာ၊ စာအုပ်များကို သူ တာဝန်ယူပြီး ရန်ကုန်တက်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ပွဲတော်တွင် ကော့သောင်းမြို့ခံစာရေးဆရာ နိုင်တာရာရေးသည့် "ဆလုံ(သို့မဟုတ်)ပင်လယ်ပျော်သူများ" စာမူကို ကိုမြင့်ဦးမောင်က "လှိုင်းမြင့်ဦး"ကလောင်အမည်ဖြင့် အင်္ဂလိပ်ဘာသာပြန်ဆိုပြီး နှစ်ဘာသာတွဲစာအုပ် ဖြန့်ဝေခဲ့သည်။ သူကတော့ လူငယ်လူလွတ် တစ်ကိုယ်ရေ တစ်ကာယသမား။

ရန်ကုန် စမ်းချောင်းသားကလည်း ကော့သောင်းရောက်နေသည်။ ရွှေဘိုနယ် ဝက်လက်က လူကလည်း ကော့သောင်းရောက်နေသည်။ တကယ်တော့ သိပ်တော့လည်း ဆန်းလှသည်မဟုတ်ပါ။ ဗိုလ်ချုပ်ကျွန်း၊ မကြံ့ဂုလက် ဆလုံရွာမှာ ကျွန်တော်တို့ တွေ့ဆုံရင်းနှီးခဲ့သည့် ဒေါ်လှဲ့လှဲ့ဝင်း (ကော့သောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)က ကျွန်မ ရွှေဘိုသူပါတဲ့ဗျာ။ ဦးတင်ရွှေ (ကော့သောင်းခရိုင် ပြန်/ဆက်ဦးစီးမှူး)က ကျွန်တော်စလင်းသားပါတဲ့ဗျာ။ ဆိုပါတော့ ကြားဖြတ်၍ ပြောရပါဦးမည်။ မြိတ်မြို့ခံစာရေးဆရာ တက္ကသိုလ်ကိုလတ်ကို ကျွန်တော်က မြိတ်မြို့သားလို့ပဲ ထင်နေခဲ့သည်။ ဆရာတက္ကသိုလ်ကိုလတ်က "ကျွန်တော် ကိုအောင်ဝေးနဲ့တစ်မြို့တည်းသား"ဟု ဆိုလာသောအခါ အံ့သြသွားရသည်။ ဆရာတက္ကသိုလ်ကိုလတ်က သူ ညောင်လေးပင်မှာမွေး၍ ညောင်လေးပင် အထက(၁)က တက္ကသိုလ်ဝင်တန်း အောင်ခဲ့သည်ဟု ပြောပြပါသည်။ ဘာထူးသေးလဲ ကျွန်တော် ညောင်လေးပင်သားလည်း အခု ရန်ကုန်ရောက်နေသည် မဟုတ်လား။

ကျွန်တော်တို့သည် ကော့သောင်းမြို့ ဆိပ်ကမ်းနှင့် ပါချန်မြစ်ကို ငုံ့ကြည့်လို့ဝသောအခါ မြွေကျွန်းတောင်ကုန်းထိပ်မှ ပြန်ဆင်းလာခဲ့

www.linhtet.com



ကြကာ ပွဲထောင်တစ်စီးဖြင့် ကော့သောင်းဘက်ကမ်းသို့ ပြန်ကူးလာခဲ့ကြပါသည်။ ကျွန်တော်တို့ကို ကြိုပို့လုပ်ပေးသော ဓမ္မာရုံကူးတို့ဆိပ်က ပွဲထောင်ဆရာ ကိုအောင်မြင့်ကို နှုတ်ဆက်ပြီး ကျွန်တော်နှင့် ဒါရိုက်တာ ဘုန်းဝေတို့ ကော့သောင်းမြို့ ဟွန်ဒါယဉ်ကျေးမှုကြီးထဲကို တိုးဝင်လာခဲ့ကြပါသည်။

ကွယ်လွန်သူ ဆရာမြသန်းတင့်သည် လွန်ခဲ့သော နှစ် ၂၀ က မြိတ်နှင့် ကော့သောင်း၊ ရနောင်း ခရီးများကို "ငွေသောင်ယံ၊ ဟွန်ဒါယဉ်ကျေးမှု၊ မေရီပိုဖေးနှင့် အီကွေတာညများ" ဆိုပြီး စာအုပ်ရေးခဲ့ပါသည်။ ထိုစဉ်က ဆရာမြသန်းတင့် ဆိုလိုသည့် "ဟွန်ဒါယဉ်ကျေးမှု"အတိုင်းအတာကိုတော့ ကျွန်တော်မသိ။ အခု ကျွန်တော်တို့ ကိုယ်တွေ့ကြုံနေရသည့် "ဟွန်ဒါယဉ်ကျေးမှု"ကတော့ အထုအထည်နှင့် ရှိလေသည်။ ပေါများလိုက်သည့် ဟွန်ဒါဆိုင်ကယ်တွေ။

ကျွန်တော် ကော့သောင်းကို ပထမဆုံး ခြေချခဲ့သည့် ညနေက (၁၂-၂-၂၀၀၄) အမြန်ရေယာဉ်ဆိပ် ဇောတံတားမှ တက်လိုက်သည့်အခါ ဘွားခနဲကျွန်တော့်ကို ဟွန်ဒါဆိုက်ကယ်တွေ အစီးနှစ်ရာသုံးရာ တစ်ပြိုင်နက်တည်း ဝိုင်းထားလိုက်သည်ဟု ရုတ်တရက် ထိတ်လန့်ခံစားသွားရပါသည်။ Cultural Shock ပဲလား။ ခရီးသွားမှုလူထုထဲမှာ ၂၁ ရာစု ဟွန်ဒါယဉ်ကျေးမှု။ ဘာထူးသလဲ။ မြိတ်မှာတုန်းကလည်း ၁၁-၂-၂၀၀၄ ညနေ ဒီအတိုင်း တွေ့ခဲ့ရတာ မဟုတ်လား။ ယိုးဒယား ဓာတ်ဆီအနီရောင် တစ်ဘူး(တစ်ပုလင်း) ကျပ် ၃၅၀။

ထိုဟွန်ဒါယဉ်ကျေးမှု ကောင်းမှုဖြင့် ကျွန်တော်နှင့် ဒါရိုက်တာ ဘုန်းဝေတို့ ကော့သောင်းမြို့တစ်ခွင် ကုန်းဆင်းကုန်းတက်၊ တောင်စောင်း ဆင်ခြေလျှော၊ တောင်ကြော တောင်ခါးပန်း၊ လမ်းကွေ့ လမ်းကောက်၊ မရောက်သည့် နေရာမရှိ၊ အကုန်ရောက်ခဲ့သည်။ Summit ကွန်ပျူတာကိုဌေးဝင်းက သူ့ဟွန်ဒါဆိုင်ကယ်သစ်ကြီး

www.linhtet.com



ပေါ်မှာ ကျွန်တော်တို့နှစ်ယောက်ကို တင်ပြီး ခရီးနှင်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော် စိတ်အဝင်စားဆုံးနေရာမှာ ဦးကျော်လွင် ပိုင် ပုဂ္ဂလိက Jetty ပင်ဖြစ်သည်။ ပြီးတော့ ရေခဲစက်ရုံကြီးတွေ။ ငါးဒိုင်တွေ။ ကော့သောင်းသည်လျှင် ပင်လယ်ကဗျာ၊ ၂၁ ရာစုဝတ္ထုဖြစ်နေသည်။

ကျွန်တော်တို့၏ ဝတ္ထုရေးဆရာမ သံကျွန်းပြန် မိချမ်းဝေ ကိုတော့ ကော့သောင်းမြို့မှာ ကျန်းကျန်းမာမာ ပြန်တွေ့ရပါသည်။ သူမက ဗိုလ်ချုပ်ကျွန်းမှ အောင်ဘာကမ်းခြေသို့ စက်လှေနှင့်၊အောင်ဘာမှ ကော့သောင်းသို့ ကားနှင့်ပြန်လာခဲ့သည်ဟု ပြောပြပါသည်။ မကြုံ ဂလက်က ပြန်ရောက်သည့်ညနေက ကျွန်တော် နည်းနည်းဖျားသည်။ နောက်တစ်နေ့မှာ ကျွန်တော် မြွေကျွန်းကူးပြီး တောင်ကုန်းပေါ် တက်ခဲ့သည်။

ကိုယုနိုင်(နိုင်တာရာ)က ကျွန်တော်တို့ ရန်ကုန်ကလာသူ သုံးယောက်ကို ၁၉-၂-၂၀၀၄ နေ့က Penguin စားသောက်ဆိုင်မှာ နေ့လယ်စာ တည်ခင်းဧည့်ခံပါသည်။ ကျွန်တော်တို့က ၂၀-၂-၂၀၀၄ နေ့ နံနက် ၈း၃၀ နာရီ ထွက်မည့် ကြယ်ငါးပွင့်ပိုင် တောင်ကြီးသင်္ဘောနှင့် ရန်ကုန်ပြန်ဖို့ စီစဉ်ပြီးဖြစ်သည်။ ဆရာမ မိချမ်းဝေကတော့ ကျွန်တော်တို့နှင့် တစ်နေ့တည်းပဲ မနက်အစောကြီး အမြန်ရယာဉ်ဖြင့် မြိတ်ကို ပြန်တက်မည်။ မြိတ်မှာ ၁၀ ရက်လောက် လှေလာစရာတွေ လှေလာဦးမည်ဟု ဆိုပါသည်။

နိုင်တာရာသည် ကော့သောင်းမြို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစီအစဉ်ဖြင့် ကျွန်တော်တို့ ရန်ကုန်က ကဗျာဆရာ၊ စာရေးဆရာမ၊ ဒါရိုက်တာသုံးယောက်တို့ကို ကော့သောင်းမှာ စာပေဟောပြောပွဲ ရုံသွင်းဖို့ ဗိုလ်ချုပ်ကျွန်းပေါ်မှာတုန်းက ကျွန်တော်တို့နှင့် တိုင်ပင် ညှိနှိုင်းခဲ့ပါသေးသည်။

နိုင်တာရာအလုပ်လုပ်သည့် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံ

www.linhtet.com



ဓာတ်ခွဲခန်းကိုလည်း ကျွန်တော်တို့ ရောက်ခဲ့ပါသည်။ ကော့သောင်း ဆေးရုံမှာ ဒေါ်ခင်မေသန်း အစ္စရေးနိုင်ငံက ယူလာသည့်ပုံစံအတိုင်း ဆောက်ထားခြင်းဖြစ်သည်ဟု သိရပါသည်။ ဆေးရုံပုံစံ ဆန်းသည်။ ကော့သောင်းဆေးရုံကြီးတွင် ကျွန်တော်မြောင်းမြမှာ တီဘီဖြစ်စဉ်တုန်းက (၁၉၈၇) ဆေးကုပေးခဲ့သော ဒေါက်တာအုန်းကြည်မြင့်ရှိသဖြင့် ကျွန်တော် သွားရောက်နှုတ်ဆက်ခဲ့ပါသည်။ ဒေါက်တာအုန်းကြည်မြင့်မှာ ယခု မေ့ဆေးအထူးကု သမားတော်ကြီး ဖြစ်နေသည်။

ဒေါ်လဲ့လဲ့ဝင်းတို့၏ အဏ္ဏဝါရပ်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းကိုလည်း ကျွန်တော်တို့ ရောက်သွားသည်။ ဒေါ်စောစန္ဒာသိဏ်း၊ ဒေါ်နန်းမိလေးတို့၏ ၂ မိုင်က အိမ်တွင်းမှုသင်တန်းကျောင်းကိုလည်း ကျွန်တော်တို့ ရောက်ခဲ့သည်။

ကျွန်တော်တို့သည် ကျွန်တော်တို့၏ အရင်းကြီး ကိုရဲဘုန်းခေါင်၏ ကော့သောင်းမြို့ ၇ မိုင်နှင့် ၁၀ မိုင်တို့က ဆေးခန်းနှစ်ခုသို့လည်း ရောက်ရှိပါသည်။ ကိုရဲဘုန်းခေါင် အလုပ်လုပ်ခဲ့သည့် ကော့သောင်းအကျဉ်းထောင်ကိုလည်း ကျွန်တော် သွားကြည့်ခဲ့ပါသေးသည်။ ရဲဘုန်းခေါင်မြို့ကလေး၏ လူများ၊ နှစ်ကာလများ၊ ဘဝများကို ကျွန်တော်တို့ အချိန်ရသလောက် ဖြတ်သန်းခဲ့ကြပါသည်။

ကျွန်တော်တို့ ရောက်သွားသည့် ဆောင်းအကုန် နွေအကူး တပေါင်းလ တနင်္ဂနွေ၏ နွေဦးသည် နွေလယ်နွေခင်း၌ ပူအိုက်လွန်းလှပါသည်။ အပူချိန်က ၄၅ ဒီဂရီ ဆဲလ်စီးယပ်စ်အထိရှိသည်။ ကျွန်တော်တို့သည် အီကွေတာညများကို မော်ဒန်စကားဝိုင်းဖြင့် ကျော်နင်းလွန်မြောက်ခဲ့ကြသည်။

ကိုရဲဘုန်းခေါင်နှင့် ကျွန်တော် စတင်သိကျွမ်းခဲ့သည်မှာ ၁၉၈၈ လောက်ကဖြစ်သည်။ ထိုစဉ်က ၃၃ လမ်းထိပ် ခရေပင်ရိပ် ရွှေကြည်အေး လက်ဖက်ရည်ဆိုင်မှာဖြစ်သည်။ သူဆေးကျောင်းသား

www.linhtet.com



ဘဝမှာပဲရှိသေးသည်။ သူ့ကို ကဗျာဆရာကိုရွှေးတို့၊ ဒေါက်တာအောင်မင်းနှင့် ဒေါက်တာစန်းစန်းဦး စာရေးဆရာ မောင်နံ့တို့နှင့်အတူ တွေ့ရတတ်သည်။ ထို့နောက် မိုးထဲလေထဲ မှန်တိုင်းထဲမှာ ကျွန်တော် နရသိမ်ထဲရောက်သွားသည်။ ကျွန်တော် ပြန်ထွက်လာတော့ ရွှေကြည်အေးလွန် လေထန်ကုန်းခေတ်၊ မဂ္ဂဇင်း စာမျက်နှာတွေပေါ်မှာ ကိုရဲဘုန်းခေါင် ဖြစ်တည်ခိုင်မာနေခဲ့ပြီ။

ကော့သောင်းမှာ ကျွန်တော်တို့ကို ကိုရဲဘုန်းခေါင် ထပ်တလဲလဲ ပြောခဲ့သည့် စကားတစ်ခွန်းရှိသည်။ ''ဒီမြို့မှာ ကျွန်တော့်ကို စာရေးဆရာလို့ ဘယ်သူမှမသိကြဘူး'' ကော့သောင်းသည်နယ်စပ်မြို့၊ စီးပွားရေးမြို့။ ''ဒီမှာက လူတွေက စာအုပ်တွေထက် ကြေးပြားကိုပဲ ပိုဂရုစိုက်ကြတယ်'' ကိုရဲဘုန်းခေါင်က ဆက်ပြောပါသည်။ ကြေးပြားမှာ ပိုက်ဆံကိုခေါ်ခြင်းဖြစ်သည်။

ခြွင်းချက် တစ်ရပ်ကတော့ရှိလေသည်။

''ဆရာတို့ ကဗျာစာအုပ်တွေ ဟိုဘက်ကမ်းနဲ့ သူဌေးကျွန်းကတောင် လာဝယ်ကြပါတယ်ဆရာ''တဲ့။ ကော့သောင်းမြို့ ဘုရင့်နောင်ကုန်း Today စာအုပ်ဆိုင်မှ ဒေါ်ညွန့်ညွန့်အေးက ကျွန်တော့်ကို ပြောပါသည်။

ဘာပဲဖြစ်ဖြစ် ကော့သောင်းမြို့ကလေးမှာ ကြေးပြားတွေကြားကနေ ကဗျာစာအုပ်ကို ရွေးချယ်သည့် စာဖတ်သူတွေ ရှိနေသေးသည့်အတွက်တော့ ကျွန်တော် ကျေနပ်ပါသည်။

ဆလုံနှင်းဆီအတွက် တေးသီနေသည့် ကဗျာဆရာကတော့ ခရီးနှင်ဆဲပင်။

*

www.linhtet.com



[၈]

ညြော်…လွမ်းမိုးသန်းတဲ့ ကမ်းရိုးတန်းမှာပါလား။

"ကမ်းရိုးတန်း ငန်းရိုင်း
အသော့နှင်စိုင်း
ပင်လယ်လှိုင်း
အို
နွေဦးကြို မုန်တိုင်း"

ကျွန်တော်က "တနင်္သာရီလွမ်းချင်း"ကို စိုင်းသီလေသောညက မြိတ်မြို့ ဆိပ်ကမ်းပေါ်မှာ တပေါင်းလဆန်း ၃ ရက်လသည် ခုံးမျက်စ ချီနေခဲ့လေသည်။ ထိုညသည် တောင်ကြီးသင်္ဘောပေါ်က ညတစ်ည လည်းဖြစ်လေသည်။

၂၀-၂-၂၀၀၄ နံနက် ၈း၃၀ ကော့သောင်းမြို့ တော်ဝင်တံတားမှ ထွက်ခွာလာသော ကြယ်ငါးပွင့်ပိုင် တောင်ကြီးသင်္ဘောသည် နောက်တစ်နေ့ ၂၁-၂-၂၀၀၄ နံနက် ၉း၃၀ တွင်မြိတ်မြို့ မြို့သစ်တံတားသို့ ဆိုက်ကပ်ပါသည်။

ကော့သောင်း ဆိပ်ကမ်းမှာတုန်းက ကိုရဲဘုန်းခေါင်နှင့်

www.linhtet.com



ကိုမြင့်ဦးမောင်တို့က ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ကို သဘော်ပေါ်အထိလိုက်ပို့ နှုတ်ဆက်ခဲ့ကြပါသည်။ သဘော်ထွက်လာတော့ ကော့သောင်းမြို့ကလေးက တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့သည်။ သဘော်ကုန်းပတ် လက်ရန်းကိုကိုင်ပြီး ဘုရင့်နောင်ကုန်းပေါ်သို့ ကျွန်တော် လှမ်းငေးမိသည်။ ဘုရင့်နောင်မင်းတရားကြီး (အေဒီ ၁၅၅၁-၁၅၈၁)သည် ဓားလွတ်ကိုင်၍ အမိမြေကို ကာကွယ်စောင့်ရှောက်နေပေသည်။ အဝေးမှာ သူဌေးကျွန်းသည် ပျပျကျန်ခဲ့၏။ ကော့သောင်း-မြိတ် ရေလမ်းကြောင်းက ကျွန်းတောင်တွေကို ကျွန်တော် ငေးလာခဲ့သည်။ ပင်လယ်ရေက စိမ်းပြာကြည်လဲ့နေသည်။ ရာသီဥတုသာယာသည်။ ကျွန်တော်က ဘယ်ဆီဘယ်ဝယ်မှာ ရှိမည်မသိသော လန်ပိကျွန်းနှင့် ဗိုလ်ချိုကျွန်းတွေကို ရမ်းရော်ကာ မှန်းမျှော်ကြည့်နေမိသည်။

သဘော်ပေါ်မှာ တစ်နေ့ဝင်တော့မည်။ ဆည်းဆာရီရီမှာ ပင်လယ်ပြင်ပေါ် ဖြတ်ပျံသွားသော ငှက်ကလေးတွေကိုမြင်နေရသည်။ ဇီဝဇိုးငှက်ကလေးတွေပဲလား။ ဇီဝဇိုးငှက်ကို ဆလုံတို့က ''လန်နော့ငှက်'' ဟုခေါ်ကြပါသည်။ ထိုငှက်၏အန်ဖတ်ကို ငှက်သိုက်ဟုဆိုခြင်းဖြစ်သည်။ ငှက်သိုက်အများဆုံးထွက်သောနေရာမှာ တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ မလိကျွန်း ငှက်သိုက်တောင်ဖြစ်သည်။ ထို့အပြင် ကျွန်းစုမြို့နယ် ရေအေးငှက်သိုက်တောင်၊ ကော့သောင်းမြို့နယ် အောင်ဘာကျေးရွာအရှေ့ရှိ ငှက်သိုက်ကျွန်း၊ ဇာဒက်ကြီးနှင့် ဇာဒက်ငယ်ကျွန်းများတွင်လည်း ငှက်သိုက်ထွက်ရှိသည်ဟု သိရသည်။

ဆလုံတို့အတွက် ငှက်သိုက်ရှာရသည်မှာ သက်စွန့်ဆံဖျားလုပ်ငန်းဖြစ်သည်။ ငှက်သိုက်ကျွန်းများ တည်ရှိရာ ကမ်းလွန်ပင်လယ်ပြင်သို့ စွန့်စားသွားရောက်ကြရသည်။ ငှက်သိုက်ကျွန်းပေါ်မှ ငှက်သိုက် တောင်များ၏ အလယ်ကောင်မှာ ပေါင်းချောင်အိုးပုံသဏ္ဍာန်

www.linhtet.com



အပေါက်ကြီးများ ရှိပါသည်။ ငှက်သိုက်များသည် ထိုပေါင်းချောင် အပေါက်၏ ချိုင့်ဂှမ်းနံရံများကို တွယ်ကပ်နေကြပါသည်။ ထိုကဲ့သို့ တွယ်ကပ်နေသော ငှက်သိုက်များကို ဆလုံတိုင်းရင်းသားတို့က တောင်ထိပ်အဝကကြိုးနှင့် တွယ်ဆင်းပြီး လေထဲမှာ မိမိကိုယ်ကို ငှက်သိုက်နံရံနှင့် ကပ်တုံ့ခွာတုံ့လုပ်ပြီး ငှက်သိုက်ကို ခွာယူကြရခြင်း ဖြစ်သည်။ တောင်ထိပ်ပေါင်းချောင်၏ အောက်ခြေမှာ ဟောင်းလောင်း ပေါက်ဖြစ်နေ၍ ပင်လယ်လေဝင်လေထွက်ကောင်းကောင်း ရသည်ဟု ဆိုပါသည်။

ငှက်သိုက်မှာ အသက်အန္တရာယ်နှင့်ရင်းပြီး စွန့်စားရသလောက် ဈေးကလည်း အလွန်ကောင်းပါသည်။ ငှက်သိုက်အကောင်းစားမှာ အဖြူရောင်၊ အလတ်စားမှာ အညိုရောင်၊ အညံ့စားသည် အမည်း ရောင်ဟုဆိုသည်။ ငှက်သိုက်အကောင်းဆုံး အမျိုးအစားမှာ တစ်ပိဿ လျှင် ကျပ် ၅ သိန်း အထိ ပေါက်ဈေးရှိသည်ဟု သိရသည်။

နေလုံးနီနီက ဆလုံပုလဲငုပ်ဆင်းသလို ပင်လယ်ထဲသို့ စုပ်ခနဲ ငုပ်သွားခဲ့လေတော့သည်။ ညသည် တနင်္သာရီကမ်းလွန်ပင်လယ်ပြင် ထဲမှာ သင်္ဘောကို လွဲလွဲသိပ်နေခဲ့လေသည်။ သင်္ဘောက မြိတ်မှာ ကုန်တင်ဖို့ နှစ်ညအိပ်ရပ်နားမည်ဟု ဆိုသည်။ ၂၁-၂-၂၀၀၄ နေ့ နံနက် မြိတ်ဆိပ်ကမ်းသို့ တောင်ကြီး သင်္ဘောဆိုက်ကပ်သောအခါ ကျွန်တော်တို့ ကုန်းပေါ်တက်ခဲ့ကြသည်။

ထိုနေ့က မြိတ်မြို့က ကဗျာဆရာတွေဖြစ်သည့် နရီ(မြိတ်)၊ နီမျိုးခိုင်နှင့် ယုမောင်တို့က ကျွန်တော်နှင့် ဒါရိုက်တာ ဘုန်းဝေတို့ကို မြိတ်တစ်ဖက်ကမ်း ပထက်တောင် အတုလရံသီလျောင်းတော်မူ ဘုရားသို့ လိုက်ပို့ပေးပါသည်။ ဆိပ်ငယ်တံတားမှ ပဲ့ထောင်တောင်ကမ်း နှင့် ကျွန်တော်တို့ တနင်္သာရီမြစ်ကြီးကိုဖြတ်ကာ ပထက်တောင်ကမ်း ခြေသို့ ကူးလာခဲ့ကြသည်။ လျောင်းတော်မူ ဘုရားကြီးကို ပထက်

www.linhtet.com



တောင်ကမ်းခြေမှာ တည်ထားခြင်းဖြစ်သည်။ ကျွန်တော်တို့ ဘုရားကြီးကို ဖူးမြော်ကြပြီးနောက် ပထက်တောင်ပေါ်သို့ တက်ခဲ့ကြသည်။

ပထက်တောင်ပေါ်ကနေ မြိတ်မြို့ဆိပ်ကမ်းနှင့် မြို့ရှုခင်းကို ကြည့်ငေးရသဖြင့် ကျွန်တော်ကျေနပ်ပျော်ရွှင်နေမိသည်။ ပထက်တောင်ဟိုမှာဘက်က ပထော်တောင်တဲ့။ မြိတ်မြို့ပင်လယ်ဆိပ်ကမ်းကို အနောက်တောင်ဘက်တွင် ပထော်ပထက်တောင်တွေက အကာအကွယ်ပြုထားသည့်အတွက် လေမုန်တိုင်းဒဏ်၊ သဘာဝဘေးဒဏ်များ မကျရောက်နိုင်၊ ပင်လယ်ကူးသင်္ဘောများလည်း ဝင်ထွက်ဆိုက်ကပ် နိုင်သည်ဟု သိရသည်။ မြိတ်ဆိပ်ကမ်းမှာ အရှေ့တောင်အာရှတွင် အကောင်းဆုံးဆိပ်ကမ်းတစ်ခုဖြစ်သည်ဟုလည်း အဆိုရှိခဲ့ဖူးပေသည်။

ထိုနေ့က ပထက်တောင်ကပြန်လာပြီး ဟွန်ဒါဆိုင်ကယ်သုံးစီးနှင့် ကျွန်တော်တို့မြိတ်မြို့ကြီးကို တိုးလျှိုးပေါက်ဖြတ်သန်းကြပါသည်။ ဟွန်ဒါယဉ်ကျေးမှု၊ ခေတ်ပြိုင်ခံစားမှု။ ရန်ကုန်က အလာတုန်းက မြိတ်မှာ နရီ (မြိတ်)၏ အောင်သရဖူ ဘော်ဒါသစ်၊ စစ်ကိုင်းလမ်း၊ မြိတ်တက္ကသိုလ်ရှေ့မှာ တစ်ညအိပ်ခဲ့သည်။ ၁၁-၂-၂၀၀၄ည။ နရီ (မြိတ်)သည် မနှစ်တုန်းက ဆရာမောင်သွေးသစ်နှင့် ကျွန်တော့်ကို စာရေးဖိတ်ခေါ်ခဲ့ဖူးသည်။ ကျွန်တော်တို့ မသွားဖြစ်ခဲ့ပါ။ ယခုကျွန်တော် ရောက်လာသည့်အခါမှာတော့ မြိတ်ပီတာစာဘတ်သည် သူ့မှာရှိသမျှ ကဗျာဆရာတွေအကုန်ထုတ်ပြီး ကျွန်တော့်ကို ခရီးဦးကြိုပြု ဧည့်ခံခဲ့လေသည်။

ကော့သောင်းကအပြန် မြိတ်မှာနှစ်ရက် ခိုနားခွင့် ရခဲ့ရာ အချိန်တစ်ဝက်က ဟွန်ဒါဆိုင်ကယ်ပေါ်မှာ၊ အချိန်တစ်ဝက်က စာအုပ်ဆိုင်မှာ၊ ဈေးမှာ၊ လက်ဖက်ရည်ဆိုင်မှာ။ ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ နေ့ဘက်တွင် ကုန်းပေါ်သို့တက်လည်၍ ညဘက်တော့

www.linhtet.com



သဘော်မှာပဲ ပြန်ဆင်းအိပ်ကြပါသည်။

မြိတ်မှာ ရောက်တုန်းရောက်ခိုက် ကျွန်တော်တို့သည် စာအုပ်ဆိုင်များကိုလည်း လှေ့လာခဲ့ကြပါသည်။ မြိတ်မြို့မှာ စာအုပ်ဆိုင် ၁၀ ဆိုင်ရှိသည်ဟု သိရပါသည်။ (ကော့သောင်းမှာ စာအုပ်ဆိုင် ကိုးဆိုင်ရှိပါသည်) မြိတ်စာပေ ဦးဝင်းနိုင်က မြိတ်မြို့၏ စာအုပ်ဈေးကွက်အကြောင်း ရှင်းပြပါသည်။ မြိတ်မှာ အရောင်းသွက်ဂျာနယ်၊ အရောင်းသွက် မဂ္ဂဇင်းများကိုပြောပြပါသည်။ စာအုပ်ဆိုင်ဖွင့်သည်မှာ လပိုင်းမျှသာရှိသေးသည့် အလိမ္မာစာပေမှ ဒေါက်တာမြင့်စိုးကလည်း စာဖတ်ပရိတ်သတ်အခြေအနေနှင့် စာနယ်ဇင်းဈေးကွက်အနေအထားကို သုံးသပ်ပြပါသည်။ ဒေါက်တာမြင့်စိုးမှာ ကဗျာဆရာ မောင်ယုပိုင်၏ ဖခင်ဖြစ်သည်။

မြိတ်တွင် စာအုပ်ဆိုင်ပေါင်း (၁) အလိမ္မာ (၂) ဝင့်နဒီအောင် (၃) တို့မိတ်ဆွေ (၄) စွယ်တော် (၅) ထိုက်တန် (၆) သုတအောင် (၇) အောင် (၈) စန်းမာလာ (၉) မြတ်နှင့် (၁၀) 4:4:2 ဆိုပြီး စုစုပေါင်း ၁၀ ဆိုင်ရှိရာ အောင်စာပေသို့လည်း ကျွန်တော်ရောက်ခဲ့ပါသေးသည်။ မြိတ် အောင်စာပေမှာ ထားဝယ် အောင်စာပေ၏ စာပေဆိုင်ခွဲဖြစ်သည်။

၂၂-၂-၂၀၀၄ နေ့လယ်ခင်း မြိတ် အောင်စာပေသို့ ကျွန်တော်တို့ ရောက်သွားသည့်အချိန်တွင် ဆိုင်မှ မမိုးသူဇာထွေးက–

ရန်ကုန်က ရာပြည့်စာအုပ်တိုက် ဦးစိုးညွန့်၊ ဥတ္တရလမင်း ဦးသန်းဆွေ၊ ဦးဖေဇော်ဝင်း (ရာပြည့်စာအုပ်ဆိုင်)နှင့် ဦးသောင်းထွန်း တို့ ယနေ့နံနက် ၈ နာရီက သူတို့ကားနှင့် ရန်ကုန်ပြန်သွားကြောင်း၊ သူတို့အဖွဲ့မနေ့က ထားဝယ်ကနေဆင်းလာပြီး မြိတ် Green Eye ဟိုတယ်တွင် တစ်ညအိပ်တည်းသွားကြောင်း ပြောပြပါသည်။

မနေ့ကဆိုလျှင်တော့ ကျွန်တော်တို့က ပထက်တောင်ပေါ်မှာ

www.linhtet.com



လေရိုင်းတောထဲ ရောက်နေချိန် ဦးစိုးညွန့်တို့၊ ဦးသန်းဆွေတို့က ကမ်းရိုးတန်းအပူဒဏ်မှ ရှောင်တိမ်းရန် Green Eye ဟိုတယ်က လေအေးစက်ထဲ ပုန်းခိုနေကြသဖြင့် ကျွန်တော်တို့ချင်း မြိတ်မှာမတွေ့ဆုံလိုက်ရဘဲ လွဲသွားခြင်းဖြစ်သည်။ မြိတ်မြို့အပူချိန်ကလည်း ဆဲလ်စီးယပ်စ် ၄၅ ဒီဂရီလောက် ရှိပေလိမ့်မည်။

ကျွန်တော့်ကို ရန်ကုန်က မခွာခင်ကတည်းက ရာပြည့် ဦးစိုးညွန့်က ထားဝယ်၊ မြိတ်နဲ့ ကော့သောင်းမှာ အချိန်ရသလောက် စာအုပ်ဆိုင်တွေကို ဆာဗေးလုပ်ခဲ့ရန် မှာခဲ့ပါသည်။ ထားဝယ်မှာတော့ တစ်ညအိပ်ရုံပဲ အချိန်ရှိတာမို့ စာအုပ်ဆိုင်တွေကို မကြည့်ခဲ့နိုင်။ ကော့သောင်းမှာ ဘုရင့်နောင်ကုန်း Today စာအုပ်ဆိုင်နှင့် မြို့မဈေးကြီးထဲက အောင်ဇန်းစာပေတို့ကိုတော့ ကျွန်တော်လှေ့လာခဲ့သည်။

မြိတ်ကို သင်္ဘောကပ်ပြီး နောက်တစ်နေ့ (၂၂-၄-၂၀၀၄) မှာ နရီ(မြိတ်)က တောမှာကျူရှင်သွားသင်စရာရှိနေ၍ ကဗျာဆရာကိုရေးကပဲ ကျွန်တော်တို့ကို ထိုနေ့အဖို့ သယ်ပို့တာဝန်ယူထားသည်။ ကိုရေးလိုက်ပို့သဖြင့် ပိုင်၏နေအိမ်သို့ ကျွန်တော်တို့ ရောက်ခဲ့သည်။ ပိုင်သည် မြိတ်မြို့မီးကြီးဘေး (၂၀၀၁) ဒုက္ခမှ လွတ်မြောက်ခါစ။ ပိုင်၏ဇနီးသည် ဒေါ်သီတာလင်းမှာ မြိတ်မြို့ အလက(၂)မှ အလယ်တန်းပြဆရာမတစ်ဦးဖြစ်သည်။ ဝတ္ထုတိုရေးသည်ဟုဆိုသည်။ သူတို့မှာ သားကလေး ပိုင်သူအောင် ထွန်းကားသည်။ ပိုင်သည် ကျွန်တော့်အောက် ဆယ်စုတစ်နှစ်ကျော် ငယ်ပါသည်။ နရီ(မြိတ်)ကတော့ အလွမ်းဇာတ်ကို တစ်ခန်းရပ်ခဲ့ပြီဖြစ်သည်။ သူသည် ချစ်လှစွာသော ဇနီးသည် မတင်စောနှင့် ကတ္တီပါလမ်းခွဲလုပ်ခဲ့သည်မှာ နှစ်များမကြာလှသေး။

ကိုရေးသည် ကျွန်တော်တို့ ကဗျာရွတ်ဆိုပွဲ လုပ်သည့်ညက မြို့သစ်တံတားလမ်း ကိုနိုင်ဦး၏ "ရွှေဇရာ"သုံးရောင်ခြယ် လက်ဖက်

www.linhtet.com



ရည်ဆိုင်သို့ သမီးငယ်လေး လက်ဆွဲပြီး ရောက်လာသည်။ ကိုရေး၏ဇနီးသည်နှင့်တော့ ကျွန်တော်မတွေ့ခဲ့ရပါ။ ကျွန်တော်တို့ ကဗျာဆရာတွေမှာ ဘဝကို သည်လိုပဲဝမ်းရေးနှင့် လွမ်းရေးကြားမှာ ဖြန့်ကြဲချထားရသည် မဟုတ်လား။

မြိတ်ကဗျာဝိုင်းမှာတော့ ကျွန်တော်သည် မြိတ်မြို့သား ကဗျာဆရာများ၏ ဘဝထဲက လျှံကျလာသော ကဗျာများကို အပြည့်အဝ ခံစားခဲ့ရလေသည်။ ကျွန်တော်တို့သည် ဘဝကို ခံစားတတ်ဖို့ လိုသည်မဟုတ်လား။ ခံစားမှုရှိလျှင် အတွေးအခေါ်လည်း ရှိလာပေလိမ့်မည်။ ကျွန်တော်ပြောလိုသည်မှာ ခံစားမှုရှိမှ အတွေးအခေါ်ရှိမည် ဆိုသည့်အချက်ပင်။ အတွေးအခေါ်ရှိလာသည့်အခါ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်လာမည် မဟုတ်လား။

တောင်ကြီး သဘော်ာပေါ်မှာတော့ ကျွန်တော်တို့သည် လေးနက်သော ဝေဖန်ရေးတစ်ရပ်ကို ကြားနာမှတ်သားခဲ့ရလေသည်။တောင်ကြီး သဘော်ာ စားသောက်ဆိုင်မှ ဆိုင်ရှင်ဦးလှထွန်းမှာ ယခင်လုပ်သားပြည်သူ့နေ့စဉ် သတင်းစာခေတ်က ဝါရင့်သတင်းထောက်ဟောင်းကြီး တစ်ဦးဖြစ်သည်ဟု သိရသည်။"လှထွန်းရေးသည်"ဟူသော ကလောင်အမည်ခေါင်းစည်းဖြင့် သတင်းဆောင်းပါးများရေးခဲ့သူဖြစ်သည်။ ဆရာမြတ်ဆွေတို့နှင့် ခေတ်ပြိုင်။ ထိုသတင်းစာသမားကြီး၊ သတင်းထောက်ဟောင်းကြီး ဦးလှထွန်းသည် ယနေ့ဂျာနယ်လောကကို သူ့အမြင်အတိုင်း ရိုးသားစွာ ဝေဖန်ထောက်ပြသွားခဲ့လေသည်။

"ဒီနေ့ ဂျာနယ်အများစုက ဝယ်ဖတ်ရကျိုးမနပ်ဘူး။ စာဖတ်သူတွေအတွက် လေးနက်တဲ့ အကြောင်းအရာ၊ သတင်းဆောင်းပါး အသိပညာပေးတွေမပါဘူး။ သာမန်ဖြေဖျော်ရေး အဆင့်မှာပဲရှိတယ်။ ဖြေဖျော်ရေးအဆင့်တောင်မှ အဆင့်နိမ့် ဖြေဖျော်ရေးပဲ။ ဂျာနယ်သမားအချင်းချင်း ရန်ဖြစ်နေတာတွေများတယ်။ ဂျာနယ် တစ်စောင်နဲ့

www.linhtet.com



တစ်စောင် စောင်းမြောင်းတိုက်ခိုက်နေကြတယ်"

ဝေဖန်ရေးမှန်နေလျှင် ကျွန်တော်တို့ လက်ခံရပါမည်။ ကျွန်တော်တို့ မှားနေလျှင် ပြုပြင်ရပါမည်။ တောင်ကြီးသဘော်ာပေါ်မှ ဝေဖန်ရေးဆရာ၏ ဒဿနဘယ်ကလာသလဲ။ သမိုင်းဖြတ်သန်းမှု၊ သမိုင်းခံစားမှုအတွေ့အကြုံကလာခြင်းဖြစ်သည်။

ကျွန်တော်တို့သည် သမိုင်းကို ဖြတ်သန်းနေကြသည်။ တစ်နည်း သမိုင်းကို ခံစားနေကြခြင်းဖြစ်သည်။ ဆိုပါတော့ ရန်ကုန်က ကဗျာဆရာက၊ ရန်ကုန်က စာရေးဆရာမက၊ ရန်ကုန်က ဒါရိုက်တာက ကော့သောင်းမြို့နယ်၊ စူငယ်ဘာလိုက်ကျေးရွာအုပ်စု၊ မကြုံဂလက်ရွာ ဆလုံရိုးရာပွဲတော်ကို လာတာဟာလည်း သမိုင်းကို ခံစားဖို့ ဖြတ်သန်းတာပဲ မဟုတ်လား။ သမိုင်းခံစားမှု၊ သမိုင်းဖြတ်သန်းမှု အတိုင်းအတာကတော့ တစ်ယောက်နဲ့တစ်ယောက် တူချင်မှတူမည်။ ထို့အတူ ဒဿနအတွေးအခေါ် အတိမ်အနက်လည်း တစ်ဦးနှင့်တစ်ဦး မတူနိုင်။

တူခြားမတူခြင်းမှာ တကယ်က အရေးကြီးလှသည်မဟုတ်။ ယနေ့ခေတ်သည် ဗဟုဝါဒခေတ်။ ဗဟုရာဇ်ခေတ်။ ဗဟုခေတ်သည် ကျယ်ပြန့်စွာ မဟာမိတ်ပြုရသောခေတ်ဖြစ်သည်။ ဗဟုခေတ်တွင် မတူသော ခံစားမှုများ၊ အတွေးအခေါ်များ အတူတကွဖြစ်တည်ခွင့်၊ အတူတကွ ယှဉ်တွဲနေနိုင်ခွင့်က အရေးကြီးသည် မဟုတ်လား။ ဗဟုခေတ်၏ အဓိပ္ပာယ်မှာ မတူညီသော အယူအဆများ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြစ်သည်။ စာပေမှာ "ဗဟုရသ"ဆိုတာ ထိုသဘောပဲဖြစ်သည်။

ယခုအချိန်မှာ ကျွန်တော် ဘယ်(အယူအဆ)က လာသလဲ ဆိုတာ အရေးမကြီးပါ။ ကျွန်တော် ဘာကဗျာရေးသလဲဆိုတာပဲ အရေးကြီးပါသည်။ ကျွန်တော်ရေးသည့် ကဗျာက စာဖတ်ပြည်သူကို မစော်ကားမိဖို့၊ မဆန့်ကျင်ဖို့ အရေးကြီးသည်။ ယနေ့ခေတ်ပေါ်

www.linhtet.com



ကဗျာဘာလဲဘယ်လဲဆိုသည့်အချက်မှာ ယနေ့လူငယ်မျိုးဆက်များ၏ သမိုင်းသိစိတ်အပေါ်မှာ မူတည်နေပါသည်။ သမိုင်းသိစိတ်ဆိုသည်မှာ သမိုင်းခံစားမှု၊ သမိုင်းဒဿန။

မြိတ်မြို့ မြို့သစ်တံတားလမ်း "ရွှေဇရာ" သုံးရောင်ခြယ်လက်ဖက်ရည်ဆိုင်ကလေးထဲမှာ ကဗျာဆရာတစ်သိုက် ဖြတ်သန်းခဲ့ကြပါသည်။ နရီ(မြိတ်)၊ ပိုင်၊ မိုးသစ်၊ နေဝိုင်ဝိုင်၊ ဝေးအိမ်၊ မောင်ယုပိုင်၊ ယုမောင်၊ နီမျိုးခိုင်၊ ညိုမင်းဟန်၊ ကိုရေး၊ အောင်ဝေး။ ဒါရိုက်တာဘုန်းဝေက ထိုကဗျာရွတ်ဝိုင်းမှာ နိဂုံးချုပ် အမှတ်တရ စကားပြောခဲ့သည်။

ကျွန်တော်နှင့် ဒါရိုက်တာဘုန်းဝေတို့ တောင်ကြီးသင်္ဘောပေါ် ပြန်တက်ခဲ့ကြတော့ ဆန်းစသော်တာက လွင့်သွားနှင့်ခဲ့ပြီ။ ကြယ်ရောင်မြမြ၊ ကောင်းကင်ရောင်ပျပျအောက်မှာ မြိတ်ဆိပ်ကမ်းသည် ပင်လယ်ရေရောင် တလက်လက်။ သင်္ဘောဝမ်းကို လှိုင်းလာပုတ်သံကတစ်ချက် တစ်ချက်။

သင်္ဘောက မနက်ဖြန် ၂၃-၂-၂၀၀၄ နံနက် ၉ နာရီ ရန်ကုန်သို့ ဆက်လက်ထွက်ခွာမည်ဟု ကြော်ငြာသင်ပုန်းမှာ ရေးသားထားသည်။ ရန်ကုန်ကို ခန့်မှန်းရောက်ချိန်မှာ နောက်တစ်နေ့ (၂၄-၂-၂၀၀၄) ညနေ ၄ နာရီဟု သိရသည်။ အလာတုန်းက ကျွန်တော်တို့ ရန်ကုန်-ကော့သောင်း ကုန်းလမ်းရေလမ်းဖြင့် သုံးညအိပ် လေးရက်ခရီး။ ယခုအပြန် တောင်ကြီးသင်္ဘောနှင့် လေးညအိပ် ငါးရက်ခရီး။

ကျွန်တော်တို့ ရန်ကုန်က ၉-၂-၂၀၀၄ ထွက်ခဲ့သည်။ ကျွန်တော်တို့ ရန်ကုန်ကို ၂၄-၂-၂၀၀၄ နေ့ ပြန်ရောက်မည်။ စုစုပေါင်း ၁၆ ရက်ကြာခရီး။ ကျွန်တော်တို့ လာရင်းခရီး ဆလုံ ရိုးရာပွဲတော် ဗိုလ်ချိုကျွန်းပေါ်မှာ လေးညအိပ် ငါးရက်နေခဲ့ပါသည်။

တောင်ကြီးသင်္ဘောပေါ်က ညမှာတော့ ကျွန်တော်က

www.linhtet.com



မကြုံဂလက်ရွာကို ပြန်လွမ်းနေလေသည်။ တစ်ချက်တစ်ချက် ကျွန်တော့်နားထဲ တိုးဝင်လာတဲ့ ပင်လယ်လေညင်းတိုးသံက ဂီတ တေးသွား တစ်စနယ်။ ဗိုလ်ချိုကျွန်းပေါ်မှာတုန်းက ဆလုံဂီတသံတွေ၊ ဆလုံအကဟန်တွေထဲမှာ ကျွန်တော်တို့ နစ်မူးပျော်ဝင်ခဲ့ကြသည်။ ဘယ်လောက်များ အရိုင်းဆန်လိုက်ပါသလဲ။ သူတို့အက၊ သူတို့ ဂီတတွေက လွတ်လပ်ပွင့်လင်းကာ ရိုးသားရဲတင်းလေသည်။ ဘယ် လောက်များ ရောမန္တိက ဆန်လိုက်ပါသလဲ။ ပထက်တောင်ပေါ်က ဘုရားမီးရောင်ကို လှမ်းကြည့်ငေးရင်း ဆလုံရိုးရာပုံပြင်တစ်ပုဒ်ကို ကျွန်တော် ပြန်အမှတ်ရနေတော့သည်။

"အနိုင်း၊ မော်ကင်း၊ လတ်ဝီးအတက်"

ထိုပုံပြင်သည် မကြုံဂလက်ရွာတစ်ည သောင်ပြင်ပေါ်မှာ နိုင်တာရာကိုယ်တိုင် ပြောပြခဲ့ခြင်းဖြစ်လေသည်။

ရှေးရှေးတုန်းက ကမ္ဘာကြီးဖြစ်ပေါ်လာပြီးနောက် တူးဒါးနှင့် ကတ္တိုင်းနတ်နှစ်ပါးကို ဖန်တီးပေးခဲ့သည်။ တူးဒါးသည် နတ်ကောင်း ဖြစ်ပြီး ကတ္တိုင်းကနတ်ဆိုးဖြစ်သည်။ ထို့နောက် တူးဒါးနှင့် ကတ္တိုင်း နတ်နှစ်ပါးက နေနှင့်လကို ဖန်တီးလိုက်ပြန်သည်။ နေနှင့်လမောင်နှံမှ နေ၍ "ကြယ်တာရာ"၊ "မြေကြီး" နှင့် "ပင်လယ်" ဟူ၍ရင်သွေးသုံးဦး ပေါက်ဖွားခဲ့သည်။ အဆိုပါ ရင်သွေးသုံးဦး၏ တာဝန်မှာ မိမိနှင့် သက်ဆိုင်ရာအရပ်ကို စောင့်ရှောက်ရန်နှင့် တူးဒါးနှင့် ကတ္တိုင်းနတ် နှစ်ပါးကိုပူဇော်ပသရန်ဖြစ်သည်။ သားအကြီးဆုံးဖြစ်သော ကြယ်တာ ရာက တောင်တန်းများပေါ်တွင် ကျင်လည်ကျက်စားရသည်ကို ခံမင်ပြီး၊ တစ်နေ့ထက်တစ်နေ့ ကြံ့ခိုင်သန်စွမ်းလာခဲ့သည်။ သား အလတ်ဖြစ်သည့် မြေကြီးမှာ သစ်ပင်စိုက်ပျိုးခြင်းနှင့် အိမ်ရာဆောက် လုပ်ခြင်းတွင် ဝါသနာထုံသည်။ အငယ်ဆုံးသား ပင်လယ်ကမူ ရေတွင် ငုပ်လျှိုးကာ အဏ္ဏဝါသယံဇာတများကို ရှာဖွေလေ့ရှိသည်။

www.linhtet.com



တစ်ဖက်တွင်လည်း ပင်လယ်၏မာယာပရိယာယ်များကို လွန်စွာ စိတ်ဝင်စားပြီး ပင်လယ်၏အလှတွင် နစ်မျောသာယာနေခဲ့သည်။ ပင်လယ်ပြင်ကို လေ့လာရင်း သူ့တွင် လှေတစ်စင်းရှိဖို့ လိုအပ်ကြောင်း နားလည်သဘောပေါက်လာသည်။ သို့နှင့် ကဗန်းခေါ် လှေတစ်စင်း လုပ်ပြီး ရေကြောင်းအတတ်ကို ကျွမ်းကျင်စွာ တတ်မြောက်လာခဲ့သည်။

တစ်နေ့တွင် ပင်လယ်ပြင်တွင် စိတ်ဝင်စားနေမိသည့် အားလျော်စွာ နတ်နှစ်ပါးကို ပူဇော်ပသဖို့ မေ့လျော့သွားခဲ့သည်။ သတိရချိန်တွင် နတ်နှစ်ပါးတို့ထံသို့ အပြေးအလွှား သွားရောက်ခဲ့သော်လည်း မကောင်းဆိုးဝါးက သွားရာလမ်းကို ဖျောက်ထားလိုက်သည်။ ပြင်းထန်စွာ ဒဏ်ခတ်ခံရမည်ကို တွေးပြီး သည်းထန်စွာ ငိုကြွေးမိတော့သည်။ သို့သော် မကောင်းဆိုးဝါးကို ခွေးကဟောင်ပြီး မောင်းနှင်ထုတ်လိုက်သဖြင့် အငယ်ဆုံးသားမှာ သူ့ခရီးကို သူ ဆက်သွားနိုင်ခဲ့သည်။ ဤသို့ဖြင့် တူးဒါးနတ်ထံ ရောက်သွားခဲ့သည်။ သူ့နောက်ကျမှုအတွက် တူးဒါးနတ်ကအပြစ်မယူ။ သို့သော် ကတ္တိုင်းနတ်က သူ့အား ဒဏ်ခတ်လိုက်တော့သည်။ သူနှင့်တကွ သူ့မျိုးဆက်များအားလုံး အိမ်ခြေရာခြေအတည်တကျမရှိဘဲ မွေးဖွားသည်မှ သေဆုံးသည်အထိ ပင်လယ်ပြင်မှာသာ လှည့်လည်နေရမည်ဟု ကျိန်စာတိုက်လိုက်သည်။ တူးဒါးနတ်ကမူ အငယ်ဆုံးသားအပေါ် ကရုဏာသက်စွာဖြင့် ရေကူးရေငုပ်ကျွမ်းကျင်မှုကို ပိုင်ဆိုင်စေဖို့ အမိန့်ချပေးခဲ့သည်။ ထိုအချိန်မှအစပြု၍ ညီအငယ်ဆုံးနှင့် သူ့မျိုးရိုးစဉ်ဆက် အားလုံး ဆလုံမျိုးနွယ်စုဟူ၍ ဖြစ်လာခဲ့သည်။ သူ့အား ကူညီဖော်ရသောခွေးကိုလည်း လှေပေါ်တွင်လည်းကောင်း၊ အိမ်တွင်လည်းကောင်း အတူအတွ နေထိုင်ခွင့်ရစေသည်။ ဤအလေ့အထမှာ ဆလုံတို့၏ ရိုးရာဓလေ့တစ်ခုဖြစ်လာခဲ့သည်။

အစ်ကိုကြီးဖြစ်သည့် ကြယ်တာရာမျိုးဆက်များစွာမှာ ကုန်းမြင့်

www.linhtet.com



ဒေသတွင် နေထိုင်သူများဖြစ်လာကြသည်။ အစ်ကိုလတ်နှင့် မျိုးဆက်များမှာ မြေပြန့်ဒေသတွင် နေထိုင်သည့် ဗမာများဖြစ်လာကြသည်။ ထို့ကြောင့် ဆလုံရိုးရာတစ်ခုဖြစ်သော “အနိုင်း၊ မော်ကင်း၊ လတ်ဝီး အတက်”မှာ ဗမာ၊ ဆလုံနှင့် တောင်ပေါ်သားများသည် ညီနောင်သားရင်းများ ဖြစ်ကြသည်ဟု အဓိပ္ပာယ်ရှိလေသည်တဲ့။

သြော်…တယောကို ထမ်း၊ လွမ်းပုံပြောခဲ့သည့် မကြုံဂလက်ကမ်းခြေကတော့ ကျန်ရစ်ပြီဖြစ်လေသည်။

မြိတ်မြို့ဆိပ်ကမ်း၊ တောင်ကြီးသင်္ဘောပေါ်က ညတစ်ခြမ်းမှာတော့ ကျွန်တော်သည် ဆလုံနှင်းဆီအတွက် ဒိုင်လန်တောမတ်စ်၏ ကဗျာလေးကို ဆိုညည်းနေမိဆဲပင် ရှိလေသည်။

“ငါ့လက်သီးတစ်ဝိုက်
အသော့နှင်တဲ့ပင်လယ်
တမံဆည်မရတဲ့အခါ…”

**အောင်ဝေး**
[၃-၃-၂၀၀၄]

www.linhtet.com

